


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အလှမဲ့သောအချစ်များဆီသို့

## မြသန္တာ


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၅၀၀၆၁၁ |
| အဖုံးခွင့်ပြုချက် | - | ၅၀၀၁၅၁၀၂၀၇ |
| ထုတ်ဝေသူ | - | ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ) |
| | | အမှတ်(၆၆)၊ (၆)လမ်း၊ လမ်းမတော် |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဒေါ်အိမွန်သက်လွင်(သစ္စာမွန်ပုံနှိပ်တိုက်) |
| | | အမှတ်(၁၀၆)၊ တာမွေလမ်း၊ တာမွေမြို့ |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀ |
| ဖြန့်ချိရေး | - | **ရွှေစကားစာပေ** |
| | | ၁၆-၄၈၊ ဗိုလ်တောက်ထိ(၄)လမ်း၊ FMI City |


www.burmeseclassic.com

www.burmeseclassic.com










"အလှမဲ့သော အချစ်များဆီသို့"

မျှဝေခံစားရန် ရည်ညွှန်းလျက်...

ရုပ်မလှပေမယ့် စိတ်ထားလှလျှင် အလှတရား အားလုံးနှင့် ချစ်ခြင်းမေတ္တာများကို ပိုင်ဆိုင်နေသည့် သူငယ်ချင်း ကုတ်ကုတ်၏ တကယ့်ဖြစ်ရပ်မှန်ကလေးတစ်ခုကို ကျော်ရှိုးဖွဲ့၍ တင်ပြလိုက်ပါသည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁

"မေမေ... မေမေ"

ရင်ထဲမှာ သိမ့်ကနဲ လှိုက်ဖိုသွား၏။

ငါးနှစ်ကျော်ကျော် မတွေ့ရသော သူ့အသံနှင့် ဟန့်ပန် အမူအယာကို မြင်ရတော့မည်။

အစဉ်လန်းဆန်းတက်ကြွလျက်ရှိသော ကိုရှင်း၏ မျှော်လင့်ကြီး စွာဖြင့် လှမ်းဝင်လာသော ခြေသံကို နားစွင့်ရင်းက မယ်အုံမှာ ကျောက်ဆစ်ရုပ်တစ်ရုပ် ဖြစ်သွားသည်။

ထမင်းစားခန်းလိုက်ကာ ဖြုန်းကနဲ ပွင့်သွားသောအခါ မယ်အုံ၏ လက်ထဲမှ တို့စရာပန်းကန်လေး လွတ်ကျသွားမတတ် ဖြစ်သွားသည်။





'ကိုရှင်း'

နက်မှောင်သော ဆံကေသာလှိုင်းတွန့်လေးများက ယခင်ကလို ပဲ နဖူးတစ်ဝက်ဖုံးလျက် တင်းတင်းစေ့သွားသော နှုတ်ခမ်းလေးက မကျေမနပ်နှင့် စူးစူးစိုက်စိုက်ကြည့်ကာ

"မင်းဘယ်သူလဲ... ဖို့အမေရော"

အရင်ကနဲ့မတူပဲ တင်းမာပြတ်တောင်းသော လေသံကြောင့် မယ်အုံ အလိုလိုဝမ်းနည်းသွားကာ မျက်လွှာလေး ချလိုက်ရင်းက...

ကိုယ်ကို လှောင်ပြောင်ရိုမောကာ ရွှမ်းစွာပြောတတ်တဲ့ သင်္ကေတ လေးကို ဖွင့်ဟလိုက်၏။

"မယ်အုံပါ"

"အော်..."

သာမာန် စကားသံလေးပဲ ငြီးလိုက်ရင်းက... ထမင်းစားခန်း နှင့် မီးဖိုခန်းကို မျက်လုံးဝေ့ရှာရင်း ...

"မေမေရော..."

"ရေချိုးနေပါတယ်..."

ဘာမှမပြောပဲ သူ့အိပ်ခန်းရှိရာသို့လှည့်ထွက်သွားသောအခါ မယ်အုံမှာ ချက်ခြင်းပျာယာခတ်သွား၏။

ရေချိုးခန်းပြေး၍ တံခါးခေါက်နိုးနိုး ဟင်းချိုအိုးနွေးရှကောင်း နိုးနိုး ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် နှစ်အိမ့်တစ်အိမ်ကူးနေကျ ဒီနှစ်မိသားစုမှာ မယ်အုံဆိုတဲ့ ကောင်မလေးက ငယ်ငယ်လေးပါပဲ ဒါကိုသူက အရင်ကလို အသိအမှတ်ပြုပြီး ခေါင်းကိုဒေါက်ခနဲခေါက်သွားအုံးတော့ မယ်အုံကျေနပ်ပျော်ရွှင်သွားမှာပါ။

အခုတော့ ... အေးစက်စိမ်းကားသော မျက်လုံးများက မယ်အုံကို ဝမ်းနည်းကြေကွဲစေသည်။

"သားက သိပ်ဝမ်းနည်းနေတာ မယ်အုံရေ.. အရိပ်အခြေကြည့်ပြီးတော့သာနေနော်... ခုထိ အထိုင်မကျသေးဘူး"

"ငါးနှစ်တောင်ရှိနေပြီ မမေ့သေးဘူးလား"

ကြိုတင်မှာထားသော အန်တီမေ့စကားကြောင့် အကိုရှင်းသန့်ကြိုက်တတ်သော ကြက်ဟင်းခါးသီးချက်... ငါးမွှေဆီပြန်၊ ငါးရံ့ခေါင်းဟင်းချို၊ ကန်စွန်းရွက်သုတ်၊ ဆိတ်အူကြမ်းဟင်းတို့ကို ငပိတို့စရာနှင့် အကျအနပြင်ဆင်လိုက်သည်။

"လေယာဉ်က ဆယ့်တစ်နာရီ ဆိုက်မှာဆိုတော့ အတော်ပဲ မေမေ... ထမင်းစားပြီးမှ ရုံးကိုသွားမယ်... ရေကဟိုမှာထဲက ချိုးလာမှာနော်"

အငမ်းမတစ်ခု သားတစ်ခုမှို့ဖုန်းဖြင့် လှမ်းမှာလိုက်သည်မို့ မန္တလေးလေယာဉ်ဆိုက်ချိန်မှာ ထမင်းပွဲအဆင်သင့် ပြင်ထားလိုက်သည်။ ငါးရံ့ခေါင်းဟင်းချိုကို ပူပူလေးဖြစ်အောင်ထည့်ရုံသာ...





နံမည်နှင့်လိုက်အောင်ပင် အလွန်အသန့်ကြိုက်သောကြောင့် မိမိထမင်းပွဲမှာ... သန့်ရှင်းရဲ့လား၊ စိတ်ကျေနပ်မှုဖြစ်စေရဲ့လားဟု နောက်ဆုံးတစ်ခေါက်ပြန်ကြည့်လိုက်သည်။

"ထမင်းဆာပြီလား သားလေယာဉ်က နဲနဲနောက်ကျတော့ မေမေရေချိုးသွားမိလိုက်တယ်"

"ရပါတယ် မေမေ... ရန်ကုန်လာရင် ဒီလိုပဲ လောနေရမယ်ဆိုတာ ကြိုတွက်ပြီးသားပဲ..."

မေမေအနားယူတော့မှပဲ မေ့မေ့လက်ရာကောင်းကို တစ်ဝကြီးစားတော့မယ်..."

"သားက ပြောင်းလာတို့ မစဉ်းစားဘူးလား..."

တွေကနဲ ဖြစ်သွားသောသား၏မျက်နှာကို ကြည့်ပြီး ချက်ခြင်းစကားကို ပြင်လိုက်၏။

"မမေအနားယူတို့ မလိုတော့ပါဘူးကွယ်... ဒါပေမဲ့ ကိစ္စမရှိပါဘူး မယ်အုံလေးလည်း တွဲတေးကို ပြောင်းမိန့်ကျထားလို့ မေမေ့လက်ရာနဲ့ ထပ်တူချက်တတ်ပြုတ်တတ်သားပဲကွယ်..."

ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့နော် မေမေ... သားဆီကိုဘယ်သူမှ မလွှတ်နဲ့ ..."

www.burmeseclassic.com



ဟိန်းထွက်လာသော စကားသံက မယ်အုံရင်ကို ဆောင့်ထိုးလိုက်သည်။ အလန့်တကြား ... မီးဖိုခန်းထဲပြေးဝင်လာမိ၏။

သို့ရာတွင် သူ၏စကားသံများက ကပ်လိုက်လာလေတော့သည်။

"ဟဲ့ ... မောင်သစ်တို့မောင်နှစ်တို့ရဲ့ ညီမလေး၊ အိုးကပ်၊ ကျိုးကပ် ဥမ္မာဒန္တီလေးပါကွယ် သားရဲ့ညီမလေးပဲလေ"

"ဘယ်သူဖြစ်ဖြစ် မေမေရာ သားဖာသား အေးအေးဆေးဆေး နေပါရစေ ဘယ်သူကိုမျှ သားဆီကို ထမင်းချက်၊ အဝတ်လျှော်၊ အိမ်ရှင်းဆိုပြီး လွှတ်ပေးစရာမလိုဘူးနော်... သားရဲ့တပြည် မောင်နီရှိတယ်"

"အေးပါကွယ်... အေးပါ... ကဲ... ထမင်းစားခန်းကို သွားနှင့် မေမေသနပ်ခါးလေးပွတ်ပြီး လာခဲ့မယ်နော်..."

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟူသော စကားသံအဆုံးမှာ... မီးဖိုချောင်ပေါက်မှ အပြေးတစ်ပိုင်းထွက်လာလိုက်သည်။

ရှင်းသန့်က ရိုပ်ခနဲမြင်၍ လှမ်းကြည့်လိုက်၏။

"ဟော့ကောင်မလေး... မယ်အုံ ..."

ရှုတ်တရက် တစ်ဖက်ခြံစည်းရိုးသို့ ကူးခါနီးမှာ ခြေလှမ်း





တန့်သွား၏။ လှည့်တော့မကြည့်ပေ။

"မင်းအစ်ကိုနှစ်ယောက်ရှိရင် လွှတ်လိုက်ကွာ.. ငါရောက်နေတယ်လို့ ..."

"ဟုတ်" ဟုရင်ထဲမှာ တိုးတိုးလေးပြောပြီး... ကဗျာကယာ ထွက်ပြေးလာလိုက်၏။

အိမ်နားရှိ ရွက်လှချုံလေးမှာကွယ်၍ မိမိကိုများရပ်ကြည့်နေသေးလားဟု ပြန်ချောင်းကြည့်လိုက်သည်။ အရေးမလုပ်ပဲ ထမင်းစားရန်သာ ပြင်နေသော ဘေးတိုက်အနေအထားကို တွေ့ရ၍ သက်ပြင်းလေး တိုးတိုးချမိသည်။

ဘာပဲဖြစ်ဖြစ် ဒီလိုအသိအမှတ်ပြုဘော်ရတာကိုပဲ ကျေးဇူးတင်ရတော့မည်။

ကိုကိုရှင်းသန့်ဟာ အရင်ကလိုပဲ ပျော်ပျော်ရွှင်ရွှင်နေရင် ဘယ်လောက်ကောင်းလိုက်မလဲ။

ထိုင္ဂက်လှ ပန်းချုံလေးနားမှာထိုင်ရင်းက ထမင်းစားဟန်ကို ငေးကြည့်ရင်းက... မျက်ရည်လေးများ ရစ်ဝဲနေမိသည်။

မယ်အုံက ကိုကိုရှင်းသန့်ပတ်ဝန်းကျင်မှာ တိုက်ခတ်လာတဲ့ လေတွေထဲက သဲမှုန်ပွင့်လေးတစ်ခုပါရှင်...

လူတစ်ကိုယ်လုံးမှာ အလှဆုံးဆိုလို့ ဆံပင်ပဲရှိသလားကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွယ်ပြောင်းစင်းနက်နေတဲ့ ဆံပင်နုလေးက တင်ပါးပေါ်မှာ ဝဲကျ၍ တစ်ခေါက်ခွက်အထိ ရောက်မှ အဖျားလေးကော့နေသည်။

မိန်းမကောင်းတို့၏ ကောင်းခြင်းငါးဖြာထဲမှာ တစ်ခုအပါအဝင် ပါပဲ။

မယ်အုံဟာ မိန်းမချောမိန်းဖီလှစာရင်းမဝင်ပေမယ့် ရုပ်မဆိုးပါဘူး၊ သာမာန်ရှက်ကြမ်းရေချိုလေးဆိုရင် ဘယ်သူမှ ငြင်းမယ်မထင် အရပ်က ငါးပေမပြည့်ချင် အသားမဖြူ၊ မညို၊ အဝါဘက်လုသော အသားနှင့် နှုတ်ခမ်းထူအမ်းအမ်းကို နှုတ်ခမ်းနီမဆိုးရဲပေ၊ နှုတ်ခမ်းအုံ အနည်းငယ်မောက်သလို နှုတ်ခမ်းကထူနေပြီး မျက်လုံးမှေးမှေးနှင့် နှာတံမှာ အနည်းငယ်ပြားပြီး ထိပ်ကလုံးလုံးလေးဖြစ်နေ၍ ရုပ်အဆိုးကြီး မဟုတ်ပေ။ သို့ရာတွင် မျက်နှာတန်းတန်းလေးမှာ သာမာန်အနေအထား အတိုင်းပင်ဖြစ်သည်။

ခန္ဓာကိုယ်က ခေတ်မော်ဒယ်များလို ပိန်ပိန်သွယ် သွယ်မဟုတ် မဝလွန်းသောခန္ဓာကိုယ်ပြည့်ပြည့်လေးက သူ့အရပ်နှင့်သူ့ ကိုယ်လေးက လိုက်ဘက်ညီပြီး.. ခါးသေးရင်ချီ အလှလေးရှိနေ၏။ အစဉ်အမြဲ အလုပ်လုပ်နေ၍ ဗိုက်ခေါက်နှင့် ခါးမှာ အဆီစုမနေခြင်းသည် သူမ အတွက် အလှတရားတစ်ခုဖြစ်သည်ဟု အန်တီမာ မကြာခဏပြောဖူး သည်။





"ဘာပဲဖြစ်ဖြစ် တစ်ကိုယ်လုံးမှာ ဒီဆံပင်လေးကိုလှအောင် ဖန်တီးပေးတဲ့ လောကကြီးကိုပဲ ကျေးဇူးတင်ရတော့မှာပဲပေါ့ ...'

တိုးဖွဖွလေး ရေရွတ်ကာ ဆံပင်ကိုဖြစ်သလို ဝါးဘီးနှင့်ပတ် ထားပြီး ဂွဆံညှပ်ကြီးကြီးထိုးထားသည်။ နူးညံ့ပျော့အိသော ဆံပင်မို့ မကြာခဏ ပြေကျမှာစိုး၍ ညှပ်ဖြင့်ထိမ်းထားခြင်းဖြစ်သည်။

မှန်ကိုတတ်နိုင်သမျှမကြည့်ပဲနှင့် နေကြည့်သည်မရ ... မကြာခဏကြည့်ချင်နေမိသည်။

"အကျည်းတန်မှန်ကြိုက် ....

ဟု ရင်ထဲမှာ တိုးတိုးလေးရေညွှက်ရင်း မျက်နှာသွယ်သွယ်မှာ တင်ကျန်နေသော သနပ်ခါးများကို သွားပွတ်ထံနှင့်ခြစ်ထုတ်မည်အပြု

'ကဲ... အကျည်းတန်မှန်ကြိုက်.. လှအိုးကွဲမျိုးစုလေးရေ မှာနှင့်တွေ့မကို လာထိမ်းပေးပါအုံး.. ဟိုမှာ နင့်အဆက် ကိုရှင်းလာလို့ သွားတွေ့လိုက်အုံးမယ်... တစ်ခါထဲ မှန်ကပေါက်ထွက်တော့မယ်..."

အဝှာနေအကိုကြီးထံမှ အသံထွက်လာသဖြင့် ... ပြုံးစေ့စေ့ နှင့် ကဗျာကယာထွက်လာသည်။

နှာတံချွန်ချွန်မျက်လုံးလှလှ မျက်နှာကောင်းကောင်း နှုတ်ခမ်း ပါးပါးနှင့် သူ့မျက်နှာအစိတ်အပိုင်းတစ်ခုစီမှာ အလှဆုံးတွေပဲ မပြောရ



www.burmeseclassic.com

www.burmeseclassic.com



မလောက်အောင် ချောမောလှပသော ယောင်းမကြီးက ကိုကြီးနားမှ ကပ်၍ ...

"မမဝင့်လည်း လိုက်သွာအုံးမယ်ညီမလေး.. အငယ်မကို ချီထားအုံး ... နဲနဲနေတော့ အောက်ချထားပေါ့ ... အလတ်မ အိပ်ယာက နိုးလာရင်တစ်ခုခုကျွေးလိုက်နော်.. ပြီးရင်အကြီးကောင်ကို သွားကြိုဘို့မမေ့နဲ့အုံး... လမ်းကိုသေသေချာချာကူးနော် ..."

လေးတန်းကျောင်းသား သားအကြီးကိုလည်း စိတ်မချ... အိပ်ပျော်လျှက်ရှိသော သုံးနှစ်သမီးလတ်လည်းမှုပ်နေရသည်။ သမီးငယ် လေးငိုမှာလည်း စိုးရနှင့် မှာစရာတွေကအများကြီး... နေ့စဉ်နေ့တိုင်း မှာ၍ မကုန်နိုင်... စိတ်မချသော်လည်း နေ့စဉ်အပြင်ထွက်ဖြစ်သည်။ မယ်အုံလုပ်နေကျ အလုပ်ဖြစ်သော်လည်း မှာတာကို ဝသီလိုဖြစ်နေသည်။ သူကိစ္စနှင့်လည်း ထွက်သည်ယောကျ်ားနောက်လည်းလိုက်သည်။ အလွန် သွားနိုင်လွန်းသောယောင်းမပင်။

"မောင်... ကိုရှင်းကိုညကျရင် ခေါ်လိုက်လေ... ဒီမှာညစာ စားဘို့ပြောလိုက်ပေါ့ ... ကိုရှင်းနဲ့တွေ့ရအောင်"

အိမ်ဖော်လူမပြလူ့ခွဲမရှိ အဖေပင်စင်စားနှင့် အမေသာရှိသည်။ ညစာကို ဒီမှာလာစားနိုင်းကြ၏။ ကိုနှစ် ခလေးနှစ်ယောက်က သားချည်း





ပဲမို့ အငြိမ်မနေ... ဒီကသားကြီးနှင့်ပေါင်းကာ ဝိုင်းဒိုင်းကြဲတော့မည်။

မတတ်နိုင်ဘူး... ခလေးကို အဖေ့ပေးပြီး ထိန်းခိုင်းကာ အမေနှင့် မယ်အုံကတော့ လှုပေါင်းရှုံးဆယ်နှင့်တကွ ဆိုသော ထမင်းဝိုင်း ကို ပြင်ပေးကာ ခေါ်ရကြောရ ချက်ရပြုတ်ရပေအုံးမည်။

အလျှင်အမြန်ရေခဲသေတ္တာဖွင့်နေစဉ်... မခင်ကအနားရောက် လာတာ ခြောက်လအရွယ်ကလေးကို လှမ်းချီလိုက်ပြီး...

"သမီးမယ်အုံ.. ကလေးတွေအတွက် ကြက်သားကြော်ဖို့ ရှိလား.. အကုန်ကြော်.. ဝက်သားအဖြူချက်... ပေါက်ပန်းဖြူ တင်းချိုက မျက်စိအားကောင်းတယ် ပုဇွန်လေးနဲ့ခြေထည့် ပုဇွန်ထုတ်ကို ခရမ်းချဉ်သီးနှင့်ချက် ... ကန်စွန်းရွက်ကြော်မယ်... မနက်က ဈေး ဝယ်ထားလို့တော်သေးတယ် မနက်ဖြန်ဈေးထပ်သွားရအုံးမယ်..."

မယ်အုံ ဘာစကားမှ မပြောတော့ အမေပြောသမျှကို ရေခဲ သေတ္တာထဲမှ ထုတ်ယူကာ ချက်ရန်အတွက် တန်းစီလိုက်၏... ဝက်သားနှင့် ပုဇွန်ကို အရင်ချက်... ပြီးရင် ကြက်သားကြော်... ကန်စွန်းရွက်သင်... တို့စရာပြုတ်ဖို့ ဗူးသီး ဖရုံသီးနုများနှင့် ရုံးပဒေသီး နောက်ဆုံးမှာ ဟင်းချိုအိုးတည်ထားရန်

"အင်း မီးနှစ်ဖိုနှင့် ပြိုင်လုပ်မှ.. လျှပ်စစ်နှင့်တစ်ဖို ဂက်စ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တစ်ဖို ...''

ခေါင်းထဲမှာ တစ်ခုပြီးတစ်ခု အစီအစဉ်ရေးဆွဲပြီး.. ချက်ပြုတ်ရန်အတွက် မီးဖိုထဲမှာ လုံးပမ်းနေစဉ်... အိမ်ရှေ့မှာ အဖိုးနှင့်အဖွားက မြေထိန်းနေကြ၏။အိမ်ရာမှ နိုလာသောမြေးအလတ်အားမုန့်ကြွေးနေသည်။

တော်သေးရဲ့ ... ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်မဟုတ်သေး၍ မြို့ကျမလာခြင်းဖြစ်သည်။

''မယ်အုံရေ... သမီး ... အန်တီမေနဲ့ ရှင်းသန့်ပါ ဒီမှာ ထမင်းစားလိမ့်မယ်... နှစ်ယောက်စာ ပိုချက်တဲ့ .. အခုပဲဖုန်းလာတယ် ...''

''ဟုတ်''

ထမင်းပူပူဖြစ်ရအောင် မချက်သေး၍တော်သေးရဲ့ ... ကိုရှင်းက ပေါက်ပန်းဖြူရွက် ဟင်းချိုကြိုက်၍ တော်သေးသည်။ နောက်ကို ကိုရှင်းကြိုက်တာ ဘာရှိသေးလဲ ... ဪ ... ခံတက်ရွက် အချဉ်တယ်စားတာရှိတယ် ... မြေပဲနှင့်သုတ်ပေးမယ် ...

ချက်ချင်းပင် ... မယ်အုံ၏စက်ရုပ်လက် ကလေးများ လှုပ်ရှားကာ မီးဖိုချောင်တစ်ခုလုံး ကြော်လှော်ချက်ပြုတ်သံများ ညံသွားတော့သည်။





မည်မျှကြာသွားသည်မသိ ကားဟွန်းသံများညံကာ ကလေးတွေ၏ တဝုန်းဝုန်းပြေးတက်လာသံ ကားပြန်ထွက်သွားသံ ကြားရသည်။

သေချာတာကတော့ ကလေးနှစ်ယောက်ထားပြီး ... ကိုနှစ်နှင့် မငယ်တို့ လင်မယား ဟိုဘက်အိမ်ကို ကူးသွားပြီပဲပေါ့ ...

''ဒေါ်လေးအုံ ... ဆာပြီဗျ ...''

မိမိရင်ခွင်ထဲမှာ ထိမ်းလာရသော မငယ်သားကြီး သုံးတန်းကျောင်းသားက မီးဖိုထဲဝင်လာကာ ခါးကိုဖက်ရင်း ချွဲနွဲ့လိုက်သည်။

''အေး ... ကလေးရေ ... အိမ်ရှေ့မှာ သွားဆော့နော် နောက်ဆယ်မိနစ် ဆယ့်ငါးမိနစ်ဆိုရင် စားလို့ရပြီ ...''

''တကယ်လား ...''

''အင်းပေါ့သားရယ် ... ညော်တယ် ...ထွက်ထွက်''

''ဆယ်မိနစ်ဆို ဝင်လာပြီနော် ဒေါ်လေးအုံက ခွံကျွေးရမှာပဲ''

''အေးပါကလေးရယ်''

အငယ်ကိုနှစ်က အရင်အိမ်ထောင်ကျသဖြင့် သူ့ခလေးများက ကိုသစ်ကလေးထက်ကြီးသည်။

နှစ်နှစ်ကျော်ကျော်ခြားသော သုံးတန်းကျောင်းသားနှင့် တစ်တန်းကျောင်းသားတို့က မီးကုန်ယမ်းကုန်ဆော့တဲ့အရွယ် ... ကိုသစ်သားကြီး တစ်တန်းကျောင်းသားနှင့် ပေါင်းလိုက်တော့ ပိုဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတူ တူမ ငါးယောက်စလုံး မယ်အုံကပဲထိန်းရမွေးရသည်။ သူတို့အမေတွေက အပြင်ထွက် အလုပ်လုပ်သူနှင့် စီးပွားရှာသူနှင့် အိမ်ခွဲပြီးသည့်တိုင်အောင် . . . အိမ်ဖော်နှင့် စိတ်မချ၍ နေလည်နေ့ခင်းလာပစ်ထားကြသည်။

ခလေးများကို ထမင်းကျွေးရန်အတွက် ထမင်းပွဲကို ဇလုံကြီးထဲထည့်၍ အအေးခံထားလိုက်သည်။

ခလေးများ ကျောင်းမှပြန်လာလျှင် အလွန်ဆာလောင် ကြလိမ့်မည်။ သူတို့အဖေအမေက ခလေးများ ဝမ်းပြည့်ရန်အတွက် အဖိုးအဖွားတာဝန်ယူပေးပြီး ဥပေက္ခာပြုနိုင်ကြပေမဲ့ ထမင်းစားချိန်နှင့် နီးနေ၍ အဖိုးအဖွားက ဘာမှမကျွေးပဲ ထမင်းကိုသာစားစေသည်။

ထို့ကြောင့် မယ်အုံအလုပ်များနေရ၏။ ခြောက်လကလေးအတွက်လည်း အဟာရမှုန့်ကျိုရသည်။ သူ့ကိုအဖွားက ကျွေးမည်။ ပြီးတော့ အလတ်မနှင့် ကိုနှစ်၏သားငယ်တို့နှစ်ဦးကို ကျွေးဖို့ကြက်သားကြော်လေးများကို အမှျင်လိုက်မွှေပြီး ဟင်းချိုလေးနှင့် ဆန်းမေပြီး ဇွန်းနှင့် ခွံရမည်။ အကြီးနှစ်ယောက်အတွက်တော့ ပုဇွန်ဟင်း . . ကြက်သားကြော်.. ကန်စွန်းရွက်ကြော် သူတို့နှစ်ဦးအတွက် တစ်ဇလုံနယ်ပြီး ဇွန်းတပ်ကာ အိမ်ရှေ့တီဗွီရှေ့မှာ ကာတွန်းကားကြည့်နေသော ကလေးများနားမှာထိုင်၍ ကြမ်းပေါ်ချကာ ဇလုံနှစ်လုံးကိုင်ပြီး...





"ကဲ... သားငယ်နဲ့ သမီးလတ်က ဒီမှာထိုင်၊ သားကြီးနှစ်ယောက်က ဒီမှာထိုင်... ဒေါ်လေးခွံမယ်နော်..."

ဖယောင်းပုဆိုးပေါ်မှာ ဇလုံနှစ်လုံးချကာ အလည့်မှာ ကြက်ကြော်ပန်းကန် ဟင်းချိုပန်းကန်ကို ခလေးကြီးနှစ်ယောက်အတွက်ပင်

ဇလုံနှစ်လုံးနှင့် အငယ်နှစ်ယောက်ကို တစ်ဇွန်းစီ ကျွေးပြီးမှ ထိုဇလုံကို ကြမ်းပေါ်ချပြီး အကြီးနှစ်ယောက်အတွက် ပုဇွန်အနှစ်နှင့် နယ်ထားသော ဇလုံကိုမကာ အကြီးနှစ်ယောက်ကိုခွံရသည်။

ခလေးများက ပါးစပ်အဲဆင်သင့်ဟနေသော... မျက်လုံးများ တတော့ ကြောင်နှင့် ကြွက်ဇာတ်လမ်းပေါ်မှ မခွာတော့...

"သားတို့ ဟင်းချိုပါသောက်... ကိုကြီးစံက ကြက်သားကြော်ချည်းပဲ မစားနှင့်လေ ထမင်းကို ဝင်အောင်စား..."

"ဒေါ်လေးအုံ... မီးမီးကို... တစ်လုပ်..."

"ကြော်... အေးအေး..."

တူတူမ လေးယောက်ဇလုံနှစ်လုံးနှင့် အိမ်ရှေ့တီဗွီရှေ့မှာ မယ်အုံတို့တူရိုးကား တစ်အုပ်စု... အဖွားနှင့် အငယ်လေးက တစ်အုပ်စု အငယ်လေးက လှည်းပေါ်မှာဆော့လျှက်... အဖွားက ဘေးမှနေ အဟာရကို ဇွန်းလေးနှင့်ခွံနေသည်။

ဇကောက်ကာစ်အငယ်လေးက ထမင်းကို သွားငုတ်တုတ်လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ဝါးရင်း အကိုအမတွေဆီသွား၍ လက်လှမ်းမှီရာကို ဆွဲချင်နေသဖြင့် အဖွားမှာ ထမင်းခွံ့ရင်း ဒူးကလည်းမသွားနိုင်အောင် ဖိထားရသည်။

"ဟော ... ဟော ... ညှော်ယည်လာမယ်ဆိုတာသိရက်နဲ့ မယ်အုံတို့ကတော့လုပ်ပြီ ခလေးတွေကို အိမ်ရှေ့မှာ ထမင်းကျွေးနေတာ ပွနေတာပဲ ... သွားသွား ထမင်းစားခန်းမှာ သွားကျွေးစမ်း ... ခလေးတွေက အကျင့်ပါနေတယ်..."

"ဟဲ ... ထမင်းစားခန်းမှာ ထမင်းပြင်ထားပြီးပြီ အာဝင်သင့် စားရုံပဲ... ဟင်းချိုဟင်းအတွက် ဟင်းရွက်ထည့်လိုက်ရုံပဲ..."

မယ်အုံဘာမှမပြောသေးမီ မိခင်ကဝင်ပြောလိုက်သဖြင့် ကိုနှစ်ပါးစပ်ပိတ်သွားသည်။ မဝင့်က မီးဖိုထဲဝင်သွားသော်လည်း မယ်ကတော့ ညှော်သည်လိုလိုလုပ်ကာ ညှော်ခန်းမှာထိုင်မည်ပြုပြီးမှ.. သစ်သားစက်တီခုံမှာ လူပြည့်သွားသဖြင့် နောက်ဘက်ကို လှည့်ဝင်သွားသည်။

ချွေးမနှစ်ယောက်စလုံး ပိန်ပိန်သွယ်သွယ်နှင့် အလှပလေးများပင် ဖြစ်သည်။ အန့်တီမာက ပြုံးကြည့်ရင်း...

"ဖြေးဖြေးပေါ့ကွယ်... ညှော်သည်တွေမှ မဟုတ်တာ အမြဲစားနေသောက်နေတာပဲ မေမေကတော့ ဟင်းချက်ဘို့အချိန်မရရင် ဒီအိမ်မှာပဲ လာစားနေကျပဲလေ..."

"ရှင်းကို သုံးနှစ်လုံးလုံး မတွေ့ရတာကြာလို့လားမသိဘူး





လူကြီးဆန်ပြီး ရင့်ကျက်တည်ငြိမ်လာတယ်ကွဲ ... ဟဲ့ ... ဟဲ့ ဒီကလေး... အော်... လက်ကလည်းမြန်ပါဘိနဲ့ ... အုံလေးရေ လုပ်ပါအုံး... ရေတွေစီးကုန်တော့မှာပဲ... ဟောရှူးတွေပါ ပေါက်ချပြန်ပြီ"

"ဟုတ်ကဲ့ ..."

၆-လသားကလေးက ရေတိုက်နေသော ခွက်ကိုပုတ်ချ၍ ညှော်ခန်းမှာ ရေများပွနေသောအခါ မယ်အုံက ကြမ်းသုတ်ပြေးယူနေစဉ်၊

"ဂွမ်း..."

"ဟင်း... ကိုလတ် လုပ်ပြီ..."

တီဗွီရှေ့မှာထိုင်နေသောအုပ်စုက ဟင်းချိုဖန်းကန်ကို ကန်မိ၍ မှောက်သွားပြန်၏။

"အော်... ကိုလတ်ခြေထောက်က သိပ်ရှည်လာပြီ ကို... ... ပူသွားလားကလေး..."

မျက်လုံးများပိတ်သွားအောင် ပြုံးရီကာ တူ၏ခြေထောက်ကို ...တ်နှင့်သုတ်ပြီး အငယ်အုပ်စုကို တစ်ဖွန်းစီခွံ့ကာ ဖလုံချ... ...ကြီးအုပ်စုကို တစ်ဖွန်းစီထပ်ခွံ့ပြီးမှ... ကြမ်းသုတ်နှင့် ကြမ်းပေါ်မှ ...င်းရည်များကို အရင်သုတ်လိုက်၏။

"ထမင်းစားပြီးရင် ခြေထောက်တွေဆေးရတော့မယ်... ...င်းစော်နံနေတာပဲ... သားလတ်ရယ်..."

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီမှာလုပ်အုံး... ကလေး ခြေထောက်တွေစိုကုန်ပြီ"

"ခဏ မေမေ... ဒီအလတ်က ဟင်းစော်နံသွားပြီ..."

ပြောပြောဆိုဆို အိမ်နောက်ဝင်သွားပြီး အဝတ်စုတ်တစ်ခုကို ထယ်ယူကာ ကလေးလှည်းနားမှာချပြီး... လေ့နှစ်လုံးစီပြေး၍ ခွဲပြေနိသည် အိန္ဒိတီမာကပြုံးလျှက်။

"မယ်အုံတော့ တူတွေ တူမတွေ ထိန်းရင်းနဲ့ပဲအပျိုကြီး ဖြစ်တော့မှာပဲ..."

"သူလည်း ယူမယ့်လူမှမရှိတာ..."

အန္တိမာ၏စကားကို အထက်အောက် မောင်နှမဖြစ်သော ကိုမင်းနှစ်က ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်သော်လည်း... မယ်အုံက အပြုံးမပျက်အရေဝတ္ထုနေသောဟန်ဖြင့် ထမင်းခွဲပြီးသောအခါ ရေများကို ပြေးသုတ်လိုက်ပြန်သည်။

"ငါ့ညီမလေးက ပြေးပြေးလွှားလွှားနဲ့ ပင်ပန်းပေမယ့် ပိန်မသွားဘူး... ဖူးသီးလေးလိုပဲ..."

"ပိန်မလား... ဝက်ပုတ်မလေးပဲ အိပ်လိုက်ရင်သိုးနေတာပဲ ခေါ်မကြားအော်မကြားမလေး..."

အကိုနှစ်ယောက်က ညီမလေးအား ချစ်စနိုးဝိုင်း၍ပြောနေသည့် တိုင်အောင် အပြုံးမပျက်ပဲ ဘာမှပြန်မပြောပေ...





သူ့မျက်လုံးမွေးလေးက ကလေးများကို ဂရုတစိုက်ထမင်း ကျွေးရန်သာ အာရုံစိုက်ထားသည်။

"မယ်အုံ အသက်ဘယ်လောက်ရှိပြီလဲ..."

"နှစ်ဆယ့်သုံးလေး... သူများနှစ်ဆယ့်သုံးဆိုရင် ကလေးတစ် ယောက်မွေးနေပြီ... မဝင့်မာက နှစ်ဆယ့်သုံးမှာ ကလေးတစ်ယောက် မွေးတယ်... မငယ်က ကလေးနှစ်ယောက်ရပြီ... ကဲ...သူကတော့ အပျိုကြီးပဲဖြစ်မှာပါပဲ..."

ရှင်းသန့်၏ စကားကို ဝင်နှစ်ကာရယ်ရယ်မောမောနှင့် စနောက် လိုက်သော်လည်း သူ့ကို မပြောသည့်အတိုင်းပင်... မယ်အုံကဝရုမစိုက်ပဲ သူ့အလုပ်သူလုပ်နေ၏။

"ကဲ ... ထမင်းရှူးပြီးပြီ ... မငယ်လည်းခံတွင်းပျက်နေလို့ ဒီမှာလာစားမယ် လုပ်နေတာအတော်ပဲ... မယ်အုံရေ... ကလေးတွေကို ခဏထားထားအုံးကွယ်... မငယ်တို့ လုပ်ထားတာအစဉ်ပြေရဲ့လား လာကြည့်ပါအုံး အိုးသူကြီးရဲ့ ..."

"သားတို့ သမီးတို့ ခပ်စားကြနှင့်နော်"

ယောင်းမနှစ်ဦးကလည်း မယ်အုံကိုချစ်ကြသည် မယ်အုံ၏ လက်ရာဟင်းများကို နှစ်သက်ကြ၏။

မယ်အုံက ကလေးများကိုခွဲပြီး... မီးဖိုထဲပြေးဝင်ကာ အသင့်



www.burmeseclassic.com

www.burmeseclassic.com



လိုးပြီးသော ခံတတ်ရွက်သုတ်ကို ကြောင်အိမ်ထဲမှ ထုတ်ကာသွက်လက်စွာ သုတ်လိုက်သည်။

လိုအပ်သည်များကို ထပ်ဖြည့်ပေးပြီးနောက် အိမ်ရှေ့မှ ခလေးဝိုင်းကို အပြီးသတ်ကျွေးလိုက်သည်။

ထို့နောက် ထမင်းဝိုင်းမှ လိုအပ်သည်များကို လိုက်ဖြည့်နေစဉ် အိမ်ရှေ့ဝိုင်းမှ စီကနဲ့ဒိုသံကြောင့် ပြေးသွားရပြီး ညီအကိုနှစ်ယောက် သတ်နေကြသည်ကို ဖျန်ဖြေပေးရင်း ကလေးများအလည်မှာထိုင်ကာ ထိမ်းပေးထား၏။

ထမင်းဝိုင်းပြီးတော့ မီးဖိုထဲမှာ ပန်းကန်များကို သိမ်းဆည်း ဆေးကြောရ၏။ သူတို့အုပ်စုက ကလေးများတီဗွီကြည့်ရင်း ကြမ်းပြင်ပေါ်မှာပင် ပိုးလိုးပက်လက်အိပ်နေကြသည်အထိ စကားကောင်းနေကြသည်။

"မယ်အုံက ဆရာမအလုပ်နဲ့ တွံ့တေးကို ပြောင်းရမှာ... အစကတော့ မလွှတ်ဘူးလို့နေတာ နောက်တော့ ရှင်းရှိတာကို သတိရလို့ လွှတ်လိုက်တာ... မင်းညီမကို စောင့်ရှောက်လိုက်ပါကွာ..."

ရေနွေးကြမ်းလာချပေးသော မယ်အုံကို မိခင်ကနူမျောတသစွာကြည့်ရင်း... ပြောလိုက်သည်။

"ဘာလို့ အလုပ်လုပ်ချင်ရတာလဲ..." အစ်ကြီး သူ့လစာက





နှစ်ပဲခြောက်ပြားနဲ့ ဒီမှာအဖေအမေ နှစ်ယောက်ထဲကျန်ခဲ့မှာ..."

"ဟဲ့ ... နင်တို့ရှိနေတာပဲ... မယ်အုံက ငယ်ငယ်ထဲက ခလေးပဲထိန်းနေရတာ... တစ်ခါတစ်လေလူ့လောကကြီးထဲမှာ လူတွေနဲ့ ပေါင်းသင်းပစေအုံးပေါ့ကွယ်..."

မိခင်စေတနာမေတ္တာကကြီးမားလှပေသည် သမီးငယ်အတွက် လူ့လောကကြီးထဲမှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် စီစဉ်ခြင်းပင် ဖြစ်သည်။

"မယ်အုံ သိပ်အလုပ်လုပ်ချင်နေရင် ကိုနှစ်ကုမ္ပဏီမှာ ဝင်လုပ်ပေါ့ဟာ..."

"သူစိမ်းတွေကြားထဲမှာပဲ လုပ်ချင်တယ်... လောင်းရိပ်မမီစေချင်ဘူး အထူးသဖြင့် မယ်အုံလိုသူများကို သနားတတ်တဲ့ သူအတွက် လောကကြီးက ပင်လယ်ပြင်မှာ လက်ပစ်ကူးစေချင်သေးတယ်... အဖေတို့ အမေတို့ မျက်စေ့မှိတ်သွားရင် မယ်အုံတစ်ယောက်တည်း သူ့ဖာသာသူ ်တည်လို့ရအောင်ပေါ့ ..."

"သ ားတို့ နှစ်ယောက်ရှိသားပဲ"

"လောင်းရိပ်အောက်က အပင်တစ်ပင်ဟာ အားပျော့တယ် ရာသီဥတုဒဏ်ပိုးမွှားဒဏ်မခံနိုင်ဘူး နေရောင်ခြည်အောက်က အပင်လို ကြံ့ခိုင်နိုင်ရမယ်လေကွာ..."



www.burmeseclassic.com

www.burmeseclassic.com



ခင်တောကို အကိုနှစ်ယောက်ဘာမျှ မပြောလိုကြတော့ပေ။

ရှင်းသန့်ကတော့ သက်ပြင်းတိုးတိုးလေး ချလိုက်မိသည်။ တခြား မိန်းခလေးတွေဆိုလျှင် သူတာဝန်ယူမည်ဟု ကတိမပေးပဲ အားနာမှုမရှိပဲ ငြင်းပယ်လိုက်မည်သာဖြစ်သည်။ အခုတော့ ... ရုပ်မလှသလို မျက်စေ့ရှေ့မှာကြီးလာသော ကောင်မလေးအတွက် ဘာမှ အပန်းကြီးမည်မထင်...

"အင်း... ကျွန်တော်တို့ မြို့နယ်စာရင်းရုံးက ကောင်မလေးတွေ ရှိပြီး အိမ်ငှားနေကြတာရှိတယ်.. အဲဒီမှာ... ထည့်ထားရင် ရပါတယ် စိတ်မပူပါနဲ့ ..."

အခုထဲက သူ့အိမ်မှာမထားနိုင်ဘူးဟု ရှင်းရှင်းလင်းလင်း ငြင်းပယ်ထားလိုက်သည်ကို ကြားလိုက်တော့ မယ်အုံအလိုလို အားငယ်သွား၏။

"ကိုကိုရှင်းရယ်... မယ်အုံသိပါတယ်... မယ်အုံဟာ... မမထားလိုမှ ရုပ်မလှတာနော်... တကယ်လို့ မမထားဆိုရင် ကိုရှင်း ခေါ်ထားမှာပဲနော်... ဒီလိုပစ်ထားရက်ပါ့မလား..."

"ဟဲ့ ဥမ္မာဒန္တီလေး... လာစမ်း..."

ဂါဝန်လေးကိုဖြန့်ကာ သစ်ရွက်ကြွေများကို လိုက်ဖမ်းနေသော မယ်အုံကို လှမ်းခေါ်လိုက်သဖြင့် မကြားဟန်ဆောင်ကာ နွေဦးရွက်ကြွေ





လေးများကို ဂါဝန်လေးဖြန့်ကာ လိုက်ဖမ်းဆဲ...

"ကောင်မလေး... မယ်အုံ ... ခေါ်နေတာ မကြားဘူးလား"

ကိုကြီးသစ် အသံကြောင့် ခြေလှမ်းတန့်သွား၏

ကိုကြီးသစ်ရယ်... ကိုနှစ်ရယ်... ကိုရှင်းရယ် သုံးယောက် ပေါင်းပြီး တဟီဟီနှင့် တစ်စုံတစ်ခုကို တိုင်ပင်နေကြသည်။

လှုပ်ရှိပေါက် သုံးဦးတို့ ရှိုသွေးချင်ကြပြီထင်....

"သဲမြတ္တေးရေ... ချစ်လှစွာသော ညီမလေး... အတွေးလေး အသဲလေး... လာစမ်းပါအုံးကွာ..."

ကိုကြီးသစ်က ချော့မော့ကာ လှမ်းခေါ်လိုက်သဖြင့် နှုတ်ခမ်းချွန် ကာ...

"ဒီအသံဆိုရင် ခိုင်းချင်နေတဲ့အသံပဲ... ကဲ... ဘာလဲ.. ပြောပြော..."

"ဟ... ယဉ်ယဉ်ကျေးကျေးပြောစမ်း... နင်ဒီလိုနှုတ်စွာလို့ နင်ရုပ်ဆိုးနေတာ..."

အားငယ်သွားသည်။ အစ်ကိုနှစ်ယောက်က လှသလောက် အငယ်ဆုံးမိန်းခလေး သူ့မှာ အစ်ကိုများ၏ရုပ်တစ်ဝက်ကိုပင် မမီဟု ဆိုလိုက်လျှင် အလိုလိုအားငယ်သွားမိသည်။

"ငါ့ညီမလေးက ပေါင်းသင်းဆက်ဆံရေး သိပ်ကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



တိုဘတ်အိမ်က ပြောင်းလာတဲ့ အမကြီးနာမည်ကို မေးပေးပါလို့ဆိုတာ မေ့ပြီပြီလား…"

"မေးပါဘူး… အဲဒီအကြီးက သူများကိုများ ဒီအိမ်ကနိုင်းတဲ့ ကောင်မလေးလားတဲ့ …"

"ဟော…"

"ဟား… ဟား … ဟား …"

"ဟေး … ဟေး … ဟေး …"

သုံးယောက်သား ရီမောနေကြသည်ကို စူးစူးစိုက်စိုက် ကြည့်ရင်းက မျက်ရည်များရစ်ဝဲလာကာ သူတို့နှင့်ဝေးရာသို့ ပြေးထွက်သွားလေတော့သည်။

နောက်ပိုင်း၌… ထားရွှေစင်ဟူသော လှပသောအမကြီးနှင့် သူတို့သုံးဦးတို့ ခင်မင်သွားကြသောအခါ… မယ်အုံမှာ တစ်ယောက်တည်း အိုးပုတ်ကလေးများနှင့် ကစားမြဲ

ကိုရှင်း၏ဖခင်အရာရှိကားပေါ်မှာ … ထားရွှေစ[illegible]့ မင်းသစ်[illegible]စတို့ ညီအစ်ကိုနှစ်ဦးပါသွားကြသော်လည်း မယ်အုံကတော့ ခလေးပီပီ ငေး၍ကျန်ခဲ့ရသည်။ ငယ်စဉ်ကလို လေးဦးသား အတူတူ မကစားတော့ပေ။ အရွယ်ညီသော လူပျိုပေါက်သုံးဦးတို့ ဆယ်တန်းပြိုင်အောင်ကြစဉ် မယ်အုံက ငါးတန်းသာရှိသေးသည်။





ကိုရှင်းက မမထားရွှေစင်ကို ချစ်နေသည်ဟု ညီအစ်ကို နှစ်ယောက် ပြောသံကို ကြားရသောအခါ မအံ့ဩမိပေ။ မယ်အုံ ကိုယ်တိုင်ကလည်း မမထားကို အားကျမိ၏။

နို့နှစ်ရောင်အသားနှင့် အရပ်မြင့်မြင့်ခန္ဓာသွယ်သွယ်လျလျ နှာတံချွန်ချွန် နှုတ်ခမ်းပါးပါး မျက်ခုံးကောင်းကောင်းနှင့် မလှသည့်အရာ တစ်ခုမှ မရှိသော ပြစ်မျိုးမဲ့မထင် မမထားရွှေစင်အပြင်ဘက်သို့ ထွင်သွားလျှင် မယ်အုံငေးကြည့်နေရသည်။

ယောကျ်ားလေး သုံးယောက်စလုံးကလည်း ထားရွှေစင် ပြောသမျှ အကုန်ခေါင်းငြိမ့်တတ်သည်။

ကိုရှင်းက ကိုသစ်ထက် အသက်တစ်နှစ်ကြီးပြီး အရပ်မြင့်ကာ ယောကျ်ားပီသခန့်ညားလှသဖြင့် ထားရွှေစင်က ကိုရှင်းကိုပဲ ရွေးခြယ်လိုက်ခြင်းဖြစ်သည်။

ကိုရှင်းနှင့် မမထားတို့အတွက် လိုက်ဖက်ညီလွန်းလှသဖြင့် မယ်အုံမှာ အားကျခြင်းများစွာနှင့် ငေးမောကြည့်ရှုတတ်သည်။ မမထားက ကိုရှင်းထက် နှစ်နှစ်ကြီး၍ ကိုရှင်းအား "မောင်မောင်" ဟုခေါ်သလို မမထားကိုလည်း ကိုရှင်းက မမထားဟု အမြတ်တနိုးနှင့် မျက်စေ့အောက်မှ အပျောက်မခံနိုင်အောင် အလွန်ချစ်သည်။

မမထားရွှေစင်ကလည်း ကိုရှင်းကိုချစ်သည်ဟု မယ်အုံသိထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သလို မမထားကလည်း သိပ်ချစ်သည်ဟုပြောဖူး၏။ ကိုရှင်းစားမေးပွဲဖြေနေစဉ် မမထား၏ လာမတွေ့နိုင်လျှင် မယ်အုံကိုခေါ်၍ ကိုရှင်းပေးထားသော လက်ဆောင်များကို ထုတ်ပြကာ...

"ဒါက ကိုရှင်းနှင့်စချစ်တဲ့ အထိမ်းအမှတ်ဆိုပြီး ကိုရှင်းဝယ်ပေးတဲ့ ဆွဲကြိုးနှင့် နားကပ်ဝမ်းဆက်လေ..."

စတီးရောင်ကြိုးကလေးမှာ အပြာရောင်ကျောက်ဆွဲသီး လှလှကလေးနှင့် ပုံစံတူနားဆွဲလေး ထိုဆွဲသီးနှင့် နားဆွဲကို ဝတ်တိုင်း မမထားက အပြာရောင်ဝတ်စုံ အမြဲဝတ်သည်။ တစ်ခါတစ်ရံ ပန်းနုရောင်ဝတ်စုံလေးနှင့် တွဲထား၏။

"ဒါက မမထားမွေးနေ့မှာ လက်ဆောင်ပေးတာလေ'

အပြာရောင် သိုးမွေး ဆွယ်တာပျော့လေးနှင့် ခေါင်းစွပ်ကလေးတစ်ခု... မယ်အုံ အားကျစွာဖွဖွလေး ကိုင်ကြည့်မိသည်။

"မမထားမွေးနေ့ကို တစ်ခါထဲမေးတယ်... သူမှတ်ထားတာသိလား..."

"မမထားကရော သူ့မွေးနေ့ကိုသိလား"

"သိတာပေါ့ ... သူက အပြာရောင်ကြိုက်တော့ မမထားကလည်း သူ့မွေးနေ့ကို စပို့ရှပ်အပြာရောင်လေး ပြန်ပေးတာပေါ့ ... ဒီမှာလေ ... မမထားဘွဲ့ယူတော့ သူဝယ်ပေးတာ... မမထားမှာ





ဝီနွာဘွဲ့နှံ့ကို သူပေးတဲ့အရောင်နဲ့ မကိုက်လို့ ရိုးဟာဖယ်မှာပဲ ဝတ်ရတယ်လေ... ချိတ်က ခန္ဓာကိုယ်မှာ ပွတာတကြီးမို့ စကပ်ထမိပဲချုပ်ပြီး ဗိုတာကို ရင်ခံလေးလုပ်ပြီး အပေါ်က ဇာပြာလေးဖုံးဝတ်တော့ သူကလေ မမထားကို သိပ်ဆင်တတ်တာပဲလို့ သဘောကျနေတယ်... ပန်းအပြာရောင်ကို ရအောင်ရှာပေးတတ်တယ်... မမ မေမေက လက်ကိုင်အိတ်အပြာရောင်လေးဝယ်ပေးတယ်..."

မမထား၏ ပြည့်စုံသော ဘဝကို အားကျစွာဖြင့် ငေးမောကြည့်နေမိသည်။

တစ်ဦးတည်းသောသမီး.... ပညာတတ်... ဥစ္စာပေါ... ရုပ်ချော... ချစ်သူတွေဝိုင်းဝိုင်းလည်နေသည့် ကြားမှ ကိုယ့်ထက်အသက်ငယ်သော ကိုယ့်ကို ချစ်တတ်လွန်းသော ယောကျ်ားတစ်ယောက်ကို ရွေးချယ်ခဲ့သည်။

ထိုယောကျ်ား၏ ဂရုစိုက်ခြင်း ချစ်ခင်ခြင်း ယုယခြင်းကို ခံရသော မမထားလို မိန်းမသားမှ ကံမကောင်းပါလျှင် ဘယ်သူကံကောင်းပါမည်နည်း။

ဆယ်ကျော်သက် သစ်ရွက်လှုပ်တာကိုပင် ငိုချင်သလိုလို ရီချင်သလိုလို ဖြစ်နေသည့် ရုပ်ဆိုးမလေးအဖို့ .. မျက်နှာငယ်စွာဖြင့် ငေးခုန်ကြည့်နေးမှ မရှိသလောက်ပင်...



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတွေကြောင့်လား ရွက်ကြမ်းရေချိုရုပ်ရေကြောင့်လား မပြောတတ် သူ့ကို ဘယ်ကောင်လေးမှ စာမပေးခဲ့ပေ။

“မမထားချောင်းသာသွားဖို့ မောင်မောင်ကို ခေါ်တာ သူ့အိမ်က ဘာလို့မလွှတ်တာလဲ ညီမလေးသိလား”

အန်တီမာက ထားရွှေစင်ဟူသော လှပလွန်းသော မိန်းမ တစ်ယောက်ကို မှန်ဘီဒိုထဲထည့်ကာ အလှကြည့်နေရုံသက်သက်ပဲဟု မကြာခဏညည်းညူသည်ကို မယ်အုံက အမှန်အတိုင်း ပြောပြသောအခါ ထားရွှေစင်က ပြုံး၍ခေါင်းညိတ်ကာ

“မမထင်ထင်ထားသလိုပဲ အန်တီမာက မမထားကို သိပ်မလို လားဘူး... အင်းလေ... ဒါကတော့ ထုံးစံပါပဲ တစ်ဦးတည်းသော သားကို မိခင်တွေက သိပ်စိုးရိမ်ကြမှာပဲ... မမထားရဲ့အမေကလည်း ဒီလိုပဲ စိုးရိမ်တယ်... မောင်မောင်က ကိုယ့်ထက်ငယ်လို့တဲ့လေ... ကိုယ့်ထက်ငယ်တဲ့ ယောကျ်ားတစ်ယောက်ကို ချစ်မိရင်ကိုယ်ပဲ စိတ်ပင် ပန်းရမှာပဲတဲ့လေ...”

“ကိုရှင်းက မမထားကို အဲဒီလောက်ချစ်တာများ... မမထား ကျောင်းသွားချိန်မှာ အုံတို့ အိမ်ဘက်မှာ လာစောင့်နေတာ လည်ပင်းကို ရှည်နေတာပဲ... မမထားကို မတွေ့ရရင် ဂနာမငြိမ်ပဲ လမ်းလျှောက် နေတာ သိလား... ကိုကြီးစစ်ကတောင် ဖင်မှာညှောင့်ထွက်နေလို့





ထိုင်မရဖြစ်နေတာတဲ့ ...”

မယ်အုံ၏ စကားကြောင့် ထားရွှေစင်၏မျက်လုံးလေးမှာ တဖျပ်ဖျပ်လင်းလက်လျှက်ရှိနေသည်ကို တွေ့လိုက်ရသည်။

“မောင်မောင့် မယ်တော်ကြီးမသိအောင်လို့ မောင်မောင့်ကို ပြောပေးစမ်းပါ... မမထားဆီကို ညဆယ်နာရီခွဲလာပါလို့ ... ညီမတို့ ခြံစပ်နားက စည်းရိုးလေးနားမှာ စောင့်နေမယ်နော်...”

“ဟင် ... အမှောင်ကြီးထဲ”

“လသာနေတယ်လေ... ညီမလေးရဲ့ ... ကောင်းကင်ကို မော့ကြည့်ပြီး ချစ်သူနဲ့လရောင်အောက်မှာ ကြယ်လေးတွေ ရေတွက်ကြည့်ရတဲ့ အရသာကို ညီမလေးမယ်အုံကြီးလာရင် နားလည်လာမှာပါ.. ဟော့... ညီမလေးရဲ့ အကိုတွေတောင် မသိစေနဲ့နော် ဘယ်သူမှ မသိစေနဲ့ ... ရှင်းတစ်ယောက်ထဲ သိပါစေနော်...”

မမထားရွှေစင်၏ တိုင်ပင်ဖော်အနေနှင့် အကိုရှင်းနှင့် မမထားကြားမှ ငှက်ခါးကလေးဖြစ်ခဲ့ရသည်။

မမထားရွှေစင်က ညဘက်မှာ သူမအားလာတွေ့ရန် ချိန်းဆိုသော အခါတိုင်း မယ်အုံအိပ်မောကြချိန်များသာဖြစ်သည်။

သို့ရာတွင် မမထားရွှေစင်၏ မိဘနှစ်ပါးမှာ ဆွေမျိုးနေရာရှိ၍ ညအိပ်သွားသောအခါ မယ်အုံအား အဖော်အဖြစ်လာအိပ်ရန်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သောအခါ ညဘက်ခုနှစ်နာရီ ကိုရီးယားကား၏ ဇာတ်လမ်းတွဲကို မယ်အုံကြည့်ပြီး ကိုးနာရီမှ ဆယ်နာရီအထိ စာကျက်နေစဉ် ... မယ်အုံ ငှက်ခါးမလေး၏ လျှို့ဝှက်သတင်းကြောင့် ကိုရှင်းရောက်လာသဖြင့် မယ်အုံအား အိပ်ခန်းထဲမှာပဲ စာကြည့်နိုင်းပြီး ... သူတို့နှစ်ဦးက ဧည့်ခန်းထဲမှာ ထိုင်စကားပြောနေကြသည်။

ကိုးတန်းကျောင်းသူ မယ်အုံမှာ ဆယ်နာရီအထိသာစာကျက်ပြီး အိပ်ချင်လာသဖြင့် အိပ်ယာမဝင်မီ ဧည့်ခန်းသို့ ချောင်းကြည့်လိုက်သောအခါ .. ဧည့်ခန်းအလယ်ဆိုဖာမှာ ထိုင်ကာတစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာ ပွေ့ဖက်၍ နမ်းနေသောမြင်ကွင်းကြောင့် မျက်လုံးများ ပြာဝေသွားသည်။ စောင်ကိုခေါင်းမြီးခြုံကာ အိပ်လိုက်သည်။

"မောင် မဟကို မြတ်နိုးတန်ဖိုးထားတယ်... မောင်ရည်ရွယ်ချက် မပြည့်သေးပဲနဲ့ မောင်ဘယ်တော့မှ စည်းမကျော်ဘူး... သိပ်ညဉ့်နက်နေရင် မကောင်းဘူး မောင်ပြန်တော့မယ်နော်..."

. ကိန္နရီမောင်နှံ မခွဲနိုင်သလိုပင် တော်ရုံနှင့်ပြန်မသွားသေး နောက်မှ နှုတ်ဆက်သံ၊ စကားသံ၊ တိုးတိတ်ရီမောသံများနှင့်အတူ သံပန်းတံခါးပိတ်သံ ကြားရတော့ ဆယ်နာရီခွဲလေပြီ...

ထိုနေ့ညက မယ်အုံအဖို့ ပထမဦးဆုံး အိပ်မပျော်သောည ဖြစ်သွားသည်။ ရင်တွေဗရမ်းဗတာခုန်ပြီး ကိုရှင်းနှင့် မမထားပုံရိပ်ကို





မြင်ယောင်ကာ မတန်မရာ ကိုရှင်း၏ လက်မောင်းကြားမှာ ကိုယ့်ကိုကိုယ် တွေးကြည့်ရင်း ကြည်သီးထသွားမိသည်။

မမထားကတော်ရုံနှင့် မအိပ်ပဲ တီးလုံးသက်သက်သာပါသော သီချင်းခွေလား ရုပ်ရှင်ကားလားမသိ တစ်ခုခုကို ဖွင့်ကြည့်နေသည်။

နောင်နှစ်တွင်... ကိုရှင်းဖခင် နယ်ရောက်သွားပြီး ကိုရှင်းလည်း ဒေါ်လေးမာတို့၏ဒေသမှာ ပဲဝယ်၊ ကြက်သွန်ဝယ်ဖြင့် အလုပ်များနေသလို... မမထားကလည်း ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်နေ၏။

မမထား၏ကုမ္ပဏီတွင် မမထားက အရေးပါသော အတွင်းရေးမှူးမလေး ဖြစ်နေစဉ် ကိုရှင်းနှင့်စကားများခဲ့ရသည်။ ဘယ်လိုစကားများသလဲ မယ်အုံမသိသော်လည်း ကိုရှင်းထံမှ ဖုန်းလာသောအခါ မယ်အုံတုန်လှုပ်သွားမိခဲ့သည်။

"မပ် အုံ ... နင်... ငါနဲ့မမထားကြားမှာ ဘာစကားတွေ ရှုပ်နေတာလဲ..."

"ရှင်"

"ကလေးလေးလို အေးအေးမနေဘူး။ ဘာလို့မေမေပြောတဲ့ စကားတွေ သွားပြောတာလဲ..."

"ရှင်... ရှင်.. အုံ... အုံ ဘာပြောလို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမပြောတာလဲ မမထားပြောတယ်... မေမေက သိပ်လှလို့ မှန်ဘီဒိုထဲမှာပဲ အလှထားကြည့်ဖို့ကောင်းတယ်လို့ နင်သွားတိုက်တယ် မို့လား"

မယ်အုံ အုံ့သြသွားသည်။ တိုက်တယ်၊ တွန်းတယ်၊ ခလောက် တယ် ဆိုသော စကားကို နားမလည်သေးသဖြင့် တအုံ့တသြနှင့် ဘာပြော ရမှန်းမသိဖြစ်နေသည်။

"နောက်ဆိုရင် ဟိုစကားဟိုပို့ ဒီစကားဒီပို့ မလုပ်နဲ့ [illegible]းလား သေသွားမယ်..."

ဖုန်းကိုင်ရင်း ခေါင်းသာငြိတ်လိုက်သည်ကို ကိုရှင်း မြင်မယ်မထင် ကိုရှင်းဘက်မှ ခွက်ကနဲဖုန်းဆောင့်ချသံသည် ဘယ်တော့မှ မေ့ပျောက် မရနိုင်သော အသံမင်ဖြစ်သည်။

"မယ်အုံလေး မယ်အုံလေး... ဘာဖြစ်လဲ"

ရုပ်မလှပေမယ့် ကိုယ့်ညီမလေးကိုတော့ ဝိုင်း၍ချစ်ကြသော အစ်ကိုနှစ်ယောက်က ပျာယာခတ်သွားသည်။

ဘာပြောရမှန်းမသိ ပြောလျှင်လည်း စကားရှုပ်သည်ဟု အစ်ကို နှစ်ယောက်က အပြစ်တင်ကြဦးမည်ဖြစ်သည်။ ထို့ကြောင့် ခေါင်းရမ်းကာ ဘာမှမပြောပဲ။

"မဟုတ်ပါဘူး... မဟုတ်ပါဘူး ... မယ်အုံသချင်္ချာမှာ





အမှတ်နည်းသွားလို့ပါ..."

"အော်... ဒါများညီမလေးရယ်... မငိုနဲ့ မငိုနဲ့ ဒီနေ့ ညီမလေးမွေးနေ့လေ.. ဖေဖေနဲ့ မေမေက ဘဲကင်နဲ့ ရေခဲမုန့်ကျွေး မလို့ မမထားကိုတောင်ခေါ်ထားတယ်... ညီမလေး သူငယ်ချင်းတွေ ကိုလဲ ကိုနှစ်ဝင်ခေါ်ထားတယ်..."

"ဟာ ... မင်းနှစ်ကလဲကွာ... တမင်ညီမလေးအံ့သြအောင် နှုတ်ထားကာမှ မင်းကဘာလို့ပြောနေတာလဲ

အစ်ကိုသစ်က ကိုနှစ်ခေါင်းကို လှမ်းပုတ်ရင်း ပြောလိုက်သည်။ ဝန်ထမ်းမိဘများမို့ ချောင်လည်မှု သိပ်မရှိသောကြောင့် မွေးနေ့ကြီးကြီး ကျယ်ကျယ် မလုပ်ပေးနိုင်ပဲ ရင်းနှီးသည့် သူငယ်ချင်းမိတ်ဆွေ လေးငါး ဦးနှင့်ပင် မွေးနေ့ပွဲလေးလုပ်ဖြစ်ကြသည်။

မယ်အုံက မေ့မေ့ပျောက်ပျောက်နေတတ်သူမို့ ကိုယ့်မွေးနေ့ ကိုပင် ကိုယ်မေ့နေသည်။ မမေ့ပဲရှိပါ့မလဲ အတန်းတင်စာမေးပွဲ ဖြေရမယ့် နေ့ဦးရက်မို့ စာကိုကြိုးစား ကျက်မှတ်နေရသည်။

"ညီမလေး ငိုတာမမြင်ဘူးလို့ပါကွာ... မွေးနေ့မှာ မငိုရဘူး ညီမလေးရဲ့ ... နောင်နှစ်တွေဆိုရင် မွေးနေ့တိုင်းပျော်ရွှင်ရအောင် ပျော်ပျော်ပါးပါး နေရတယ် ညီမလေးရဲ့.. မွေးနေ့မှာ ငိုရင်နောင်နှစ် မွေးနေ့တွေပါ ပျော်စရာမကောင်းပဲ နေလိမ့်မယ်..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းနှစ်... မင်းကွာ ပေါက်ကရပြောနေတာ ငါ့ညီမထွေးလေး သဘောဖြူ မနောဖြူလေးမှာ သောကတို့ မျက်ရည်တို့ဆိုတာ မရှိစေရဘူးကွ... မငိုနဲ့တော့ .. တိတ်... တိတ်... သွား ရေသွားချိုး။ ကိုကြီးတို့ ပန်းကန်ပြင်ထားမယ်... မင်းနှစ်လူရေစမ်း..."

"အန်တီမာရောက်နေတာနဲ့ အတော်ပဲ... အန်တီမာရယ် မမထားရယ်... ညီမလေး သူငယ်ချင်း မြတ်နိုးခင်ရယ်... သဏ္ဍာသိမ့်ရယ်.. ကိုယ်ကြီးတို့ရယ်... ညီမလေးတို့ဝိုင်းက သူငယ်ချင်းတွေပါ ဖိတ်ထားတာ... ဆယ်ယောက်ရှိတာ ... အကုန်လာမှာ... ကိုရှင်း ရောက်နေရင်ကောင်းမှာပဲ မနက်ဖြန်တော့ရောက်မယ် ထင်တယ်... ကိုရှင်းဆီ ဖုန်းဆက်ပြီး... ပြောရအုံးမယ်..."

"ဘာ... မပြောနဲ့ ... မပြောနဲ့ ... တော်ပြီ မပြောပါနဲ့ အဝေးကြီးမှာ..."

ငိုသံပါနှင့် အလန့်တကြားဟန့်တားလိုက်သော ညီမလေးကို အကိုနှစ်ယောက်က နားမလည်သလိုကြည့်လိုက်သည်။

သူငယ်ချင်းအား မွေးနေ့တိုင်း စားခါနီးမှဖိတ်၍ လက်ဆောင်ဆိုတာကို မရှုပ်ပေ မွေးနေ့ဟုပြော၍ မဖိတ်တာလည်းပါသည်။

သို့ရာတွင် အိမ်နီးချင်းမမထားနှင့် အန်တီမာတို့ကတော့ အမြဲသိသည်။ မမထားက သူ့အား လက်ဆောင်လေးများ ဝယ်ပေးတတ်သလို အန်တီမာကလည်း လက်ဆောင်လေးနှင့် လာတတ်သည်။ ကိုရှင်းကတော့ ဖာသိဖာသာပင်... အစ်ကိုနှစ်ဦးနှင့် အားပါးတရ စားသောက်ပြီး လျှောင်ပြောင်တတ်သည်။

ဒီနှစ်တော့ အကိုနှစ်ဦးကျောင်းပြီး၍ အလုပ်လုပ်နေကြသဖြင့် ညီမလေးအတွက် ကိုယ်ပိုင်ဝင်ငွေနှင့် လက်ဆောင်ဝယ်လာကြသည်။

"ကဲ . . . စားပွဲဝိုင်းပြင်ကြရအောင် . . . ညီမလေးက တကျက်ရတာပင်ပန်းနေပြီ... ရေသွားချိုး ကိုနှစ်ဝယ်ပေးတဲ့အင်္ကျီ လှလှလေးဝတ်... ဘာမှမလုပ်နဲ့ ကိုကိုတို့ပဲ လုပ်ပေးမယ်..."

"အထက်အောက်မောင်နှမဖို့ ကိုနှစ်က အချစ်ပိုသလို အစအနောက်လဲသန်သည်။

"အမယ် သူ့ညီမအကျဉ်းတန်လေးကို လှအောင်လို့ အစွံ့ကျတ်နေတာ ကိုနှစ်က ထိန်းရသက်သာအောင်လို့ ... မှတ်လား .. တက္ကသိုလ် ရောက်ရင် ပိုထိန်းရတော့မယ်..."

"လှ လှ မလှလှ ထိန်းရမှာပဲကွ... ဒီ ညီမလေးက သိပ်မလှလို့ တော်သေးတယ်... မမထားလိုလှနေရင် မလွယ်ဘူးကွ"

အစ်ကိုနှစ်ဦး၏ စနောက်သံတွေကြားမှာ ပြေးထွက်၍ အခန်းတံခါးပိတ်ကာ အားပါးတရ ငိုရှိုက်လိုက်မိတော့သည်။

"နောက်ဆို ဟိုစကားဟိုပို့ ဒီစကားဒီပို့မလုပ်နဲ့ ကြားလား







www.burmeseclassic.com

www.burmeseclassic.com



သေသွားမယ်...''

နားထဲမှာ ကြားယောင်လာပြီး... သဲအူလှိုက်မျှ ငိုကြွေးမိတော့သည်။ ဘဝတစ်သက်တာမှာ ဤမျှထိဝမ်းနည်းကြေကွဲမှု မဖြစ်ခဲ့ဖူးပေ။

''မယ်အုံ ရဲ့ ဆယ့်ခြောက်နှစ်ပြည့်တဲ့မွေးနေ့မှာ ကိုရှင်းပေးတဲ့ အမှတ်တရ မွေးနေ့လက်ဆောင် ဒီစကားလေးကို ထာဝရ သိမ်းဆည်းထားပါ့မယ်ရှင်''

မှတ်မှတ်ရရပင် ... နောက်တစ်နေ့မှာ ကိုရှင်းရောက်လာပြီး ထူးခြားစွာပင် မွေးနေ့လက်ဆောင်ထုတ်လေး ကိုနှစ်မှတ်ဆင့် လာပေးသည်ကို ဖွင့်မကြည့်ရဲပေ သိမ်းထားလိုက်၏... ထိုဆယ့်ခြောက်နှစ်ပြည့် မွေးနေ့ဟာ မမထားနှင့်ကိုရှင်းတို့၏ နောက်ဆုံးလက်ဆောင်များမို့ ယနေ့ အထိပင်ဖွင့်မကြည့်ပဲ တမင်ပိတ်ထားကာ ဘီဒို အပေါ်ဆုံးထပ်စားပွဲခင်း လိုက်ကာများထားရာ နောက်ဆုံးမှာ တမင်မေ့ပျောက်၍ ဖွက်ထားလိုက်သည်။ ငါးနှစ်ကျော်လေပြီ...

မယ်အုံ ဆယ်တန်းဖြေပြီးသောအခါ ကိုနှစ်က မိန်းမတောင်းခိုင်း၍ တောင်းပေးလိုက်ရပြီး.... ကိုနှစ်တို့လင်မယားကို အိမ်မှာပဲ ခေါ်ထားရသည်။ ထို့နောက် မမထားသည် ကိုရှင်းနှင့် စကားများကာ လက်တွဲဖြုတ်ပြီး... နိုင်ငံခြားသို့ ထွက်သွားခဲ့သည်။





ကိုရှင်း ဖခင်ကလည်း နယ်မှာပင် သေဆုံးသွားကာ ကိုရှင်းက ရန်ကုန်ကိုပြန်မလာပဲ နယ်မှာပင် အလုပ်လုပ်နေခဲ့သည်။

အန်တီမာကတော့ စီးပွားရေးလုပ်ငန်းများကို ရန်ကုန်မှာ အထိုင်ယူကာ လှိုင်သာယာပွဲရုံ တူမတစ်ယောက်နှင့်စပ်တူလုပ်ကိုင်ရင်း သွားလိုက်လာလိုက်လုပ်နေသည်။

မထင်မှတ်ပဲပြောလိုက်သောစကားကြောင့် ကိုရှင်းနှင့် မမထား ဝေးရတာလား...

''မာမာထင်သားပဲ မမရယ်... သိပ်လှတဲ့ မိန်းခလေးဟာ အလှမာန်တတ်ပြီး အချစ်တွေ ပေါပေါများများသုံးစွဲတတ်တယ်လေ.. ရွေးချယ်စရာတွေ များနေတော့ အကောင်းဆုံး၊ အသာဆုံးကိုမှ ရွေးချယ်နိုင်ခွင့်ရှိနေတယ် မဟုတ်လား... ကျွန်မသားက... ရုပ်ပဲရှိတာပဲ ချည်းညစွာက သာမန်ထက်သာရုံပဲ... လျှံကျနေအောင်မှ မရှိတာလေ အချိန်တန်ရင်... လမ်းခွဲမယ်ဆိုတာ ကျမကသိပြီးသားပဲ''

အင်း ဒီမှာ စကားများကြားမှာ... မယ်အုံတုန်လှုပ်မှန်းကျပ်နေမိသည်။ ပို့ဆိုးတာက...

''သားကို ကိုယ်ပိုင်အိမ်နဲ့ လာတောင်းခိုင်းတော့ သားက ဆောင်ငှမှာ ဝယ်ထားတဲ့ အိမ်မှာ ထားမယ်ဆိုတော့ မနေနိုင်ဘူးတဲ့ ရှုပ်ကြီးက နှစ်ကျပ်သား လက်ကောက်နှစ်ကျပ်သားနဲ့ လာစွပ်နား



www.burmeseclassic.com

www.burmeseclassic.com



ကပ် အားလုံးရွှေငါးကျပ်သား တင်တောင်းမယ်ဆိုတာကို လက်မခံဘူးလေ... ကျမက သူ့ကိုအလှကြည့်သက်သက်ပဲလို့ ပြောတာကိုသိပ်နာပြီး ပြုသသနာရှာတာပဲ..."

သေချာသည်မှာ မယ်အုံ၏စကားကြောင့် သူတို့နှစ်ဦးကွဲကြသည်ဟု ယူကြုံးမရဖြစ်ကာ နောင်တအကြီးအကျယ် ရမိလိုက်သည်။

ထို့နောက် တတ်နိုင်သမျှ ကိုရှင်းကို မတွေ့အောင် ရှောင်နေမိသလို ကိုရှင်းကလည်း လှိုင်သာယာပွဲရုံသို့သာ တစ်ခါတလေရောက်ပြီး အိမ်ဘက်သို့ မလာတော့ပဲ ထားရွှေစင်ပတ်ဝန်းကျင်နှင့် ဝေးအောင် ရှောင်ရှားနေသည်ကိုသာ ကြားလိုက်ရသည်။

ငါးနှစ်ရှိပြီပဲ...

ထိုကာလအတွင်းမှာ အသက်သုံးဆယ် မပြည့်သော်လည်း သုံးဆယ်ကျော်အရွယ်ကဲ့သို့ ရင့်ကျက်အိုမင်းသွားသော ကိုရှင်းကိုကြည့်ကာ စိတ်မကောင်း ဖြစ်မိသည်။

အချစ်ဟာနုပျို ပေါ့ပါးစေသလား။

အချစ်မရှိရင် အိုမင်းရင့်ရော်သွားနိုင်သလား ... မသိ...





"မယ်အုံက ... ကိုနှစ်ကလေးစမွေး ကတည်းက အဝေးသင်ယူပြီး ခလေးထိန်းနေရတာလေ... ကိုနှစ် ကလေးနှစ်ယောက်မွေးပြီး ကိုယ်သစ်ကထပ်မွေး... အဲဒီ သုံးယောက်နဲ့သူကဟာ ခလေးအမေလိုပဲ သေးစော်နံဟောင် နေတာပဲ... မိုးလင်းလာလို့ သူတို့ လင်မယားတွေ အလုပ်လို့ ထွက်သွားကြတာ မယ်အုံက မျက်နှာအသိတဝင်းဝင်းနှင့် ခလေး ထိန်းကျန်ခဲ့တာ ... ကိုနှစ်အိမ်ခွဲတော့လည်း မလွတ်ဘူး ကိုပြေးဒီပြေးပဲ... ဒါကြောင့် သမီးလေး အလုပ်လျှောက်မယ်ဆိုတာ ဆောန့်ကွက်ပဲ ကြည့်နေလိုက်တယ်... မယ်အုံက ရုပ်သိပ်မရှိတော့ အချစ်ရေးကို စိတ်ကူးထဲတောင် မထည့်ဘူး။ သူ့ကိုကြိုက်မယ့်လူ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့လည်း ပြောသံမကြားဘူး... ဘယ်သူမှလည်း လာမတောင်းကြဘူး..."

ရှင်းသန့်မျက်ခုံးပင့်သက်သွားသည်။

"အလုပ်မရှိတော့ ကြိုက်မယ့်လူမရှိဘူး"

ဟူ၍ နားထဲမှာ... အော်ဟစ်လျှောက်ပြောင်နေသလိုပဲ။

အလုပ်ရှိတဲ့သူက ကြိုက်မဲ့သူတွေ ဝိုင်းလို့ပါလား... အလုပ်မရှိသူမှာ ကြိုက်မဲ့သူမရှိတဲ့

"မယ်အုံ"

တိုးဖွဖွလေး ရေရွတ်လိုင်ရင်း... မယ်အုံအား မသိမသာရှာဖွေလိုက်သည်။ တွေ့ပါပြီ အဝတ်လှမ်းနေသူ...

ခလေးတွေအဝတ်ရော... ယောင်းမအဝတ်တွေပါ စုပုံလျှော်ဖွတ်ပြီး ကြိုးတန်းမှာ လှမ်းနေသည်။

အဝတ်ကိုခါလိုက် လှမ်းလိုက်နှင့် မယ်အုံ၏စိတ်အာရုံသည် သူ့အလုပ်ပေါ်မှာသာ စုပြုံ၍နှစ်ထားသည်။ မျက်နှာမှာ သ ၁်ခါးရေကျဲ က ဖြစ်သလို ပွတ်ထားဟန်တူသည်။ အင်္ကျီကလည်း ပိုင ပတ်သိ... ပုံကျကျမကျကျ စက်သမားချုပ်ပေးသလို ကောက်ဝတ်ထားဟန်တူသည်။

"သူ့အဖေကလည်း စဉ်းစားတယ်လေ အစ်ကိုတွေ ယောင်းမတွေက မယ်အုံရုပ်မလှတော့ အိမ်ထောင်မပြုတာကိုပဲ ဝမ်းသာနေကြ





တယ်... ဒါမှ သူတကလေးတွေကို စိတ်ချရမှာတဲ့လေ.. တကယ်လို့များ မိဘတွေ မရှိတော့ရင်... မယ်အုံခမျာ ဟိုအစ်ကိုအိမ်ကနေ ဒီအစ်ကိုအိမ်ကပ်မနေနဲ့ ကိုယ်ပိုင်ရပ်တည်မှုမရှိမှာစိုးလို့... အပျိုကြီးဆိုလည်း သူ့အလုပ်ကလေးနဲ့သူ... ခန့်ခန့်ညားညား နေနိုင်တာပေါ့လေ..."

"မမက စောစောကပြောရောပေါ့ သားတို့ဌါနမှာ လူတွေလိုနေတာ စာရင်းစစ်ဖို့ပါပဲ... သားက မိန်းကလေးဝန်ထမ်းဆို မခန့်တော့ စာရင်းဖယားလုပ်မဲ့သူ စာရွက်စာတန်း ထိန်းသိမ်းမဲ့သူ ထိုင်ခုံမှာငြိမ်ငြိမ်ထိုင်လုပ်မဲ့သူ မရှိတော့ သူကြီးပဲ ဒိုင်ခံလုပ်နေရတာ... အလုပ်သိပ်များတာပဲ..."

"အော်... စကားအဆက်အစပ်ကမှ မရှိပဲ... ပြီးတော့ မယ်အုံရဲ့ အကြောင်းကို ဘယ်သူမှ မစဉ်းစားမိကြဘူးလေ... အခုနောက်ပိုင်း ချွေးမတွေက သိပ်လွန်လာပြီ... မယ်အုံကို သူတို့အိမ်ဖော်အလေးထိန်းအနေနဲ့ ပစ်တင်နေကြတော့ မယ်အုံမှာ ဘွဲ့ရပြီး ခလေးထိန်းထောင်းချက်နဲ့ အလုပ်တွေ မနိုင်နင်းဖြစ်လာတော့ အဖေနဲ့အမေကအနေနိုင်လို့ ဝိုင်းခွဲရင်း အမတို့နှစ်ယောက်ပါ သူတို့အိမ်ဖော်ဖြစ်လာရောဒါကြောင့် တမင်မှတ်လောက်အောင် ချွေးမနှစ်ယောက်ကို ပညာပေးမယ့် မယ်အုံကို လိုက်ပို့ရင်း သုံးလေးလလောက်ကို မယ်အုံနှင့် နေလိုက်ချင်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ဒါမှ အမတို့လင်မယား လွတ်လွတ်လပ်လပ် နေလို့ရမှာ.. ချွေးမတွေ အလုပ်မရှိပဲ ယောကျ်ားနား လိုက်ကပ်နေတာပဲ မဟုတ်လား"

"ဟုတ်ပ ... သူတို့ခန္ဓာကိုယ် အလှပျက်မှာစိုးလို့ မနက်တိုင်း လေ့ကျင့်ခန်းသွားလုပ်နေတာ အမောပဲလေ... အခုမယ်အုံသွားမယ် ဆိုတာ သိလို့ ... အိမ်ဖော်တွေရှာကုန်ကြပြီ.. မြေးတွေတော့ သနား ပါတယ်... ဒါပေမဲ့ မတတ်နိုင်ဘူး ဒို့ပြင်မိသားစုတွေ ဘယ်လိုရပ် တည်ကြသလဲ သူတို့လိုပဲ နေကြပေါ့ ..."

"လူတာမက်တော့ ညစာခက်တဲ့စကား သိပ်မှန်တာပဲနော် ရှေးလူကြီးတွေက အလကားမပြောဘူး အတွေ့အကြုံတွေများလို့ ပြောတာ"

အသဲနှလုံးမှာ ထိုးစိုက်ထားသော ဒဏ်ရာက အကင်းမသေ သေးပဲ နာကျင်နေဆဲမို့ ထိုင်ရာမှထကာ စာအုပ်စင်ကို မွှေနှောက်လိုက် သည်။

နှလုံးသားအက်ကွဲစဥ်ကတော့ ယစ်ရွှေရည်ထဲစိမ်ကာ ခပ်ကြမ်း ကြမ်းရမ်းရမ်းပင် ဒဏ်ရာကို ကုစားခဲ့သော်လည်း ခဏတာ ပျောက်ကွယ် ခဲ့ပြီး အမူးပြေသွားလျှင်တော့ လှပသော ထားရွှေစင်ယမင်းရုပ်ကလေးမှာ သူ့အားခြောက်လန့်ဆဲမို့ ... အလုပ်လုပ်ခြင်း စာဖတ်ခြင်း ခရီးထွက် ခြင်းဖြင့် ဝေဒနာကို ဆန့်သစ်သော အာရုံများဖြင့် မွှေနှောက်ဖျောက်



ဖျောက်ပစ်တတ်သည်။

တွေးကြည့်လေ စိတ်နာလာလေဖြစ်သည်။

"မောင့်မေမေက မမကို မကြည်ဖြူဘူး... လူတာဟာ အပြစ်ဖြစ်နေတယ်.... ရုပ်ဆိုးတဲ့သူကိုပဲ ကြိုက်လားမသိဘူး... မယ်အုံကို ရွှေနှင့်လုပ်ထားတဲ့ ရင်ထိုးလေးတစ်ခု လက်ဆောင်ပေးတယ် မေဟာ မောင့်ချစ်သူမှန်းသိရက်နဲ့ အသိအမှတ်မပြုဘူး... မယ်အုံကို ဆိုရင် သမီးလေးအုံ သမီးလေးအုံနဲ့ ပါးစပ်ဖျား မချဘူး..."

သဝန်တိုစကားများဖြင့် ဖုန်းထဲမှာ မကြာခဏကြားနေရပြီး မယ်အုံနှင့် မေမေတို့၏ ချစ်ခင်မှုကိုပင် ခနဲ့စကားဆိုနေလေပြီ။

"မောင်တို့ မိသားစုနှင့် မယ်အုံတို့မိသားစုဟာ ခင်လာတာ ကြာပြီ၊ မယ်အုံ ကိုးနှစ်အရွယ်ထဲကပဲလေ... ဒီရုပ်ဆိုးမလေးကို မေမေက သနားပြီးချစ်နေတာ သံယောဇဉ်လဲ ပါတာပေါ့"

"မောင်ကသာ ရုပ်ဆိုးမလို့ပြောနေတာ... သူနဲ့စကားပြောရင် ချွဲဆောင်မှုအပြည့်ပဲသိလား... ပြီးတော့ မောင့်မေမေက မမကို နှိမ်ဘိုဖိုလဲထားပြီး အလှကြည့်ရုံသက်သက်ပဲ ကောင်းမယ်လို့ ပြောတယ် ဆို..."

"အလကား ကောလဟာလတွေ ဘယ်ကကြားရတာလဲ"

"မယ်အုံပြောတာပေါ့ မယ်အုံလို ဘာမဟုတ်တဲ့ ကောင်မလေး တစ်ယောက်ကို အဲဒီလိုပြောတာ ဘယ်ကောင်းမှာလဲ... မောင့်မေမေက

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာ အတင်းပြောတတ်တဲ့ မိန်းမကြီးတစ်ဦးပဲ...''

''မမထား''

အလန့်တကြား ဟန့်တားလိုက်သည်။ စိတ်တိုတိုနှင့် ဖုန်းချပစ်ကာ မယ်အုံထံ ဖုန်းဆက်၍ ပြောပစ်လိုက်သောအခါ ကောင်မလေး ဘာမျှပြန်မပြောပဲ ငြိမ်သက်နေသည်... ကလေးပဲဆိုပြီး မေ့မေ့ပျောက်ပျောက်ရှိမည် ထင်ပေမဲ့ ညနေဘက်မှာကိုနှစ်ဖုန်းဆက်၍ မယ်အုံမွေးနေ့မှန်း သိလိုက်ရသည်။

''ဒီနေ့က မယ်အုံရဲ့ ဆယ့်ခြောက်နှစ်ပြည့်တဲ့ မွေးနေ့လေ.. မင်းကို ဒီနေ့လာဖို့မှာလိုက်မလို့ မေ့သွားတယ်... ထုံးစံအတိုင်း ညစာစားကြတာပေါ့... ဒီနှစ်မယ်အုံက ဆယ်တန်းဆိုတော့ ကြောက်ပြီး စာကျက်နေတာ တော်တော်ပင်ပန်းနေတယ်... အရေးထဲ ဘယ်သူက နှောင့်လိုက်သလဲ မသိဘူး ဖုန်းပြောပြီးငိုလိုက်တာ... သချ်ာအမှတ်နည်းလို့တဲ့ ... ချော့လို့ကိုမရဘူး... အခန်းထဲပိတ်ငိုနေသေးတယ် ညကျရင် စာမကျက်နိုင်းပဲ အိပ်နိုင်းမှပဲ...''

''တော်တော် ငိုနေလား''

သူ့ပယောဂမှန်း ချက်ချင်းသိလိုက်သဖြင့် .. ပျာပျာသထဲ မေးလိုက်သည်။ အစဉ်ပြုံးနေသော မျက်နှာကလေးကို ငိုတာမတွေ့ဘူး ခဲ့ပေ။

''အေးပေါ့ ... နဂိုကထဲက အားငယ်ပြီး စာမေးပွဲကို ကြောက်နေတာ ဘယ်သူငယ်ချင်းက ပြောလိုက်လဲမသိပါဘူးကွာ သူ့နေ့မှာ မျက်ရည်တွေ အများကြီးကျနေတာ မကောင်းဘူးပေါ့ကွာ... ဒို့ညီအကိုချော့လဲ မရဘူး...' မယ်အုံက တစ်ခါမှ အဲဒီလောက် ငိုတာ မတွေ့ဖူးဘူး... ဘယ်သူငယ်ချင်းပြောကာလဲဆိုတာလဲ မပြောဘူး စာမေးပွဲကိုပဲ ကြောက်နေတာ''



သူ့အမှားမို့ ဘာလုပ်မှန်းမသိဖြစ်ကာ ပြာယာခတ်သွားသည်။ မယ်အုံမွေးနေ့မှန်း သူသတိမထားမိပေ။ မယ်အုံတို့မိသားစုမှာ သာမန်အဆင့်ရှိရုံသာမို့ ... သားသမီးများမွေးနေ့ကို ရင်းနှီးသော သူငယ်ချင်းများ ဖိတ်ကျွေးရုံသာ ပြုလုပ်ခဲ့သည်။ သူက ကိုသစ်နှင့် ကိုနှစ်တို့၏ မွေးနေ့ကို အမှတ်တရ ပစ္စည်းပေးခဲ့သော်လည်း မယ်အုံ မွေးနေ့ကို တစ်ခါမှ ဘာမှမပေးခဲ့ဘူးပေ။

ဒီတစ်ခါတော့ မှတ်မှတ်ရရပေးရမည်။ ချော့ရမည်။ မယ်အုံ ဒီလောက်အထိ ဝမ်းနည်းကြေကွဲလိမ့်မည်ဟု မထင်မိခဲ့ ...

''ဖြစ်ရမယ်... မင်းဟာကလေးတစ်ယောက်ပီပီ... စကားမပြောတတ်တာကို ငါဘာလို့ သတိမရတာလဲကွာ ... မယ်အုံရယ် ဖြစ်ရလေ ... ခွင့်လွှတ်ပါကွာ...''

ဖခင်တာဝန်ကျရာ တောင်ငူမြို့မှ ရန်ကုန်သို့လာရန် ရှိနေသဖြင့် ကိုသစ်တို့ညီအကိုနှင့် ချိန်းထားပြီး... မယ်အုံအတွက် မွေးနေ့လက်ဆောင်ပေးကာ စာတိုလေးနှင့် ချော့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မယ်အုံထံမှ တုန့်ပြန်မှုဘာမျှမရပဲ မိမိအား မတွေ့အောင် ရှောင်နေခဲ့သည်မို့ ... သူနှင့် မယ်အုံတို့ တဖြည်းဖြည်း ဝေးကွာသွားခဲ့သည်။

ဖခင်ကလည်း ဆုံးပါးသွားသောအခါ သူတို့စီးပွားရေး ယိမ်းယိုင်ကာ ကားပင်ရောင်းလိုက်ရပြီး... ထားရွှေစင်ကိုလည်း လက်လွှတ်ခဲ့ရသည်။

လှပသော မိန်းမသားတစ်ယောက်၏ တန်ဖိုးသည် ကြိုးမြင့်ပြီး မိခင်ပြောသကဲ့သို့ မှန်ဘီဒိုထဲထည့်ကာ ဖုန်မှုန့်မတင်အောင် ဂရုစိုက်ရမည် လှပသော ရွှေရုပ်ကလေး မပျောက်ပျက်ရန်အတွက် ရွှေမှုန်ကို နေ့စဉ် ကျွေးရမည်...

သူတို့ သားအမိ၏ စီးပွားရေးမှာ ယိမ်းယိုင်လျက်

“နိုင်ငံခြားမှာ မမတို့နှစ်ယောက် သွားအလုပ်လုပ်ကြရအောင် မောင်... ဒါဆိုဝင်ငွေသိပ်ကောင်းမယ်လေ...”

“မလုပ်ပါနဲ့ မမရယ် မေမေက ခုမှ မုဆိုးမဖြစ်ရတာ... ဘာမှမကြာသေးဘူး မေမေကို မထားခဲ့ရက်ဘူး မောင်ကြိုးစားပြီး အလုပ်လုပ်ပါ့မယ်... မမရယ်... မမကို တင့်တင့်တယ်တယ် ထားနိုင်အောင် မောင်ကြိုးစားပါ့မယ်... မမရယ်... တစ်နှစ် နှစ်နှစ်လောက်တော့ စောင့်ပါနော်မမ...”

တောင်းပန်နေလျက် ဖွတ်ထွက်သွားပြီး နိုင်ငံခြားမှာပင်





ဆက်ထပ်သွားသော စိမ်းကားရက်သည့် ချစ်သူအား နာကျည်းစိတ်ဖြင့် မေ့ပျောက်နိုင်အောင် ကြိုးစားသော်လည်း မေ့၍မရခဲ့ပေ။

“သူ့ကိုမေ့ချင်ရင် ... အစားထိုးချစ်သူတစ်ယောက် ရှိမှ မေ့နိုင်မယ်...”

ကိုသစ်တို့ ညီအကိုက အကြံပေးခဲ့သော်လည်း... မမထားထံ၌ သူ့အချစ်များပါသွားပြီဟု ယုံကြည်စွာဖြင့် ... ဘယ်သူ့ကိုမှ စိတ်မဝင်စားဘဲ... လှပ၍ မာယာကြွယ်သော စိမ်းကားရက်စက်သော သစ္စာမဲ့သော မိန်းမများကို ရှောင်ရှားခဲ့လေပြီ...

“ဒေါ်ရေးအုံး... ဒေါ်ရေးအုံး ...”

စူးကနဲ ငိုလိုက်သာ ခလေး၏အော်သံကြောင့်...၊ သူ့အတွေး ပျက်သွားသည်။

“လာပြီ... မြေး ... လာပြီ ... ဒေါ်အေးအုံးရေချိုး နေတယ်ထင်တယ်... ဖွားလာပြီ... ညကသူ့အဖေက ချစ်စနိုးလုပ်ပြီး ထမ်းလျှောက်ခေါ်သွားတာ လေစိမ်းတွေတိုက်ပြီး ဖျားနေရောလေ..”

“သူ့အမေက ဘယ်သွားလဲ...”

“မသိပါဘူး ကိစ္စရှိလို့တဲ့ ... ဒီလိုပဲ ... ဒါကြောင့် ပြောတာပေါ့ ...”

အဖွား ပွစိပွစိပြောပြီး မြေးကိုချီလာစဉ်... မယ်အုံးက ရေချိုးပြီးစမို့ အင်္ကျီကို ကဗျာကယာဝတ်ပြီး မျက်နှာပင်ခြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သုတ်ရသေးဟန်မတူပေ... ခလေးကို မိခင်လက်ထဲမှ လာခေါ်လိုက်သည်။

"ချွေးတွေ ရွှဲနေတာပဲ... လာခလေး ကိုပူကျသွားပြီပဲ..."

ခလေးက အဒေါ်ရင်ခွင်ထဲ တိုးဝင်ကာငိုမဲ့မဲ့နှင့် ချွဲနေသည်ကို မယ်အုံက ချီသွားပြီး အိပ်ခန်းထဲဝင်သွားတော့သည်။

"သူပဲ ခလေးအမေလေ... ညကနေမကောင်းလည်း ဒေါ်လေးအုံပဲ... အပူကြီးတော့ ရေပတ်ထတိုက်ပေးရတယ်... မနက်ဖြန်ပဲ မယ်အုံ သွားရတော့မှာ..."

"အဲဒါ... ကျွန်တော့်ကားနဲ့ လိုက်မှာလား အန်တီ"

"နေအုံး... မယ်အုံကို မေးလိုက်အုံးမယ်... ဟဲ့သမီး မယ်အုံရေ... ကိုရှင်းက သူ့ကားနဲ့ပြန်လိုက်ခဲ့တဲ့"

မယ်အုံထံမှ အသံမကြားရပေ။ ထို့နောက် မိခင်က အခန်းထဲ ဝင်ပြီးမေးလိုက်သည်။

"တူမကို စိတ်မချလို့ မနက်ဖြန်မသွားသေးတဲ့... မဟုတ်သေးဘူး ဟိုမှာက အထိုင်မကျသေးဘူး ကြိုသွားရမှာပေါ့ကွယ်..."

"ရပါတယ် မေမေ... သမီးနဲ့လဲမယ့် ဆရာမလေးနေတဲ့ အိမ်မှာပဲ ဆက်နေရင်ရပါပြီ... အဆောင်မဟုတ်ဘူး လုံးချင်းအိမ်တဲ့ မေမေ... ဖေဖေ နဲ့ မေမေ လာနေလို့ရတော့ အဆင်ပြေတာပေါ့"

ခလေးကို အဝတ်လဲပြီး ချီထွက်လာသော မယ်အုံက ပြုံးပြုံးလေးလုပ်ကာ မျက်လွှာလေးချ၍ ပြောလိုက်သည်။





"သမီးရယ်... အိုးခွက်တွေလည်းပါမှာပဲ... မောင်ရှင်းနဲ့ ခရင်လိုက်သွားပြီး အထိုင်ချရအုံးမှာပေါ့... မေမေပါ လိုက်မလို့ပဲ ဟာ... အိမ်ဖော်မရသေးလို့... နဲနဲစောင့်နေရအုံးမယ်..."

"ရပါတယ်... အကိုရှင်း အဆင်မပြေသေးရင်"

"ငါက နှင့်ကိုစောင့်ခေါ်နေတာကွ... ဒီကနေ့ထဲက ပြန်ဘို့ပဲ"

"တုံးတိတိပြောချလိုက်သော စကားကြောင့် မယ်အုံမျက်နှာ ငယ်သွားသည်။

"မနက်ဖြန်... မနက်စောစောထွက်မယ် ခြောက်နာရီ ထွက်မယ်... မနက်စာ လမ်းမှာစားမယ်... အဆင်သင့် လုပ်ထား စရာတွေရှိတာ အားလုံးယူလို့ရတယ်... ကားကကျယ်တာပဲ အဲ ရွယ်အပွား... ဝမ်းမနာသားသမီး တူ၊ တူမ တွေကိုတော့ ထားခဲ့ ခဲ့ကွာ... အလုပ်လုပ်တာ ခလေးကျောပိုးပြီး လုပ်ရတဲ့ အိမ်အလုပ် မျိုးအလုပ်မဟုတ်ဖူးကွ..."

လူကြီးလေသံနှင့် ဆုံးမသလိုပြောပြီး ထွက်လာလိုက်သည်။

မိန်းနှစ်ဦးကတော့ ရယ်မောရ၍ ကျန်ရစ်ခဲ့ကြသည်။

ပေါ်တီခုံအောက်ရောက်သောအခါ မကြည့်တော့ဘူးဟု ဆုံးဖြတ်ထားသော်လည်း မျက်လုံးများက အလိုလို ရောက်သွားသည်။

ပိုင်ရှင်သစ်၏လက်ထဲ ရောက်သွားသော ချစ်သူအိမ်လေးမှာ ဝါးဝါးနှင့် ...

www.burmeseclassic.com



ရင်ထဲမှာ စူးအောင့်သွားဆဲ....

ဘယ်လိုမှ မေ့ပျောက်၍ မရနိုင်အောင်ပင်

"မင်းကသာမေ့လို့မရတယ် ဟိုမှာက ကလေးတစ်ယောက်
ရနေပြီတဲ့ကွ..."

ကိုသစ်၏ စကားသံကို ပွလောင်စွာကြားယောင်လျက်...
ခြေလှမ်းကျဲနှင့် သူ့အိမ်ဘက်သို့ လှမ်းလာလိုက်သည်။

ဒါကြောင့် ဒီပတ်ဝန်းကျင် မလာချင်တာ...

ဒီမြေလာရတာ အတိတ်အပူ မီးမြိုက်ထားတဲ့ ဒယ်အိုးပူထဲ
လှမ်းလာရသလိုပါလား။

———✲———✲———✲———



ရွှေဆံတော် ဘုရားလမ်းဘေးရှိ ကုန်းမို့မို့လေး၏ နံဘေးတွင်
ရှိနေသော မာလကာခြံဝင်းလေးမှာ တိတ်ဆိတ်ငြိမ်သက်လျက် မိန်းမသား
တစ်ဦးနေ၍ မသင့်တော်ပေ။

ရှင်းသန့် ခေါ်လာသောအိမ်မှာ မယ်အုံပစ္စည်းများကို ဝိုင်းချ
ပေးပြီး... မိခင်နှင့် မယ်အုံကိုထားခဲ့ကာ အပြင်ထွက်သွား၏။

နောက်... ဝါးကားတစ်စီးနှင့် အလုပ်သမားသုံးဦး ရောက်လာ
သည်။

"ဆရာမ မယ်အုံအတွက် ခြံကာဘို့ လွှတ်လိုက်တာပါ...
ကျွန်တော်တို့ မနက်ဖြန် ဖလုပ်စဝင်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က လွှတ်လိုက်တာလဲ... ကျုပ်လည်း မမှာထားပါဘူး..."

"မသိပါဘူး ကျွန်တော်တို့က အလုပ်သမားတွေပါ... ဒီကိုသွားဆိုလို့ လာရတာပါ ..."

"သား ထင်တယ်..."

အန်တီမာ့က မှန်ချက်ချလိုက်၏။

မယ်အုံ ဘာမှ မပြောလိုတော့ ပေါင်းဆယ်ရှစ်ဆယ်ကျယ်သော မာလကာခြံလေးမှာ အေးချမ်းလျက်ရှိပြီး ... ခြံစည်းရိုးကို ဝါးကပ်ကာထားသော်လည်း ခွေးမြေ့နေ၏။

ရေတွင်း တစ်တွင်းရှိထားသည်မို့ ရေသုံးရန် မပူရပေ သွပ်မိုးပြင်ထောင်အိမ်လေးမှာ နေချင်စဖွယ်ပင် ...

မယ်အုံ အစားဝင်မည့်ဆရာမအိမ်က သွပ်မိုးကြမ်းခင်းဖြစ်သော်လည်း ဝါးထရံကာထားပြီး... ခြံဝင်းမရှိ လူနေအိမ်များကြားထဲမို့ ... ရှင်းသန့်က ဘာမျှမပြောပဲ...

"ငါ... အိမ်တစ်လုံးတွေ့ထားတယ် ... မင်းနေတဲ့ကျောင်းနဲ့လည်း နီးတယ်.. လာ ... အဲဒီအိမ်မှာ သွားနေမယ်... တက်တက်... ကားပေါ်တက်..."

အမိန့်ပေးပြီး... သူခေါ်လာရာသို့ အန်တီမာနှင့် နှစ်ယောက်အတူလိုက်ခဲ့၏။





"ဟင်... သားနဲ့မျက်နှာချင်းဆိုင် အိမ်ပါလား၊ သိပ်ကောင်းတာပေါ့ ..."

"ပိုကောင်းတာပေါ့ ... အချိန်မရွေး မယ်အုံမျက်နှာကို ရှုမ်းကြည့်လို့ရတယ်..."

ရယ်ရွှင်စွာ ပြောလိုက်သောစကားကြောင့် မယ်အုံ၏ မျက်နှာလေး ငယ်သွားသည်။ ရှင်းသန့်ကရေတွင်းကို ငုံ့ကြည့်ပြီး ပြန်ထွက်သွား၏။ ဝါးများကို သွားမှာလိုက်ခြင်းကြောင့် ဝါးများရောက်လာသလို ရေသန့်ဗူး တစ်ဗူးလည်း ရောက်လာခဲ့သည်။

ရန်ကုန်အထွက်မှာ နံနက်စာစားခဲ့သော်လည်း ဝမ်းဟာ နေစဉ်ဆယ့်နှစ်နာရီ၌ ရှင်းသန့်ပြန်ရောက်လာပြီး... ထမင်းဟင်းများအပြင် ပလက်စတစ်စားပွဲခုံနှင့် ဆက်တီပုံ ပလပ်စတစ်ထိုင်ခုံ ငါးလုံးပါလာ၏။

"မေမေတို့ ထမင်းဆာရောပေါ့ စားကြ..."

"သားရော ..."

"ဆိုင်မှာ စားခဲ့ပြီးပြီ"

တိုတုတ်တုတ်ပြောပြီး အိမ်ရှေ့မှာ ထွက်ရပ်နေစဉ် ... ကားတစ်စီးရောက်လာခဲ့၏။

နှစ်ယောက်အိပ်ကုတင်တစ်လုံး တစ်ယောက်အိပ် ကုတင်တစ်လုံး ကြောင်အိမ်နှင့် မှန်ဘီဒိုတစ်လုံး... ပန်းကန်စင်...

"နှစ်ယောက်အိပ်ကုတင်က မယ်အုံအတွက် ကြမ်းမကြေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးနော်... အန်ကယ်နဲ့ အန်တီလာရင် အိပ်ရအောင်လို့ပါ... ကဲ မယ်အုံရေ... မင်းကို ဒီအိမ်လက်ဖွဲ့မယ်... ဒီရောက်တုံးမှာ စွံအောင်လို့ နဲနဲ ကြိုးစားလိုက်ပါအုံး..."

ပြုံး၍သာ နေနေသော မယ်အုံကိုကြည့်ကာ စလိုက်မိသည်။

"အင်း... ဟုတ်ထယ်... ဒီမှာလာပြီး လွတ်လွတ်လပ်လပ်နဲ့ အေးအေးချမ်းချမ်းသာနေ့ သမီး... ခလေးတွေနဲ့ လွတ်နေတော့ သနိုး စွံနိုင်တယ်...."

"အော်... တစ်ခုတော့ ရှိတယ်မယ်အုံရေ... ညည်းတစ်ကိုယ် တည်းလုံး မစွံရင်တော့ ငါဒီအိမ်ကို မပေးဘူးနော်... ညည်းလက်ထပ်မှ လက်ဖွဲ့မှာ..."

"အဲဒါဆိုရင်... မစဉ်းစားနဲ့တော့... ဒီအိမ်ကိုရမှာမဟုတ်တော့ဘူး"

ပြုံး၍ ပြောလိုက်သော မယ်အုံ၏ မျက်နှာကို အမိအရ လိုက်ကြည့်ရင်း

"ညည်းအပျိုကြီးလုပ်မှာလား"

"အင်းပေါ့..."

"ဒါဆို ဥမ္မာဒန္တီ မျိုးဆက်ပြတ်ပါပြီ... စိတ်မကောင်းစရာပဲ ဘာလဲ... ညည်းကိုချစ်မဲ့သူ မရှိသေးလို့လား... ညီမလေးက အရုပ် မဆိုးပါဘူး မလှတာတစ်ခုတည်းပါ..."





"ကဲ... သားရယ်... မယ်အုံကိုစနေတာပဲ... ဒီမှာကုတင် ဆင်ရအောင်... လောလောဆယ်မှာတော့ မေမေပဲ အိပ်ရမှာပေါ့ အိမ်လေးက အသစ်ကလေးပဲ..."

"ဟုတ်တယ် မေမေ... ဒီအိမ်လေးက ရာဇဝင် သိပ်ကောင်းတာပဲ ဒီခြံနောက်မှာနေတဲ့ ကောင်မလေးက လက်ထပ်တော့ ကောင်လေးမိဘက အိမ်လေးဆောက်ပြီး လက်ဖွဲ့တာလေ... မင်္ဂလာ ဧနီးမောင်နှံနေပြီး... တစ်နှစ်ကျော်ကျော်ကြာတော့ စီးပွားဖြစ်ပြီး သံလျှင်ပြောင်းသွားတော ဒီအိမ်ကို ပြစ်ထားတာကြာပြီ လေးလသောက် ရှိပြီ..."

"သားဝယ်တာကြာပြီလား..."

"ဟင်းအင်း... မနေ့ကမှ ဖုန်းနဲ့လှမ်းပြီး ဝယ်ခိုင်းလိုက်တာ ဒီည... ငွေလာယူလိမ့်မယ်..."

"အော်"

အန်တီမာ၏ မျက်လုံးအစုံမှာအံ့ဩရိပ် လွှမ်းသွားသည်။ ရှင်းသန့်က ကုတင်ဆင်ပေးပြီး... မီးချောင်း မီးလုံးများကိုပင် တစ်ခါတည်း သွယ်ပေးတပ်ဆင်ပေး၏။

"မယ်အုံ မင်း... ဒီအခန်းမှာပဲအိမ်... တံခါးကို ငါပြင်ပေး မယ်..."

"သား... ဒီဘက်အခန်းက အတွင်းကျတာပေါ့... အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခန်းက မျက်နှာစာမှာ ဖြစ်နေတယ်လေ. . ."

"ဒီအခန်းက လင်းတယ်မေမေရဲ့ တံခါးကလဲခိုင်တယ် ပတ်တာလေးတစ်ခုပဲ ထည့်လိုက်ရုံပဲ ကိုယ်အပြင်သွားရင် သော့ခတ်သွားလို့ရတယ် . . . ဟိုဘက်ခေါင်းရင်းက နှစ်ယောက်အိပ်ကုတင်ထား . . . အတွင်းက အခန်းကိုတော့ အဝတ်လဲ၊ သနုပ်ခါးလိမ်း အခြားပစ္စည်းတွေထားပေါ့ . . ."

သားအမိနှစ်ယောက် နေရာချနေသည်ကို မယ်အုံတစ်ခွန်းမျှ ဝင်မပြောပဲ ကြောင်အိမ်လေးမှာ သတင်းစာခင်းကာ ပန်းကန်ထည့်ရန် ပြင်နေသည်။

ရှင်းသန့် စီစဉ်သလိုပင် သူနာခံလျက်. . . ရှင်းသန့် နေနိုင်းသော မယ်အုံ၏ အခန်းလေးမှ တံခါးဖွင့်လိုက်လျှင် ရှင်းသန့်တစ်ကိုယ်တည်း နေသော တစ်ထပ်တိုက်လေးကို လှမ်းမြင်နေရ၏။ ကားလမ်းကျော်သွားသည်နှင့် ခြံဝင်းတံခါးကိုရောက်သွားသည်။

"မောင်နီ . . . ဒီပြူတင်းပေါက်ကို ကွယ်နေတဲ့ အခပင်ကို ခုတ်လိုက်စမ်း. . ."

"ဟာ. . . ဆရာ. . . ဒါ အုန်းပင်ကြီး မျိုးကောင်းတယ် ဆရာ ဘာလို့ခုတ်မှာလဲ. . ."

"စကားရှည်မနေနဲ့ ငါကခုတ်ဆိုခုတ် ရှင်းရှင်းလင်းလင်းမြင်ရတာပေါ့ . . ."





မယ်အုံ လှမ်းကြည့်တော့ ပြူတင်းပေါက်နားမှာ ကွယ်ထားသော အပင်ကိုခုတ်နိုင်းခြင်းဖြစ်သည်။ အလင်းရောင်ပိုရ[illegible]အောင် ခုတ်ခြင်းဖြစ်သောကြောင့် ဘာမျှ အမှတ်မထားမိ. . .

ညနေမှာ မောင်နီ လက်ရာကိုစားပြီး . . . အန်တီမာက ရှင်းသန့် အိမ်ဆီသို့ ကူးသွား၏။ မယ်အုံ တစ်ယောက်တည်း နောက်ဘက်မှ သစ်သားစည်ပိုင်းပြတ်ကလေးတွင် ရေသယ်ကြည့်နေစဉ်"

"ဆရာ. . . ဆရာ. . . ရှင်းသန့် . . ."

အိမ်ရှေ့မှ ခေါ်သံကြောင့် ကဗျာကယာ ပြေးထွက်လာစဉ် လူကြီးသုံးဦးကို တွေ့ရသည်။

"အော်. . . ဆရာမ. . . ဆရာရော. . ."

"ရှေ့အိမ်မှာပါ. . ."

"ဆရာနဲ့ အိမ်အရောင်းအဝယ် စာချုပ်ချုပ်မလို့ပါ. . ."

ကိုတင်ရေ. . လိုက်သွားလိုက်ပါဦး ဆရာ့ကိုအဲဒီလာရမလား ဒီမှာတင်ရမလားလို့ မေးပေးပါ ခင်ဗျာ. . ."

"အဲဒီပဲ သွားလိုက်ပါ. . . သူဝယ်တာပါ. . ."

လူကြီးများက မယ်အုံကို ခြေဆုံးခေါင်းဆုံး ကြည့်ကာပြုံးလျက်

"အရင်လက ဒီအိမ်ကို ဝယ်ထားပါလားဆိုတုန်းက မဝယ်ဘူး အခုမှဝယ်မယ်လုပ်တော့တို့က သူများကိုရောင်းထားပြီးပြီ စရံငွေယူထားပြီးပြီ. . ဒါကို ဆရာက နှစ်ဆလျော်ပြီး အတင်းဝယ်တာ လိုရာမနေဘူး



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကိုး ..."

မယ်အုံ အုံ့အားသင့်ကာ ကျန်ရစ်ခဲ့သည်။ သူမအား ရှင်းသန့်ဤမျှအထိ ဂရုစိုက်လိမ့်မည်မထင်ပေ။

သို့ရာတွင် နောက်နေ့ရောက်သာအခါ

"ငါက အိမ်မှာမရှိတာတ် မယ်အုံညည်းကို အားလုံးလိုအပ်တာတွေ ဖြည့်ပေးပြီးပြီ... ရေတွင်းကရေကို မငင်ရအောင် ရေစုတ်စက်တပ်ပေးမယ်... ပိုက်သွယ်ပေးမယ်... အဲ ... ညည်းဖာသာ ညည်းရပ်တည်တော့ မောင်နီ မိန်းမကနေ့ဘက်မှာ ညည်းလိုအပ်တာကို ကူညီပေးမယ် ညဘက်တော့ မောင်နီညီမ လာအိပ်ပေးမယ်တဲ့ ... မေမေရှိနေတုံးမလိုပေမယ့် မရှိရင် ခေါ်လို့ရတယ်။ မင်းဘေးကခြံက မောင်နီခြံပဲ.. လိုအပ်တာရှိရင် မောင်နီတို့လင်မယားကိုပြော အားလုံးလုပ်ပေးမယ်.. ကဲ ... ရပြီနော်... အော် ...ညည်းကို မယ်အုံလို့ ငါပဲခေါ်မှာပါ... ညည်းနံမည် သဲမြတွေး၊ ဆရာမသဲမြတွေးလို့ ငါပြောထားတယ် ကိုယ့်နံမည် ကိုယ်မေ့နေမှာ စိုးလို့ပါ ..."

လျှောင်ပြုံးပြုံး၍ ထွက်သွားသော သူ့နောက်ကျောကိုငေး၍ ကျန်ရစ်ခဲ့စဉ် မယ်အုံ၏ ရင်ထဲလွတ်ဟာသွား၏။

ကိုယ့်ကိုကိုယ် အထီးကျန်သလို ခံစားလိုက်ရသည်။

သူ့အိမ်ကိုခေါ်မလည်... ကိုယ့်အိမ်ကိုလည်း ကိစ္စပြီး၊ ခြေဦးပင်မလှည့်ဟု ပြောသွားသယောင်ယောင်ပင်...

"ဟဲ့ မယ်အုံရယ် ဒီလောက်လိုက်လျှောပြီး အစစလုပ်ပေးတာ





ကိုပဲ ကျေးဇူးတင်တော့ ညည်းကမတန်မရာ... ညည်းကို နေ့တိုင်းအောကြည့်ဖို့ မျှော်လင့်နေရအောင်... ညည်းရုပ်က အမောပြေမဲ့ရုပ်မှပောတ်တာကွယ်... နတ်သမီးလေးလိုလှတဲ့ မယထားလို မိန်းမတောယောက်နဲ့ ချစ်ခဲ့တဲ့လူတစ်ယောက်ဟာ . . . ညည်းလိုမျက်နှာကိုနေ့တိုင်းဘယ်ကြည့်ချင်မလဲဟဲ ..."

ကိုယ့်စိတ်ကို ဆုံးမပြီး... အိပ်ခန်းထဲ ဝင်လာပြီး ပြူတင်းပေါက်မှ တစ်ဆင့် သူ့၏နောက်ကျောကို ငေးကြည့်နေမိ။

သူက အိမ်ထဲဝင်သွားပြီးနောက်... ဘေးအခန်းထဲမှာ ပြန်ပေါ်လာပြီး... ပြူတင်းပေါက်ခန်းဆီးကို ကြိုးဆွဲ၍ ချလိုက်သည်။ သုံးပေါက်ဆွဲ ပြူတင်းပေါက်ကို ကြည့်ခြင်းဖြင့် ကျယ်ပြန့်သော သူ၏ အိပ်ခန်းဖြစ်ဟန်တူသည်။ အော်... မိမိပြူတင်းပေါက်ကိုလည်း ခန်းဆီးလေးဆုပ်ရအုံးမှာပဲ . . . လမ်းမဘက်နဲ့ နီးနေ၍ နဲနဲထူတဲ့ အသားနဲ့ဆိုတော်ပဲ..."

"မမရေ... မမအတွက် ဟိုဆရာက ခန်းဆီးပို့ခိုင်းလို့"

"ဟင်"

မောင်နီမိန်းမက စိမ်းနုနုအပွင့်ပါသော အသားပျော့ပျော့အားကိုကိုင်ကာ အိမ်ထဲဝင်လာလေသည်။ မယ်အုံအံ့အားသင့်၍သွားတော့။

"ကိုရှင်းရယ် ကျမကိုဂရုစိုက်တာ လုံလောက်ပါပြီ... ကျေးဇူးတင်ပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"သား အိမ်ဘေးက ဆရာဝန်ကြီးသမီးဆိုရင် သိပ်ချောတာ အန်တီမာလည်း သားကို အိမ်ထောင်ပြုစေချင်ပြီလေ... မြေးချီချင်ပြ သားက အဲဒီကောင်မလေးကို ကြောက်နေတယ်... ဟို ထားရှေ လောက် မလှပေမဲ့ သိမ်သိမ်မွေ့မွေ့လေးပါပဲ... သူ့အမတစ်ယော ကလည်း သူ့အိမ်ထောင်နဲ့သူပဲလေ... ခလေးသုံးယောက်နဲ့ အိမ်ထော ထိန်းတော်တယ်... သူလည်း အချက်အပြုတ်ကျွမ်းတယ်လို့ ပြောတ ပဲ..."

အန်တီမာနှင့်အတူ အိမ်ရှေ့ခံတန်းလေးမှာ ထိုင်ရင်း... ညနေဘက်မှာ စကားပြောနေသည်။





"အဲဒီအမျိုးသမီးက လာလုပ်လဲ အန်တီမာ"

"ဆရာဝန်ပဲလေ... ရန်ကုန်ဆေးရုံကြီးမှာ လုပ်တယ်... ဒီမှာ သူ့အဖေက ဆေးခန်းဖွင့်ထားတယ်... ပိတ်ရက်မှာ လာကယ် ရန်ကုန်က အမေအိမ်မှာနေတယ်... မနက်ဖန်ကျရင် လာလိမ့်မယ် အဲ့ဒီအခါမှာ သမီးနဲ့ မိတ်ဆက်ပေးမယ်... သမီးက ဒ၊ါးအကို အကြောင်း နဲ့နဲ့ပြောပြထားပေါ့ကွယ်"

"ဟုတ်ကဲ့"

ကိုနှစ်ပြောသကဲ့သို့ လှပသောချစ်သူ အသစ်တစ်ယေ ်က်ကို ရလျှင် အဟောင်းကို မေ့ပျောက်နိုင်မည်ဖြစ်သည်မို့ ကိုရှင်းကို ချစ်သူ အသိရစေချင်သည်။ ပျော်ရွှင်စေချင်သည်။ အန်တီမာမျှော်လင့်နေသော မြေးများကိုရစေချင်သည်။

"အန်တီမာ မြေးရရင် ခလေးတွေက သိပ်ချောမှာပဲနော်... ထိုသစ်နဲ့ ကိုနှစ်ကလည်း မိန်းမချောချောယူထားကြတော့ ခလေးတွေက ချောကြတယ်... ကိုရှင်းလည်း မိန်းမချောချောနဲ့ ရမှာပါပဲ..."

"အင်း... အဲဒီဆရာဝန်မလေးနဲ့သာဆိုရင် သိပ်ဟန်ကျမှာ ဆိပဲ... ညာဏ်ရည်ထက်တဲ့ ခလေးတွေ မွေးလာမှာပေါ့"

"အုံ့ ဒီမှာရှိနေသေးရင် ထိန်းပေးအုံးမှာ.. ဆရာ..."

မယ်အုံ့၏ တက်ကြွစွာပြောလိုက်သော စကားကို အန်တီမာက သဘောကျစွာရိုမောရင်း ခေါင်းကိုချစ်စနိုး နှိပ်လျှက်..."



www.burmeseclassic.com

www.burmeseclassic.com



"အာယားမ အလုပ်ကို မစွန့်လွှတ်နိုင်သေးဘူးလားကွယ်"

"ဟိ . . . ကလေးတွေနဲ့ အနေကြာပြီး ခလေးမရှိတော့ အိပ်ရတာတောင် ဟာတာတာကြီး..."

"ကိုယ့်ဖာသာကိုယ်ယူလိုက်ရင် အပိုင်ရတာပေါ့ သမီးရယ်"

"ဟင့်အင်း... အံ့ကြောက်ပါတယ်.. အန်တီမာရယ်... ခလေးတွေနဲ့ပဲ နေပါရစေ..."

အန်တီမာက မယ်အံ့ကို စေ့စေ့ကြည့်လိုက်သည်။

ဆည်းဆာချိန်၌ အပြုံးလေးဖြင့် ဝင်းလက်နေသော မယ်မှာ တင်စားလောက်သည့်အလှ ဘာမျှမရှိပေ။ သို့ရာတွင် တမင်ဟန်လုပ်၍ ပြုံးနေခြင်းမျိုးမဟုတ်ပဲ... ပါးလေးမို့ကာ နှုတ်ခမ်းလေးက အစဉ်ပြုံး ယောင်သန်းနေသလိုပင်...

"မယ်အံ့. .. ညည်းကျောင်းတုံးက စာပေးတဲ့သူ... မရှိဘူးလား..."

"ဟာ... အန်တီမာကလည်း ကြံကြံဖန်ဖန်... မယ်အံ့ကို ဘယ်သူက စိတ်ဝင်စားမှာလဲ... ကိုနှစ်ဆက်ထပ်တော့ မယ်အံ့က ဆယ်တန်း စားမေးပွဲလည်းပြီးရော ကိုနှစ်မိန်းမ ကလေးမွေးပြီး နေမကောင်းနေတာနဲ့ မယ်အံ့က ကလေးအမေ ဖြစ်သွားရတာပေါ့ ... အဲဒီထဲက အဝးသင်ယူလိုက်ရတာ . . . ဘယ်ယောက်ျားလေးနဲ့မှကို သူငယ်ချင်းတောင် မဖြစ်လိုက်ပါဘူး"





နှစ်ဦးသားရီမောလိုက်ကြသည်။ မယ်အံ့က ကျစ်ဆံမြီးလေး ချစ်ပြီး ရှေ့ချထားသည့်ဆံပင်ကို အန်တီမာက အမြတ်တနိုးကိုင်ရင်း

"မိဘတွေဆီမှာ လာမတောင်းကြဘူးလား . . . ကိုနှစ်တို့ ကိုသစ်တို့ ဒီလောက်အလုပ်ကောင်းနေတာ တပည့်တပန်းတွေကရော မလာဘူးလား..."

"ဟင်းဟင်း . . . လာတာပေါ့ အန်တီမာရယ် မယ်အံ့က အပြုံလေးထိန်းနေရတာ... သေးနံ့ဟောင်နေတဲ့ မယ်အံ့ကို ဘယ်သူက အရေးလုပ်မှာလဲ ပြီးတော့ ဘယ်လောက်ပဲ အနေဆင်းရဲဆင်းရဲ.. နှမ်လုရင်... အလှအပခံစားတတ်တဲ့ ယောက်ျားတွေက မြင်မှာပေါ့ မယ်အံ့မှ မလှတာ ဘယ်သူမှ ဂရုမစိုက်မိဘူး ထင်ပါရဲ့ ..."

ရယ်သွမ်း၍ ပြောနေသော မယ်အံ့၏မျက်လုံးလေးပိတ်ကာ မျဉ်းပြင်လေးနှစ်ဖက် မို့တက်လာသည့်အထိ သဘောကျနေသည်။

အန်တီမာက ဂရုဏာမျက်လုံးနှင့် ကြည့်ရင်းက...

"မယ်အံ့မှာလဲ... ကြိုက်တဲ့လူရှိလား..."

"ကြံကြံဖန်ဖန်အန်တီမာရယ်... မယ်အံ့ကလည်း ဘယ်သူမှ ကြိုက်ခဲ့ဘူးသလို မယ်အံ့ကိုလဲ ဘယ်သူမှ မကြိုက်ပါဘူး... ရင်ထဲမှာ လုံးသား ပါမလာလို့ထင်တယ်နော်..."

"အေး... ဟေး... ဟေး ... ဟော သားပြန်လာပြီ အော် ဒီခလေးနှယ် အမေကသွားတွေ့နေရတယ် ဒီကိုလာပါဦး တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မလာဘူး… ကဲ… လာ… သမီးသွားစို့''

ကိုရှင်းကားခြံထဲဝင်သွားတာကို တွေ့ရ၍အန်တီမာ လှမ်းမျှော်ကာ ပြောလိုက်သည်။

''ဟင့်အင်း… သမီး.. သင်နည်းမှတ်ချက်တွေ ရေးရအုံး မယ်… အန်တီမာသွားပါ…''

''နေပစေ… တစ်ခါတလေ မသွားဘူး… အန်တီမာ မသွားရင် သူလာလိမ့်မယ်…''

''သွားလိုက်ပါအန်တီမာ… ကိုရှင်းက ပင်ပန်းလာမှာပေါ့''

''နေပါစေ… သူ့အထီးကျန် ဆန်ဆန်နေရာတာ ကြာမှလက်ထပ်ချင်စိတ်ဖြစ်မှာ… ဒါကြောင့် အန်တီမာက… ကိုနှစ် တို့ ကိုသစ်တို့ မိသားစုကို ကြည့်ပြီးအားကျအောင်လို့ ခေါ်ပြတာ… သမီးစအစ်ကိုတွေ မိန်းမတွေကလည်း ထားရှွေစင်လိုပါပဲလား…''

''အပျိုတုံးကတော့ အလုပ်လုပ်ကြတယ်လို့ သူတို့မိဘတွေက ပြောပါတယ်…''

''ဒါပေမဲ့ မလုပ်တာကြာရင် မလုပ်ချင်တော့ဘူးသိလား… ဒါကို ကိုရှင်းက မကြိုက်ဘူးလေ… အင်း… ဖူးစာပါရင်တော့ ဖြစ်သွားမှာပါပဲလေ.. အခု သားအသက် သုံးဆယ်နား နီးနေပြီပဲ''

အန်တီမာက စိုးရိမ်ပူပန်စွာ ပြောလိုက်သည်။ အမှန်တကယ်ပင် ရှင်းသန့်က လုံးဝကူးမလာတော့ပေ။





မယ်အုံပြောင်းလာသည့် နှစ်ရက်လုံးလုံး လိုအမ်တာကို အားလုံး ဖြည့်ပေးပြီး လုံးဝပျောက်ကွယ်သွားလေပြီ… ကိုရှင်း ဘယ်အချိန် ရောက်သလဲဆိုတာကိုပင် မသိခဲ့ … တရေးနိုး လိုက်ကာလေး ဟကာ နိုးကြည့်လို့ မီးရောင်မြင်မှ ကိုရှင်းညဘက် ပြန်အိပ်သည်ကို သိရသည်။ မနက်စောစောလဲ ကိုရှင်းရှိနေလျှင် ပြူ တင်းပေါက် တံခါးဖွင့်ထားပြီး မရှိလျှင်ပိတ်ထား၏။

မယ်အုံကလဲ ကျောင်းမှပြန်လာသည်နှင့် တံခါးကို အရင်ဖွင့်ကာ ရှက်လုံးများက ကိုရှင်း၏ပြူတင်းပေါက် တံခါးထဲအလိုလို ရောက်သွား တတ်၏။

ပြူတင်းတံခါးလေးဖွင့်ပြီးမှ မီးဖွင့်လိုက်သောအခါ ရင်ထဲမှာ သိမ့်ကနဲဖြစ်သွား၏။

မနေ့ကမှ လာပို့ထားသော စာရေးစားပွဲနှင့် ကုလားထိုင်လေးမှာ အသာအယာဝင်ထိုင်လိုက်ရင်းက… သက်ပြင်းမောလေး တိုးတိုးချ ဆိုက်မိသည်။

''စာရေးခုံမှာထိုင်ပြီး မယ်အုံက ဘာတွေရေးရမှာလည်း။ ကိုရှင်းရယ်… စာရေးဘို့အတွက် ချစ်သူ သူငယ်ချင်းလည်း မရှိဘူး ခံစားချက်ရေးစရာလည်း ဘာမှ မရှိဘူး… သင်နည်းမှတ်ချက်က အထလေးပဲ ရေးရင်ရပါတယ်… ဒါပေမဲ့ ဒီစာကြည့်စားပွဲလေးက ကိုရှင်းရဲ့ အိခန်းဘက်ကို လှည့်နေတော့ လိုက်ကာလေးနဲ့ကာထားပြီး



www.burmeseclassic.com

www.burmeseclassic.com



နိုးကြည့်လိုရတာပေါ့နော်"

ရင်ထဲမှာ တီးတိုးရေရွတ်လိုက်ရင်းက အမှတ်မထင်ကိုရှင်းတို့ အိမ်က တိုက်ကြီးဆီကို လှမ်းမော်ကြည့်မိသည်။

"ပင်တိုင်စံ ထိပ်ထားလေးတစ်ဦးနဲ့ တွေ့ရတော့မှာပဲလား ကိုရှင်းရယ့်.. ဇာတ်လမ်းလေးတွေ ဖြစ်ကြအုံးမှာပဲ... ဒီဇာတ်လမ်း မှာတော့ မယ်အုံဘယ်နေရာမှ မဝါဝင်တော့ဘူးနော် ကိုရှင်းတို့ ဆယ်ကျော်သက် ဘဝတုံးကလို အောင်သွယ်မလိုတော့ပါဘူး... ကိုရှင်း ခေါင်းညိတ်လိုက်တာနဲ့ အနားရောက်လာမဲ့ သတို့သမီးလောင်းတွေ အများကြီးပဲ မဟုတ်ဖူးလား..."

ရင်ထဲမှာ တိုးဖွဖွလေးရေရွတ်ရင်းက မီးအုပ်ဆောင်းနှင့် စာအုပ်ကလေးများကို ကြည့်ရင်းက အသက်နှစ်ဆယ်ပြည့်စဉ် ကိုနှစ်လက်ဆောင်ပေးထားသော ဒိုင်ယာရီ စာအုပ်ကလေးကို ကြည့်မိ သည်။

မွေးနေ့လက်ဆောင်များထဲတွင် ဒိုင်ယာရီစာအုပ်ရသည်မှာ ဒီတစ်ခါထဲပင်ဖြစ်သည်။ သော့လေးနှင့်ဖွင့်ရသော စာအုပ်ပင်...

"မယ်အုံလေး... တစ်ခါတလေ မှတ်ကျောက်တင်လောက်တဲ့ ခံစားချက်ကလေးရှိရင်... ရေးထားပါ... နှလုံးသားအတွက် ဖွင့်ဟ ဝန်ခံချက်လေးပေါ့ ..."

ကိုနှစ်ရေးထားသော စာသားလေးတစ်ကြောင်းနှင့် ဒုတိယ





တမျက်နှာတွင်...

"မွေးနေ့ထဲမှာ ၁၆–နှစ်ပြည့်တဲ့ မွေးနေ့မှာ ဘဝတစ်သက်တာ အတွက် ခံစားရဆုံးသော နေ့တစ်နေ့ပါပဲ... လေလှိုင်းကနေ ကြားရ တာတောင် ရင်မှာကွဲကြေခဲ့ရပါတယ်"

ဖွဲ့နွဲ့မှုမပါပဲ ရိုးရိုးလေးရေးထားသော စာတစ်ကြောင်းပင် ဖြစ်သည်။

ဘာဆက်ရေးရမလဲ။

အော်... ဒီတွဲတေးကို ရောက်တဲ့နေ့ ...

ကိုရှင်းက ဒီအိမ်ကို လက်ထပ်မယ်လို့ လှောင်ပြောင်တဲ့ စကားကို ရင်နာရတဲ့အကြောင်း...

တကယ်ဆို ဘာလို့ ရင်နာစရာကောင်းနေလဲ... ဟုတ်မှန် တာကို ပြောတာပဲ ရင်နာစရာမှ မလိုတာပဲလေ...

တကယ်ပါပဲ ... သစ်ခြောက်ပင်အောက်မှ ပန်းကောက် နိုင်းခဲ့ပါလား...

ကျောက်ခဲကို ဆီညှစ်နိုင်းနေတာလား...

"ဆရာမ ... ဆရာမ..."

"ဟင်"

မောင်နီ၏ ခေါ်သံကြောင့် အိမ်ရှေ့သို့ ကပျာကယာပြေးထွက် လာခဲ့သည်။

www.burmeseclassic.com



မောင်နီက တီဗွီပုံးကြီးထမ်း၍ အိမ်ရှေ့လှေကားမှာ ရပ်နေသည်။

"ဟော... ဘာလဲမောင်နီ ..."

"ရန်ကုန်က ပို့နိုင်းလိုက်တာတဲ့ ဆရာမကြည့်ရအောင်တဲ့"

ကိုရီးယားဇာတ်လမ်းတွဲများကို မပျက်မကွက် ကြည့်တတ်သော သူမအတွက် အစ်ကိုတစ်ဦးဦးက ပို့နိုင်းတာပဲဟု တွေးကာဝမ်းသာသွား၏။

အန်တီမှာ ဘုရားရှိခိုးနေသဖြင့် သူမှာသာသူတပ်ရန် ပြင်လိုက်သည်။

"ဟင်း... အသစ်ကြီးပဲ... "

မယ်အုံစိတ်အထင်က ကိုသစ်တို့ အိပ်ခန်းထဲမှာ ကြည့်နေတဲ့ တီဗွီကို ပို့လိုက်တာဟု ထင်သော်လည်း အခုတော့ ပုံးအသစ်ကို ဖောက်ပြီး သုံးနှစ်အာမခံကတ်ပြားနှင့် ဒီနေ့မှဝယ်လာတဲ့ ပြေစာစာရွက်နှင့် အင်တာနာပါပါသည်။ ပြီးတော့ ဆိုနီတံဆိပ်နှင့် ...

မောင်နီက နာရီကိုလှမ်းကြည့်ကာ ချက်ချင်းဆင်ပေးလိုက်သည်။

'ခုမှ ခုနှစ်နာရီဆယ့်ငါးမိနစ်ပဲရှိသေးတယ် ... ဆရာမက ကိုရီးယားဇာတ်လမ်းတွဲ ကြိုက်တယ်တဲ့ ... ဒါပဲကြည့်တာတဲ့ ..."

"မင်းကို ဘယ်သူပြောလဲ"

"ဆရာက..."





ရင်ထဲလှိုက်ဖိုသွားပြီးမှ ရှက်စနိုးဖြစ်သွားမိသည်။

"မတန်မရာ စိတ်ကူးယဉ်မနေနဲ့ မယ်အုံ ညည်းကို ရုပ်မရှိတဲ့ လူအတွက်ကို့ ဘယ်သူမှ အရေးမလုပ်ဘူး ညည်းအစ်ကိုတွေ မျက်နှာနဲ့ အရိပ်လာခိုလို့ သနားတာပါပဲ... ဒါမှမဟုတ် သူ့အိမ်မှာ တီဗွီလာကြည့်မှာ စိုးလို့လား... မကြည့်ပါဘူး ကိုရှင်းရယ်... ကျွန်မမျက်နှာက ထစ်မိနစ်ကြည့်ရတာတောင် အမောမပြေမယ့်ရုပ်ပါ..."

မည်သို့ပင်ဖြစ်စေ မယ်အုံအဖို့ အလုပ်နည်းသွား၍ တူ၊ တူမများ မထိန်းရ၍ အားလပ်သော အချိန်များမှာ တီဗွီလေးကြည့်ကာ အပျင်းပြေနိုင်သောကြောင့် ပျော်ရွှင်ဝမ်းသာသွားမိသည်။

"ကိုနှစ်လား ကိုသစ်လား နောက်မှမေးရမယ်..."



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၂

တစ်သက်နှင့် တစ်ကိုယ် ကိုယ့်ကိုကိုယ် လှတယ်လို့ မထင်မိသလို သူများဆီကလည်း ချီးကျူးသံမကြားခဲ့ရပါဘူး... သို့ရာတွင် 'လှတယ်' ဟု ချီးကျူးခံရပြီးနောက်တွင်... အချစ်ကပ်ပါလာလိမ့်မည်ဟု ဘယ်တုံးကမျှ မမျှော်လင့်ခဲ့ပေ။

မိမိအချစ်သည် အအိပ်ကြီးစွာဖြင့် မေ့မေ့မျောမျော အိပ်ပျော်နေရမှ.. အလှဆိုတာက အသံပေးပြီး နှိုးလိုက်သောအခါ...

အချစ်နိုးလန့်သွားခဲ့ပြီး
မွေးကာစ ကလေးငယ်တစ်ဦး
ကဲ့သို့ အလန့်တကြားနှင့် ယုံကြည်စွာ
ထိပ်လန့်တုန်လှုပ်လျက် ..............





မိုးဦးကာလမှာ ခြံထဲမှာ စံပယ်ပန်းရုံလေးများ စိုက်ပျိုးသလို ရွက်လှပင်လေးများကိုလည်း... မောင်နီ သယ်လာသမျှ စိုက်ထားလိုက်၏။

ဘယ်ကရတယ် ဘယ်လိုရသလဲမမေးတော့... ပန်းပင်စိုက်ချင်တယ်ဆို၍ မောင်နီရှာဖွေလာသည်။

"သုံးလေးလလောက်နေအုံး အိမ်ကိုပြန်မလာနဲ့သမီး ... သမီးပြန်လာရင် ခလေးတွေက သိပ်စည်းပျက်တာ သူတို့မှာသာနေသားကျပစေ..."

အန့်တီမာက နှစ်ပတ်သာနေပေးပြီး ပွဲရုံကိစ္စရှိနေ၍ ပြန်သွားသောအခါ မိခင်ကသုံးရက်ခန့် လာနေသွားသည်။ မိခင်ပြန်သွားသောအခါ မောင်နီ၏ ညီမလေးကို အဖော်ခေါ်ထားလိုက်သည်။ ဆယ်နှစ်နှစ်အရွယ် ကလေးပီပီ စကားတတွတ်တွတ်ပြောပြီး မယ်အုံကို ခင်မင်နေသဖြင့် တွမအစားရကာ ကလစ်ကလေး ဖဲပြားလေးဝယ်ပြီး စည်းရုံးထား၏။

ဒီအိမ်မှာ ရောက်နေသည်မှာ ရက်နှစ်ဆယ်ကျော်ရှိပြီဖြစ်သော်လည်း ကိုရှင်းကိုမူ လုံးဝမတွေ့ရပေ။ ကားအဝင်အထွက်သာ လှမ်းတွေ့ရသည်။

မယ်အုံက နံနက်ခုနစ်နာရီမထိုးခင် မိုင်ဝက်ကျော်ကျော်ဝေးသော ကျောင်းသို့လမ်းလျှောက်သွားပြီး အပြန်၌ ဆရာမအဖော်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် စကားတပြောပြောလမ်းလျှောက်လာခဲ့သည်။

တိတ်ဆိတ်သော ဖတ်ဝန်းကျင်လေးကို မယ်ဒုံကသဘောကျ နှစ်သက်မိသည်။ တစ်ခါတရံ သူငယ်ချင်း ဆရာမအိမ်ဆီကို လိုက်လည်၍ သစ်ပင်မျိုးလေးများတောင်းကာ စိုက်ပျိုးတတ်သည်။

"မောင်နီ... မင်းတို့ဆရာအိမ်မှာ ဘာပန်းတွေရှိလဲ..."

"ဆရာကတော့ ရှင်းရှင်းပဲ ဘာပန်းမှမစိုက်နဲ့တဲ့... ရွက်လှပဲစိုက်ခိုင်းတယ်... ဆရာ့အခန်းနားမှာ ခရေပင်ရှိတယ်... ပန်းဆိုလို့ ခရေပန်းပဲရှိတယ်..."

"အေးရော..."

ကိုရှင်း၏နာကျည်းတဲ့ စိတ်ကတော့လှပသော မိန်းခလေးများ အပေါ်မှာသာမက... လှပမွှေးပျံ့သော ပန်းကလေးများအပေါ်မှာတောင် နာကျည်းနေရော့လား။

"ဆရာမ မနက်ကျရင် ခရေပန်းပန်မလား... တအားကြွေတာပဲ ကောက်လို့မနိုင်ဘူး မနက်ကျရင် ကျွန်တော်ဖြစ်ဖြစ် ကျွန်တော့မိန်းမဖြစ်ဖြစ် ကောက်ထားလိုက်မယ်... သီခိုင်းလိုက် ခမျ ..."

"အေး ကောင်းသားပဲ... ဒီပြင်ပန်းဆိုရင် ကျမမပန်ရဲဘူး ခရေကျတော့ ကြွားကြွားဝင့်ဝင့် မရှိလို့ပန်ချင်တယ်..."

"လက်တစ်စုပ်စာဆိုရင် ရပြီပဲ... ဘုရားပန်းတစ်ကုံးတင် ကျွန်မတစ်ကုံးပန်ပေါ့ ... အနံ့လေးက မွှေးပြီးအေးနေလို့ ကျွန်မ ကြိုက်တယ်"





"စိတ်ချ ... ကောက်ထားပြီး... ရေခွက်ထဲမှာထည့်ထား လိုက်မယ်... ညီမရေ့... ငါကိုစျေးသွားတဲ့အခါ... အော်ခေါ်မနေနဲ့ အဲဒီအုတ်ခုံလက်တင်လေးပေါ်မှာ ကောက်ပြီးတင်ထားမယ် နင်အချိန် ရရင်လည်း လာကောက်ပေါ့ဟာ..."

"ဆရာခွင့်ပြုရင် ညီမရောင်းစားလို့တောင်ရမှာနော်..."

"အေး နင်ရောင်းချင်ရင် ခြောက်နာရီလောက်လာကောက် ပြီးရင် စျေးထဲပို့ပေးမယ်... "

သူ့အိမ်ကို ဘယ်သူမှ အဝင်အထွက်မခံပဲ မောင်နီတစ်ယောက် သာ အသွားအလာရှိသဖြင့် အညှိုကမဝင့်မရဲဖြစ်နေ၏။

ကိုရှင်းတို့တဲ့တေးမှာ အလုပ်လာလုပ်နေသည်မှာ နှစ်နှစ် ကျော်ကျော် ရှိနေပြီဖြစ်သည်။

ဘယ်လိုအဆက်အသွယ်နှင့် ငါးကန်မှာလာ၍ ဦးစီးနေသည် မသိပေ။ တစ်ခါတစ်ရံ မိခင်အတွက် အညာကိုသွား၍ ပဲဝယ်ပေးသလို အုတ်သဲကျောက်လုပ်ငန်းကိုလည်း ဝင်၍လုပ်ကိုင်နေသည်။ မန္တလေး မှာလည်း ဆောက်လုပ်ရေးလုပ်ငန်းရှိနေ၏။

"သူတို့ သူငယ်ချင်းတွေနဲ့ စပ်တူအလုပ်လုပ်နေတာ တစ်နှစ် နှစ်နှစ်နဲ့ အဆင်ပြေသွားပြီး... ရုံးအလုပ်ကသုံးနှစ်ပြည့်တော့ ထွက် လိုက်တယ်... အခုမှ... ထားရွှေစင်နဲ့ ပြန်တွေ့ရင် ရှင်းတို့ပြင်းမှာ မဟုတ်ဘူး အန်တီမာ မှားသွားတယ်... ကိုရှင်းဟာ ထားရွှေစင်ကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ချစ်နေရင် ဖေးဖေးမမနဲ့ သူတို့နှစ်ဦးကို လက်ထပ်ရအောင် ညှိနှိုင်းပေးပါတယ်... အခုတော့ ကိုရှင်း သိပ်ခံစားနေရတယ်... တစ်သက်လုံးများ လူပျိုကြီးလုပ်နေမလားမသိဘူး..."

အန်တီမာ၏ ကြေကြေကွဲကွဲနှင့် နောင်တရစကားများသည် ကိုရှင်းအတွက် အသုံးမဝင်တော့ပြီ... အန်တီမာ၏ နှောင်းနောင်တနှင့် မာန်တရားများလည်း မြင့်မားမောက်၍ မနေနိုင်တော့ပေ။

"သမီးရယ်... အဲဒီ ဆရာဝန်မလေးနဲ့သာ သမီးရဲ့ အကိုရှင်းနဲ့လပ်ထပ်နိုင်ရင် အန်တီသေပျော်ပါပြီကွယ်... အန်တီ့ဘဝမှာ သားတွေ သမီးတွေ မြေးတွေနဲ့ အမေတဆို့လို ပျော်ပျော်ပါးပါး ရွှပ်ရွှပ်ထွေးထွေး လေး နေနေရရင် ကျေနပ်ပါပြီကွယ်..."

အမေတစ်ခု သားတစ်ခုမို့ မြေးများနှင့်ပျော်ရွှင်ချင်သော အန်တီမာ၏ စကားကိုကြားယောင်ကာ

"ဗိုးနီ... ဟိုဆရာဝန်ကြီးရဲ့သမီးဆိုတာ အိမ်မှာရောက်နေလားဟင်... စနေ၊ တနင်္ဂနွေဆိုရင် ပြန်လာတတ်တယ် ပြောတယ်"

"ဟုတ်တယ် ရှိပါတယ်... မနေ့ကတောင် ကျွန်တော့်ကို လှမ်းနှုတ်ဆက်လိုက်သေးတယ်..."

"သိပ်လှသလားဟင်..."

"လှလည်းလှတယ် သဘောလည်းကောင်းတယ်..."

ဘာကြောင့်ရယ်မသိ ရင်ထဲမှာ စူးအောင့်သွားသလိုပင်





မေထားရွှေစင် တုံးကလည်း သိပ်သဘောကောင်းပြီး လှပချောမော တာပဲလေ... ဆုတောင်းကောင်းခဲ့တဲ့ ပါရမီထူးသူတွေပါပဲလား။

"ဒေါက်တာ သီရိမွန်တဲ့ ဆရာမ... ကျွန်တော်တို့ဆိုရင် ဆန်ပြုတ်ရစိုက်တယ်... အားဆေးတွေလည်းပေးတယ်..."

"မင်းရဲ့ ဆရာနဲ့ မခင်ဘူးလား..."

"စကားကတော့ ပြောပါတယ်... ဆရာ့အမေ မေမေကြီး သာတုံးက သွေးပေါင်တိုင်းတာ... မေမေကြီးမူးလို့ ဆိုလားပဲ... မေမေကြီးနဲ့တော့ခင်တယ်..."

"အော်...."

အန်တီမာက အတင်းအောင်သွယ်နေသော်လည်း အကိုရှင်းက နှစ်သက်နိုင်တာလား... မိန်းမလှလေးများကို ကြောက်ရွံ့နေတာ ပဲလား..."

"မေမေကြီးက ဆရာဝန်နဲ့ နီးစပ်စေချင်တာ ..."

"အင်း... ပြောတယ်... ဒို့တွေကြည့်မလားလို့ ..."

"ဘာလည်း ဆရာမ နေမကောင်းဘူးလား"

"ကောင်းပါတယ် အကိုရှင်း အတွက်"

စကားပြတ်သွားပြီး တိမ်ဝင်သွားသလိုပင်... ဘာလို့များ စကားကို တတ်ကြွစွာမပြောနိုင်ရတာလဲ...

"လာလေ ကျွန်တော်နဲ့သွားမယ်..."



www.burmeseclassic.com

www.burmeseclassic.com



"နေ... နေပါအုံး ဒို့တစ်ခုခုလုပ်ပြီး လက်ဆောင်လေးနဲ့မှ သွားမိတ်ဆက်တာ မကောင်းဘူးလား..."

"ကောင်းတာပေါ့ ဆရာမ ဘာလုပ်ချင်လဲ..."

"ခြံထဲမှာ ရွက်ယိုရွက်တွေ တွေ့တယ်... ခူးပြီးပေါင်းထုတ် ထုတ်မလားလို့ ... မနက်က ကတ်သပေါင်းသားတွေ တွေ့လို့ ဝယ်လာတယ်... အညိုကိုခေါ်လိုက်ပါအုံး ... ဒို့ ... အရွက်တွေ ခူးထားမယ်..."

"ဟုတ်ကဲ့"

ကျွမ်းကျင်ရာ မီးဖိုချောင်ပစ္စည်းများဖြင့် မိန်းခလေးတစ်ဦးနှင့် ရင်းနှီးအောင် ချဉ်းကပ်ရပေဦးမည်။

ဆန်မှုန့်လေးနှင့် ငါးအသားများကို ကြက်သွန်အဖြူ ဂျင်းတို့ ထောင်းထားတာနှင့် နယ်ပြီးနှပ်ထားကာ ကြက်သွန်နီကို အတုံးသေးလေး များ လှီး၍ရွှဲ့ယိုရွက်နှင့်ထုပ်ကာ ပေါင်းအိုးထဲ ထည့်ပေါင်းလိုက်သည်။

မနက်က ဈေးသွားစဉ် ငါးပေါင်းထုပ်ကို ကြိုက်တတ်သော ကိုရှင်းအတွက် သတိရပြီး... ဝယ်လာခြင်းပင်ဖြစ်သည်။

အညိုလေးက ကြက်သွန်ခွာ ကြက်သွန်လှီးနှင့် မယ်အုံနားမှာ နေရတာ ပျော်ရွှင်နေသည်။ သို့ရာတွင် မယ်အုံ၏ရင်ထဲမှာ ပျော်ရွှင်မှု မရှိပဲ ရင်ထဲမှာ နင့်ကျင်နေသည်မှာ အဘယ်ကြောင့်နည်း။

ငါးပေါင်းထားစဉ် ရေချိုးအဝတ်လျော် ပြီးမှ သနပ်ခါးရေကြဲ





လေးလိမ်းကာ မှန်သေးသေးလေးထဲမှာ ပေါ်လာသော မိမိ၏ရုပ်ရေကို ကြည့်၍ အားငယ်သွားသည်။

မျက်လုံးက ဘာလို့မှေးနေရတာလဲ... ကိုနှစ်တို့ပြောသလို ကာတွန်းတင်မောင်နီရေးတဲ့ တာတီဖိုးတို့ ပြာလောင်တို့လို ရုပ်မျိုးတဲ့ ကိုနှစ်ဆွဲပြတဲ့ ပါးမို့မို့ပါးစပ်ပြုပြီး .... နှာခေါင်းပျောက်နေကာ မျက်လုံးနေရာမှာ အရာလေးတစ်ခုသာ ပေးထားသော ကာကယ့် ကာတွန်းရုပ်ကလေးပဲ...

"အော်... ဘာလို့ အားငယ်ရတာလဲ... သဘာဝပေးတဲ့ ရုပ်နဲ့ပဲ ကျေနပ်တော့လေ... ညည်းလှတော့ရော ဘာအသုံးဝင်မှာလဲ သူ့အကြောင်းနဲ့သူ ဖန်လာပြီပဲ..."

"မောင်နီ အစ်ကိုရှင်းအတွက် သုံးထုပ်တော့ ယူထားနော် အကိုပြန်လာရင် ရေနွေးအိုးထဲကို ဒီဂျိုင့်လေးထည့် နွေးပေးနော်... ပူပူလေးဖြစ်အောင်... ရေကနဲ့နဲ့ပဲ... ရေနွေးဆူတာနဲ့ပူပြီး... ဂျိုင့်ထဲ ရေမဝင်အော... ဂျိုင့်စင်အရစ်လေး မြှုတ်ရုံနော် လက်သည်းခွံလောက် ဆိုရင်ရပြီ အကိုရှင်းက သိပ်ကြိုက်တာ"

"အား ... မွှေးနေတာပဲ ... ဆရာမ ခရေကုံးလေး ပန်လိုက်ပါလား မနက်က အညိုသီထားတာ..."

"အော် ... ပေးပေး..."

ဝါးဘီးညှိုလေးပတ်ထားသော ဘီးပတ်မှာ ခရေကုံးလေး ခွေပန်



www.burmeseclassic.com

www.burmeseclassic.com



သိုက်သောအခါ အညိုက သဘောကျသွားသည်။

"နောက်ဟစ်ခါ… ဝရောမအတွက် အညိုပန်းသီပေးမှာနော် ဆရာမက သိပ်လှတာပဲ…"

"ဘုရားရေ… ဒီတစ်ခါပဲကြားဘူးတယ် ဟုတ်မှလည်း မြှောက်ပါကလေးရယ်… အလှဆိုတာမရှိတဲ့ ရုပ်ကို လှတယ်ပြောရင် လူ့ရိစရာကြီးဖြစ်နေမယ် တိုးတိုးပြော…"

"ဟုတ်တယ်… အမေတို့ အမတို့ပြောတယ်… ဆရာမက ကိုယ်လုံးလေးလှတယ် ခါးသေးသေးနဲ့ ဗိုက်လည်းမပူဘူး ပြီးတော့ ဆရာမ မျက်နှာကိုမြင်ရင် ရင်ထဲအေးသွားတာပဲလို့ ပြောကြတယ်…"

"သနပ်ခါး မခြောက်သေးလို့ တင်တယ်…"

ပတ်ဝန်းကျင်အသစ်မှာ ချမ်းမြေ့ပြီး ကိုယ့်ရဲ့အရုပ်ဆိုး အကျည်းတန်မျက်နှာကိုပင် မေ့ပျောက်သလိုလိုဖြစ်နေမိသည်။

စေတနာအပြည့်နှင့် အနန္တဂိုဏ်းဝင် ဆရာသမားဂုဏ်ကြီးမားလေစွ… အဖြူအစိမ့်ကြောင့် မိမိအားလှသည်၊ ကျက်သရေရှိသည်၊ အေးချမ်းသည်ဟု ပြောနေသည့် စကားများက နားလျှံလျှက်

ကြယ်သီးတံလေးများ တပ်ဆင်ထားသော ကော်လံထောင် အဝါကွက်ခါးတိုလေး ဝတ်ထားပြီး အချိတ်ဆင်ပုံသဏ္ဍာန်ဖော်ထားသော ဗမာဖြစ်ချည်ထည် အဝါရောင်ပေါ်အညိုခံချိတ် တစ်ပတ်နွမ်းလုံချည်နှင့် သနပ်ခါးများကို ကျောင်းပိတ်ရက်မှာ အားပါးတရလူးထားပြီး ပါးကွက်





ပါးလေးကို သွားပွတ်တံနှင့် ခြစ်ထားလိုက်သည်။

ကိုယ့်ကိုကိုယ်လည်း အေးချမ်းစွာပေါ့ပါးနေမိသည်။

အကိုတစ်ယောက်အတွက် ဖူးစာရှင်ရှာဖွေနေသော နှမပီပီ ဆရာဝန်မလေးဆီ အောက်ကျခံ၍ မိတ်ဆက်တိုးဝင်ရတော့မည်။

"မောင်နီရေ… ဆရာဝန်မလေးက မာနမကြီးပါဘူးနော် သဘောကောင်းပါတယ်နော်…"

"အာ… သိပ်ဖော်ရွေတဲ့ မိသားစုပါဗျာ…"

ကိုရှင်းတို့ အိမ်ရှေ့မှာ ကားမြင်လိုက်ရသည်။

"ဟင်… အကိုရှင်း အလုပ်မသွားဘူးလား"

"ဆရာမ ရချိုးနေတုံးပြန်လာတာဗျ… ထူးထူးဆန်းဆန်း အာကျန်ခဲ့လို့လဲ မသိဘူး…"

"ဒို့ကို မမြင်ခင် မြန်မြန်သွား မောင်နီ…"

ပြူတင်း တံခါးမဖွင့်ထား၍ခဏပြန်လာတာပဲတု ယူဆပြီး ရှင်းသန့်ပြစေရန် ခြေလှမ်းသွက်လေးနှင့် ခေါင်းရင်းဘက်က တိုက်ကြီးဆီသို့ ကူးလာခဲ့သည်။

"မေတ္တာမွန်ဆေးကုခန်း"

ဒီအမည်ကို မကြာခဏ တွေ့မြင်ရပြီး… မနက် ၇–နာရီမှ ၁၁–နာရီ၊ ညနေ ၅–နာရီမှ ၇–နာရီဟုရေးထား၍ မိမိလာချိန်သည် ဆေးခန်းပိတ်ချိန်ဖြစ်နေသည်မို့ သက်ပြင်းလေးခိုးချရင်းဆရာမကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သလိုမင် ရှင်နံ့နေမိသည်။

"ဟော .. မောင်နီ... ဘာဖြစ်သလဲ... ဟင်"

လူခေါ် ဘဲလ်ကိုနှိပ်လိုက်သည်နှင့် အသက် ၆၀ကျော် ဥပဓိရု
ခန့်ညားသော အရပ်မြင့်မြင့်အမျိုးသားကြီးက ထွက်လာပြီးနှုတ်ဆက်
လိုက်စဉ် မောင်နီ၏နောက်မှရပ်နေသော မယ်အုံကို မြင်လိုက်ရသောအ
အံ့အားသင့်သလို ခေတ္တငေးကြည့်ပြီးမှ... အလွန်ချိုမြိန်သော အပြုံးနှ

"အိမ်ရှေ့က ဆရာမလေးထင်တယ်..."

"ဟုတ်ပါတယ်ရှင်"

"အော် ဆရာမလေးကြွပါဗျာ... အိမ်ထဲကိုကြွပါ...
အန်ကယ်ကတောင် သမီးကိုပြောနေသေးတယ်... ဆရာမလေး
သိပ်အေးချမ်းတာ အိမ်ရှေ့အိမ်ကိုပြောင်းလာတယ်လို့လေ... သမီး
တောင် သွားတွေ့မလို့ပဲ..."

မယ်အုံ ဘာပြောရမှန်းမသိဖြစ်သွား၏ နိုင်ငံခြားပြန်ပါရဂူဘွဲ့
ဆရာဝန်ကြီးတစ်ဦး၏ အလွန်ဖော်ရွေနိမ့်ချသော နှုတ်ဆက်စကားသံမှာ
ထင်ထားသည်ထက်ပိုနေသေးသည်။

"သမီးလေးရေ့.. မေကြီးရောလာပါအုံး ဒီမှာဆရာမလေး
လာတယ်ကွယ်... ဒို့က လူခံဖြစ်ရဲ့သားနဲ့ ဆရာမလေးဘာလို့အပ်သလဲ
မမေးရဘူး..."

"ဟို... ရပါတယ်အန်ကယ်... ကျွမကလည်း ရောက်ခါစ





အသိအကျွမ်းဖွဲ့ချင်လို့ပါ..."

"ဟုတ်ပါတယ်... ဆရာမက ဒီနေ့အားတဲ့နေ့မို့ ငါးပေါင်း
ထုတ်ကလေးလုပ်ပြီး လာပို့ပေးတာပါ..."

မောင်နီကလည်း သူမနှင့်အတူ စကားဝိုင်းပြောပေးရင်း
အသွက်နေသည်။

"ဆရာမက ဆရာရှင်းသန့်နဲ့ ဆွေမျိုးတော်စပ်ပါတယ်...
ဒီနားက မူလတန်းကျောင်းမှာ လုပ်ပါတယ်..."

အမျိုးသမီးကြီးတစ်ဦးနောက်မှ လိုက်ပါလာသော သွယ်သွယ်
လှလှ ခန္ဓာကိုယ်နှင့် ထားရှေ့ဇင်ကဲ့သို့ ပြစ်မျိုးမဲ့မထင် ငယ်ငယ်လှလှ
ဆရာဝန်မလေး... မျက်နှာလုံးလုံးလေးနှင့် ဆံပင်တိုလေးကို စုစည်း
ထားသည်။

"ဟော ... ဆရာမဆီကို မီးကလာတွေ့မလို့ ဆရာမက
အရင်ဦးသွားတယ်... ဆရာမကိုတွေ့မိတော့ မီးက သွားတွေ့မယ်လို့
ပြောထားပြီး စာတွေကျက်နေရလို့ စိတ်ကူးပဲ ရှိနေတာ..."

ချစ်စဖွယ် ပါးချိုင့်လေးနှစ်ဘက် ပေါ်အောင်ပြုံးလိုက်သော
ထိုမိန်းခလေးကို ကြည့်ရင်းချစ်စိတ်ဝင်သွားမိသည်။

"သမီး တစ်ယောက်ထဲလားကွယ်... မာမာကတော့ ပြောထား
ပါတယ်... မာမာတူမ တော်တယ်နော်..."

"အကိုရှင်းအား ရုပ်ဆိုးသူနှင့် ဆွေမျိုးတော်စပ်ရမှာ ဂုဏ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



မှာစီး၍ ပြုံးရုံသာ ပြုံးလိုက်မိသည်။

မိသားစု သုံးဦးစလုံးမှာ မောင်နီပြောသကဲ့သို့ ဖော်ရွေလွန်းလှသည်။ ဆရာဝန်မလေးသီရိမွန်၏ ဖြူနုနေသော အသားလေးမှာ... အကြောစိမ်းလေးတွေ ယှက်ကာ ဖရောင်းရုပ်လေးနှယ် နုနယ်လှသည်။

အလှအပ ကြိုက်လွန်းသော သားအတွက် ထားရွေးစင်ကဲ့သို့ ချောမောလှပသော ဆရာဝန်မလေးကို မျက်စေ့ကျတတ်လွန်းသော အန်တီမာ၏ မျက်လုံးအစုံမှာ အလွန်အဖိုးတန်လှပေသည်။

မယ်အုံက တက္ကူးတကာနှင့် ရှောစရာမလိုပဲ သီရိမွန်က ချစ်ခင်ဖော်ရွေဟန်ဖြင့် မမ... မမဟု တီတီတာတာနှင့် ဖွဲ့နွဲ့ကာ စကားပြောတတ်သော မိန်းခလေးနှင့် ချက်ခြင်း ခင်မင်သွားခဲ့သည်။

ထမင်းကျွေးနေ၍ အားနာပါးနာနှင့် ထမင်းဝင်စားလိုက်သည်။

တစ်နာရီထိုးတော့မှ သူတို့မိသားစု အနားယူစေချင်၍ အတင်းထပြန်လာခဲ့သည်။

"မမ... ရွှေ့လကျရင် သီရိအားသွားပါပြီ... အဲဒီအခါကျရင် မမအိမ်ကိုလာလည်မယ်နော်... မမနဲ့အတူ အသုတ်တွေလုပ်စားကြမယ်... သီရိကို ဒက်ဒီတို့က နိုင်ငံခြားလွှတ်ချင်လို့ စာကျက်နိုင်းနေတာ... ဒက်ဒီနဲ့ မာမီ ဆန္ဒပြည့်အောင် ကြိုးစားလိုက်အုံးမယ်..."

"လာပြန်ပြီ နိုင်ငံခြား..."





အကိုရှင်းအတွက် ပျင့်ထဲမှာနင့်သွားသည်။ လှပလွန်းသော မိန်းခလေးများက ရည်ရွယ်ချက်မြင့်မားကြပါလား...

အပြန်တွင် ... အကိုရှင်းတို့ အိမ်းကိုလှမ်းကြည့်လိုက်သည်။ ကားမတွေ့သဖြင့် ပြန်ထွက်သွားပြီဟု ယုံကြည်စွာဖြင့် ခြံတံခါးကို တွန်းဖွင့်လိုက်သည်။ အိမ်လေးမှာ တိတ်ဆိတ်နေသဖြင့် လှေကားသုံးဆင့်ကို တတ်ရင်း "အညို့ရေ" ဟု အသံပေးလိုက်၏။

"ဒါ ဘယ်ကပြန်လာတာလဲ..."

"အမလေး"

ရုတ်တရက် မုဏ္ဍာ းကွယ်တွင်ထိုင်နေသော ရှင်းသန့်၏ လေသံမာမာကြောင့် လန့်၍ အော်လိုက်မိသည်။

"လန့်သွားလား မင်းဒီလောက်တောင် အိမ်လည်ချင်နေလား"

အန်တီမာ ပေးသောတာဝန်ကို ထမ်းဆောင်ရပါသည်ဟု ပြောလျှင် ဘယ်လောက်ဒေါသထွက်မလဲ...

"ဟင်း ... မင်းလည်ချင်ရင် ရန်ကုန်လိုက်မလား... ငါးကန်ကို လိုက်မလား..."

"ဟို ... မဟုတ်ပါဘူး အကိုရှင်းရယ်... မယ်အုံက သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ နေမကောင်း၊ ထိုင်မကောင်းဖြစ်ရင် အားကိုးရအောင်လို့ပါ... မိတ်သွားဖွဲ့တာလေ..."

သူက မယ်အုံကို စေ့စေ့ကြည့်ကာ နှုတ်ခမ်းထောင့်ကတွန်းကာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ရင်း...

"ဟင်း ... မင်းလိုလေးလုံး ခြောက်ဖက်ကြီးက အားငယ်နေသေးတာကိုး... စိုးရိမ်စရာပဲ"

"ဆရာဝန်မလေးက သိပ်ချောတာပဲ..."

အောင်သွယ်တို့ ခြေဆင်းလိုက်သည်။

"မင်းဆီကို အချောအလှတွေ ကူးအောင်လို့လား"

"အင်းပေါ့ ရွှေရောင်လေးဟပ်ပြီး ရွှေမှုန်လေးများ လွင့်လာမလားလို့လေ..."

"ဟင်း..."

မျက်နှာချိုသွေးကာ ပြုံး၍ပြောလိုက်သည်။ မယ်အုံကို ကြည့်ကာ ရှင်းသန့် ပြုံးမိပြန်သည်။

"နံမည်နဲ့ လိုက်အောင် ကျက်သရေရှိတယ် သဘောကောင်းတယ်..."

"မင်းက ကျက်သရေယုတ်နေလို့လား သဘောဆိုးနေလို့လား"

"ချစ်စရာလေးမို့ပါ... အန်တီမာက သွားတွေ့လိုက်ပါအုံး ပြောလို့ပါ..."

ပြေရာပြေကြောင်း ပြောလိုက်သော်လည်း ကျေနပ်ပုံမရသေးပဲ ထိုင်ရမလို ထရမလိုဖြစ်နေသော မယ်အုံ၏ လက်မောင်းကိုဆွဲကာ..





"ကဲ... သွား... အင်္ကျီလက်ရှည်သွားဝတ် ငါနဲ့ ငါးကန်လိုက်ခဲ့ ... ကောင်မလေးပါခေါ်လာခဲ့ မင်း... ရောက်ဖူးတာပေါ့"

ရုတ်တရက် အံ့အားသင့်လွန်း၍ စကားပင်မပြောနိုင်ပဲ ပါးစပ်ကလေးဟကာ အံ့အားသင့်သွားသော မယ်အုံကို ကျောခိုင်းပြီး... ခြေလှမ်းကြဲကြီးနှင့် ထွက်သွား၏။

"တံခါးတွေပိတ် ဆယ်မိနစ်ကြာရင် ခြံရှေ့ထွက်လာခဲ့ ..."

မယ်အုံ ဝမ်းသာပျော်ရွှင်သွားသည် မမထားရွှေစင် ရောက်မလာမီက ရရှိထားသော ညီမတစ်ယောက်ကဲ့သို့ ခင်မင်မှုမျိုး ပြန်လည်ရရှိလေပြီ။

"ဒါပေါ့ ... တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသလိုပဲ ပြောင်းလာမှပဲ... မယ်အုံတို့ ကံဇာတာတွေတက်ပြီး... ရုပ်ဆိုးတဲ့ သူ့ကို လှတယ်အပြောခံရသလိုခံရ... စိတ်ဆိုးပြီး လှည့်မကြည့်တဲ့ ရှာတာ ဂရုတစိုက်နဲ့ ... ကံပွင့်လာပြီပဲ... ဟား..."

ဝမ်းသာအားရနှင့် ကိုရှင်း၏ဂရုစိုက်မှုအတွက် နှုတ်ဖျားမှာ တိုးတိုး ရေရွတ်မိသည်အထိ ပျော်ရွှင်သွားတော့သည်။

"အောင်မင်းသိန်း" ဟူသော အရပ်မြင့်မြင့် ရုပ်ချောချော မန်နေဂျာလေးနှင့် မိတ်ဆက်ပေးပြီးနောက်...

"ကိုယ်နှမတော်တယ်... သူ့ကို ရောက်ဖူးအောင်လို့ ခေါ်လာတာ မင်းလိုက်ပြလိုက်အုံး... ကိုယ်စာရင်းတွေ စစ်လိုက်အုံးမယ်..



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုစာအုပ်တွေ စားပွဲပေါ်တင်ထားပေးလိုက်..."

အောင်မင်းသိန်းကိုပြောပြီး...စားပွဲမှာ ဝင်မထိုင်မီ

"မင်း... သူနဲ့လိုက်သွား... သိပ်ဝေးဝေးလည်း မသွားနဲ့ ငါးကန်က တိမ်တိမ်လေးမဟုတ်ဘူး ရော့ ... ဦးထုပ်ဆောင်း"

ပြောရင်းက တိုင်မှာချိတ်ထားသော ဂျုံထိုးဦးထုပ်ကို မယ်အုံ ခေါင်းပေါ် ဆောင်းချပေးလိုက်၏။

"ကောင်မလေးအတွက် ဦးထုပ်တစ်လုံး ပေးလိုက်ပါ..."

အောင်မင်းသိန်း ချပေးသော စာရင်းစာအုပ်ကိုကြည့်ပြီး နောက်ဆုံးပြောကာ သူ့ခေါင်းကြီး စာအုပ်ပုံကြား နှစ်ထားလိုက်၏။

သူဆောင်းပေးသော ဦးထုပ်လေးကို တည့်အောင် ပြင်ဆောင်းလိုက်ရင်း မယ်အုံရင်ထဲ အေးသလိုလို နွေးသလိုလိုနှင့် သူ့အားတစ်ချက်လေးမျှ မော်ကြည့်ကာ ပြုံးပြစေချင်သဖြင့် တံခါးပေါက်နားရောက်သည် အထိ လှည့်ကြည့်မိသည် သူက လုံးဝမော်မကြည့်တော့ပေ။

"မမ ဒီဘက်ကြွပါ..."

နီထွေးနှုတ်ခမ်းလေးမှာ အပြုံးရိပ်ကလေး ခိုတွဲနေသော ကောင်ကလေး၏ မျက်နှာချိုချိုလေးကို တစ်ချက်လှမ်းကြည့်ကာ

"အင်း... သူ့အထက်ကလူနဲ့ သူ့လက်အောက်လူတို့ တော်တော် အတွဲညီတယ် မျက်နှာတည်တည်နဲ့ မျက်နှာချိုချိုကောင်းကလေး .. ရည်းစားသိပ်များမဲ့ ရုပ်ကလေးပဲ..."





ဟူ၍ သူ့များအကြောင်း စပ်စပ်စုစုတွေးကာ ဝေဖန်လိုက်မိ သေးသည်။

"မမတို့ လာတာအတော်ပဲ ညနေစာငါးစာကျွေးချိန် တွေ့ရ တာပေါ့ ..."

အရိပ်မရှိပဲ တမျော်တစ်ခေါ် ရင်ပြင်ကျယ်ကြီးမှာ ဘောင်နှင့် အကန့်အကန့် ခွဲခြားထား၏။

"ဒီလောက်ကျယ်မှန်းမသိဘူး ဘယ်နှစ်ကေတောင်ရှိသလဲ"

"ရှစ်ရာကျော်ပါတယ်... မမ"

အောင်မင်းသိန်းက မမှိခေါ်လိုက်တိုင်း... မယ်အုံကျေနပ် သွားသည်မှာ မိမိကို အမဟုခေါ်မည့်သူ ဘယ်သူမှ မရှိသောကြောင့်ပင် ဖြစ်သည်။ မနေ့က သီရိမွန်ခေါ်သလို မိန်းခလေးများခေါ်တာတော့ ခံစားရဘူးသော်လည်း ယောကျ်ားလေးခေါ်သံတော့ မကြားခဲ့ဖူးပေ။

ဒီကောင်ကလေးခေါ်ပုံက ချွဲချွဲနွဲ့နွဲ့လေး။

"ကန်ကို အေဆိုက်၊ ဘီဆိုက်၊ စီဆိုက်ဆိုပြီး... သုံးမျိုးခွဲ ထားတယ်... အေဆိုက်က ငါးသားပေါက်လေးတွေ မွေးတာ... မွေးမြူရေးနှင့် ရေလုပ်ငန်းက ဝယ်ရတယ်... လှောင်-ပြည်ပန်းကန် တစ်လုံးဆို ကောင်ရေလေးကောင်ပါတယ်..."

"ဟိ... မြဝတီက အင်တာဗျူကို ဖြေကြားပေးနေတဲ့ ပုံစံ ကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



မယ်အုံနောက်မှ လိုက်လာသော အညိုလေးက တိုးတိုးလေး အတင်းပြောကာ ရယ်လိုက်သည်။

"ငါးသားလေးတွေက ဘာစားလဲဟင်"

"ဖွဲနုလေးတွေ ကျွေးရတယ် မမရဲ့ . . . ငါးလေးတွေ တစ်လက်မနဲ့ နှစ်လက်မ ရောက်မှ ဘီကန်ထဲပြောင်းပြီး ထပ်မွေးရတာ"

"အော်. . . ငါးသားလေးတွေ အများကြီးပဲနော်. . . ဒီမှာ အညိုရေကြည့်စမ်း. . ."

မယ်အုံ လွတ်လပ်ပျော်ရွှင်သွားပြီး. . . ကန်ဘောင်ပေါ်မှနေ ငါးများကို ငုံ့ကြည့်လိုက်စဉ် ကန်ရေပြင်မှ ဝေ့ကာနဲ့ ကလူကြည့်စယ် လိုက်သော လေပြည်ကြောင့် . . . ဦးထုပ်ကလေး လွင့်သည်ကို လှမ်း ဖမ်းလိုက်စဉ် လူပါတစ်ချက်ယိုင်သွား၍ အောင်မင်းထွန်းက မယ်အုံ၏ လက်မောင်းအိုးကို လျှင်မြန်စွာလှမ်း၍ ထိမ်းလိုက်သည်။

"အို . . . ကျေးဇူးပဲ . . . စောစောကပဲ အကိုရှင်းက သတိပေးတယ် ကျမဘာ ကျသွားလို့ကတော့ အကိုရှင်းပြောလိုက်မယ့် ဖြစ်ခြင်းပဲ. . ."

မျက်နှာလေး ရဲရဲနှင့် အရှက်ပြေပြောလိုက်သည်ကို အောင်မင်း သိန်းက ခေတ္တငေးမိလိုက်ပြီး အညိုလှမ်းပေးသော ဦးထုပ်လေးကို လှမ်းယူကာ မယ်အုံခေါင်းကို အသာဆောင်းပေးရင်း

"ကန်တော့နော် မမ. . . ကြိုးလေးပါ မေးစေ့မှာ ချီထားရင်





မလွင့်တော့ဘူး"

"အင်း . . . အမှတ်တမဲ့ဖြစ်သွားတယ်. . . အလုပ်ရှုပ်သွားပြီ နော်. . . လိုက်လဲပို့ရသေးတယ်. . ."

"မမပျော်ရွှင်ပြီး. . . ကျေနပ်မှုဖြစ်ရင် ကျွန်တော်လိုက်ပို့ကျိုး နပ်ပါပြီဗျာ. . ."

"အဟမ်း"

အညိုထံမှ ချောင်းဟန့်သံလေး ထွက်လာသဖြင့် မယ်အုံအုံ့ အားသင့်သွားသည်။ ဒီကောင်မလေး ငယ်ငယ်လေးတွေဟာ . . . ယောကျ်ားတစ်ဦးနဲ့ မိန်းမတစ်ဦးတို့၏ စကားအသွားအလာ အချိတ် အဆက်ကို ဘာလို့များ နားလည်နေရတာလဲ. . .

"မမ. . . ဒီဘက်ကန်က ဘီကန်လေ ၄–လက်မကနေ ၆– လက်မ ရောက်အောင်မွေးရတယ် . . . ပြီးမှ ဒီကန်ကိုပြောင်းပြီး တစ်ကောင်ကို တစ်ပိသာကနေ နှစ်ပိသာအထိရအောင် မွေးရတယ် . အမတွေက ကြီးထွားနှုန်းပိုတယ်. . ."

"တော်တော် မွေးရမှာပဲနော် . . . သူတို့ကို ဘယ်လို အစာကျွေးလဲ. . . ဒီအတိုင်းကြိပ်ကျွေးတာလား. . ."

"လာ . . . မမ. . . အစာကျွေးတဲ့ဆီသွားရအောင်"

ကန်နဘေး တဲကြီးတစ်လုံးမှာ ငါးစာတောင်းလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်နေသော အလုပ်သမားများဆီသို့ ခေါ်လာပြီး…

"ငါးစာကတော့ တစ်နေ့ နှစ်ကြိမ်ကျွေးတယ်လေ မမ.. ဟိုမှာတွေ့လား ကန်တစ်ခုထဲမှာ ဟိုင်လေးတွေမှာ ငါးစာခွက်ကလေးတွေ ချည်ထားတာ ကိုက်တစ်ရာမှာ ငါးစာခွက်တစ်ခုထားတာလေ ငါးမှုန့်နဲ့ ပဲဖတ်ကိုရေစိမ်ထားတယ်… ဖွဲနဲ့နှမ်းဖတ်လည်း တစ်ခါတလေကျွေး ရတယ်…"

"အိမ်မှာ… ဘဲလေးတွေ ငါးမွေးတုံးက သိပ်ဂရုစိုက်ရတာပဲ ဒီမှာလည်း ဂရုစိုက်ရတာပေါ့နော်…"

"စိုက်ရတာပေါ့ မမရယ်… ငါးတွေက အမျိုးအစားမတူတော့ နေပုံခြင်းလည်းမတူဘူးဗျ.. ငါးကြင်းက အောက်ဆုံးရေနက်ထဲမှာ နေတယ်… ငါးမြစ်ချင်းက အလယ်လွှာမှာနေပြီး ငါးသိုင်းခေါင်းပွကအပေါ်လအာမှာနေတယ်… အစားစားရင်လည်း သူ့နေရာနှင့်သူ စားကြတာပဲ… ဒီမှာ… ကြိတ်ပြီးသား ငါးစာတွေ… အခု ညနေ လေးနာရီမှာ… လှေလေးတွေနဲ့ ငါးစာလိုက်ကျွေးကြမှာ…"

ဦးထုပ်ဆောင်း၍ ဘီးပတ်ကလေး ပြေကျသွားသောအခါ.. ပျော့အိသော ဆံပင်များကို ထုံးဖွဲ့၍မရသောကြောင့် ဘီးလေးကို ရုပ်အကျႌအိပ်ထဲထည့်ပြီး… လက်ကိုင်ပုဝါနှင့်ဆံပင်ကို စဘည်းနှောင် လိုက်ရသည်။ ခရေပန်းကုန်းလေး ပြုတ်ကျသွားသောအခါ အောင်မင်း





သိန်းက ကောက်ယူလိုက်ပြီး…

"မမ ဆံပင်လေးတွေက ဖြောင့်စင်းပြီး ပိတုန်းရောင် တောက်နေတာပဲ အခုမှပဲ ကိုအုံကြီးသီချင်းထဲက ပိတုန်းရောင်ကေသာ ဆိုတာကို တွေ့ဖူးတော့တယ်…"

မယ်အုံပြုံးလိုက်ပြီး "ဆံပင် လှတာကိုချီးကျူးရမှာပေါ့…" ဟု၍ ရင်ထဲမှာပြောမိသည်။

"လာ…မမ… ကျွေနေပေမဲ့ သိပ်ပူတာပဲဗျ…"

တဲနားအရောက်တွင် လှေများ တိုးရန်အတွက် မြောင်းဖောက် ထားသော နေရာမှ ဝါးတံတားလေး၏ လှုပ်လီလှုပ်လဲ့မှာ မလျှောက်တတ် မှာ စိုး၍ လက်လေးကိုဆွဲ၍ ဂရုတစိုက်ခေါ်လာသော အောင်မင်းသိန်း ကြောင့် မယ်အုံမှာ အားနာပြီး မနေတတ်၊ မထိုင်တတ် ဖြစ်မိနေသည်။

"ဒါက ငါးမှုန့်နဲ့ ဖွဲဖတ်တွေလေ… မမ…"

ငါးမှုန့်အနံ့က ညှီ၍ထွက်လာသဖြင့်… အညှီက မျက်နှာလေး ရှုံ့ပြီး… တစ်ဘက်လှည့်သွား၏။

"မမ… အနံ့ခံနိုင်လားဟင်… ဒီနားမှာ လေတိုက်တော့ နံမှာပိုင်လေ… မနံတော့ဘူး…"

မယ်အုံကို အရိပ်တကြည့်ကြည့်နှင့် ကြည့်နေသော ကောင်လေး ကြောင့် အနေခက်လာလေပြီ…

www.burmeseclassic.com



"မင်း... လုပ်စရာရှိတာ လုပ်လေကွယ်... ဒို့ကဒီမှာ ထိုင်ပြီး ငါးအစာကျွေးတာကို ကြည့်နေမယ်..."

"ကျွန်တော်ဘာမှ အလုပ်မရှိပါဘူးမမ... မမသိချင်တာကို မေးပါ... ထိုင်ပါမမ"

မယ်အုံကို ဝါးပက်လက် ကုလားထိုင် ထိုင်နိုင်းသော်လည်း မယ်အုံက မထိုင်ပဲ ပလပ်စတစ်ခုံပုမှာ ထိုင်လိုက်၏။

"မမ ဒီမှာထိုင်လေ..."

"ဟင့်အင်း ဒို့မထိုင်တတ်ဘူး"

အပျိုကြီး စာရင်းဝင်နေပြီဖြစ်၍ ပလက်လက်ကြီးထိုင်ရမည့် ဖိမ်ခံပက်လက်ကုလားထိုင်များကို ငယ်စဉ်ထဲက အကျင့်မလုပ်ခဲ့သော ဗိုက်ရွဲလိမ့်မည်ဟု မိခင်ပြောစကားများကို မှတ်သားထားမိသည်။

"ဆရာက တစ်ခါမှ အမျိုးသမီးညှော်သည်ကို မခေါ်လာဖူးဘူး"

"ဒို့ကဒီကို ဆရာမအလုပ်နဲ့ ပြောင်းလာတာပါ"

"ဟုတ်လား မမ..."

ပြောမိတာ များသွားလေပြီ... ဘယ်မှာနေလဲ... ဘယ်ကျောင်းမှာလဲဟု ဆက်တိုက် မေးခွန်းထုတ်နေသဖြင့် အလိုက်သင့်လေးဖြေပြီး

လှေများနှင့် ငါးစာတောင်းများကို အသီးသီးသယ်ဆောင်သွားကြသောအခါ... မယ်အုံက ရပ်ကြည့်လိုက်သည်။





"မမ... အပေါ်ကနေ မှန်ဘီလူးနဲ့ ကြည့်ပါလား အနီးကပ် မြင်ရသလိုပဲ..."

"ရပါတယ်"

"လာပါ... မမရဲ့ သေသေချာချာ ကြည့်ရတာပေါ့ ဒီမှာက ငါးစာနံ့တွေနဲ့ ... ကြာရင်ခေါင်းမူးလာလိမ့်မယ်..."

မယ်အုံ ငြင်းမနေတော့ပဲ လိုက်လာခဲ့သည်။ အရိပ်တကြည့် ကြည့်နှင့် မယ်အုံခြေလှမ်းလေးများ ပဲကြွေယိုင်လဲသွားမှာ စိုးနေဟန်ဖြင့် မနေတတ်လောက်ပင် ဂရုစိုက်လွန်းလှသည်။

တဲထဲမှ အထွက်ရုံးခန်းရှိသော နှစ်ထပ်အဆောက်အဦးမြင့်ကို မျှော်ကြည့်လိုက်သောအခါ မှန်ပြောင်းတလက်နှင့် ရှင်းသန့်ပြန်ဝင်သွားသည်ကို ရိပ်ကနဲ တွေ့လိုက်၏။

ကိုရှင်းသန့်က မိမိတို့အား မှန်ပြောင်းဖြင့် ချောင်းကြည့်နေသည်ဟု ...င်ရဲသော်လည်း ထင်လိုက်မိသေးသည်။

ရုံးခန်းရောက်သောအခါ ရှင်းသန့်က စားပွဲမှာ အလုပ်ရှုပ်နေဆဲ

"အကို... ကျွန်တော် မမကို အပေါ်ခေါ်သွားပြီး မှန်ပြောင်းနဲ့ ကြည့်ခိုင်းမယ်နော်..."

"အင်း... ငှက်ပျောသီးနဲ့ နွားနို့သောက်ကြ..."

မော်မကြည့်ပဲ ပြောလိုက်သည်။ သုံးနာရီနီးပါး ကားစီးရ၍



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဟာနေသော မယ်အုံနှင့် အညိုမှာ ငှက်ပျောသီးဖီးကြမ်း နှစ်လုံးစီနှင့် နွားနို့တစ်ဖန်ခွက်ကို မော့သောက် လိုက်ကြသည်။

အောင်မင်းသိန်းပြောသလိုပင် မှန်ပြောင်းဖြင့် အနီးကပ်ကြည့်ရသဖြင့် မယ်အုံရော အညိုပါသဘောကျနေ၏။

"ဒီနေရာက ကျွန်တော်တို့ရဲ့ ဗျူးပွိုင့်ပေါ့ဗျာ.. ငါးကြော်လေး စားရင်း အခါးရည်လေးသောက်ရင်းနဲ့... နေလုံးနီကြီးကို ကြည့်ရင်း ဘယ်ကိုလွမ်းရမှန်း မသိပါဘူးဗျာ..."

အညိုက မှန်ပြောင်းနှင့် ဝရံတာလေးမှာ အလုပ်ရှုပ်နေစဉ် မယ်အုံနှင့် အောင်မင်းသိန်းက ညှော်ဆက်တီမှာ သက်တောင့် သက်သာလေး ထိုင်ရင်းက... အောင်မင်းသိန်းပြောသကဲ့သို့ နေလုံးနီနှင့် ငွေဖျိုင်းဖြူများ အိပ်တန်းတက်တာကိုကြည့်ရင်း... လွန်းမောနေမိသည် ကိုရှင်းသန့်ကတော့ ဒီကနေထိုင်ပြီး မမထားရွှေစင်ကိုပဲ လွမ်းနေမှာပဲ လားဟု မဆီမဆိုင် တွေးလိုက်မိသည်။

"မမရော လွမ်းစရာတွေ အများကြီးပဲလား"

"အင်းပေါ့... ဒို့မှာ လွမ်းစရာကလေးတွေ အများကြီးပဲလေ"

"ဟာ ... ကျွန်တော်က မမကိုတကိုယ်တည်းလို့ ထင်နေ တာဗျာ..."

"တကိုယ်တည်းပါပဲ... ဒါပေမဲ့ ... ကိုးတည်းဆယ်တန်





နှစ်ထဲက ကလေးနဲ့ အဆက်မပြတ်ခဲ့ပါဘူး... အခုမှ... အတင်းရုန်း ထွက်လာရတာ ခလေးတွေသံယောဇဉ်က ပိုပြင်းတယ်လေ..."

"အော်... မောင်နီပြောတဲ့ အပျိုကြီးဆရာမကိုး ဒါဆို... မမက သဲမြဝေ့ပေါ့ ..."

ပြုံး၍ ခေါင်းညိတ်လိုက်သည်။ အောင်မင်းသိန်း၏ ကျေနပ် ဝမ်းသာသွားဟန်သည် ဖုံးမရနိုင်တော့ ...

"ကျွန်တော်လည်း လူလွတ်ပါပဲဗျာ"

ရိုးစရာကောင်းသော မိတ်ဆက်မှုလေးပင်

"ကောင်းတာပေါ့ လွတ်လွတ်လပ်လပ် ကဲလို့ရတယ်လေ"

"ဟာ... မမရယ် ကျွန်တော်ဒီထဲမှာ တာဝန်နဲ့ ပိတ်မိနေလို့ ဘယ်လိုမှ ကယ်လို့မရပါဘူး တစ်ခါတလေ အထီးကျန်ဆန်သလိုပဲ"

'သနားစရာလေးပဲ မင်းမှာအိမ်သူ ရှိလာဘို့အတွက် ဒီလောက်တော့ ရင်းခ... လေ..."

"ခုထိတော့ ..."

စကားကိုရပ်ထားပြီး မယ်အုံကို ရွှန်းရွှန်းစားစားကြည့်နေသော အကြည့်ရိုင်း မျက်လုံးအစုံတို့က သာမာန်မိန်းမသားများအဖို့ မူးဝေ ထကျသွားလောက်အောင် မျက်လုံးများက လှပတောက်ပြောင် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်… အကိုများကြားမှနေလာပြီး… ယောကျ်ားသား တစ်ဦး၏ အကြည့်နှင့် ထိကိုင်မှုများကို မတုန်လှုပ်တက် စိတ်မဝင်စား တတ်သော မယ်အုံကအပြုံးဖြင့် ဖြေသိမ့်ပိုက်၏။

"မင်းအရွယ်ဟာ စောလွန်းသေးတယ်လေ… လွတ်လပ်စွာ လေ့လာပျံသန်းဘို့ အားတွေ အပြည့်ရှိနေသေးတာပဲ… အခုမှ အာရုံတက်ကာစပဲ ရှိသေးတာ…"

မထင်မှတ်ပဲ တိမ်တောက်ချိန်ဖြစ်လာသဖြင့် မယ်အုံရင်ထဲ ဝမ်းသာသွားသည်။

"အကျဉ်းတန်း လှချိန်ပဲ… ဒီအချိန်မှာ… အကိုရှင်းက အလုပ်ကနားပြီး… အပေါ်တက်လာလျှင် သိပ်ကောင်းမှာပဲ… လှပတဲ့ မိုးကောင်းကင်ရဲ့ နေဝင်ချိန်ကိုကြည့်ပြီး မမထားရွှေစင်ဆီ လွမ်းလို့ ကောင်းနေမှာပဲ…"

"ဆရာမလာကြည့်ပါ… သိပ်လှတာပဲ…"

အညိုက ဝမ်းသာအားရခေါ်လိုက်စဉ်… မယ်အုံမှာ ငြင်း မနေတော့ပဲ ထထွက်လာလိုက်ည်။ အောင်မင်းသိန်းကလည်း မယ်အုံနားကပ်လိုက် လာလေ၏။

တောက်တဲ့ ကိုယ်တော်လေးပဲ…

"ဖျိုင်းလေးတွေ အိပ်တန်းဝင်တာကို တစ်ခါမှ သေသေချာချာ





မကြည့်မိဘူး သိပ်လှတာပဲ… စည်းကမ်းလည်းရှိကြတယ်နော်… ညီအောင် ပျံကြတယ်…"

ညနေဘက်မှ လေတဟူးဟူးတိုက်သဖြင့် မယ်အုံ၏ ဆံပင်ရော ရှပ်အင်္ကျီပါ နောက်သို့လွင့်နေပြီး… ကြယ်သီးမတတ်ထားသဖြင့် လေအရှိန်နှင့် လက်မောင်းသားလေးပင်ပေါ်နေသည်။

အောင်မင်းသိန်းက အားမနာတမ်း ငေးကြည့်နေ၏။ ခန္ဓာကိုယ် ပြည့်ပြည့်တင်းတင်းနှင့် ချစ်စဖွယ် ပြုံးအလှပိုင်ရှင် မမသည် မျက်လုံး လေး အနည်းငယ်ကျယ်သွားလျှင်.. နှာတံလေးချွန်သွားလျှင် ပြည့်စုံ သော အလှပိုင်ရှင်ဖြစ်သွားပေလိမ့်မည်။

"အောင်မင်းသိန်းရေ…"

"ဗျာ…"

မယ်အုံကို သတိလက်လွတ်ငေးစိုက်နေစဉ် ဖြုန်းကနဲ.. ရှင်းသန့် ရောက်လာသဖြင့် ရှက်အမ်းအမ်းဖြစ်သွား၏။ မယ်အုံကလည်း လှည့်ကြည့်လိုက်၏။ တမ်းတစဉ် ရောက်လာသဖြင့် ကျေကျေနပ်နပ် ကလေး ဖြစ်သွားသည်။

"ကိုယ်တို့ အပြန်မိုးချုပ်မှာပဲ… ခုနက ငါးကြော်သည် ပြောသွားကြတာ… ထမင်းပါချက်နိုင်းလိုက် ကျက်ရင်စားမယ် ရှစ်နာရီ လောက်မှ ပြန်ဖြစ်မယ်ထင်တယ်… စာရင်းတွေကျန်နေတာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

အောင်မင်းသိန်းက မျက်နှာရဲရဲ နှင့် လှည့်ထွက်သွားစဉ်၊ ရှင်းသန့်က မယ်အုံကိုကြည့်ကာ

"တော်တော် ပျော်ရဲ့လား"

"ဟုတ်ကဲ့ ... ကျမ မရောက်ဖူးလို့ အထူးအဆန်းချည်းပဲ နော်... ဒီအပေါ်က ကြည့်ရင်သိပ်လှတာပဲ..."

သဘောရိုးနှင့် ပြောလိုက်သော်လည်း ရှင်းသန့်မျက်နှာက တည် တင်းနေ၏။

"အောက်မှာ သွားဝိုင်းသယ်ပေးကြရအောင် အညို ဒီမှာ မိန်းခလေးမရှိဘူး ....."

မနေတတ်စွာဖြင့် အောက်ဆင်းမည်အပြု

"နေအုံး အညိုပဲ လိုက်သယ်လိုက်... မင်းနေနေ"

မယ်အုံ ရင်ထိတ်နေသည် သူနှင့်နှစ်ယောက်ထဲ နေခဲ့ဖူးပြီး ဘာမှမထူးဆန်းခဲ့သော်လည်း ဒီတစ်ခါတော့ အတော်လေး ထူးဆန်း နေသည်။

သူ့အကြည့်များက ထူးဆန်းသော အရောင်ထွက်နေ၏။

မနေတတ်စွာဖြင့် မှန်ဘီလူးနှင့် ဟိုကြည့်ဒီကြည့် လုပ်နေစဉ် မှန်ဘီလူးကို ဆွဲယူလိုက်ပြီး...



"သိပ်မကြည့်နဲ့ ..."

လေမှာ လွှင့်မျော့လျက်ရှိသော ဆံပင်များကိုသိမ်းရင်းက အမှတ်မထင် စည်းနှောင်ထားသော လက်ကိုင်ပုဝါလေး လွင့်ကျသွား သောအခါ ... ရှင်းသန့်က ကောက်ယူလိုက်ပြီး...

"ဒီနေ့ မင်းနဲ့ လေပြင်းရဲ့ လှည့်စားမှုကြောင့် ငါတို့ ယောက်ျား သားတွေ မင်းရဲ့ ဦးထုပ်ကိုကောက်ပေးလိုက် ပုဝါကိုကောက်ပေးလိုက်နဲ့ တာဝန်တွေ ကေပြနေတာပါလား..."

"ဆောရီးနော် ကျဆံပင်က ဘာနဲ့မှ မငြိတတ်လို့ပါ ... ဦးထုတ်မဆောင်းရတော့ ဘီးပတ်ထားလိုက်ရင် နိုင်ပါပြီ..."

"ခဏထားလိုက်ပါ ... မင်းဒီလိုရပ်နေတာနဲ့ ဆံပင်လွင့် နေတာက သိပ်ကဗျာဆန်နေပါလား..."

"ကိုရှင်း... ဒီအချိန်ဟာ ဘာအချိန်လဲ မေ့နေပြီလား..."

"တိမ်တောက်ချိန်"

"အကျဉ်းတန်လှချိန်လေ... ဒါကြောင့် ရတောင့်ရခဲအခွင့် အရေးကို လက်လွှတ်မခံချင်လို့ ကျမလာရပ်နေတာပဲပေါ့ ..."

အားငယ်သံမပာတ်ပဲ လှိုက်ဖိုသံနှင့်ပြောလိုက်သည်ကို ကိုယ့် ဇာသာကိုယ်သတိထားမိလျက်

ဘာလို့များ ဒီလောက်ရင်တွေခုန်ပြီး အသံတွေတုန်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူဟာအကိုလိုပဲနေခဲ့တာပဲလေ...

"မင်းကိုယ်မင်း အကျဉ်းတန်လို့ ပြောလိုက်တာလား... မင်းအကျီကြယ်သီးတပ်ထားစပ်းပါ အေးလာပြီ..."

သူပြောသလို လုပ်ရင်းက

"မဟုတ်ဖူးလား... အရှပ်ဆိုးလို့ပြောရမှာလား"

"အဲဒီလုပ်တာရုပ်ဆိုးတာကို ဘာပေတံနဲ့ တိုင်းတာသလဲကွာ ငါသိချင်လိုက်တာ..."

သူစကားများ ထူးခြားစွာ ရှင်မြူးနေသည်မို့ မယ်အုံ အံ့ဩပြီးရင်း အံ့ဩနေလျက်...

သို့ရာတွင် မယ်အုံရင်ထဲမှာ ရင်ခုံပြီး... အေးတလှည့် နွေးတလှည့် ဖြစ်နေသော်လည်း ပျော်ရွှင်နေသည်ကိုတော့ သတိထားမိသည်။

"မျက်စေ့ပေတံနဲ့ တိုင်းကြည့် နှလုံးသားဆုံးဖြတ်ချက်နှင့် နှစ်သက်ရင် လှတာမလှတာ ကွဲသွားမှာပေါ့ ..."

"အင်း .. တစ်နေ့တော့ မင်းပြောသလို ဆမ်းစစ်အုံးမှပဲ အခုတော့ အလုပ်များတယ်ကွာ .. စာရင်းတွေ ကူးသွားရအုံးမယ်"

"စာတစ်အုပ်ကနေ တစ်အုပ်ကူးဘို့ဆိုရင်တော့ ကျမလဲ ကူးတတ် ပါတယ်..."





ဖျက်ခနဲ မျက်နှာလေးဝင်းပသွားသည်ကို ကြည့်ပြီး မယ်အုံ ရင် ကျေနပ်သွား၏။

"ဟုတ်သားပဲ... မင်းကို ငါဘာလို့မေ့ထားမိပါလိမ့် ... ငါသက်သာမဲ့အလုပ်ပဲ... ကဲ... ထမင်းစားပြီးရင် ဝိုင်းကူးပေးကွာ အဲဒါဆို တို့ ခုနစ်နာရီလောက် ပြန်နိုင်ပြီပေါ့ ... အော်... မင်းနှစ်သက်တဲ့ ဓာတ်လမ်းတွဲကြည့်ရအုံးမှာပဲ ဒီမှာကြည့်လို့လဲ ရပါတယ်ကွာ"

သူ့ဖာသာသူပြောပြီး... သူ့ဖာသာသူ ဆုံးဖြတ်လိုက်သည်။ မယ်အုံကတော့ နာကြင်စွာပြုံးနေမိသည်။

"မယ်အုံကို မေ့နေတာလား ဘယ်တုန်းကရော ... သတိထားမိလို့လဲ ကိုရှင်းရယ်..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတော်တော် ပင်ပန်းသွားပြီပဲ . . . စာရင်းရေးတာ လောက်တော့ မင်းအဆင်ပြေသားပဲ..."

"တော်သေးတာပေါ့ ကျမက ကလေးပဲထိန်းတတ်တာ ထင်နေတာ"

ငါးကန်ဖော်ရန်အတွက် တစ်နှစ်စာအစာဘိုး အလုပ်သမား များကို ချုပ်နေရသည်။

"အောင်မင်းသိန်း ပြောပြပြီးရောပေါ့ . . . ရွှေအပါတ်မှာ စီဆိုဒ်ထဲက ငါးတွေဖော်ရတော့မယ်... အဲဒီ အခါကျရင် မင်းကို ခေါ်အုံးမယ်..."

"ကျေးဇူးတင်ပါတယ်"





"အောင်မင်းသိန်းကလည်း မင်းကို ခေါ်လာတဲ့အတွက် ကျေးဇူး တင်ပါတယ်လို့ ပြောတယ်..."

"သူကြည့်ရတာ... အလုပ်များလွန်းလို့ မြို့ထဲမထွက်နိုင်ပဲ ငါးကန်မှာချည်းပဲ ရှိနေလို့ ကျမကိုတောင် ရေသူမလို့များ မြင်သွား မလား..."

"ဖြစ်နိုင်တယ် . . . မင်းတို့နှစ်ယောက် ကန်ဘောင်မှာ တွဲလျှောက်နေတော ဗွီဒီယိုရိုက်လိုက်သလိုပဲ... မင်းကကောင်း ပါတယ် မင်းနဲ့တွေ့လိုက်ရရင် တစ်ဖက်လူက မင်းကို အလိုလိုကူညီချင် . . ယုယချင်... ဂရုစိုက်ချင်နေကြတာပဲ..."

အံ့ဩလွန်း၍ ဆက်ခနဲလှည့်ကြည့်မိလိုက်သည်။

"ဒီထဲမှာ ရှင်ပါလား"ဟု မေးတော့မည့်ဆဲဆဲ မမေးပဲ... ကားရှေ့တည့်တည့်ကို စူးစိုက်ကြည့်ရင်း... ရင်ခုန်နေသည်ကိုပင် မကျေမနပ်ဖြစ်နေမိ၏။

"မယ်အုံ . . . ညည်းစိတ်ကူးယဉ်မနေနဲ့ . . . ညည်းကို ကိုရှင်းက လုံးဝအရေးလုပ်မှာ မဟုတ်ဘူး ရင်ခုန်မနေနဲ့ ညည်းမောရုံပဲ ရှိမယ်"

"ဒီထဲမှာ ... ငါလည်းပါနေလားပဲ... မင်းကို ငါဂရုစိုက်နေ မိတယ်လို့ထင်တယ်..."

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အကိုရှင်းပြောလိုက်တာမှ ဟုတ်ရဲ့လားဟု မယုံကြည်နိုင်အောင်ဖြစ်မိသည်။ မိမိရင်ထဲက ဖြစ်စေချင်နေတာ ကြားစေချင်နေတာကို ကြားယောင်နေတာလား... ဒါမှမဟုတ်...

ကားနောက်ခန်းတွင် နှစ်နှစ်ချိုက်ချိုက်အိပ်နေသော အညိုမလေးပြောလိုက်တာလား...

"ငါ...အပြင်က ပြန်လာလို့ မင်းရဲ့ပြူတင်းတံခါးလေး ဖွင့်ထားတာတွေ့ရင်... မင်းခေါင်းရင်းက ညမီးပြာလေး လင်းနေတာတွေ့ရင် ငါစိတ်ချသွားပြီပဲ..."

"ဘုရားရေ... သူဟာ မိမိအိပ်ခန်းကို မိမိလိုပဲ အမြဲစောင့်ကြည့်နေသလား"ဟုရင်ထဲက တုန်လှုပ်စွာ အော်မေးမိသည်။

"အင်းလေ... ဒါဟာလည်း... မင်းဟာ ငါ့ညီမလေး တစ်ယောက်လို ဖြစ်ခဲ့တာကိုး..."

"ကဲ... အမှန်တရားကို လက်ခံနိုင်အောင် ပြောချက်လိုက်မယ်အံ့... ညည်းဟာ ရူးသွပ်စွာနဲ့ စိတ်ကူးယဉ်နေခဲ့တာပဲ... အလားကား အရူးမ..." ကိုယ့်ကိုကိုယ် ဆုံးမလိုက်ရင်းက

"ကျေး... ကျေးဇူးတင်ပါတယ်... ကျွမ်အကိုရှင်းရဲ့ ဂရုစိုက်မှုကြောင့် အစစအဆင်ပြေပါတယ်..."

စကားချောကို ကြိုးစားပြောရင်းက နွေးကွေးစွာ သွားနေသော ကားပေါ်မှနေ ငုတ်တုတ်ထိုင်လျက် ပျောက်ကွယ် သွားချင်တော့သည်။





"မင်းနဲ့ငါ ငယ်ငယ်လေးထဲက မောင်နှမတွေလို တွယ်တာသာခဲ့တယ်နော်... ထားရှေ့စင်ကြောင့် ဒီနှစ်ယောက် သဘောထားတွေ အွလွဲခဲ့ရတယ်... မင်းဟာ ခုထိမကြေသေးဘူးလားဟင်..."

"ရှင်... ဘာကိုလဲ..."

လွန်ခဲ့သောငါးနှစ်က ရူးချစ်ခဲ့သော သံချွန်ကို လှုပ်နှိုးသောအခါ ထဆတ်ဆတ်နာကျင်လာလျက်...

"ငါ... မင်းကို မွေးနေ့လက်ဆောင်ပေးပြီး ကျေပါလို့ တောင်းပန်ထားတာ မင်းမကြေဘူးနော်..."

"ခုထိမဖွင့်ရသေးဘူး"

"ဟင်"

ဒီတစ်ခါတော့ တုန်လှုပ်သွားသူကား ရှင်းသန့်ကိုယ်တိုင်မို့ ဘားကို ထိုးရပ်လိုက်ကာ သူမဘက်သို့လှည့်၍...

"တကယ်ပဲဖွင့်မကြည့်ရသေးတာလား..."

ခေါင်းညိတ်လိုက်ရင်း...

"မမကားပေးတဲ့ လက်ဆောင်ကိုရော..."

"ဘာလို့ ဖွင့်မကြည့်တာလဲ..."

ဝေ့ဝဲလာသော မျက်ရည်များကို မျက်တောင်နှင့်ပုတ်ခတ်၍ ထိန်းလိုက်ရင်းက ခေါင်းခါမိသည်။

"နှစ်ထုတ်စလုံးဖွင့်မကြည့်ဖြစ်ဘူး ဟုတ်လား ဒါဆို လွှင့်ပစ်လိုက်လား..."

"သိမ်းထားပါတယ်..."

"ဘာလို့ဖွင့်မကြည့်လဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မခံစားနိုင်လို့ ..."

"မခံစားနိုင်လို့ ..."

ရှင်းသန့်က သံယောင်လိုက်၍ ပြောမိလိုက်သည်။ ငါးကန်မှ ညရှစ်နာရီခွဲမှာ ထွက်လာပြီး ... ကားကိုဖြည်းညှင်းစွာ မောင်းရင်း စကားတပြောပြောနှင့် လာခဲ့သဖြင့် ခရီးမှာပိုရှည်၍ အချိန်တွေကြာသွားခဲ့သည်။

"ပြောစမ်းပါအုံး ဘာကိုမခံစားနိုင်တာလဲ"

"မသိဘူး ကိုရှင်းရယ်... အုံပြောမိလို့ မမထားနဲ့ အဆင်မပြေဖြစ်ရတာပဲမှတ်လား..."

"လုံးဝမဟုတ်ဘူး... သူက ကိုယ်နဲ့လက်ထပ်ရင် ဆင်းရဲမှာကြောက်လို့ ... ကဲ... ဒါတွေကို ငါမေ့ထားလိုက်ပြီ... မင်းက ဘာလို့ ဖွင့်မကြည့်တာလဲ စိတ်ပြေတဲ့နေ့မှာ ဖွင့်မကြည့်ဘူးလား..."

"ဟင့်အင်း..."

"ဖွင့်ဖို့မေ့နေတာလား... အသိန်းလွန်တာပဲ"

"ရှိပါတယ်... အုံလေ... မေ့ထားချင်လို့ပါ"

"ဖွင့်မနေနဲ့တော့ လွှင့်ပစ်လိုက်တော့ ..."

မယ်အုံ ဘာစကားမှ မပြောတော့ပေ။

ရှင်းသန့်ကားစက်နှိုးကာ မောင်းထွက်လာလိုက်သည်။ အရှိန်မြင့်ကာ မောင်းလိုက်ခြင်းဖြစ်သည်။

နှစ်ယောက်သား စကားမပြောတော့ပေ။

အတိတ်၏ ဆည်းလည်းသံကြီးက နှစ်ဦးသားကို တုန်လှုပ်ခြောက်ခြားစေ၏။





အုံညိုသီပေးသော ခရေပန်းကုံးလေးကို ပန်ကာ နံနက်တိုင်း ကျောင်းသို့သွားသော ဆရာမလေးကို ခလေးများက ချစ်၍ ခရေပန်းကုံးလေးများ ကျောင်းမှာထပ်ပေးကြ၏။

ခရေပန်းသာပန်သော ဆရာမ[redacted] အပြုံးကို သူတို့ တောင့်တလျက် ရှိကြသည်။

ထိုမျှမက အောင်မင်းသိန်းကလည်း အိမ်သို့ရောက်လာကာ ပုစွန်ခြောက်နှင့် ငါးခြောက်လာပို့၏။

"မအိမ်ကို ရောက်ချင်လို့ပါ... ကျွန်တော်က အကိုနှင့်အတူ နေတယ်မှတ်နေတာ..."



www.burmeseclassic.com

www.burmeseclassic.com



ပြုံး၍ သာနေလိုက်သည်။ ဘာမှမပြော...

"အကိုနဲ့အမနဲ့ ဘာမှ မတော်ဘူးဆို..."

"ဘယ်သူပြောလဲ..."

"အကိုပြောတာ သူငယ်ချင်းနှမကို စောင့်ရှောက်တာတဲ့"

"အင်း... ဒါပေမဲ့ ငယ်ငယ်ထဲကဆိုတော့ သူဟာ အကို တစ်ယောက်ပဲပေါ့... ကဲ ထမင်းစားသွားပါလား... ငါးကန်က လာတဲ့လူကို ငါးဆုတ်ချဉ်ရည်နဲ့ ခရမ်းသီးနှပ်ကျွေးရမယ်... စားသွား လိုက်နော်... ဗူးသီးပြုတ်တို့စရာနဲ့ပေါ့ ..."

ငါးကန်က ပြန်လာပြီး တပတ်ကြာသည့်တိုင်အောင် ရှင်းသန့် ကို မတွေ့ရပေ။ အောင်မင်းသိန်းကတော့ ရောက်လာလေပြီ... ထမင်းအတူစားကြပြီး ညနေခင်းမှာထိုင်နေစဉ် မျက်နှာချင်းဆိုင် အိမ်သို့ ကြည့်လိုက်၏။ ရှင်းသန့်သည် ပုစ္ဆာဆန်ဆန်ပျောက်ကွယ်နေပြီး... မယ်အုံမှာ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

"ရှေ့အပ[illegible]ါန်ဖော်ရင် မမလာပါအုံးလားဟင်..."

"အကိုရှင်းခေါ်ရင် လာမှာပေါ့"

"ကျွန်တော် သတိပေးလိုက်မယ်..."

ဘာမှ အကြောင်းမသိသေးသော အောင်မင်းသိန်းက မျှော်လင့်နေသည်။

"မမပြန်သွားပြီး... ကျွန်တော် သိပ်သတိရနေတာပဲ...





ဒါကြောင့် အလုပ်များခင် လာတွေ့တာ... အိမ်ကိုတောင် မပြန်ဘူး"

"ဒါလည်း မင်းတတ်တာပဲ စာရင်းကိုင်လည်း တတ်တာပဲ ငါးတွေထိန်းသိမ်းလည်းတော်တာပဲ..."

"အားလုံးတော်ပေမဲ့ မပြည့်စုံတာ တစ်ခုရှိတယ်..."

"မပြည့်စုံတာ"

ဗွီဒီယိုကား တီဗွီဇာတ်လမ်းတွဲများ ကြည့်ဖူးသော်လည်း နဖူး တွေ့ဒူးတွေ့ ချစ်စကားပြောရန် ကြုံရွယ်သည်ကို မကြုံဖူးခဲ့ပေ။

"ဟုတ်တယ်... အချစ်ပဲ... မမပြန်သွားပြီ ကျွန်တော့်ရင်ထဲ လွတ်ဟာသွားတယ်... နေလို့ကို မရဘူးဗျာ.. တစ်ခါမှ ဒီလိုမျိုးမဖြစ်ဖူးဘူး"

"ဘုရားရေ... မင်း... ရည်းစားစကားပြောနေတာလား"

"မမကို ကျွန်တော်လက်ထပ်ချင်တယ်..."

"ဟင်... ဒို့ဘဝမှာ ပထမဦးဆုံးအကြိမ် ရည်းစားစကား အပြောခံရခြင်းပဲ... ဒို့လေ... ရီချင်တာကွာ... တကယ်ပဲ.. ဟင်း ဟင်း"

အမှန်တကယ်ပင် လယ်လို့မှ ထိန်းမရနိုင်လောက်အောင် ရီမောမိသည်။

အောင်မင်းသိန်း ရှက်သွားသည်။

"လှောင်တာလား မမရယ်..."

"မင်းက ဒို့ကို လှောင်တာပါ မင်းရုပ်ရည်နဲ့ ... မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိရည်းစားတွေကိုပဲ လက်ထပ်ခွင့် တောင်းလိုက်ပါကွယ်... စိတ်ကူးမယဉ်ပါနဲ့ ...''

''မဟုတ်ဘူး မမ... ကျွန်တော် ဘဝတစ်ခုလုံး သေသေချာချာ စဉ်းစားတယ်... မမကိုပဲ မြင်ယောင်တမ်းတနေတယ်...''

မျက်နှာနီနီနှင့် ပျာပျာသလဲဖြစ်နေသော အောင်မင်းသိန်းကို ဂရုဏာသက်စွာ ကြည့်ရင်းက

''ဒီ့ ကံဇာတာက စုတ်ဝင်မဲ့ဇာတာကြောင့်လား ... ဒါမှ မဟုတ် ... မေမေတို့ပေးတဲ့ လက်ဖွဲ့တွေ အဆောင်တွေထဲမှာ ပီယများ ပါလို့လား ... နေအုံး ငါပြန်စစ်ကြည့်အုံးမယ်နော်... မင်းကားကို ချုပ်သိမ်းလို့ရပါတယ်... ဒီ့က အကျဉ်းတစ်ခုမလေးပဲကွာ''

''မဆိုင်ဘူး... မမရယ်... အချစ်ဟာရုပ်ရည်နဲ့ မဆိုင်ပါဘူး... မမစဉ်းစားစေချင်တယ်...''

''ဒီ့က စဉ်းစားဖို့ မလိုဘူး... ဒီအိမ်ထောင်မပြုတော့ဘူး မင်းပဲအပြန်ပြန်အလှန်လှန်စဉ်းစားပါကွယ်... ကဲ...ကဲ .. မင်းရဲ့ ချစ်သူတွေနဲ့ သွားတွေ့လိုက်ပါကွယ် ... မိုးဝေးချိတ်ဖြစ်နေလို့ပါ... ဒီ့ကို မပြောခဲ့ဘူးလို့ပဲ ယူဆလိုက်မယ်...''

''မဟုတ်ပါဘူးမမရယ် .. ကျွန်တော်က တကယ်ချစ်တာပါ ယုံပါမမရယ်...''

ချက်ချင်းထဖက်တော့မလိုလိုနှင့် လှုပ်လှုပ်ရှားရှားအမူအရာကို





ကြည့်ကာ မယ်အုံ့တုန်လှုပ်သွားလျက်... သူထံမှယမကာနံ့ ရသလိုဝင်

''မင်းပြန်တော့ မောင်လေး ဒီအိမ်မှာ တို့တစ်ယောက်ထဲ ညကျမှ အညိုက လာအိပ်တာ... ဒီ့စဉ်းစားထားပါမယ်ကွယ်... ကဲ ကဲ... ပြန်တော့နော်... ကန်ဖေါရင် မမကို အကိုရှင်းပြောပြီး လာခဲ့မယ်...''

''အကိုရှင်း... အကိုရှင်းနဲ့ ... မမနဲ့က ရှင်းတယ်နော်''

''ဘာ...''

''အကိုရှင်းက မမကို စိတ်ဝင်စားနေသလားလို့ပါဗျာ...''

မယ်အုံ၏ အသဲနှလုံးကို လှုပ်ခတ်ကာ ပြေးထွက်သွားလေပြီ

''အကိုရှင်းက မမကို စိတ်ဝင်စားနေသလားလို့ပါဗျာ...''

ထွေး



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၄

အစကတော့ ကိုယ့်ကိုကိုယ်နှလုံးသားမဲ့နေပြီး အကိုတွေ ယောင်းမတွေ တူတူမတွေကို ချက်ပြုတ် ကျွေးမွေးနေရ၍ ပျော်ရွှင်နေသော စက်ရုပ်လူသား မယ်အုံအဖြစ်နှင့် ဆက်လက်ရှင်သန်နေရာက အရိပ်အောက်ကနေ ခွဲထွက်ပြီး နေရောင်အောက်ကို ရောက်လာခဲ့တော့ နေရောင်၏ ပူပြင်းသော ဒဏ်ကိုခံနေရပြီး... ထိတ်လန့်တုန်လှုပ်လာမိတော့သည်။

မယ်အုံ၏ နှလုံးသားပူနွေးလာသောအခါ... ချစ်စိတ်သည် နေရောင်ကဲ့သို့ အမှန်တကယ် ပူလောင်လှပါလားဟူ၍ မလှပသော ရုပ်ရည်နှင့် ကြောက်ရွံ့အားငယ်စိတ် ဝမ်းနည်းစိတ်များဖြင့် ...





"ကိုကိုသွေးပေါင်တွေ သိပ်ကျနေတယ်... နားယူလိုက်ပါလားဟင်..."

ချစ်စရာ ပါးချိုင့်ပြုံးလေးနှင့် ပြောလိုက်သော သီရိမွန်ကို မယ်အုံ ခေတ္တငေးစိုက်ကြည့်မိသည်။

ဘာသဘောလဲမသိ... မယ်အုံကိုခေါ်ကာ သီရိမွန် ဆေးခန်းထိုင်နေချိန်မှာ သွေးချိန်လိုက်သည်။

"အနားယူလို့ မဖြစ်သေးဘူး ငါးကန်ဖော်နေတယ် ညီမရေ"

"ဒါဆို... အိမ်မှာ... ပုလင်းတစ်လုံးချိတ်လိုက်ပါလား.. နော်ကိုကို... ဒါမှ စိတ်ချရမှာ နို့မဟုတ်ရင် ကိုကိုပစ်လဲသွားလိမ့်မယ်"

"ရပါတယ်ကွာ..."

"မရဘူးကိုကိုရဲ့ ... သွေးပေါင်က တအားကျနေတာ... မမတွေးက ဂရုမစိုက်ဘူးလား... ဝိုင်းပြောပေးပါအုံး... မမတွေးရယ် ကိုကိုက သိပ်ပေါ့တာပဲ..."

မယ်အုံမှ ဘာမှပြောပိုင်ခွင့်မရှိပဲ သီရိမွန်လေးရှေ့မှာ ကိုယ့်ကို အော်လိုက်ရင် ဆိုတဲ့အတွေးနဲ့ လှမ်းကြည့်မိသော မျက်လုံးအစုံတို့ ရင်ဆိုင်မိလိုက်သောအခါ... သူတို့နှစ်ဦး၏ ရင်းနှီးမှုကို ခုမှတွေ့ရသော အခါ အပြုံးရောင်သက်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



"နော်... ကိုကို သီရိဆေးပုလင်းသွားယူလိုက်အုံးမယ်... မမထွေး ... ကိုကို့နားမှာ စောင့်ပေးပါ..."

သီရိမွန်က ပြောရင်းပြေးထွက်သွားသောအခါ ရှင်းသန့်က အိပ်ရာမှ ထလိုက်သဖြင့် မယ်အုံက ထူမလိုလုပ်ပြီးမှ မထူပဲ နောက်ဆုတ်လိုက်သည်။

"အား ... ခေါင်းထဲက မူးလိုက်တာ..."

ပြန်လှဲချလိုက်သဖြင့် မယ်အုံပျာယာခတ်သွားပြီး

"အကိုရှင်း... ဖြေးဖြေးထလေ... မယ်အုံထူပေးမယ်.. ပြီးတော့ ကိုရှင်းအိမ်မှာပဲ အိပ်ပြီးဆေးသွင်းလိုက်ပါလား အိပ်ပျော်သွားတော့ ကောင်းတာပေါ့ ... အားပြည့်သွားတာပေါ့နော်... တစ်နာရီလောက် အနားယူလိုက်ပါ..."

အိမ်သားအားလုံး၏ အထူးသူနာပြုဖြစ်ခဲ့သော မယ်အုံသည် ရှင်းသန့်အား ဖေးဖေးမမနှင့် အသာတွဲထူပြီးမှ တကိုယ်လုံးကျင်ဖြန်း ရင်တဒိတ်ဒိတ်ခုန်ကာ မျက်နှာများ ရဲရဲနီသွားတော့သည်။

"ကိုကို အိမ်မှာပဲ သွင်းမှာလား..."

"အင်း... အိပ်ပျက်တဲ့ ညတွေများလို့ တရေးအိပ်မလား လို့ပါ..."





သီရိမွန်က ဆေးပုလင်းကိုင်ကာ ပြန်ရောက်လာသည်။ မယ်အုံ မျက်နှာ ရဲရဲနီနေပြီး တကိုယ်လုံးတုန်လှုပ် ဘာမှမပြောနိုင်ဖြစ်နေစဉ် ရှင်းသန့်က ဝင်ပြောလိုက်ရ၏။

"ကောင်းတယ်ကိုကို ... ရွှေချီး ထမင်းစားပြီး ကိုကို အဆင်သင့်ဖြစ်တဲ့အချိန် ခေါ်လိုက်ပါ... သီရိလာခဲ့မယ်နော် ..."

"ရပါတယ်... ညီမအားတဲ့အချိန်လာခဲ့ပါ... ဒီက လူနာတွေ မှတ်သွားအောင် စောင့်နေဖို့မယ်... ကိုယ်ညနေကျမှ ငါးကန်ကို သွားကြည့်လိုက်မယ်..."

မယ်ဟုံမှုန်းကို ပယ်ပွတ်တန်းပက်ကာ ဆေးခန်းမှ ထွက်လာသောအခါ မယ်အုံဘာမှ မပြောရဲ သီရိမွန်၏ မျက်နှာကိုပင် မကြည့်ရဲပဲ ရင်တွေတအားခုန်နေသောကြောင့် ခြေလှမ်းပင် မမှန်ချင်တော့

"ဟာကယ်ပဲလှမ်းမလျှောက်နိုင်ဘူးလား ... တမင်မေ့ပြီး မဖယ်ပေးတာလား..."

"နေအုံး... မင်းကို ငါကပြန်တွဲရအုံးမယ်ထင်တယ်... ဘာဖြစ်နေတာလဲ..."

ရှက်ရောကောင်းလိုက်တာ အရုပ်ဆိုးမလေး မှုမမှန်ဖြစ်နေတာကို လှောင်ပြောင်တာလား...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... မောင်နီကို ခေါ်လိုက်မယ်နော်..."

"မခေါ်နဲ့ မောင်နီ ငါးကန်ရောက်နေပြီ မင်းပြန်ချင်ပြန်လေ"

ဆတ်ခနဲ တုန်ခါသွားပြီး မယ်အုံ့ပုခုံးပေါ်မှာ ရှင်းသန့်လက်ကို ဖယ်လိုက်သောအခါ ရင်ထဲဟာသွားပြီး ဝမ်းနည်းသလိုခံစားလိုက်ရသည်။

ကျောခိုင်းထွက်သွားသော ရှင်းသန့်နောက်ကျောကို တွေဝေစွာ ငေးကြည့်ပြီးမှ... ချိတုံချတုံ ဖြစ်နေမိသည်။

"မောင်နီ မရှိဘူးတဲ့ ..."

ခြေလှမ်းများက သူနောက်ကို အလိုလိုလိုက်လာမိသည်။ ရှင်းသန့်က လှည့်မကြည့်ပဲ ခြံဝင်းထဲဝင်လာပြီး ညေခန်းမှစ၍ အိပ်ခန်းထဲအထိ တောက်လျှောက်ဝင်သွားသဖြင့် မယ်အုံမှာ ဆက်လိုက်ရကောင်းနိုး ပြန်လှည့်ရကောင်းနိုးနှင့် ချီတုံချတုံ ဖြစ်နေရပြန်သည်။

ငယ်စဉ်ကတော့ ရှင်းသန့်အိပ်ခန်းရော ကုတင်ပေါ်ရော တက်ဆော့ပြီး တစ်အိမ်လုံးဝင်ထွက်သွားလာနေကြ ဖြစ်သော်လည်း ထားရွေစင်ရောက်လာပြီးမှ တစတစဝေးကွာသွားတော့သည်။

"အို... သူဟာ လူမမာပဲလေ... ပြီးတော့ သူဟာ ငါ့အကို ပါပဲ.. ငါ့အကို ကိုနှစ်တို့ ကိုသစ်တို့လိုပါပဲ..."

ကိုယ့်ကို ကိုယ်အားပေးကာ... တစ်ခါမှ မရောက်ဖူးသော ရှင်းသန့်အိမ်၏ မီးဖိုချောင်သို့ တန်းဝင်လာကာ ထမင်းအိုး၊ ဟင်းအိုးများ





လှန်လှောရှာဖွေလိုက်ရာ...

ဘာမှ မရှိ... အားလုံး အိုးဆေးထားသည်ကိုသာ တွေ့လိုက်ရသည်။

"သားကဖြစ်သလိုပဲစားတယ်... ဝယ်စားတာ များတယ်တဲ့ မောင်နီကလည်း ဘာမှ မချက်တတ်ဘူး... ပြီးတော့ အလုပ်များနေတော့ အိမ်ပြန်စားချင်တဲ့အခါကျမှ စားတယ်..."

မယ်အုံ့အား သူ့အိမ်မလာရန် မှာထားသည့် စကားများကို ကြားယောင်နေ၍ ဥပက္ခာပြုမိသော ကိုယ့်ကိုကိုယ်အပြစ်တင်မိ၏။ ငါးကန်သို့ မယ်အုံလိုက်သွားပြီး ဆယ်ရက်နီးပါးမတွေ့ပဲ နေသည့်အချိန်မှာ ရှင်းသန့်နေမကောင်းဖြစ်သည်ကို တွေးမိလျှင် ကိုယ်ကိုကိုယ် စိတ်မကောင်းဖြစ်သွားသည်။

"ကိုရှင်း ရေချိုးပြီးပြီလား..."

အိပ်ခန်းဝမှ လှမ်းမေးလိုက်သည်။ မျက်နှာကို တစ်ဖက် လှည့်ကာ မှောက်၍အိပ်နေ၏။ သူ့ကုတင်က ပြူတင်းပေါက်ဘေးမှ ကပ်လျက်ဖြစ်ပြီး လိုက်ကာချထားသည်ကို တွေ့လိုက်ရသည်။

"ကိုရှင်း ရေချိုးလိုက်အုံးလေ"

"ပြီးပြီ..."

"ဒါဖြင့် ထမင်းစားမလား... မယ်အုံ့အိမ်မှာ ထမင်းဟင်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီးသားရှိတယ်... ယူလာခဲ့မယ်နော်..."

"မစားချင်ဘူး"

မယ်အုံ့ သက်ပျင်းရှူလိုက်မိသည်။ တစ်ဦးတည်းသော သားမို့ ကလေးဆိုးကြီးဖြစ်ကြောင်းကို မယ်အုံ့သိပြီးသားပဲ သားက အမေကို နွဲ့သလို နွဲ့နေသည်မို့ ...

"ဒါဆိုကော်ဖီနှင့် ကြက်ဥစားလိုက်နော် ... တော်ကြာ သီရိလာတဲ့အခါ ဘာမှ မစားရသေးရင် ဆေးသွင်းဖို့ ကြာနေလိမ့်မယ်"

တိတ်တဆိတ်နေသဖြင့် လက်ခံသည်ဟု ယူဆကာ မီးဖိုထဲဝင်၍ ကြက်နှစ်လုံးကြော်လိုက်သည်။ ထို့နောက် ကော်ဖီတစ်ခွက်ဖျော်ကာ အိပ်ခန်းထဲသို့ အရဲစွန့်ကာ ဝင်လာပြီး...

"အကိုရှင်း...ထ ကော်ဖီ သောက်လိုက်ပါအုံးနော်... ကြက်ဥ ကြော်လေးလည်းစားပါ..."

မှောက်လျက်အိပ်နေရာမှ မလှုပ်မယှက်နေနေသဖြင့် မယ်အုံ့ စိတ်အိုက်သွားသည်။

"ကိုရှင်းအိပ်နေလားဟင် မအိပ်ပါနဲ့အုံး ကြက်ဥစားလိုက်ပါ ဝမ်းထဲမှာ ဘာမှမရှိရင် ရောဂါတွေရနေအုံးမယ်... ထနော်..."

အကိုများနေမကောင်းလျှင်လည်း ဤကဲ့သို့ ချော့ကာ ပြုစု နေရသလို တူတူများကိုလည်း ချော့မော့ပြုစုရသဖြင့် ကိုယ်ကိုကိုယ်





သူနာပြုတစ်ယောက်လို သဘောထားကာ ချော့လိုက်သည်။

"အကိုရှင်း... ထလေ... မယ်အုံ့ဟာ အကိုရှင်းရဲ့ ညီမ တစ်ယောက်ပါ... အကိုရှင်းက မကြိုက်လို့ မလာရတာ ပစ်ထားသလို ဖြစ်သွားပြီနော်... ကိုရှင်းဒီလိုဖြစ်ရတာ မယ်အုံ့စိတ်မကောင်းပါဘူး အန်တီမာသာသိရင် မယ်အုံ့ကို အပြစ်တင်မှာပဲ..."

ဝမ်းနည်းသံနှင့် တတွတ်တွတ်ပြောနေတော့မှ သူ့ကိုယ်ကို ဖက်လက်လှန်ကာ...

"ပုံးထဲမှာ မုန့်ရှိသေးတယ်... ပြီးတော့... ငါ ... ကော်ဖီ မသောက်တာကြာပြီ... အမေရှိထဲက ကော်ဖီမှုန့်တွေပဲ..."

"ဟင်... ငယ်ငယ်က ကိုရှင်းက ကော်ဖီသိပ်ကြိုက်တာပဲ မဟုတ်လား... အိမ်မှာစာလာကျက်ရင် မယ်အုံ့က ကိုရှင်းကို မတ်ခွက် ကြီးနဲ့ ဖျော်တိုက်ရတာပဲ..."

"ဟုတ်တယ်... မေမေဖျော်တဲ့ကော်ဖီနဲ့ ... မင်းဖျော်တဲ့ ကောင်ဖီပဲ ငါသောက်တာပဲ..."

"အော်.. တော်သေးရဲ့ ကိုရှင်းရယ်...ကိုရှင်းအကြိုက်ကို မယ်အုံ့ မမေ့သေးဘူး... ကိုရှင်းအကြိုက်ဖျော်ထားပါတယ်... မြတ်နိုးသောက်လိုက်နော်... ကြက်ဥကြော်လေးစားနှင့် မယ်အုံ့ မုန့်သွား ယူအုံးမယ်..."



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စိတ်ချစွာဖြင့် သွက်လက်ပျော်ရွှင် သွားသော အပြုံးလေးနှင့် ရှင်းသန့် ကုတင်နားမှ စားပွဲလေးပေါ်မှာ ကော်ဖီဗန်းလေး တင်ကာ မုန့်ယူရန် အပြင်ထွက်လာစဉ်... ရှင်းသန့်က အပြိုဘက်သို့ လိုက်ထွက်လာပြီး ညှော်ခန်းမှာထိုင်ကာ ကော်ဖီကိုတစ်ငုံ ငုံသောက်လိုက်မိ၏။

"ငါက လူမမာကြီးမှ မဟုတ်တာ..."

လွန်ခဲ့သော ငါးနှစ်ကာလဆီကို ပြန်ပြောင်းအမှတ်ရမိသည်။ ဒီကောင်မလေးဟာ သူ့ကို စာကျက်လျှင် အမြဲကော်ဖီဖျော်ပေး ပန်းကန် သိမ်းပေးနှင့်... တစ်ခါတရံ ထားရွှေစင်ရောက်လာလျှင်... ပင်မငြူမစူနှင့် ... ထားရွှေစင် စားချင်သည့် လှက်သုတ်ကလေးကို ရေနွေးခါတ်ဗူးနှင့် ချပေးကာ သူလုပ်စရာရှိသည်ကို သွက်လက်စွာ လုပ်နေသည့် ဘယ်တော့မှ အငြိမ်မနေတတ်သည့် ကောင်မလေး၏ ပုံရိပ်မှာ ပြန်အသက်ဝင်လာတော့သည်။

ဝေးခဲ့ပြီးမှ ပြန်တွေ့တော့လည်း ခလေးတွေ တို့လို့တန်းလန်းနှင့် ထမင်းဇလုံနှစ်လုံးနှင့် ခလေးလေးယောက်ကို လက်ပျာစက်တပ်ထား သလို လိုက်ခွံ့ပေးနေသည်ကို ပြန်မြင်ယောင်လာပြီး ပြုံးလိုက်မိသည်။

"ကိုရှင်း... ဗိုက်ပြည့်ပြီး အိပ်ပျော်သွားအောင် မစားချင်လည်း များများစားနော်... ညနေဘာစားချင်သည်း... မယ်အုံ ချက်ကျွေး





ထိုသယ်... ကိုရှင်းအပေါ်မှာ မယ်အုံ မာနထားပြီး ကိုရှင်းကို ပစ်ထား သလို ဖြစ်နေတာ တောင်းပန်ပါတယ်... တကယ်တော့ ကိုရှင်းရဲ့ ခံစားမှုနဲ့ လိုက်ပြိုင်ပြီး.. ဥပေက္ခာပြုထားမိတာ မယ်အုံအမှားပါ..."

"ဘာမှမဟုတ်ပါဘူး... ငါ... အားလုံးမေ့နိုင်ပြီ ... ငါက အိမ်မှာ အမြဲမရှိတာ.. နင်ချက်နေ အဝိုပဲ..."

မာတောင့်တောင့်ပြောလိုက်သော စကားနှင့်ပင် မယ်အုံ ကျေနပ်ပျော်ရွှင်သွားပြီး... မိမိကြော်ပေးသော ကြက်ဥကြော်ကို နှစ်လုံး လုံးကုန်အောင်စားပြီး ကော်ဖီကို အရသာခံသောက်နေသည်ကို တွေ့ရ သောအခါ ပို၍ ကျေနပ်ပီတိဖြစ်နေမိ၏။

"မုန့်ပါစားလေ... တော်ကြာ သီရိက မေးနေဦးမယ်... အခုဗျာ မေတာနာနဲ့ လာလုပ်ပေးမှာ..."

ရှင်းသန့်က မယ်အုံကို စူးစိုက်ကြည့်ရင်း...

"ဘာလဲ... မေမေက သီရိကို သဘောကျတယ် အောင်သွယ် ပေးဦးလို့ ပြောထားတာလား..."

"ဟင်း"

ပြုံး၍ ခေါင်းငြိမ့်လိုက်သည်။

"မင်းရော သဘောကျလား..."

"ကျဟာပေါ့ ... စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး သိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ချော ကောင်းတဲ့ မိန်းခလေးပဲ..."

"မင်းက သိပ်တော်တာပဲ... သူများအလှအပကို ကြည့်တတ် မြင်တတ်တာပဲ... ဟော... လာနေပြီ..."

ခြံဝင်းထဲဝင်လာသော သီရိလက်ထဲမှ ဆေးအိတ်ကို သွက်လက် ဖျတ်လတ်စွာ ပြေးယူလိုက်သော်လည်း သီရိက လွှတ်မပေးပေ။

"ကိုကို ထမင်းစားပြီးပြီလား..."

"ကော်ဖီနဲ့ ကြက်ဥကြော်ပဲစားတယ်..."

"ကိစ္စမရှိဘူး အားဆေးထည့်ပြီးရင် ကိုကို ဆာလာမှာပဲ အဲဒီမှ ကျွေးပေါ့ ... အိပ်ခန်းမှာ ရှိတ်မှာနော်..."

"ဟုတ်တယ်... ကိုရှင်းရေသောက်ဦးမလား အပေါ်လေး ဘာလေးသွားထားလေ... မယ်အုံ အသင့်ပြင်ထားပေးမယ်..."

"မယ်အုံ..."

သီရိမှန်က တိုးတိုးလေးရေရွတ်သောအခါ မယ်အုံက ရုက်ရိုရို ကာ...

"ငယ်ငယ်ထဲက အကိုတွေက ဥမ္မာဒန္တီ လိုလှတယ်ဆိုပြီး မယ်အုံလို့ ခေါ်ကြရင်း အကျင့်ဖြစ်သွားတာလေ..."

"ဟင်းအင်း သီရိတော့ ဥမ္မာဒန္တီကို မကြိုက်ပါဘူး သူဟာသာသူ ဘယ်လောက်လှလှ သိဝိမင်းကြီးကို လက်စားချေချင်တဲ့ စိတ်နဲ့ ဟန်ဆောင်ပြီး လှည့်ဖျားခဲ့တယ် မှုတ်လား... မမထွေးက အဲဒီလိုစိတ်ဓါတ် မရှိပါဘူး မှုတ်လား"





"လှမှမလှတာ ဘယ်လိုလုပ် ဟန်ရေးပြမှာလဲ..."

"မမက ဆွဲဆောင်မှုရှိပါတယ်..."

"မဟုတ်ပါဘူး"

မျက်နှာရဲရဲနှင့် အလန့်တကြား ငြင်းလိုက်မိသည်။

"မယ်အုံ ... ကုတင်ဘေးက လိုက်ကာကို ဖွင့်လိုက်... ဒါမှ သင်းသွားမှာ...

မယ်အုံ ဘာမှမပြောသာတော့ပဲ အိပ်ခန်းထဲဝင်သွားပြီး... မှိုင်းသန့်ပြောသလို လိုက်ကာကို ကြိုးဆွဲ၍ဖွင့်လိုက်သောအခါ... လင်းသွားပြီး... မယ်အုံ၏ အိပ်ခန်းပြူတင်းပေါက်နှင့် တန်းနေသည်ကို တွေ့လိုက်ရတော့သည်။ ရုတ်တရက် မှင်သက်ငေးမောမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဇာတ်ဝင်ဒီယိုဆန်ဆန် အချစ်ဇာတ်လမ်းများလို မင်းသား နေမကောင်းလျှင် အနားမှာ မခွဲမခွာ ထိုင်စောင့်နေမည့် မင်းသမီးအဖြစ် မယ်အုံစိတ်ကူး မယဉ်ချင်...

ပြူတင်းပေါက် တံခါးချင်းတန်းနေ၍ ကိုယ့်ကို မျက်စေ့ အောက်က အပျောက်မခံနိုင်အောင် ချစ်နေမိသည် ဟူ၍လည်း မယူဆရဲ့

သူ့အိမ်ကို လာခွင့်ပေးကာ ကောင်းနိုးရာရာချက်ပြုတ်ကျွေး၍ ကိုယ်ချက်တာကို အားပါးတရ စားနေသဖြင့် ကိုယ့်အပေါ် သာယာနေပြီ ဟုလည်း မသတ်မှတ်ဝင့်။

နှလုံးသားမဲ့သော မယ်အုံအဖြစ်နှင့် ရန်ကုန်အိမ်မှာ အကိုတွေ ယောင်းမတွေ တူ တူမတွေကို ချက်ပြုတ်ကျွေးမွေးနေရ၍ ပျော်ရွှင်နေသော စက်ရုပ်လူသား မယ်အုံအဖြစ်နှင့် ဆက်လက်ရှင်သန်ခွင့်လေးရလျှင် ကျေနပ်ပါပြီ...





"ကိုရှင်း တစ်နာရီကျော်ကျော်ကြမယ် ဆိုရင်အိပ်လိုက်နော် မယ်အုံအိမ်ပြန်ပြီး လျှော်စရာ ဖွတ်စရာရှိသေးလို့... ရေလည်း ချိုးရအုံးမယ်... ပြီးမှ ပြန်လာမယ်..."

"မနေနိုင်လဲသွားကွာ..."

စိတ်ကောက်သလိုပြောပြီး မျက်လုံးမှိတ်ထားသော ရှင်းသန့် အားကြည့်ကာ စိတ်မချနိုင်ဖြစ်သွားမိသည်။

ငါးကန်ဖော်နေသော သုံးရက်လုံးလုံးမောင်နီက အိမ်မှာဘာ၍ အဝတ်မလျှော်ပေးနိုင်သည်ကို သိသဖြင့် ရှင်းသန့်၏အဝတ်များကို နှံ၍ ယူသွားလိုက်သည်။

အဝတ်လျှော်စက်ရှိသော်လည်း ဘယ်တုံးကမှ အားမရ၍ ကိုယ်တိုင်လျှော်မှ စိတ်တိုင်းကျသူပီပီ သူ့အိမ်သို့ ခိုးယူသွားကာ အမြန် လျှော်ဖွတ်ပြီး ရေချိုးလိုက်သည်။

ဘာရယ်မသိ မယ်အုံ၏အဝတ်နှင့် ကိုရှင်း၏အဝတ်ကို ကြိုးတန်းမှာ ယှဉ်လှမ်းရင်းက ရင်တွေဖိုပြီး စိတ်ကူးယဉ်ချင်နေသည်။

ခါတိုင်းတွင်သနပ်ခါးကိုဖြစ်သလို မလိမ်းပဲ သေသေချာချာလေး လိမ်းလိုက်၏။ မနက်က အညိုကောက်ပေးထားသော ခရေပုံးလေးကို ဆံထုံးကကလေးမှာ ခွေပန်လိုက်ရင်းမှန်သေးသေးလေးထဲတွင် ကိုယ့်မျက် နှာကိုယ်ကြည့်ကာ လှလာလို့လားဟု သံသယဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မယ်အုံ . . . နင်က မျက်စေ့မှေးတာရယ် နှာလေးနဲ့နဲ့ ပြားတာရယ်က ဖျက်တာ ပုရွက်စိတ်စားရင် ချက်စေ့ပြူးတယ်တဲ့ နှာခေါင်းကို နာနာဆွဲ ချွန်တယ်တဲ့ ... ကိုယ့်ကိုကိုယ် ပြုပြင်မှပေါ့"

ငယ်စဉ်က ကိုရှင်းပြောသောစကားများကို အမှတ်ရနေမိသည်။ ဘာလို့များ ကိုယ့်ကိုကိုယ့် လှပအောင် ဂရုမစိုက်မိတာလဲ . . . မမထားရွှေစင်၏ အလှကိုမြင်သောအခါ ကိုယ့်ရုပ်ကို မကြည့်ချင်လောက်အောင် အားငယ်သွားမိသော်လည်း လှချင်စိတ် မဖြစ်ခဲ့ဖူးပေ။

အခုမှ... ပိုလို့လှချင်နေတာလဲ... ဘယ်အရာမှ ပြောင်းလဲပြီး လှလာတော့မည် မဟုတ်နိုင်တော့...

"စိတ်ကူးယဉ်မနေနဲ့စမ်း မယ်အုံ . . . ကိုရှင်းက ဘာမှ မပြောင်းလွဲဘူး နှင့်ကိုညီမတစ်ယောက်လိုပဲ ထင်မှန်နေတာ... ဒေါက်တာ သီရိမွန်နဲ့ အခြေအနေတိုးတက်လာပြီပဲ..., သူနဲ့ ထိုက်တန်တဲ့လှပဲ နင်က အောင်သွယ်ပေးရမှာ... အလကား အရူးမ..."

ချက်ခြင်းပဲ ကိုယ့်ကိုကိုယ် ဆုံးမ၍ရှုသွပ်သော အတွေးများကို ဖယ်ရှားလိုက်၏။

မောင်နီတို့ အိမ်ဘက်ကူးကာ နွားနို့သွားဝယ်ပြီး... ကြက်ဥ နှင့် ပူတင်းပေါင်းပေးရန် ထွက်လာလိုက်သည်။

အိပ်ခန်းတံခါးဝမှာ ရပ်၍ ချောင်းကြည့်လိုက်သောအခါ





မှုတင်းပေါက်ဘက်စောင်း၍ အိပ်ပျော်နေဟန်ဖြင့် ငြိမ်နေသည်ကို တွေ့လိုက်ရသည်။ ဆေးပုလင်းရည်မှာ သုံးပုံတစ်ပုံသာ ကျန်တော့သည်။

မီးဖိုထဲဝင်ပြီး ပူတင်းပေါင်းရန်ပြင်ဆင်ပြီး... ပေါင်းအိုးထဲ ထည့်ပေါင်းကာ အချိန်ကိုက်ချိန်ထားလိုက်၏။ ထို့နောက် နွားနို့ကြို ဆိုက်သည်။

အိပ်ယာမှနိုးလျှင် နွားနို့နှင့် ပူတင်းပေါင်းကျွေးရန်ပင် ဖြစ်သည်။

မီးဖိုကိစ္စပြီးသော်... အိပ်ခန်းဝမှ ပြန်ချောင်းကြည့်သောအခါ တံခါးဘက်လှည့်ကာ အိပ်ချင်ယောင်ဆောင်နေသလို မျက်လုံးလေး မှိန်မှိတ်လိုက်သည်ကို တွေ့ရသဖြင့် မယ်အုံ ပြုံးလိုက်မိသည်။

"ကိုရှင်း အိပ်မပျော်ဘူးလား..."

ဘာမှ မပြောသဖြင့် ... မယ်အုံ ထပ်မမေးတော့ပဲ... ညည်ခန်းအတွင်း ရှုပ်ပွနေသည့်ကို ရှင်းလိုက်သည်။

"ဒါတွေ မောင်နီလုပ်လိုက်မယ်... မင်းလုပ်စရာ မဟုတ်ဘူး"

"မောင်နီက မအားဘူးဆို..."

"လာစမ်း မယ်အုံ... ငါစိတ်မရှည်ဘူး နဲနဲမြန်လိုက်စမ်း ဒါ"

"ဟင် ... ကုန်ခါနီးနေပါပြီ ..."

"ရှည်မနေနဲ့... အိပ်ယာထဲနေရတာ ကျောအောင့်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နာရီတောင် မပြည့်သေးပဲနဲ့ ..."

မယ်အုံက ပွစိပွစိပြောရင်း သူ့စိတ်ကျေနပ်စေရန် နည်းနည်းသာ တိုးပေးလိုက်၏။

"မယ်အုံ... ညည်းသိပ်ရှည်တာပဲ..."

"ကိုရှင်း အိပ်မပျော်လို့လား..."

"မေးကနဲ ပျော်သွားတယ်... ငါ... နေ့ဘက်ကို သိပ်အိပ်လို့ မရဘူး..."

"ဒီနေ့ ငါးကန်မသွားပဲ နားလိုက်ပါလားကိုရှင်းရယ်... ဟိုမှာ အောင်မင်းသိန်းလည်းရှိတာပဲ..."

မယ်အုံနှုတ်ဖျားမှ အောင်မင်းသိန်းဟု ပြောမိလိုက်သောအခါ ရှင်းသန့်က မျက်မှောင်ကုတ်ကာ

"သူ ... မင်းဆီကို လာလည်သေးတယ်ဆို..."

"တစ်ခါတည်းပါ..."

"ဘယ်နှစ်ခါများ လာလည်စေချင်လို့လဲ..."

အောင်မင်းသိန်း ရဲဆေးတင်လာပြီး လက်ထပ်ခွင့်တောင်းသည်ကိုတော့ ဖွင့်မပြောရဲပေ။

ဘဝတစ်သက်တာတွင် ယောကျ်ားတစ်ယောက်၏ ချစ်ခွင့်နှင့် လက်ထပ်ခွင့်တောင်းသည်ကို ရင်မခုန်ရဲ... မသာယာရဲပေ။ မှုံမှုံရှ





နှင့် ပြောသည်ဟုပင် ယူဆလိုက်တော့သည်။

"ကိုရှင်း။ ညနေကျရင် ဘာစားချင်လဲ... မယ်အုံ ဈေးသွားဝယ်ပေးမယ်..."

"ငါးကန်သွားမယ်..."

"ဒီတစ်နေ့ပဲ နားလိုက်ပါ..."

"ဒီအိမ်မှာ ဘာလုပ်ရမလဲ အလုပ်မရှိပဲ ချောက်ကပ်ကပ်နဲ့ ဒီလိုပဲ ထိုင်နေရမှာလား..."

ကလေးဆိုးကြီးလို ညစ်ကျယ်ကျယ်ပြောလိုက်သော သူ့စကားကြောင့် မယ်အုံ ပြုံးမိလိုက်သည်။

"ဒါကြောင့် မိန်းမယူလိုက်လို့ပြောနေတာ..."

"ငါက ဘယ်သူ့ကိုယူရမှာလဲ..."

"အန်တီမှာ သဘောတူသူကိုပေါ့ သဘောကောင်း ရုပ်ချောလေး"

"သွားစမ်းပါ ... အဲဒီပြည့်စုံနေပြီးသား မိန်းမတွေဟာ ပြည့်စုံပြီး သူတို့ကို သူတို့ ပိုပြီးမြင့်မားအောင်ပဲ လုပ်ချင်နေကြတာ လိုချင်တာ အဲဒီလိုမျိုးမဟုတ်ဘူး မယ်အုံ... ညည်းသိပ်စကားများတာပဲ ပေးပါဆိုနေမှကွာ... ငါ့ဖာသာ ငါပဲလုပ်တော့မယ်..."

ရှင်းသန့်က ချက်ချင်းပင် အိပ်နေရာမှ ထလိုက်သဖြင့် မယ်အုံ

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားနှင့် ရှင်းသန့်လဲမှာစိုး၍ ဝင်ဖေးမကာ အတင်းပြန်လှည့်ခိုင်းရ၏။

"ကိုရှင်းကကွာ... သိပ်ခေါင်းမာတာပဲ... တအားပြန်သွားရင် အားနည်းနေလို့ ဒါဏ်မခံနိုင်ပဲ ချွမ်းတက်သွားမှာ စိုးလို့ပါနော် ခဏလေး ... ကဲ နှစ်ထစ်တက်ပေးမယ်... ဟော... ကြည့်ကြည့် စောစောကထက်တော့ မြန်လာပြီ... နော်...ကဲ ခဏလေးမိနစ် နှစ်ဆယ်လေး နေပေး... မယ်အုံ့ပူတင်းဖုတ်ထားတာ ကျက်သွားတာနဲ့ အတော်ပဲ ... နော်... ကိုရှင်း သွားချင်ရင်သွားပါ... ဒါပေမယ့် မယ်အုံ့ပါလိုက်မယ်နော်"

ကလေးတစ်ဦးလို ချော့ရင်းပြောလိုက်သောအခါ... ရှင်းသန့်က မျက်မှောင်ကုတ်ကာ

"ဘာလဲ... အောင်မင်းသိန်းကို တွေ့ချင်လို့လား"

"ဟော ... ကိုရှင်းကလဲ ပေါက်ပေါက်ရှာရှာ ကိုရှင်းပြန်လာရင် မီးချုပ်လို့ တစ်ယောက်ထဲ ဖြစ်မှာစိုးလို့ပါ..."

"ဖြစ်ဖြစ်ပေါ့ကွာ... မင်းလာရင် အောင်မင်းသိန်း အလုပ်လုပ်တော့မှာ မဟုတ်ဘူး..."

"အလကား ဒီကောင်လေးဟာ မူးပြီး ပေါက်ကရ ပြောနေတာ သူ့ထက်အသက်ကြီးပြီ ရုပ်ဆိုးတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ချင်





တောင်းတာဟာ မူးလို့ရူးလို့ ကိုရှင်းရယ်... သူ့ဖာသာသူ ဘာပြောလို့ ပြောမိမှန်းတောင် သိမှာမဟုတ်ဘူး..."

"လက်ထပ်ခွင့်တောင်းတယ် ဟုတ်လား..."

မျက်မှောင်ကုတ်ကာ သေချာအောင် ထပ်မေးလိုက်သည်။ မယ်အုံ့ မျက်နှာနီနီနှင့် ခေါင်းညိတ်ရင်း

"သွားမမေးပါနဲ့ ကိုရှင်းရယ်... သူမေ့နေပါပြီ... မူးလို့ ပေါက်ကရပြောမိတာပါ..."

"မူးလို့ပဲပြောပြော... ရူးလို့ပဲပြောပြော... သူ့စကားကို မင်းစဉ်းစားသင့်တယ်... ဒါပေမဲ့ မင်းဆီကို မူးပြီးလာတာတော့ မကောင်းဘူး..."

အံ့အားသင့်ပြီး ငေးကြောင်သွားမိသည်။ ရှင်းသန့်က စကားဆက်၍

"အောင်မင်းသိန်းက လူတော်လူကောင်းတစ်ဦးပါကွာ... မိဘမရှိဘူး... အကိုပဲ ထိန်းနေတာ လူငယ်ပီပီရည်းစားကတော့ များတာပေါ့ကွာ... ဒါပေမဲ့ ဘယ်သူ့မှ လက်ထပ်ဖို့ မစဉ်းစားဘူး မင်းကို လက်ထပ်မယ်ပြောတာ အံ့ဩစရာပဲ... သူ့အသက်က နှစ်ဆယ့်နှစ်နှစ်ဆိုတော့ မင်းထက်တစ်နှစ်ပဲ ငယ်တယ်...ဘွဲ့ရပြီးသွားပြီ သူ့မှာ အမွေဆိုင်အိမ်လေးတစ်လုံး ရှိထားတယ်..."



www.burmeseclassic.com

www.burmeseclassic.com



အကိုကြီးကို ပြန်အမ်းပေးပြီးသွားပြီး... အခုတော့ အိမ်ငှားတင်ထားပြီး ငါးကန်မှာပဲ နေတာလေ... သူ့ကို ဂရုစိုက်မဲ့မိန်းမ မိခင်နဲ့တူတဲ့မိန်းမ .. အမနဲ့တူတဲ့မိန်းမကို သူရှာနေတာ ကြာပြီ မင်းစဉ်းစားသင့်တယ်... "

"ကိုရှင်းက အောင်သွယ်နေတာလား..."

"စဉ်းစားရအောင်ပြောတာပါ... မင်းပဲပြောထားတာပဲ မင်းကိုဘယ်သူမှ လက်ထပ်ခွင့်မတောင်းဘူးသေးဘူးဆို... ပထမဦးဆုံးတောင်းလာတဲ့ သူကို မပယ်သင့်ဘူး..."

"ဟင်း... ဈေးရောင်းသလို ဈေးဦးမပယ်ကောင်းဘူးဆိုပြီး မယ်အုံက ခေါင်းညိတ်ရမှာလား... ဟင်း... ဝေးသေး အရုပ်ဆိုးမဆိုပြီး အထင်သေးအမြင်သေးနဲ့ ခုတွေ့တဲ့လူ လက်ထပ်ခွင့်တောင်းတဲ့လူကို ဝမ်းသာအားရနဲ့ ကျမက မျက်စိစုံမှိတ်ပြီး လက်ခံရမှာလား... ရှင်တော်တော်ပစ်စလက်ခတ်နိုင်တဲ့သူ ..."

မယ်အုံစိတ်မဆိုးစဖူး စိတ်ဆိုးကာ ချက်ချင်းပင် အခန်းထဲမှ လှည့်ထွက်ကာ ဘောက်ဆတ် ဘောက်ဆတ်နှင့် အိမ်ပြင်ထွက်လာပြီး ခြံတံခါးဝရောက်မှ ပူတင်းအိုးကို သတိရသလို သီရိမွှန်တာဝန် ပေးထားသော ပိုက်ဖြုတ်ရန်သတိရလိုက်၏

"ဟင်း"





မကျေမနပ်နှင့် ပြန်လှည့်ရသည်။

မကြည့်သော်လည်း ပြူတင်းပေါက် သံဗန်းကြားမှ မယ်အုံကို ငြိုးကြည့်နေသော ရှင်းသန့်၏ မျက်နှာကြီးကို မြင်ရသောအခါ မယ်အုံ နှုတ်ခမ်းမစူနိုင်တော့ပေ။

"ဟင်း... လုပ်စရာရှိနေသေးလို့ ..."

"အော်... ကြာကြာလေး စိတ်ဆိုးဖူးတယ် ရှိရအောင် စိတ်ဆိုးလိုက်ပါလား ကလေးမရယ်... ကိုချော့မှာပေါ့ ..."

ရှင်းသန့်က တိုးတိုးလေးညီးညူလိုက်သည်။ ထို့နောက် ငါးကန်တို ဘယ်တော့မှ မခေါ်သွားတော့ဘူးဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ... ဒီနေ့ ညစာအိမ်မှာစားမယ်တဲ့ ..."

အိမ်မှာ ထမင်းစားမဲ့နေ့ မောင်နီမိန်းမနှင့် မှာလိုက်ပါတု ဆေးသွင်းစဉ်က ပြောထားပြီးနောက် သုံးရက်အကြာမှာ မောင်နီရောက် လာ၍ ပြောလိုက်သည်။

"တကယ်လား... ဒါဆိုရင် သူ့ထမင်းစား မကောင်းနေတာ ကြာပြီပဲ... သူကြိုက်တဲ့ ဟင်းချက်ပေးရမယ်..."

ဈေးခြင်းဆွဲ၍ ဈေးသို့လာစဉ် ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားလာခဲ့၏။ ဟိုတစ်ခါငါးပေါင်းထုပ်လုပ်ပေးတာ သုံးထုပ်လုံး ကုန်အောင် စားသတဲ့... ဒီတစ်ခါ... အားရှိအောင် ဖိုးဖြူသီးနှင့် ငါးဟင်းချက်ကျွေးပြီး... ဟင်းနုနွယ်ရွက်က သွေးပေါင်တက်သည့် အသားလေး တစ်မျိုးမျိုး ချက်မှပဲ...





"ဟော... မမထွေး... ဘယ်လဲ..."

"ဈေးသွားမလို့လေ... ညီမလေးကရော..."

"အတော်ပဲ... ဈေးနားက သူငယ်ချင်းတစ်ယောက်၏ အိမ်မှာစာအုပ်သွားငှားမလို့ ... လာလေ... မမ ... အပြန်ကျရင် လည်းလိုက်ခဲ့ ... မမဈေးဝယ်တာကြားလား..."

"ဟင့်အင်း နာရီဝက်ပါပဲ..."

ပြောရင်းရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

"သီရိတို့ စာမေးပွဲက ရှေ့အပတ်လေ မမရဲ့... အဲဒါ ခွင့်ယူပြီး စာတွေအပြတ်ကျက်နေရတာ... မမက ခုမှ ကျောင်းက ပြန်လာတာ မနားဘူးလား... တစ်ယောက်ထဲပဲ ကြော်လှော်ထားတာ မရှိရင် သီရိတို့အိမ်ဝင်စားပါလား မမရယ်..."

"အော်... မမ်တစ်ယောက်ထဲက ရတာယ်လေ... ဒီနေ့ညနေမှ ကိုရှင်းက အိမ်မှာထမင်းစားမယ်လို့ မောင်နီကိုပြောထားလို့ ကိုရှင်း စားကောင်းအောင် ချက်ပေးမလို့ပါကွယ်..."

"မမတို့က မောင်နှမ မဟုတ်ဘူးနော်..."

ရုတ်တရက်အမေးကြောင့် ကဗျာကယာခေါင်းရမ်းလိုက်ရင်း

"မမတို့က အဒိမ်နီးချင်းတွေလေ... မောင်နှမတွေလိုပဲ.. မမက အကိုနှစ်ယောက်အောက်က ညီမထွေးဆိုတော့ ကိုရှင်းက အဖော် မရှိလို့ မမတို့မောင်နှမသုံးယောက်ပဲ အဖော်လုပ်နေရတာ... ညီမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို့ပဲ သဘ်မှတ်ထားပြီးသား မမကလည်း အစ်ကိုသုံးယောက် လို့ စိတ်ထဲမှာ ားပြီးသားပဲ..."

အရှည်ကြီးရှင်းပြပြီး ကာကွယ်လိုက်သည်။ သီရိမွန်က ပြုံး၍ ကြည့်လိုက်ပြီး ဈေးရှေ့မှာ ကားရပ်လိုက်၏။

"ကိုကိုက' ကြည့်တော့ ရုပ်တည်ကြီးနဲ့ သဘောကောင်း တာပဲနော်.."

"ကောင်းတာပေါ့... စိတ်ရှည်တတ်တယ်... တစ်ခါတလေ ညစ်ချင်တာ တစ်ခုပဲရှိတာ... ဒါကြောင့် မမကယောင်းမတစ်ယောက်ကို လိုချင်နေတာ... ကိုသစ်နဲ့ ကိုနှစ်ကလေးတွေက မမလက်ပေါ်မှာပဲ ကြီးလာတ ကိုရှင်းမိန်းမယူရင်လည်း မမက ခလေးထိန်းလိုက်လုပ်အုံးမှာ ပဲလေ ဒီအကိုတစ်ယောက်ထဲပဲ ကျန်တော့တာ... အန်တီမေကလည်း မြေးချီချင်နေပြီ..."

ထိုအခါ သီရိမွန်က ပါးနပ်စွာ ပြုံး၍ရောင်ရှားကာ

"မီးစာမေးပွဲပြီးတော့ ကိုကို့ကို လေ့လာဆန်းစစ်နိုင်းတာ ပေါ့လေ... တကယ်တော့ လက်ထပ်တယ်ဆိုတာ ဘဝတစ်ခုလုံး ပုံပေး ရမှာပဲ ကိုယ့်ကိုကိုယ် ပြန်လည်ဆန်းစစ်ဖို့ အများကြီး လိုအပ်တယ် လေ..."

"မမ ဒီမှာပဲစောင့်နေနော်... နာရီဝက်..."

သီရိမွန်ကားလေး ထွက်သွားသောအခါ... မယ်အုံသက်ပြင်း





မော ချရပြန်သည်။

ကိုရှင်းအတွက်နဲ့ သက်ပြင်းမောချချနေရတာကြာပြီပဲ... ဘာလိုလိုနဲ့ ရန်ကုန်မပြန်ရတာ နှစ်လရှိပြီ... ဒီတစ်ခါ ပိတ်ရက်မှာ ကြာဦးမှပဲ...

အမေဟာ လှပခန့်ညားတဲ့ သားနှစ်ယောက်ကို မွေးပြီး ဒီသမီးလေးကျမှ ရုပ်ဆိုးတဲ့မိန်းခလေး ဘာလို့ဖြစ်ရတာလဲ... ဘဝက ကောင်းမှု အကုသိုလ်လုပ်ခဲ့လို့လား...

အမေ့သမီး အကျည်းတန်မလေး ရင်တွေဖိုပြီး ရှူးရှူးမိုက်မိုက် စိတ်ကူးယဉ်ခဲ့မိတာကို မေမေသိရင် အရူးမလို့ပြောပြီး ရီမောမှာလား ခုမှမဟုတ် ရင်ထုမနာနဲ့ စိတ်မကောင်းဖြစ်ပြီး အမိုက်မလေးရယ်.. စိတ်ကူးမယဉ်စမ်းပါနဲ့လို့ ပြောအုံးမှာလား...

ဘာပဲဖြစ်ဖြစ် အချစ်မရှိတဲ့.. အမေ့သမီးအသံနှလုံးကို ရင်ခုန်သံလေးတွေ ဖြတ်စီးသွားတယ်.. ဖြတ်သွားရုံပါပဲ မေမေရယ် ကြာကြာရင်မခုန်ရဲ စိတ်ကူးမယဉ်ရဲပါဘူး...

ကတ်ကတစ်ဝယ်ပြီး... ဇီးဖြူသီးနှင့်ချက်ရန် ရှာဖွေဝယ်ရမှာမို့ ခေါင်းထဲမှ စိတ်ကူးယဉ်အတွေးကို ချက်ခြင်းဖယ်ထုတ်လိုက်၏။

ကိုရှင်းပိန်သွားတယ် .. သွေးပေါင်ကျသွားတယ် ... အန့်တီမာကိုခေါ်ပြီး ဂရုစိုက်နိုင်းမှပဲ ... ပြီးတော့ သီရိမွန်လည်း စာမေးပွဲပြီးတော့မှဆိုတော့ ... မြန်မြန်အောင်သွယ်ပေးလိုက်ရင်

www.burmeseclassic.com



ဈေးသည်များထံမှ အိမ်ကြက်ဥများကို ကိုရှင်းအတွက် ဝယ်လိုက်ပြီး ... အားရှိရန်အတွက် ဆေးဘာဥသုတ်ပေးဦးမည်။ ကြက်သွန်မြိတ် နံနံပင်လည်းမမေ့ရန် သတိထားဝယ်ရသည်။ ဒီရာသီက ဆလပ်ရွက်ပေါ်သည့် အချိန်မဟုတ်...

"ဟော... မမကမြန်သားပဲ... သီရိနဲ့ရောက်တာ အံကိုက်ပဲ .. သီရိက စိုးရိမ်နေတာ မမစောင့်နေရမှာစိုးလို့ ..."

ချစ်စဖွယ်ကောင်းသော ကောင်မလေးကို ကြည့်ကာကိုရှင်းနှင့် လက်ထပ်စေချင်သည့် စိတ်ကဖြစ်ပေါ်လာခဲ့၏။ ကိုရှင်းသာ ဒီမိန်းခလေး မျိုးကို ဇနီးအဖြစ်တော်စပ်ရလျှင် ဘယ်လောက်ကောင်းမလဲ...

ဒါပေမဲ့ ... သူလေးက ဘဝတစ်လမ်းအတွက် စာကြိုးစား နေဦးမဲ့ မိန်းခလေး...

"ညီမလေး..."

"ရှင်... မမ... ဘာပြောမလို့လဲ..."

"ညီမလေး စာမေးပွဲဖြေကာ နိုင်ငံခြားမှာ ပညာသင် သွား မလို့လား ..."

"အင်းလေ .. ဒက်ဒီလို ဘွဲ့တွေအများကြီးယူမှာ..."

"ကိုရှင်းရဲ့ ကံပဲလား..."

"ရှင်"

သီရိမွန်၏ လှပသော မျက်လုံးလေးက နားမလည်သလို





မေးလိုက်သည်။

"အော်... ကိုရှင်းတက္ကသိုလ်တုံးက ချစ်သူရှိတယ်... သိပ်လှတာပဲ... ကိုရှင်းတို့သိပ်ချစ်ကြတာပဲ... ဒါပေမဲ့ မမထားက နိုင်ငံခြားသွားပြီး ဘဝတက်လမ်းကို ရှာချင်တယ်လေ... ကိုရှင်းက အမေဆုံးတော့ စီးပွားရေးကျသွားတော့ အမေနဲ့ စီးပွားရေး ဝိုင်းလုပ် နေရတာ နဲနဲယိုင်သွားတယ်လေ... အန်တီမာနဲ့ အမေတစ်ခု သားတစ်ခု ဖဲ့ရှိတာ.. ခွဲပြီးဘယ်လိုသွားရမှာလဲ... ဒါနဲ့ပဲ မမထားနဲ့ အကိုရှင်း လက်တွဲဖြုတ်လိုက်ရတာ အကိုရှင်းက သိပ်ခံစားရတာပဲ ညီမရယ်.. ဒဏ်နှစ်တောင်ရှိသွားပြီပဲ... ခုထိ... အိမ်ထောင်မပြုသေးဘူး..."

"ဟို... ဒါကြောင့် ကိုကိုလူပျိုကြီးဖြစ်နေတာပါလား... ခုထိအစားထိုး ကုစားလို့မရသေးဘူးပေါ့"

"အင်း... သူစိတ်ဝင်စားတဲ့ မိန်းခလေးကလဲ နိုင်ငံခြားကို သွားအုံးမှာဆိုတော့ ..."

ပွင့်ပွင့်လင်းလင်း အောင်သွယ်လိုက်သောအခါ သီရိမွန်က ဒဏ်လေးမို့တက်သွားအောင် ရီလိုက်ရင်း...

"ဟုတ်လို့လား မမရယ်... သူဟာ နိုင်ငံခြားသွားအုံးမဲ့ မိန်းခလေးကို စိတ်ဝင်စားနေတယ်ဆိုတာ ဟုတ်ရောဟုတ်ရဲ့လား သေချာလား..."

"ဟုတ်ပါတယ်ညီမရဲ့ ... သူကြောက်နေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မမကို ဖွင့်ပြောလို့လား ..."

"ဖွင့်တော့ မပြောသေးဘူး... ဒါပေမဲ့ မမသိတာပေါ့ .. ငယ်ငယ်ထဲက အတူနေလာတဲ့အစ်ကိုပဲ..."

"ထားတော့မလ... သချာတယ်ဆိုရင်...မမရဲ့ အကိုရှင်း ကိုယ်တိုင် ဖွင့်ပြောမှာပဲပေါ့လေ... "

"တကယ်လား ညီမလေး... ညီမလေးလက်ခံမလားဟင်"

သီရိမွန်က ပြုံးပြုံးလေးလုပ်ကာ ခေါင်းညိတ်လိုက်ရင်းက..

"မီးစာမေးပွဲဖြေပြီးရင် အဲဒီ့ကိစ္စစဉ်းစားမယ်လေ... ရှေ့အပတ်မှ မီးစာမေးပွဲဖြေရမှာ... ဒါမေမဲ့ကြားက အောင်သွယ်မမတို့ မေမေတို့ မလိုချင်ဘူးနော်... ကိုကိုကိုယ်တိုင် ဖွင့်ပြောမှ..."

"ဝမ်းသာလိုက်တာ ညီမလေးရယ်... ကိုရှင်းဖွင့်ပြောရင် ညီမလေးလက်ခံပေးနော်... ကိုရှင်းက အသီးကျွန်ဆန်နေတာပါ... ကိုရှင်းကို နားလည်ပေးပါနော်..."

"စိတ်ချပါ... ညီမစာမေးပွဲဖြေပြီးရင် ခေါင်းအေးအေးနဲ့ စဉ်းစားလို့ ရပြီပေါ့... ကဲ.. မမကျေနပ်ပြီလား..."

မယ်အုံ၏ အိမ်ရှေ့မှာ ကားထိုးရပ်ပေးပြီး မယ်အုံကို ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် ပြုံးပြုံးလေး ကြည့်နေလိုက်သည်။

မယ်အုံဝမ်းသာသွားသည်။ ကိုရှင်းနှင့် ထိုက်တန်သော မိန်းခလေးတ လက်ခံမည်ဆိုတော့ ရင်တုန်လိုက်နွေးပြီး ကတုန်ကရီနှင့်





ထမင်းပင် ရုတ်တရက်မချက်နိုင်ပဲ မီးသွေးမီးဖိုမွှေးရင်းက မျက်ရည်များတွေတွေ စီးကျလာတော့သည်။

ကိုကိုရှင်းရယ်... မမထားလို လှပတဲ့ မိန်းခလေးလို ရတဲ့အပြင် ... ပညာတတ်ပြီး စိတ်သဘောထားဖြူစင်တဲ့ မိန်းခလေးကို ရလိုက်တဲ့ ကိုရှင်း... သိပ်ကံကောင်းမှာပါ... ကံကောင်းပါစေ... ကံကောင်းပါစေ..."



www.burmeseclassic.com

www.burmeseclassic.com



'တကယ်လား သမီးရယ်... သီရိလေးက အဲဒီလို တကယ်ပြောတာလား..."

"အဟုတ်အန်တီမာရဲ့ ... မယ်အုံက ညာမလား..."

အန်တီမာ၏ ပဲပွဲရုံဆီသို့ဝင်ကာ ပြောလိုက်သောအခါ အန်တီမာက ဝမ်းသာအားရနှင့် မယ်အုံ၏ လက်မောင်းကို ကိုင်လှုပ်ကာ မေးလိုက်သည်။

"ကဲ... ကဲ... မယ်အုံနဲ့ သီရိနဲ့ သိပ်ခင်ကြသလား... အစအဆုံး ပြောပြစမ်းပါ သမီးလေးရယ်..."

အန်တီမာက ဝမ်းသာလွန်း၍လုပ်လက်စ အလုပ်များကို ရပ်ကာ သူ့တူမအား လွှဲပေးပြီး အအေးဆိုင်ဘက် ထွက်လာလိုက်သည်။

"သမီးက ရန်ကုန်တောင် မရောက်သေးဘူးလားကွယ်..."





"အန်တီမာက ဒီမှာဆိုတော့ ရန်ကုန်ကိုသွားပြီးရင် ပြန်ထွက်လို့ရမှာမဟုတ်ဘူး ပြီးတော့ သေသေချာချာပြောပြချင်လို့ ဒီကိုတန်းလာတာ ကိုရှင်းကိုတောင် မပြောထားဘူး... ကိုရှင်းသိရင်ဆူမှာ..."

"ကိစ္စမရှိဘူး ... ရန်ကုန်ကို အန်တီမာ လိုက်ပို့ပေးမယ် ပြန်ရင်လည်း လိုက်ပို့ပေးမယ်... "

"ဟင့်အင်း မပို့ပေးနဲ့အုံး အန်တီမာ သီရိလေးကပြောတယ် ဘယ်အောင်သွယ်မှ မလိုချင်ဘူး ကိုကိုကိုယ်တိုင် ဖွင့်ပြောမှတဲ့ ..."

မယ်အုံက ဝမ်းသာအားရနှင့် သီရိတို့အိမ်ကို မောင်နီနှင့် စမိတ်ဆက်ဝင်မှ ကိုရှင်းသွေးပေါင်ကျ၍ သီရိက စမ်းသပ်ပေးပုံ ဆေးသွင်းပေးပုံတို့ကို ပြောပြပြီး ... တစ်နေ့ကဈေးကို လိုက်ပို့ရင်း စကားပြောကြပုံကို အသေးစိတ် ပြန်ပြောပြလိုက်သည်။

"ဟာ... ဒါဆို အခြေအနေကောင်းတာပေါ့ သမီးရယ်.. အမေလေး.. ကျေးဇူးတင်လိုက်တာ သမီးရယ်... ဒီဇာတ်လမ်းမှာ သမီးပဲ ဒါရိုက်တာလုပ်ပြီး သမီးပဲဖန်တီးလိုက်တော့ ... အန်တီမာ မပြောဘူးလား... သီရိလေးက သိပ်သဘောထားကြီးတာ... ဟုတ်တယ်နော်... ထားရွှေစင်နဲ့ တခြားစီပဲ..."

"ဟုတ်တယ်... အန်တီမာ သိပ်ချစ်ဖို့ကောင်းတာ မယ်အုံလေ သီရိကို ချစ်လွန်းလို့ ကိုရှင်းနဲ့ ဖြစ်စေချင်တာ... အန်တီမာ စိတ်မပူနဲ့ မယ်အုံသီရိကို တောင်းပန်ပါ့မယ်... ကိုရှင်းနဲ့ မမထားရွှေစင်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတော့ ကိုရှင်းကို သနားသွားလို့ ထင်တယ်နော်..."

"ဟုတ်မှာပေါ့ စိတ်သဘောထားနူးညံ့တဲ့ သူတွေက သနားတတ်တယ်... အန်တီမာ... စိတ်ချမ်းသာပြီး ဒီနှစ်ထဲမှာ ပေးစားလိုက်ရင် နောင်နှစ်ကျရင် မြေးချီရပြီကွယ်..."

ဝမ်းသာအားရဖြစ်နေသော အန်တီမာကိုကြည့်ကာ မယ်အုံ့ရင်ထဲ ဝမ်းသာလွန်းလို့ တုန်လှုပ်နေဟာလား ရင်ခုန်နေတာလား မသိ ရင်ထဲမှာ အမည်ဖော်ပြမရသော ဝေဒနာနှင့် ...

"ဟုတ်ပါတယ်... ကိုရှင်းဟာ အိမ်သူသက်ထား လိုအပ်နေပါပြီ... အိမ်ချင်းကလည်းနီးနေတော့ အစစအစဉ်ပြေတယ်... မယ်အုံ့လည်း နှစ်နှစ်လောက် လုပ်ရဦးမှာဆိုတော့ ကိုရှင်းရဲ့ ခလေးကို ထိန်းပေးလို့ ရသေးတယ်..."

"သမီးရယ်... သမီးလေးဟာခုထိ ခလေးထိန်းဖို့ စိတ်မကုန်သေးဘူးပဲကိုး... ငါ့သမီးလေးကို ကျေးဇူးတင်တာပဲ... သမီးလေးဟာ လေ အမေ့သမီးလေး အရင်းလိုပါပဲကွယ်..."

အန်တီမာက မယ်အုံ့ပါးနှစ်ဖက်ကို ဆွဲရင်းပြောလိုက်စဉ် မယ်အုံ့၏ မျက်လုံးမှေးမှေးလေး ပိတ်သွားသည်အထိ ပြုံးလိုက်မိသည်။

သို့ရာတွင် အလိုလိုငိုချင်သွားမိသဖြင့် အန်တီမာတိုက်သော အအေးကို ငုံသောက်လိုက်ရသည်။

ရင်ထဲမှာ ပူဆင်းသွားတော့သည်။





"သမီး... ဘယ်နှစ်ရက်နေမှာလဲ..."

"နှစ်ညအိပ်မှာပါ... မရောက်တာကြာနေလို့ ..."

"အေး... အေး .. ဟုတ်တယ်... အန်တီမာလည်း အိမ်ပြန်မယ်... တစ်ညနှစ်ညအိပ်လိုက်ဦးမယ်... သမီးလေးရယ် သမီးရဲ့ကိုရှင်း မင်္ဂလာဆောင်ကျရင် ငါ့သမီးလေကို အန်တီမာ အားလုံး ဆင်ပေးမယ်... ပြီးတော့ သမီးကို အစွံထုတ်ရမယ်..."

"အန်တီမာကလည်း ကျောက်ခဲ ရေပေါ်ပေါ်နိုင်နေပြန်ပြီ"

ရီရွှဲသာပြောလိုက်ရသည် ရင်ထဲမှာ စူးနစ်လျှက် အောင်မင်းသိန်းကို မြင်ယောင်လာမိ၏။ သို့ရာတွင် အရေးယူ၍ ထည့်မပြောတော့ပေ။

အန်တီမာသည် အလုပ်များကို တူမနှင့်လွှဲထားပြီး စကားတတွတ်တွတ်ပြောကာ ကားကို မောင်းနှင်လာသည်မှာ လေအဟုန်ထဲ ဖုံနေရသလိုပင် ပျော်ရွှင်နေသဖြင့် မယ်အုံ့မှာ ရင်တထိတ်ထိတ်နှင့် အန်တီမာကို သတိပေးနေရသည်။

အိမ်ရောက်သောအခါ ... အကိုသစ်တို့ လင်မယား အပြင်သွား၍ အဖေအမေက ကလေးနှစ်ယောက်ကို ထိန်းနေရသည်။ မတွေ့ရသည့် တစ်လကျော်ကျော်အတောအတွင်း မေမအန်နဲ့ငယ် ပိန်သွားသည်။

"ခလေးက ချူချာတယ် သမီးရယ် ... ဝင့်မာလည်း ပြုစုနေရတာ ဒီနေ့မှ အပြင်ထွက်ရတော့တယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ခလေးက သိပ်ပိန်သွားတယ်..."

မယ်အုံ့ စိတ်မကောင်းဖြစ်သွားသည်။ မိဘများကို ပစ်ထားမိသလို ဖြစ်သွား၏။

"နောက်တစ်ခါဆိုရင် သမီးကျောင်းပိတ်တာနဲ့ နေ့လည်ကို ပြန်လာမယ်... တစ်ညအိပ်ရင် မေမေရော ဖေဖေရော မမဝင့်ပါ စိတ်ချ လက်ချအိပ်လို့ရပြီပေါ့ ..."

"မလုပ်ပါနဲ့ သမီးရယ်... သမီးပင်ပန်းပါတယ်... သမီးက အခုမှ လွတ်လွတ်လပ်လပ်နဲ့ အေးအေးဆေးဆေး နေရတာ... သူတို့ လူရမယ်ဆိုတာလဲ ခုထိ မရသေးဘူးကွယ်..."

"မရမှာသေချာရင် သမီးဟိုမှာရှာပေးမှာပါ ကိုရှင်းတို့ ငါးကန်မှာလည်း မိသားစုတွေရှိနေသားပဲ... ကိုရှင်းနဲ့ သူ့လက်ထောက် အောင်မင်းသိန်းကိုမှာထားရင် ရတာပေါ့ ..."

အောင်မင်းသိန်းအကြောင်းလွတ်ခနဲပြောပြီးမှ မှားမှန်းသိလိုက်သည်။

"အော်... အောင်မင်းသိန်းဆိုလို့ငါးကန်က ကောင်ကလေးလား... သူက ရန်ကုန်ဘက်ကို လာရင်းနဲ့ မေမေတို့အိမ်လာသွားတယ် ပုဇွန်ခြောက်နဲ့ ငါးခြောက်တွေ လာပေးသွားတယ် ... သမီးနဲ့ ခင်တယ်ဆို"

"အော် ... ဟုတ်လား သိတောင်မသိလိုက်ဘူး ...

ကိုရှင်းက ပို့နိုင်းတာလား..."

"မပို့နိုင်းဘူး ... ကောင်လေးက ရည်ရည်မွန်မွန်လေးပဲ သမီးကို သိပ်ခင်တယ်တဲ့ သမီးနဲ့တောင် ထမင်းစားဘူးသေးတယ်ဆို"

မိခင်၏ မျက်ဝန်းများက မယ်အုံ့အား စူးစမ်းလေ့လာနေသလိုပင်... မယ်အုံ့ မလုံမလဲ ဖြစ်မိသွားသည်။

"ငါးကန်မှာ တစ်ခါ ထမင်းစားဖူးတယ် ... ကိုရှင်းနှင့် လိုက်သွားတုံးကပေါ့ ထမင်းစားချိန်မို့ ထမင်းကျွေးလိုက်တာပါ..."

"သမီးက ဟိုရောက်မှ လှလာတယ်ကွယ်... ဖေဖေပြောသလို ကျောင်းနိုပ်အောက်က လွတ်သွားလို့ စိုစိုပြေပြေနဲ့ လှလာတယ်ထင်ပါရဲ့"

"အော်... မေမေကလည်း ကိုယ့်ငါးချဉ်မှ ကိုယ်မချဉ်ချင် ဘယ်လို လုပ်မလဲ ... ဒီလာက်ရုပ်ဆိုးတာကို..."

ရှက်ပြုံးပြုံးရင်းက ပလုံးပထွေး ပြောချလိုက်သည်။ မိခင်နား ရောက် လာတော့လည်း ကလေးလေးဖြစ်ကာ နှုတ်ခမ်းချွန်၍ ဆိုးနွဲ့နေလာမိသည်။

"မဟုတ်ဖူး ... အမှာကိုယ်တိုင်ပြောတာ ... သမီးကို ရွှေတစိုက်နဲ့ လိုက်ကြည့်နေတဲ့ သူတွေရှိလာပြီတဲ့ ... သမီးဟာ အရုပ်မဆိုးပေမဲ့... လုပ်တဲ့ အလုပ်ဂုဏ်နဲ့ စိတ်ထားလေးဖြူစင်တော့ လှလာတာပေါ့ကွယ်... ရင်တွင်းစိတ်ကြောင့် ရုပ်ကပြောင်းပြီး ပိုလှလာပေါ့ကွယ်..."





www.burmeseclassic.com

www.burmeseclassic.com



"မေမေကာလဲ"

ထိုကဲ့သို့ အပြောမျိုးကို အန်တီမာကရော ပြောထားသဖြင့် ကိုယ့်ကိုကိုယ် ဘဝမြင့်သွားသလိုပင်... တကယ်များ လှလာသလားဟု အိမ်ရှေ့မှာထားသော မှန်ကိုလှမ်းကြည့်မိလိုက်သည်။

"ဒီအတိုင်းပါပဲ မေမေရယ်"

"မဟုတ်သေးပါဘူးနော်... အဲဒီကောင်လေး အောင်မင်းသိန်းက သမီးရဲ့ လိပ်စာကို ဘယ်လိုလုပ်သိပြီး တကူးတက လာရတာလဲ သမီးလဲ မလွှတ်ဘူး ရှင်းသန့်လည်း မလွှတ်ပဲနဲ့ ..."

မလုံမလဲနှင့် မျက်နှာလွှဲလိုက်ရင်း...

"သူ့မှာ မိဘမရှိတော့ မိသားစုဝင်ငွေတွေကို ခင်တွယ်တာနေမှာပါ မေမေရယ်.... ရန်ကုန်ကိုလာတုန်းအချိန်တွေ ပိုနေလို့ အပျင်းပြေ ဝင်လာတာနေမှာပေါ့ ...."

"မထင်ပါဘူးကွယ် သမီးကိုများနှစ်သက်နေသလား... သမီးသာ တွေ့တားရောက်ပြီးမှ စုတ်တွေဝင်လာသလိုပဲ..."

"ဟာ မေမေကလဲ... ရုပ်ချောချောကောင်ကလေးက... သူ့အနားမှာ အချောအလှတွေရှိမှာပါ... မေမေကလည်း တလွဲတွေးနေပြန်ပြီ သိသွားရင် အားနာစရာကြီး ...."

စကားမြန်မြန်ဖြတ်လိုက်ပြီး အငယ်လေးကိုချီကာ လှည့်ထွက်လာလိုက်၏။





အောင်မင်းသိန်းဟာ ဒီအထိရောက်လာတာဟာ မူးလို့ရူးလို့ပြောမိတာ မဟုတ်ပါဘူး... ဒါ... ဒါဆို ... သူ... တကယ်လား

"ဟင့်အင်း မဖြစ်ဘူးမဖြစ်ဘူး... သူဟာ ကိုယ့်ထက်ငယ်ပြီး ရုပ်လှတဲ့ ယောက်ျားတစ်ယောက်ပဲ... တော်ကြာ ...ရိုးသွားရင် ပစ်ပယ်သွားမှာ... ငါကဒီလောက် ရုပ်ဆိုးတာ..."

ကိုယ့်ကိုကိုယ် အားငယ်စိတ်ဝင်သွားကာ မျက်ရည်များ ရစ်ဝဲလာမိသည်။

နှလုံးသားလေးပူနွေးလာပြီးပဲ... မယ်အုံ့ရင်မှာ ချစ်စိတ်ကလေးဝင်လာလေပြီ... သို့ရာတွင် မလှပသော ရုပ်ရေမို့ ... ကြောက်ရွံ့အားငယ်စိတ်လေးနှင့် ဇမ်းနည်းကြေကွဲ သွားမိသည်။

"ဒေါ်လေးအုံ့... နိုးနေလား"

"ဟင် ဟုတ်ပါဘူး မိလေးရဲ့... မျက်စေ့ထဲ အမှုန်ဝင်သွားလို့ပါ.. ကဲ.. လာ ဒေါ်လေးအုံ့ဆီလာပါအုံး ကလေးရဲ့"

ဝေးကွာနေသော တူမလေးအား ပွေ့ဖက်နမ်းရှုံ့လိုက်ရင်းက လျှပ်တစ်ပျက် ထခုန်လိုက်သော ရင်ခုန်သံလေးများကို ပြေငြိမ်းသွားစေသည်။

ဒီကလေးတွေနှင့် အားမရပဲ ကိုနှစ်ဖါခလေးနှစ်ယောက်ကိုပါ ခေါ်ယူလိုက်ပြီး... ထုံးစံအတိုင်း ထမင်းဇလုံနှစ်လုံးနှင့် ထမင်းခိုက်ရင်း ထမင်းဟင်းများပေးကာ သေးစိုစိုရေစိုစိုနှင့် မယ်အုံ့တို့ပျော်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်အုံရဲ့ ဘဝမှန်လေးဟာ ဒါပါပဲ ဒီထဲမှာပဲ ပျော်မွေ့နေတော့မည်။ ကိုနှစ်မိန်းမ မငယ်ကလည်း ကိုဝန်လွှယ်လို့ ... မကြာမီ မယ်အုံကို လိုအပ်လာဦးတော့မည်။



## အခန်း ၄

"မယ်အုံလေးရယ် တစ်သက်မှာတစ်ခါတော့ အချစ်နဲ့ ပတ်သက်တာကို ခံစားဖူးလာလိမ့်မယ်... မင်းရင်ထဲမှာ မရှိနိုင်ဘူး ဆိုတဲ့ အချစ်စိတ်ကို သေသေချာချာ ဆန်းစစ်ကြည့်လိုက်ပါ။ အိပ်ချင်မူးမူး ဖြစ်စေပဲ အိပ်ရာက သူ့အလိုလိုနိုးထလာတဲ့အထိ အချိန်ယူစောင့်ကြည့်လိုက်ပါ... ပြီးရင် ဘယ်လိုနေသလဲလို့ အထပ်ထပ်မေးကြည့်

အချစ်မှာ လိမ်ညာမှုမရှိဘူး အမှန်တရားပဲရှိတယ်... အဲဒီ အမှန်တရားကို ညီမလေးရင်ဆိုင်နိုင်ရမယ်... မဖုန်းကွယ် ထားရဘူး နော်... အချစ်ကို လွတ်လပ်စွာ သွားလာခွင့်ပေးလိုက်ပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းမေမေ့ကို ဘာတွေသွားပြောသလဲ မယ်အုံ..."

"ဟင်..."

မျက်ဝှုံးလေးအဝိုင်းသားနှင့် ကိုရှင်းကိုမော်ကြည့်မိသည်။ ညနေသုံးနာရီတွင် ကိုရှင်းကားအိမ်ရှေ့ရောက်လာပြီး ... သူနှင့်မြန် လိုက်ရန်ခေါ်သဖြင့်... ကဗျာကယာ ထလိုက်လာမိသည်။

"မင်းတော်တော် အောင်သွယ်နေပါလား ဒီလောက်တောင် ဖြစ်လာတယ်... ကိုယ့်ကိုကိုယ်ပြန်အောင်သွယ်လိုက်.. ဟိုမှာ အောင်မင်းသိန်းက မင်းမလို့ မူးမူးနဲ့ ငါ့ကိုရင်တွေလာဖွင့်နေတာ"

"ဟင်... အဲဒီ တောင်လေးရှူးနေတာပဲ... သူ့ရုပ်နဲ့ မယ်အုံ ရုပ်က ဆီနဲ့ရေ ကွာတာကို နေအုံး... မယ်အုံ သူ့ကို အပြတ်ပြော လိုက်မယ်... မယ်အုံ အိမ်ထောင်မပြုဘူး.. ဘယ်သူမှလည်း မချစ်ဘူး အချစ်ဆိုတာ ဘာမှန်းတောင်မသိဘူး ..."

"တကယ်လား..."

လှောင်သလိုပြောလိုက်သော ကိုရှင်းစကားကြောင့် ဘာမှ ထပ်မပြောတော့ပဲ ပြူတင်းပေါက်မှတဆင့် အပြင်ဘက်လယ်ကွင်း စိမ်းစိမ်းလေးများကို ငေးကြည့်နေမိသည်။

ငှက်ကလေးများကဲ့သို့ အပူအကင်းမဲ့စွာဖြင့် လွတ်လပ်စွာ ပျံသန်းလိုပါသည်။ မယ်အုံဟာ တွံ့တေးကို ရောက်တော့မှပဲ ရင်ခုန် လှိုက်မွေးပြီး... အချစ်အကြောင်းကို စဉ်းစားလာမိတော့တယ်...



ပူလောင်သလိုပဲ... အချစ်ဟာရင်ခုန်ရသလို့ .. ပူလောင် ပြီး ဝမ်းနည်းကြေကွဲစေပါလား မယ်အုံ ခံစားရတာက ဝမ်းနည်းမှုတွေ အများကြီး...

မမထားနှင့် ကိုရှင်းတို့ ချစ်ကြတုံးကလို ပျော်ရွှင်ကြည်နူးမှု မျိုးနှင့်...

မမထား ညအိပ်စဉ်က ကိုရှင်း၏ လက်မောင်းကြားမှာ မမထားကိုလေး နှစ်ဝင်ပြီး အနမ်းတွေဖလှယ်နေကြသည်ကို မြင်ရစဉ်က ကြောက်လန့်တကြား ဖြစ်ခဲ့မိသည်။

သို့ရာတွင် တစ်ခါတရံ အိပ်မက်ကလေး မက်မိသည်မှာ... ကိုရှင်း၏ လက်မောင်းကြားထဲမှာ ... မမထားမဟုတ်ပဲ အရုပ်ဆိုးမလေး ခိုလှုံ...

ဘုရား.... ဘုရား အဲဒီ အဓိပ္ပါယ်မရှိတဲ့ အိပ်မက်မျိုး မက်ပါရစေနဲ့.. ထပ်မမက်ပါစေနဲ့ ... ရူးသွပ်တဲ့ အိပ်မက်ပဲ...

"မယ်အုံ ... မင်းဘာတွေ လျှောက်လုပ်နေတာလဲ ငါ့ကို ပြောစမ်းပါအုံး မေတ္တာရှင်မကြီးရဲ့ ...

မသိဟန်ဆောင်ကာ နေနေသော်လည်း မရတော့ပေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်၏ မျက်နှာမှာ တည်တင်းကာ မကျေမနပ်ဖြစ်နေဟန်ဖြင့် မရှမ်းကုန်းရောက်သောအခါ စားသောက်ဆိုင်တစ်ဆိုင်ရှေ့ ရပ်လိုက်ပြီး မယ်အုံကိုစွေကြည့်၍

"ဆင်း ... ဆိုင်ထဲရောက်ရင် မင်းရှုပ်တဲ့ ဖာတ်လမ်းကို သေသေချာချာ ရှင်းပြရမယ်... "

"မယ်အုံ ဘာရှုပ်လို့လဲ..."

နှုတ်ပြန်လှန်ထိုး၍ ရန်ထောင်သံကို ဥပက္ခာပြုလိုက်ပြီး သီးသန့် အခန်းထဲဝင်သွားသဖြင့် မယ်အုံလည်း အူကြောင်ကြောင်လေးနှင့် လိုက်ဝင် သွားသည်။ အအေးလွှတ်ထားသော အခန်းတွင် မယ်အုံက အိမ်နေရင်း လက်ပြတ်ဝတ်ကာ ပိုသိပတ်သီလေးနှင့်မို့

"ဟင်း... သူဌေးကြီးနောက်က လိုက်လာတဲ့ အိမ်ဖော် ရုပ်ဆိုးဆိုးမတစ်ယောက်ပေါ့ ..."

ကိုယ့်ဖာသာကိုယ် အားပေးရင်း... စားပွဲဝိုင်းမှာ ဝင်ထိုင် လိုက်သည်။ ရှင်းသန့်က စားပွဲထိုးကို စားစရာများမှာနေစဉ် မယ်အုံကတော့ ရှင်းသန့်အမေးကို မည်ကဲ့သို့ ဖြေရမည် စဉ်းစား နေမိသည်။

"ကဲ... မင်းအိမ်ပြန်မှာကို ဘာလို့မပြောလဲ... ဒါကတစ်ပြစ်





ပြီးတော့ မေမေ့ဆီသွားပြီ ဘာတွေပြောခဲ့သလဲ.. ဒါကတစ်ပြစ်... အဲဒီ့ အပြစ်နှစ်ခုအတွက် မင်းငါ့ကို ကောင်းကောင်းထုချေလွှာတင် ပေတော့.. "

မယ်အုံ ကြောက်မှာစိုး၍ စကားကို ပြုံး၍ရွတ်နောက် မေးလိုက် သောအခါ ... မယ်အုံက အပြစ်ရှိသူပီပီ ပြုံး၍...

"အိမ်ကို မရောက်တာ နှစ်လတောင် ကျော်နေပြီလေ ကိုရှင်းက မအားလို့ ပိတ်ရက်နှစ်ရက် တိုက်ဆိုင်တုန်း သွားလိုက်တာပါ"

"ကဲ... ဒါဆို နောက်ထပ်ကြီးလေးတဲ့ အပြစ်ကျတော့ ဘယ်လိုပြောမလဲ..."

"အော်...ကိုရှင်းရယ် ကိုသစ်တောင် ခလေးနှစ်ယောက် ရနေပြီပဲ... ကိုရှင်းက အိမ်ကြီးတစ်လုံးထဲမှာ တစ်ယောက်ထဲ အထီးကျန် နေတာကို မကြည့်ရက်လို့ပါ... ပြီးတော့ သီရိလေးက လှပပြီး... ဆရာဝန်မလေးလဲဖြစ် သဘောကလည်းကောင်းလို့ ... ကိုရှင်းနဲ့ ရစ်သွားစေချင်လို့ပါ..."

"စေတနာရှင်မလေးပါလား..."

"တကယ်ပြောတာပါ ကိုရှင်းရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကိုရှင်းနဲ့ သီရိဂလေး လက်ထပ်လိုက်ရင်... အန်တီမာက သိပ်ပျော်သွားမှာပဲ ... ပြီးတော့ မယ်အုံလည်းရှိနေသေးတော့ ကိုရှင်းတို့ သားသမီးတွေကို ထိန်းထားပေးလို့ရတယ်လေ..."

"အင်း... သီရိ နိုင်ငံခြားသွားတော့... ငါက ဘာလုပ် ရမှာလဲ..."

"ဟို..."

မယ်အုံ ဆက်မဖြေတတ်တော့ပေ။ ဘာပြောရမှန်း မသိ နှုတ်ခမ်းကို လက်နှင့်ပိတ်ရင်းက...

"ဟို သွားချင်မှ သွားမှာပါ.. စာမေးပွဲအောင်မှ သွားမှာပ"

"နေပါအုံး... မင်းကစီစဉ်နေရအောင် ငါက သီရိကို မလက်ထပ်မယ်လို့ ပြောဘူးလို့လား"

မယ်အုံဖက်ကလေးပုသွားကာ ပြုံးလက်လက်လေးလုပ်ပြီး

"ဖြစ်သင့်တယ်လေ ကိုရှင်းရဲ့.. ဒီလို မိန်းခလေးမျိုး ဘယ်နားသွားရှာမှာလဲ ပြီးတော့ သီရိကပြောတယ်... သူ... စာမေးပွဲဖြေပြီးရင် ကိုရှင်းက ကိုယ်တိုင်ပြောပစေတဲ့ အောင်သွ မေမေတို့ မမတို့ မလိုချင်ဘူးတဲ့ ..."





"ဟင်"

"နော်... ကိုရှင်းပြောလိုက်ပါ... အဲဒီလောက် လမ်းဖွင့်ပေးတာ.. သူက ကိုရှင်းတို့ ကျိတ်နိုက်နေပြီထင်တယ်နော်... ကိုရှင်း"

မယ်အုံက ပြုံးစေ့စေ့လုပ်ရင်း... ရှင်းသန့်စိတ်ကို နူးညွတ်အောင် ပြောနေသည်ကို ရှင်းသန့်က မမိုတ်မသုတ် ကြည့်နေမိသည်။

"သီရိလေးကို ယောင်းမတော်ရမှာ မယ်အုံစိတ်ထဲမှာ ပျော်နေသလိုပဲ အန်တီမေကလည်း သီရိလေးကို သိပ်ချစ်တာ သူ့ခဗျာ ချွေးမတော်ချင်လွန်းလို့... မယ်အုံကို မိတ်ခွေဖွဲ့နိုင်းပြီး ကိုရှင်းနဲ့ နီးစပ်အောင် တိုက်တွန်းနိုင်းနေတာ..."

"မင်းက သိပ်ပြီး ယောင်းမတော်ချင်ကယ်ပေါ့ ဟုတ်လား မယ်အုံ.."

"ဟုတ်... ဟုတ်ကဲ့ ..."

မဝန့်မရဲလေး ခေါင်းညိတ်လိုက်သော အခါ... ရှင်းသန့်က မြူးလိုက်ရင်း..

"ကောင်းပြီ... ငါက သီရိကိုလက်ထပ်မယ်... မင်းက



www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းသိန်းကို လက်ထပ်ပေါ့ ...''

''ဟာ... မဟုတ်တာ...''

အလန့်တကြားနှင့် ထရပ်လိုက်ပြီးမှ စားပွဲထိုးလေး အအေး[...]

လာချသဖြင့် ပြန်ထိုင်ချလိုက်ပြီး...

''ဘာမှ မဆိုင်ပါဘူး မယ်အုံက အပျိုကြီးလုပ်မှာ...''

''ငါကလည်း လူပျိုကြီးလုပ်မှာ...''

''ငါကလည်း လူပျိုကြီးလုပ်မှာ...''

''ကိုရှင်း မညစ်နဲ့ ... ကိုရှင်းက တစ်ဦးတည်းသောသား[...]

လူပျိုကြီးမလုပ်ရဘူး ...''

''ဘာမှ မဆိုင်ဘူး မင်း... အောင်မင်းသိန်းကို လက်ထပ်[...]

ငါ... သီရိကို လက်ထပ်မယ်...''

''ကျွန်မ ... အောင်မင်းသိန်းကိုမှ မချစ်တာ...''

''ငါလည်း သီရိကို မချစ်ဘူး...''

''မဖြစ်နိုင်တာ... သီရိက ဒီလောက်ချောတာ...''

''အဲဒီလောက်ချောတာဆိုရင် အောင်မင်းသိန်းလည်း ချော[...]

ပဲ မင်းချစ်လိုက်ပေါ့ ...''





''ယောက်ျားလေးနဲ့ မိန်းခလေးက မတူဘူး...''

''အချစ်ဆိုတာကို မင်းဘယ်လိုနားလည်ထားသလဲ မယ်အုံ''

''ကျွမ နားမလည်ဘူး...''

မယ်အုံ စကားကို တစ်ခွန်းခြင်းပြန်လည်ပြောနေတာ ရှင်းသန့်ထံမှ သက်ပြင်းရှည်ကြီးချသံ ကြားရသည်။

''ငါလည်း နားမလည်ဘူး မယ်အုံ... ငါ့မှာ ရည်းစားတစ်ယောက်ရှိပြီး အသည်းကွဲခဲ့ဘူးတာတောင်မှ အချစ်ဆိုတာကို နားလည်သလိုလိုနဲ့ နားမလည်ဘူး... အခုတစ်လောပိုပြီး နားမလည်နိုင်တော့ဘူး ... ငါအိပ်မပျော်တာ အချစ်ကြောင့်လား... ဘာကြောင့်လဲ ငါ့ဖာသာငါ စဉ်းစားလို့မရဘူး... ဒီကြားထဲမှာ... မင်းကဝင်ရှုပ်လိုက်သေးတယ်... ငါခေါင်းရှုပ်နေရတဲ့ အထဲ ... မင်းဝင်ရှုပ်သေးတယ် မယ်အုံ.. ငေ [...]နုးပြုပြီး မင်းအေးအေးငြိမ်ငြိမ်လေးနေပါ မယ်အုံရယ်''

''မယ်အုံက ရှုပ်တယ်''

မယ်အုံ စိတ်မကောင်းဖြစ်သွားသည်။ အန့်တီမာ စိတ်ချမ်းသာအောင် ကိုရှင်းကို မိန်းမကောင်းရအောင် ကြိုးပမ်းပေးနေခြင်းသည် သဲထဲရေသွန် ဖြစ်သွားပြီမို့ ... တကိုယ်လုံး မလှုပ်နိုင်လောက်အောင် နုံးကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မယ်ဥမ္မာလေး..."

ကျောင်းတွင်းပြဇာတ်ကစဉ်က ရှင်းသန့်သည် သိဝိကုရုံအဖြစ် လုပ်ရကာ ဥမ္မဒန္တီက တမ်းတမ်းစွဲရှာသွပ်စွာဖြင့် မြည်တမ်းခဲ့သလို ညည်းလိုက်၏။

ထိုစဉ်က သူက ခုနစ်တန်းကျောင်းသား ကိုသစ်က မယ်ဥမ္မာအဖြစ် သရုပ်ဆောင်ကာ အချောက်လုပ်ရသူ မယ်အုံက နှစ်တန်းသာ ရှိသေးသည်။ အကိုများပြဇာတ်ကသည်ကို ပါးစပ်လေးဟကာ ငေးကြည့်ရင်း သဘောကျခဲ့သည်မို့ ...ရှင်းသန့်ကပင် သဲမြဲတွေးဆွေသော နံမည်ကိုဖျက်၍ မယ်အုံဟုချစ်စနိုး စခေါ်ခဲ့ခြင်းဖြစ်သည်။

"မယ်ဥမ္မာလေးရယ်... မင်းဟာသူများအတွက်ကိုပဲ ကြည့်နေတာပဲ မင်းအတွက် မင်းကြည့်ပါအုံး... မင်းကို ကြည့်ရတာ ပင်ပန်းလိုက်တာ ညီမရယ်.. ကဲ... ဘာမှ မတွေးနဲ့တော့ ကိုယ်တို့ ဗိုက်ဝအောင်စားမယ်... ပြီးတော့ မောမောနဲ့ အိမ်ရောက်ရင် အိပ်ကြမယ် မနက်ဖန်အတွက် အလုပ်တွေ အများကြီးပဲ... ကိုယ်မစဉ်းစားနိုင်သေးဘူး... အဲ ... မင်းက စဉ်းစားချင်ရင်တော့ သေသေချာချာစဉ်းစားလိုက် ကိုယ့်အတွက်ကို ကိုယ်စဉ်းစားကြည့် မင်းကို ပထမဦးဆုံးလက်ထပ်ခွင့်တောင်းတဲ့ အောင်မင်းသိန်းကို မင်းတကယ်ချစ်ရဲ့လား





...လေ တကယ်လက်ထပ်နိုင်လားလို့ ..."

မယ်အုံမျက်မှေးလေး အနည်းငယ် ပြူးကျယ်ပြီး ရှင်းသန့်ကို ...ကျော်စောင်းထိုးလိုက်သည်။

မီးရောင်မှိန်မှိန်အောက်တွင် မယ်အုံ၏ ဆံပင်နုနုလေးမှာ ...ခေါင်းလျှော်ထား၍ ဖွာကျနေပြီး... ဝါညိုရောင် အင်္ကျီပါးလေးက ...သူမ အသားနှင့်လိုက်ဖက်စွာဖြင့် လက်မောင်းသား တုတ်တုတ်လေးမှာ ...အင်္ကျီအောက်မှာ ရုန်းထွက်နေသည်။

ရင်ညွန့်ပေါ်မှာ ဆွဲတင်ထားသော ပတ္တမြားလော်ကတ်သီးမှာ ...ဖျပ်ဖျပ်လှုပ်ရှားနေသည်။ မယ်အုံလေး ဘာလို့ ရင်ခုန်နေရတာလဲ ...အနည်းငယ်ဟိုက်နေသော အင်္ကျီလည်ပင်းကြောင့် ရွှေမှုင်ကြိုးလေးမှာ ...လုံးနှင့်သံနှင့်အညီ ဆတ်ဆတ်တုန်နေသည်။

မယ်အုံ၏ ရင်တစ်ခုလုံး ပွင့်ထွက်လုမတတ် လှုပ်ရှား ရင်ခုန်နေသည်။

သူဘာမျှ ထပ်မပြောရက်တော့ ...

"ဒို့ နှစ်ယောက်ထဲစားရတာ... ထမင်းဝိုင်းက သိပ်ကျယ်တာပဲနော်... ဝေးနေလို့ အဆင်မပြေဘူး... နီးနီးစားမှ ဟင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်လို့ရမှာ နို့မဟုတ်ရင် ဟင်းပန်းကန်တွေ ပြေးရတာ မောနေလိမ့်မယ်… ဒီလည်းပန်းကန် လှမ်းနေရတာနဲ့ အချိန်ကုန်တယ်နော်…"

အကြောင်းပြချက်တစ်ခုနှင့် မယ်အုံနှားပြောင်းထိုင်လိုက်သည်။

စားပွဲထိုးလေးက ပြုံးလျှက် ဟင်းပန်းကန်များကို ကူညီ၍ ရွှေ့ပေးလိုက်သည်။

"ကိုယ်… မနေ့ကထဲက မင်းဆီမှာ ထမင်းစားမလို့ ညနေဘက်စောစောပြန်လာတော့ မင်းမရှိတော့ဘူး မယ်အုံထမင်းဆာလို့ စိတ်တိုလိုက်တာနဲ့ ဘာမှ စားချင်စိတ်မရှိတော့ဘူး မင်းကို ပြေးခေါ်မလို့ပဲ… ဒါပေမဲ့ မင်းရဲ့ သံယောဇဉ်တွေနဲ့ ပျော်နေပါစေတော့ဆိုပြီး တစ်ညလုံးလွှတ်ပေးလိုက်ပါတယ်… ဒီမနက်မှာ… ကိုယ့်ဗိုက်ထဲ လွှက်ရည်ဆိုင်မှာ ဝင်စားလာတဲ့ ထမင်းကြော်တစ်ပွဲပဲ ရှိတယ်…"

"အဲဒါကြောင့် ကိုရှင်းကို ကျမစိတ်မချတာ…"

လွှတ်ခနဲ ဂရုဏာနှင့်ပြောပြီးမှ မှားသွားသလားဟု ထင်လိုက်မိသည်။

တကယ်ပင် မှားသွားတာပါကလား…

ကိုရှင်းကပြုံးရင်း မယ်အုံ၏လက်မောင်းကို သူ့တံတောင်နှင့် တွန်းရင်း…





"ဒါဆို ဘာလို့သူများလက်ထဲ ထည့်ဘို့စဉ်းစားတာလဲ…"

"ဆရာပြန်မလေးက ကျန်းမာရေးအတွက် စိတ်ချရတယ်လေ"

"အင်း… သူကဆေးကုမယ်… နိုင်ငံခြား သွားနေမယ်ဆိုရင် ဒီက ဘာလုပ်ရမှာလဲ…"

မယ်အုံဘာပြောရမှန်းမသိဖြစ်သွားသည်။ ကိုရှင်းက ပုဇွန်ထုပ်ဟင်းကို ခပ်ထည့်ပေးပြီး အမွှေးအကြိုင်များဖြင့် နူးအိနေအောင် ပေါင်းထားသော ကြက်သားများကို ဖဲ့ပေးကာ ပန်းကန်ထဲသို့ ထည့်ပေးပြန်သည်။

"သူက ဆရာဝန်ဆိုတော့ စားချိန်အိပ်ချိန်ကို ဂရုစိုက်ပေးမှာပေါ့ …"

"ထားပါတော့ တကယ်လို့ သားသမီးတွေရလာရင်ရော သူက ဆေးကု နိုင်ငံခြားသွားနဲ့ …"

"ကလေးတွေကို မယ်အုံ ထိန်းပေးမယ်လို့ ပြောနေတာပဲ"

ထိုစကားကို အရဆွဲယူလိုက်သည်ကို အမှတ်တမဲ့ဖြစ်သွား၏။

"ဒါဖြင့် ဘာထူးမှာလဲ အုံလေးရယ်… မင်းစိတ်မချတဲ့ ကိုရဲ့ ကျန်းမာရေး စားဝတ်နေရေးနဲ့ သားရေးသမီးရေး အတွက်ကို မင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူနေရမှာပေါ့ ဒါက မင်းကိုပဲ အိမ်ရှင်မအဖြစ် ရွေးလိုက်မှာ ပဲပေါ့ ...”

ပါးစပ်ထဲ သွင်းလုခဲခဲ အသားတုံးပြုတ်ကျသွားတော့ ရှင်းသန့် နောင်တရသွား၏။

“မင်းက ကိုယ့်အတွက် ပူတတ်လွန်းလို့ပါ...”

“ကိုယ့်အကိုအတွက် ပူရတာပေါ့ ...”

အသံတုန်တုန်လေးနှင့် တိုးတိုးလေးပြောလိုက်သည်မို့ ရှင်းသန့် သနားသွား၏။

“ကဲ ကဲ... စား... စား ကိုယ်မစတော့ဘူးနော်... အုံလေးကို တွေ့ရရင် ကိုယ်က ယေင်ယေ်ကလိုပဲ စိတ်ထဲမှာ ပျော်ရွှင်ပြီး စချင်နောက်ချင်စိတ်ဖြစ်သွားတယ်... နောက်ထပ်ခါ ကိုယ့်ကိုအသိမပေး ပဲ မသွားပါနဲ့ကွာ...”

စကားကို လျှောချလိုက်ရင်း မယ်အုံအနေမခက်စေရန် အစား အသောက်ကိုပင် ဂရုတစိုက်ကျွေးလိုက်၏။

ယယ်အုံ၏ မျက်ဝန်းထဲမှာ မမထားရွှေစင်အား ချစ်သူဘဝမှာ





ဤကဲ့သို့ ဂရုတစိုက်နှင့် ခွံမကျွေးရုံတမယ် ယူခဲ့သည်များကို ပြန်လည် မြင်ယောင်လာသည်။ ထိုစဉ်က မယ်အုံကို ဘယ်သူမှ ဂရုစိုက်မယ့်သူမရှိ ကိုနှစ်ကလည်း မမငယ်နှင့် စောစောစီးစီး ချစ်သူဖြစ်သွားကြတော့ မမငယ်ကို ဂရုတစိုက်ကျွေးနေသည်။ ကိုသစ်နှင့် မယ်အုံသာ ကိုယ့် အသာကိုယ် ထည့်စားကြ၏။

ထိုစဉ်က မယ်အုံရင်ထဲ ဘယ်လိုမှ မခံစားမိပေ။ မယ်အုံ ကြိုက်သော ဂဏန်းလက်မကို ကိုက်နေရလျှင် ကျေနပ်နေပြီပဲ...

အပြန်ခရီးတွင် တွံ့တေးသို့ နှစ်နာရီသာသာမောင်းရသော လမ်းကို လေးနာရီလောက်ကြာအောင် ဖိမ်ဆွဲမောင်းရင်း စကားတွေ ပြောလာသည်။

ကိုရှင်းသည် ငယ်စဉ်က မမထားနှင့် ချစ်သူဖြစ်စအချိန်က ပျော်ရွှင်တက်ကြွ၍ စကားများသော ကိုရှင်းပြန်ဖြစ်နေသည်။ ကိုသစ် ပင်...

“အချစ်နဲ့တွေ့ရင် လူတွေဟာ ပျော်ရွှင်တက်ကြွနေကြတယ်လေ ရှင်းကိုကြည့်ပါလား... ’ ဟု ပြောခဲ့သည်ကို အမှတ်ရနေမိသည်။

အိမ်သို့ရောက်သောအခါ ညကိုးနာရီကျော်နေပြီ... ကိုရှင်းက ခြံတံခါးကို ဆင်းဖွင့်ပေးလိုက်၏။ မယ်အုံက သူ့ခရီးဆောင်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကလေးကို နောက်ခန်းမှ လှမ်းယူနေစဉ်...

ကိုရှင်းက အနားနားကပ်လာ၍ ...

မျက်နှာကို လက်ဝါးနှစ်ဘက်နှင့် မော့ပြီး

"မယ်အုံလေးရယ် ... တစ်သက်မှာ တစ်ခါတော့အချစ်နှင့် ပတ်သက်တာကို ခံစားဖူးလိမ့်မယ်... မင်းရင်ထဲမှာ မရှိနိုင်ဘူးဆိုတဲ့ ချစ်စိတ်ကို သေသေချာချာ ဆန်းစစ်ကြည့်ပါ... အိပ်ချင်မူးမူး မဖြစ်စေပဲ အိပ်ရာက သူ့အလိုလို နိုးထလာတဲ့အထိ အချိန်ယူစောင့်ကြည့်လိုက်ပါ ပြီးရင်... ဘယ်လိုနေသလဲလို့ ... အထပ်ထပ်မေးကြည့်... အချစ်မှာ လိမ်ညာမှုမရှိဘူး အမှန်တရားပဲရှိတယ်... အဲဒီအမှန်တရားကို ညီမလေးရင်ဆိုင်နိုင်ရမယ်... မဖုံးကွယ်ထားရဘူးနော်... ကဲအိပ်တော့ အိပ်မက်လှလှမက်ပါစေကွယ်..."

ကိုရှင်းလက်မှ လွှတ်လိုက်သောအခါ မယ်အုံမှာ ကတုန်ကရီနှင့် ညိုကိုပင် ခေါ်မအိပ်နိုင်တော့ပေ။ ချောက်ခြားဘွယ်ရာ အတွေးများ အိပ်မက်များနှင့် နိုးတည်လှည့် ပျော်တစ်လှည့်နဲ့ ... ဘာတွေဖြစ်ကုန် ပြီလဲ...

အဲဒီအချစ်ဆိုတာကြီးဟာ မယ်အုံရင်ထဲ ဘယ်လိုဝင်လာပြီး ပူးကပ်လာသလဲ...





မယ်အုံ ခံစားလို့မရဘူး ကိုရှင်းရယ်...

ကိုနှစ်ပေးသော ဒိုင်ယာရီ စာအုပ်ကိုဖွင့်လိုက်သည်။ ငါးကန် သွားစဉ်က ရက်စွဲလေးသာ ရေထားပြီး ဘာမှ မရေးမိ...

ပြီးတော့ သီရိနှင့် ဈေးသွားကြစဉ်က နေ့စွဲလေးကို ရေးထားပြီး "ကျမအသဲခင်းပြီး... သူတို့ဘဝလေးပျော်ရွှင်စေချင်လို့ပါ" ဟုသာ ရေးထားသည် ဘာရေးရမှန်းမသိ...

အခုလည်း ဒီနေ့ရက်စွဲရေးကာ...

"ဘာတွေဖြစ်ကုန်ပြီလဲ... ဘယ်လိုမှ စဉ်းစားမရဘူး အချစ်ကို လေ့လာကြည့်ရသလောက်တော့ လွှမ်းမိုးနိုင်လွန်းတယ် ကြောက်စရာကြီး ကျမ... မခံစားနိုင်ဘူး ... ရင်တွေကွဲထက်တော့မယ်... ဘာမှန်း လည်းမသိဘူး..."

"တော်သေးတာပေါ့ ကျောင်းချိန်နဲ့လွဲနေလို့... သီရိလေးက စာမေးပွဲဖြေရမှာဆိုတော့ ဘယ်အားလိမ့်မတုံး... ကဲ .. အညိုရေ ဆရာမသွားပြီနော်... ထမင်းအိုးတစ်လုံးပဲ ချက်ထားလိုက် ပြန်လာမှ အသုတ်တစ်ခုခု ဝယ်လိုက်မယ်... ညနေကျမ ဆရာမကို ရေသွား ပေးအုံးနော်... ဆရာမက ဆေးခန်းသွားကူမလို့ ..."

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကရာကယာ အိမ်ပေါ်မှဆင်းကာ လက်ပတ်နာရီကို ငုံ့ကြည့်တော့ ခုနစ်နာရီထိုးပြီ... လမ်းလျှောက်တာ ဆယ်မိနစ်နီးပါးကြာတော့ ခလေးတွေညည်းနေမှာပဲ... အဲဒါ ကိုရှင်းကြောင့်ပဲ သူတရားခံ..."

"ဟင်..."

ခြံတံခါးကို တွန်းဖွင့်လိုက်တော့ မျက်နှာချင်းဆိုင် ကိုရှင်းတို့ သံပန်းတံခါးကြီးလည်း ပွင့်လာပြီး ပြုံးရွှင်သော မျက်နှာနှင့်

"ဂွတ်မောနင်း အုံ့ရှလေး... အိပ်ရာထနောက်ကျသွားပြီ..."

ပျက်ယွင်းသွားသော မျက်နှာကို ပြန်ပြင်လိုက်ပြီး ကိုရှင်းကို ပြုံးပြလိုက်သည်။

ကိုရှင်းက အထုပ်တစ်ခုကို ဆွဲကာ အနားကပ်လာပြီး...

"မင်း ဘာမှ မစားရသေးဘူး မှတ်လား၊ ငါလမ်းလျှောက်ရင်းနဲ့ လ္ဘက်ရည်သောက်ပြီးပြီ မင်းအတွက် ဝယ်လာတာ... ပဲပလာတာ.. ကဲ မြန်မြန်သွားတော့ နောက်ကျနေပြီ..."

ဘာမှ ပြောချိန်မရသဖြင့် ပြုံးပြီး အထုပ်ကလေးကို ယူကာ အမြန်ထွက်လာမိ၏။

နောက်ကျောမလုံပဲ ခြေလှမ်းပင် မှားချင်ချင်ဖြစ်နေမိသည်။ ကိုရှင်းနောက်က ကြည့်နေမှာလား...





ချွေးလေးများပင် စို့လာလေသည်။

မမထားနှင့် မတွေ့မှီအချိန်ကလိုပင် ကိုရှင်းက မိမိအား ပြန်ဂရုစိုက်လာသဖြင့် မဝင့်မရဲလေး ဝမ်းသာမိသည်။

သို့ရာတွင်... တလွဲစိတ်ကူးမယဉ်ရဲပေ။ ထူးတော့ ထူးနေသည်ဟု သယ်ယာမိလိုက်သည်။ ပို၍ထူးတာက ကျောင်းပြန်လာချိန်တွင် အညိုအား အသုတ်ဝယ်ခိုင်းမည်အပြု အညိုကထမင်းပွဲ အသင့်ပြင်ထားပြီး...

"ဆရာမရေ... ဆရာက ကုန်းဘောင်ကြီးကျော်နဲ့ ယိုးဒယားတောင်းချိုတဲ့ အကိုကြီးနဲ့ကို ဝယ်ပို့ခိုင်းတယ်... ဟင်းချိုပူပူလေး နွေးထားတယ်..."

ဝမ်းသာလွန်းလို့ မစားနိုင်အောင်ပင် ဖြစ်နေသဖြင့် ယိုးဒယားတောင်းချိုနှင့် မျောကာ အတင်းမျိုချနေရသည်။

"ဆရာက အခုတလော အိမ်မြဲနေတယ်... အိမ်ကိုလည်း စောစောပြန်လာတယ်နော်... ဆရာမကိုလည်း ဂရုစိုက်လာတယ်.. အကိုကြီးကပြောတယ်... ဆရာက အခုတလော တစ်မျိုးဖြစ်နေတယ်တဲ့"

"ဘယ်လို တစ်မျိုးဖြစ်နေတာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ… ဆရာမများများစားလေ… ဟင်းတွေက

အများကြီးပဲ…"

"ငါသိပ်မစားနိုင်ပါဘူး… နှင့်မောင် ညီမတွေအတွက် ယူ

သွားလိုက်…"

အညိုဝမ်းသာသွား၏။ မောင်တစ်ယောက် ညီမနှစ်ယောက်

ရှိတာမို့ … အညိုသာမက ခလေးများအတွက်ပါ ကြည့်ရသည်။

"မနေ့က ဆရာမ မုန့်ဝယ်လာမလို့ပဲ… ဆရာက အစောကြီး

လာခေါ်လို့ …"

"ဟင်… ညကြမှ ရောက်တယ် …"

"ထမင်းဝင်စားနေလို့ ကြာသွားတာ…"

ကားကို လှည့်လို မောင်းလာပြီး စနောက်ကာ အူမြူးနေသော

ကိုရှင်းအကြောင်းကိုတော့ မပြောချင်တော့ပေ။ စဉ်းစားမိလျှင် ရင်ထဲမှ

တသိမ့်သိမ့်လှိုက်ဖိုလျက် ရှိနေတာမို့ ကိုယ်ကိုကိုယ်ပြန်၍ ဆုံးမနေရသည်။

"မရှုးချင်စမ်းပါနဲ့ မယ်အုံရယ်… စံပယ်ပွင့်လာရင် ခရှေ့

က အလိုလို နောက်ဆုတ်သွားရမှာပဲ…"

ရေချိုးပြီး တစ်နာရီခွဲလောက်တွင် သီရိတို့အိမ်ဘက် ကူး

ခဲ့၏။





"မျက်စိမျက်မှန် အခမဲ့စမ်းသပ်ပေးပါသည်" ဟူသော

ဆိုင်းဘုတ်နှင့် နယ်လှည့်ကျန်းမာရေးအဖွဲ့က ရောက်လာမည်ဖြစ်သည်။

"လာ သမီးရေ… ဒီနေ့မှာ ဆရာမတစ်ယောက်က ခွင့်ယူ

ဆရာမတစ်ယောက်မနေ့ကချော်လဲလို့ ခြေခေါက်သွားတာနဲ့ အနားယူ

နိုင်းရတယ်… ခွင့်ယူတဲ့ဆရာမက မနက်ဖြန်လာမှာပါ၊ အဲဒီတော့

သမီးကိုပဲ အကူအညီတောင်းရမှာပဲ… ဒီတစ်ရက်ထဲပါ…"

"ရပါတယ် အန်ကယ် သုံးရက်လုံးလုံး ကူမကူညီပါ့မယ်…

ကျောင်းချိန်နဲ့ လွဲတာသိပ်ကောင်းတာပဲနော်…"

မယ်အုံ ဆေးရုံဆေးခန်းနှင့် ရင်းနှီးကျွမ်းဝင် လောက်အောင်ပင်

ယောင်းမနှစ်ယောက် ကလေးတွေမွေး တူတူမတွေအတွက် ဆေးခန်းတွေ

ပြေးနှင့်မို့ သူနာပြုတစ်ပိုင်း ဖြစ်ခဲ့တာမို့ … ခက်ခဲမှုမရှိပေ။

သို့ရာတွင် မျက်မှန်ကိုတော့ မကျွမ်းကျင်သော်လည်း ပါဝါ

မှန်ချပ်ကလေးများကိုတော့ အာရုံစူးစိုက်လိုက်၍ ခဏလေးမှာ ရွေးချယ်

တတ်သွားသည်။

"သမီးလည်း စမ်းကြည့်ပါအုံး…"

"ကျမ မျက်စေ့ကောင်းပါတယ်…"

"စမ်းကြည့်ပါကွယ်… အာရုံစူးစိုက်မှုများရင် ကိုယ့်မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



ပါပါတော့မတော့ဆိုတာကို သတိမထားမိဘူး... သမီးမျက်လုံးက သူငယ်အိမ် နဲနဲစောင်းသလားလို့ ... လာစမ်းပါ ..."

တစ်သက်နှင့်တစ်ကိုယ် ကိုယ့်ကိုကိုယ် ဂရုမစိုက်ဖူးသော မယ်အုံကို သီရိမွန်မိသားစုက ဝိုင်း၍ ဂရုစိုက်ပေးသောအခါမှ သူငယ်အိမ် မညီမှန်း တိမ်းစောင်းနေမှန်း သိလိုက်သည်။

"ကဲ... အသိမြန်ပေလို့ နို့မဟုတ်ရင် မျက်စိစွေသွားလိမ့်မယ်..."

"နဂိုကမှ မလှတဲ့မျက်လုံးကို..."

မယ်အုံက၊ အရှက်ပြေရီမောလိုက်သည်။ သုံးရက်လုံးကူညီပေးနေ၏။ ဒုတိယနေ့၌ သီရိတို့ သားအမိ၏ ဂရုတစိုက်နှင့် မျက်မှန် လုပ်ပေးသဖြင့် မယ်အုံမှာ ဆရာမပီပီသသနှင့် ခန့်ခန့်ညားညား ဖြစ်သွား၏။

သီရိက မျက်မှန်အားလုံးကို မယ်အုံအား တပ်ခိုင်းပြီး ဒစ်ဂျစ်တယ်ကင်မရာနှင့် ရိုက်ကာ ကွန်ပျူတာမှာ ပြန်ကြည့်ပြီး အလိုက်ဘက်ဆုံး မျက်မှန်ကို နှစ်နာရီနီးပါး ကြာအောင်ရွေးခြယ်ပေးလိုက်၏။

မယ်အုံ၏ မျက်စေ့မှေးမှေးလေးနှင့် နှာယောင်ကောက်တာလေး ဖုံးသွားစေရန် မျက်မှန်ဖီးရောင်လေးထောင့်မကျတကျပုံစံလေး တပ်ဆင်





ပေးလိုက်၏။

တပ်ကာစရှက်နေ၍ ချွတ်မည်အပြု ဆရာဝန်က

"သမီးမျက်စေ့ စွေသွားချင်ရင် ချွတ်လိုက်ပေါ့... ဒီမျက်မှန်က ဆေးမျက်မှန်ပဲ... ရေချိုးတဲ့အခါရယ် ညအိပ်တဲ့အခါရယ်ပဲ ချွတ်ရမယ် လုံးဝမချွတ်နဲ့ တစ်နှစ်လုံးလုံး ဒီအတိုင်းသွား နောင်နှစ်ကျမှ ပြန်စမ်းသပ်ပြီး မျက်မှန်ချွတ်တန် ချွတ်ရမှာပါကွယ်..."

နေရောင်ကာကွယ်နိုင်ရန်အတွက် အရောင်ပါးပါးလေး ထည့်ပေးထားသည်မို့ မျက်မှန်လေးနှင့်မှ ပို၍ကြည့်လို့ကောင်းသည်ဟု အားလုံးက ပြောကြသည်ကို ရှက်စနိုးဖြစ်မိသည်။

မျက်မှန်လုပ်ပြီးမှ ကိုရှင်းကို မတွေ့ရ၍ ရင်ထဲမှာမတင်မကျလေး ဖြစ်နေမိသည်။ မျက်မှန်တပ်ပြီးမှ ကိုယ့်ကိုကိုယ် မှန်ထဲ ကြည့်မဝဖြစ်နေ၏။ မှေးသောမျက်လုံးနှင့် အနည်းငယ် ချိုင့်နေသော နှာခုံးနေရာလေး ဖုံးသွားခြင်းမှာ ကြီးမားသောအပြစ်ကို ကာကွယ်လိုက်ခြင်းဖြစ်သည်။

"ကိုရှင်းသာတွေ့ရင် ဘာပြောဦးမှာလဲ..."

ဆေးခန်းမှ မျက်စိစမ်းသပ်မှုသည် သုံးရက်သာမက ငါးရက်နီးအောင် ကြာသွားသော်လည်း မယ်အုံက မမောမပန်းလိုက်ကူပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အညိုလေးကပါ ဆေးခန်းမှာ ဝိုင်းကူပေးရင်းက ပျော်ရွှင်နေ၏။ သီရိတို့ မိသားစုနှင့်လည်း ပို၍ရင်းနှီးလာလေသည်။ သီရိစာမေးပွဲ ဖြေပြီးသောနေ့၌ ဆေးခန်းမှ ဆရာဝန်အဖွဲ့အား ပျော်ပွဲလုပ်ကျွေးပြီး တပျော်တပါးဖြစ်နေစဉ်တွင် သီရိက...

"ကိုကို့ကို မတွေ့တာကြာပြီ... ဘယ်သွားလဲ မမ..."

"ငါးကန်ပဲ သွားတာပဲ ဘယ်အချိန်ပြန်လာလဲတောင် မသိဘူး"

"မမက ကိုကို့ကို ဒီအတိုင်းလွှတ်ထားလဲ နဲနဲ ဂရုစိုက်အုံးလေ တော်ကြာ သွေးပေါင်ကျနေအုံးမယ်..."

"အင်းဟုတ်တယ်... ဆေးခန်းက ကိစ္စပြီးမှ စောင့်ဖမ်းပြီး မေးရအုံးမယ်... ကိုရှင်းကဘာမှ ပွင့်ပွင့်လင်းလင်းမပြောဘူး ရင်ထဲမှာပဲ သိုဝှက်ထားတတ်တယ်လေ..."

မယ်အုံက စားမေးပွဲဖြေပြီးပြီဖြစ်သော သီရိအား စကားလမ်းခင်းပေးကာ ရှင်းသန့်အတွက် မသိမသာလေး အောင်သွယ်လိုက်သည်။

အရွယ်နှင့် မလိုက်အောင် လိမ္မာပါးနပ်သော သီရိကပြုံး၍ မသိမသာရှောင်ကာ...

"မမထွေးက ဒီအသက်အရွယ်အထိ ရည်းစားဘယ်နှစ်ယောက် ထားဘူးသလဲ..."





"ကြုံကြုံဖန်ဖန်... ဒီရုပ်ကြီးကို ဘယ်သူကကြိုက်မှာလဲ ညီမလေးရယ်..."

မယ်အုံကို သီရိမွန်က စေ့စေ့စူးစူးကြည့်ရင်းက

"လှတာနဲ့ ဆွဲဆောင်မှုရှိတာနဲ့ မတူဘူး မမရဲ့...မမကိုယ်လုံးရယ် မမအပြုံးလေးရယ်ဟာ ဆွဲဆောင်မှု အားကောင်းတယ်... မမချစ်တဲ့သူတွေ ရှိပါတယ်နော်.. မမက မသိတာလား ပြန်မကြိုက်တာလား..."

"မဟုတ်တာကွယ် မရှိပါဘူး... "

ရှက်ရှက်နှင့် လိမ်ညာပြောလိုက်သည်။ အောင်မင်းသိန်းချစ်ခွင့်ပန်သည်ကို အချစ်ဟုမထင်... တကယ်ပြောတာမဟုတ်ဟု ထင်မှတ်ထားမိသည်။ အောင်မင်းသိန်းစကားကို ဘယ်လိုမှ အသိအမှတ်မပြုနိုင်ပေ။

"မမထွေးက မသိတာလား... တကယ်မသိဟန်ဆောင်တာလားဟင်... အန်တီမာပြောတော့ မမထွေးက ဘွဲ့ရပြီး တစ်နှစ်လုံးလုံး အိမ်ထဲမှာပဲနေပြီး အိမ်အလုပ်လုပ် ခလေးထိန်းနဲ့ အချိန်ကုန်နေတာတဲ့ အနုမှ ရုန်းထွက်လာတာဆို... ဘွဲ့ရတာလဲ အဝေးသင်နဲ့ကျောင်းပြီးတာဆိုတော့ မမထွေးဘဝမှာ... အချစ်ကိုတောင် မျှော်လွှတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ခံစားခွင့်မရှိခဲ့တာပဲနော်… အခုချိန်မှာ မမထွေးအတွက် ချစ်သူတွေ ရှိလာနိုင်ပါတယ်… မမထွေးဟာ ရုပ်မဆိုးပါဘူး… သာမန်ရုပ်ရေရှိပေမဲ့ ဆွဲဆောင်မှုရှိတယ်… ''

''ဆွဲဆောင်မှု … အင်း… ကိုယ့်မျက်နှာ အစိတ်အပိုင်းကို တစ်ခုစီဖြုတ်ကြည့်ရင်တော့ ဘယ်ဟာတစ်ခုမှ လှတာမရှိဘူးနော်…''

''အပြုံးလေးက လှတာ ဆွဲဆောင်မှုရှိတာ…''

''အော် …''

ရင်ထဲမှာ ကျေနပ်စွာဖြင့် အားပါးတရပြုံးမိသည်ကို ရှက်စနိုးဖြင့် လက်ဝါးနှင့်ကွယ်ကာ ရီချလိုက်မိသည်။

''ညီမက ကြံကြံဖန်ဖန်ရှာဖွေပြီး ချီးကျူးတတ်တာကိုး… အမမှာ စိတ်ညစ်စရာမှ မရှိတာ ပျော်စရာတွေချည်းပဲလေ…''

သီရိမွန်က ရီမော နေသော မယ်အုံ့အနားလာကာ ခါးသေးသေး လေးကို အားပါးတရဖက်ရင်းက…

''မမထွေးပျော်နေတာကို ကြည့်ပြီး… သီရိလည်း အလိုလို ပျော်ချင်လာတယ်… ဟုတ်တယ်… သီရိတို့တစ်တွေက ဒီအချိန်မှာ အားလုံး စိတ်ချမ်းသာစရာတွေပဲ ဘယ်အချိန်ကျမှ စိတ်ညစ်ရမှာလည်း သိလား…''





''အင်းပြောပါအုံး အဘိဓမ္မာဆရာမလေးရဲ့ …''

''အိမ်ထောင်သည်ဖြစ်တဲ့အခါမှ စိတ်ညစ်စရာရှိလာမှာ သိလား''

''အလိုလေး… အမအစ်ကိုတွေ ယောင်းမတွေတော့ အမြဲ ပျော်ရွှင်နေတာပဲ… အဲ… အခုမှ နဲနဲစိတ်ညစ်တတ်လာတယ်… မမရှိမှ စိတ်ညစ်လာရတယ်လေ … ခလေးက ချွဲချွဲနေလို့တဲ့ ယောင်းမခင်ဗျာ ပိန်တောင်ပိန်သွားတယ်… ''

မယ်အုံ့က သီရိ၏စကားများကို တွေးတွေးဆဆနှင့် ပြောလိုက်သည်ကို သီရိက မယ်အုံ့၏ပုခုံးပေါ်သို့ မေးလေးတင်ရင်းက…

''ဒါများ မမထွေးက သီရိကို စိတ်ဆင်းရဲအောင် လုပ်ချင်နေပြီလား…''

''ဟင်း … ဘာလုပ်လို့လဲ … မမထွေးက သီရိကို စိတ်ဆင်း ရဲအောင် မလုပ်ပါဘူး…''

''မမထွေးပဲ… ကိုကိုအတွက် စဉ်းစားပေးဆိုပြီး သီရိကို ပြောတော့ သီရိစဉ်းစားလိုက်တာ ခေါင်းကိုခြောက်သွားတာပဲ…''

''ဘုရားရေ…''

www.burmeseclassic.com

www.burmeseclassic.com



မယ်အုံ့မျက်လုံးလေးပြူးကာ စိတ်မကောင်းဖြစ်သွားဟန်ဖြင့်

"ကလေးရယ်... ကိုရှင်းက သိပ်တော်တဲ့ ယောကျ်ားမို့ ကလေးနဲ့ လိုက်ဖယ်မယ်ထင်လို့ ပြောမိတာပါ... သီရိကမနှစ်သက်ဖူးဆိုရင် စိတ်ညစ်ခံပြီး မစဉ်းစားပါနဲ့တော့နော်..."

ဒီစကားကို အန့်တီမာသာ ကြားလျှင် အောင်သွယ်တော်ကြီး သိပ်တော်ပါလားဟု ထဆူမှာ အသေအချာပင်...

"မမထွေးကသာ သီရိကို စဉ်းစားခိုင်းတယ်... မမထွေးရဲ့ အကိုကတော့ မတုန်မလှုပ်နဲ့ ..."

"သူ ရှက်နေလို့ပါ..."

"သီရိတော့ မထင်ပါဘူး သူ့ရည်းစားဟောင်းကို သတိရနေသလားပဲ..."

"မဟုတ်ပါဘူး မေ့နေပါပြီ... သူ... အဲဒီအကြောင်း မပြောတော့ပါဘူး.. မမကိုတောင် စနောက်နေသေးတယ်... သူ ပျော်ပျော်ရွှင်ရွှင်ရှိလာပါပြီ...ညီမလေးမှာ ချစ်သူ ရှိလို့လားဟင်..."

မယ်အုံ့မှာ ပြာပြာသလဲရှင်းပြရင်းက သီရိမွှန်ကို မဝံ့မရဲ မေးလိုက်သည်။

"မရှိပါဘူး..."





"တော်ပါသေးတယ်... ဒါဖြင့်လည်း မမအကိုအတွက်ကို စဉ်းစားပေးပါနော်...သူ့ခမျာ အထီးကျန် သိပ်ဆန်နေရှာတာ... သူ့ အိမ်ထောင်ကျမှ မမလည်း သူ့အတွက် စိတ်အေးရမှာ..."

"ဖြစ်ရလေ မမရယ် ကိုကိုအတွက် အဲဒီလောက်တောင် ပူပန်နေရသလား . . . မမရဲ့ကိုကိုမှာ ချစ်သူနောက်တစ်ယောက် ရှိချင်ရှိမှာ"

"အို မရှိပါဘူး မမအသိဆုံးပါ..."

"သူ... ဟိုတစ်ယောက်ကို မမေ့သေးလို့ပေါ့ ..."

"မေ့သွားပါပြီ... ပြောရင်တောင် မကြိုက်ချင်ဘူးလေ..."

မယ်အုံ့မှာ ကပ်သီးကပ်ဖဲ့နှင့် စစ်စစ်ပေါက်ပေါက် မေးခွန်းတွေ ထုတ်နေသော ဆရာဝန်မလေးကြောင့် ချွေးပျံလာပြီး မျက်လုံးလေးပြူးကာ ရှင်းသန့်အတွက် အကာအကွယ်လုပ်ကာ အောင်သွယ်ကောင်း လုပ်နေသည်ကို ကြည့်ရင်းက သီရိမှာ သဘောကျစွာဖြင့် ကခစ်ခစ်ရီရင်း

သနပ်ခါး ပါးကွက်လေးနှင့် မွှေးပျံ့နေသော ပါးပြင်ကို အားပါးတရ မွှေးကြူလိုက်သည်။

"အား မွှေးလိုက်ဟာ ... မမပါးပြင်လေးက သိပ်နူးညံ့တာပဲ

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးရေကြဲလေးနဲ့ အေးသွားတာပဲ... မမချစ်သူသာ မမရဲ့ပါးလေးကို နမ်းမိရင် မမကို လုံးဝလက်လွှတ်တော့မှာ မဟုတ်ဘူး အမြဲပိုင်ဆိုင်ချစ် စိတ်ဖြစ်သွားမှာပဲ.. ''

''ဟာ''

ရှက်လွန်း၍ မျက်နှာလေး ရဲရဲနီသွားသော မယ်အုံကိုကြည့်ကာ သီရိမွန်က လက်ညှိုးလေးကွေးချည်ဆန့်ချည် လုပ်၍...

''မမထွေးရှက်သွားပြီ ကရော်ကရော် . . . သီရိတော့ အကိုလူလွတ် မရှိတာ နာသွားတာပဲ . . နို့မဟုတ်ရင် မမနဲ့ ပေးစားပစ်မှာပဲ ... မမ... ပဒ္မပါပီကြားဖူးလား အသားအရည် နူးညံ့ မင်းကြီးက တော်ကောက်လိုက်တာလေ... ရုပ်ဆိုးလို့ ပဒ္မပါဝီ လင်မရပြီ ဆိုပြီး ကလေးတွေ အော်နေကြတာ... သူ့အသားအရည်က နူးညံ့လို့ သူ့အသားနဲ့ထိမိတဲ့ ယောက်ျားတွေ မူးမတ်တွေတောင် ခွေလဲကုန်တာ ပဲ..."

''အမယ်... ညီမလေးက သိပ်ပါးနပ်တာပဲ... မမဘက်ကို လှည့်လာပြီး စကားလွှဲလိုက်တယ်... ကဲပါ... ဘဝတစ်သက်တာ အရေးမှာ အသေအချာတွေးပေါ့ ..."

''မမလည်းတွေးလေ...''





''မမကိုမှ ချစ်မဲ့သူမရှိသေးတာ...''

''သီရိကိုလည်း ဖွင့်ပြောတဲ့သူ မရှိပါဘူး မမက အောင်သွယ်ပဲ သီရိပြောပြီးပြီပဲ အောင်သွယ်မလိုချင်ဘူး ကိုယ်တိုင်ဖွင့်ပြောမှ စဉ်းစား မယ်လို့ .. သူဟာ သီရိကို နှစ်သက်ဟန်မတူပါဘူး မမရယ်... သီရိကို ညီမလေးတစ်ယောက်လို ခင်တာပါ . . သူချစ်နေတာ တစ်ယောက် ဖြစ်နေလိမ့်မယ်...''

သီရိစကားကြောင့် ဇဝေဇဝါအတွေးနှင့် ငေးငေးလေး ဖြစ်သွားသော မယ်အုံကို သီရိက ပါးလေးဆွဲလိုက်ရင်း...

''မမလည်း စဉ်းစားအုံး ကိုယ့်အတွက်ကို စဉ်းစားထားအုံး သိလား... သွားပြီ... တာ့တာ...''



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၉

ထားရွှေဖင်ဟာ အလှပြမှန်ဘီဒိုထဲ ထည့်ထားပြီး အလှကြည့်ဖို့ ကောင်းတဲ့ ယမင်းရုပ်လေးဆိုရင် သီရိမှန်ကျတော့ အလှပြ မှန်ဘီဒိုပေါ်မှာ ဂုဏ်ပြုဆုတံဆိပ် အကယ်ဒမီ ရွှေစင်ရုပ်ထုတစ်ခုလိုပဲပေါ့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ လူမြင်သူမြင်မှာထားပြီး... အမြီးရှည်ထပ်ထားတဲ့ ဘွဲ့တွေဂုဏ်တွေမြင့်မားတဲ့ မိန်းမအတွက် ဂုဏ်မြင့်ရတဲ့ ယောကျ်ား တစ်ယောက်အဖြစ်နဲ့ ဘုရင်မရဲ့ ကြင်ယာတော်အနေနဲ့ နေရမှာလား ဖုညာတတ်တိုင်း လုတိုင်း၊ ချောတိုင်း မိခင်ကောင်း အိမ်ရှင်မကောင်း ဖြစ်မှာတဲ့လား...





"အံ့ဩစရာပဲ ဆရာမရေ... ခရေတွေက ဘယ်လိုရောက် လာတာလဲမသိဘူး... အကိုကြီးတို့ လင်မယားကလည်း ခရေကို နှစ်ရက်သုံးရက်ပဲ ကောက်ပြီး မမအတွက် တင်ထားပေးတာ နောက်ပိုင်းမှာ အလုပ်များလို့ မကောက်ဖြစ်တော့ဘူးတဲ့... ဒီတစ်လ နှစ်လလုံးလုံး ခရေကို ဘယ်သူကောက်ပေးတာလဲ မသိဘူး... အခု ခရေပန်းကုံးတော့မယ်... အပင်မှာ သိပ်မရှိတော့ဘူး... ဒါလည်း ခရေပန်းလေးတွေ ရှိနေတာပဲ... အပွင့်ကကြီးတော့ ဒီအပင်က ဖြစ်မယ်မထင်ဘူး မနက်ဖြန်ကျရင် ခရေပန်းကောက်ပေးတဲ့ သူကို ဖမ်းမှာပဲ..."

မယ်အုံရင်တွေခုန်နေပြီး... ကိုရှင်းမျက်နှာကို ကွက်ခနဲမြင် လိုက်သည်။

"မထင်ရဲဘူး... ဒါပေမဲ့ ... သူပဲရှိတာပဲ..."

ဟု၍ ရင်ထဲမှာ တွေးလိုက်မိသည်။ အညိုလေးက သနပ်ခါးထဲ ခရေပန်းထည့်၍ သွေးပေးပြီး... ခရေနံ့လေးဖြင့် မယ်အုံအားမွှေးပျံ့ စေသည်။ မယ်အုံက အားပါးတရလိမ်းနေ၏။

"ဆရာကတော့ မနက်စောစောလမ်းထလျှောက်တယ်... ဆရာဖြစ်နိုင်မလားဟင်..."

အညိုဓါ်စကားကို မကြားဟန်ဆောင်က ဆွဲခြင်းထဲသို့ ကော်ဖီ ဓာတ်ဘူးလေး ထည့်လိုက်သည်။

www.burmeseclassic.com



ထို့နောက် မိမိအိပ်ခန်းထဲသို့ဝင်ပြီး . . . ပျူတင်းတံခါးကို ပိတ်လိုက်စဉ် . . . ကိုရှင်း၏ အိပ်ခန်းသို့ လှမ်းကြည့်လိုက်သည်။

ပြူတင်းတံခါးကို ဖွင့်ထား၍ ကိုရှင်းရှိနေမှန်း သိလိုက်သော်လည်း မတွေ့ရသော အချိန်များအတွက်ကို ရေတွက်ရင်း တွေ့ချင်စိတ်ဖြစ်မိသည်။

ရန်ကုန်မှပြန်လာပြီး မတွေ့ရတာ ဆယ်ရက်လောက်ရှိပြီ၊ ညဘက်ဘယ်အချိန်ပြန်လာသလဲ မသိရပေ။

"အညီရေ့... ဆရာရှိနေတယ်ထင်တယ်... ဒီနေ့ ကျောင်းချိန် စောသေးလို့ ဆရာကိုသွားတွေ့လိုက်အုံးမယ်... မတွေ့ရတာကြာနေပြီ"

တစ်ရက်လောက်သာ ထမင်းလာစားပြီး ပျောက်ချက်သား ကောင်းနေသော ကိုရှင်းကို တွေ့ချင်လာသဖြင့် အိမ်ရှေ့သို့ ကူးလာခဲ့သည်။

"ကိုရှင်းရေ... ကိုရှင်း..."

တစ်အိမ်လုံး တိတ်ဆိတ်နေသဖြင့် အသံပြုကာ ဝင်လာလိုက်သည်။

ဘယ်သူမှမရှိ... အိပ်ခန်းထဲသို့ လှမ်းကြည့်သော်လည်း မတွေ့ရ၍ မီးဖိုထဲ ဝင်လာလိုက်သည်။

"ကိုရှင်း... မောင်နီ..."

"ဟိတ်..."





မီးဖိုထဲမှ အထွက်အဝင်အဝမှ ကိုရှင်းဘွားကနဲ ပေါ်လာပြီး လှန့်လိုက်သဖြင့် တုန့်ကနဲဖြစ်သွားသည်။

"ဘာလာလုပ်တာလဲ . . . မျက်မှန်ကြီးနဲ့ ဆရာမကြီးက ခန့်ခန့်ကြီးပါလား လောကကြီးကို ဘောင်ခတ်ကြည့်လို့ပါလား"

"ကိုရှင်း... အလုပ်တွေ သိပ်များနေလို့လား မယ်အုံ့အိပ်တဲ့ အချိန်အထိ ကိုရှင်းက မရောက်သေးဘူး..."

မျက်နှာသုတ်ပုဝါကို ပုခုံးပေါ်တင်ထား၍ ယာခုမှ အိပ်ယာမှ နိုးလာဟန်မို့ ခရေပန်းက သူကောက်တာ မဖြစ်နိုင်ဟု မှတ်ချက်ချလိုက်သည်။

"မင်းက ငါကို အမြဲချောင်းနေတာလား..."

"ဟင်း... ကြည့်ရတာပေါ့ ကိုယ့်အကို အိမ်ပြန် အိပ်လား သို့လေ..."

"အိမ်ပြန်မအိပ်ရင် မင်းကဘာလုပ်မလို့လဲ..."

"စိတ်ပူလို့ပါ... ကိုရှင်း ပြန်လာချိန်က နောက်ကျနေတော့ ကောက်သွားတဲ့လမ်းက ဗွက်ကြီးပဲ... မိုးရွာတော့ ကားနစ်နေမှာစိုးလို့ပါ"

"စိုးရိမ်ရင် မင်းလိုက်ခဲ့ပေါ့ ... ဆေးခန်းအကူပဲ လုပ်နေပြီး တော့ ..."

"ပြီးပါပြီ ကိုရှင်းရဲ့ လူမရှိလို့ပါ ... သီရိကလည်း စာမေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြေနေလို့လေ... အခုတော့ ပြီးပါပြီ..."

"ဒါဆို ... မင်းဆီမှာ ထမင်းလာစားလို့ ရပြီလား..."

"ဟင် ... ကိုရှင်းကလည်း ... စားချင်ရင် မောင်နီနဲ့ မှာလိုက်ရောပေါ့... ဆေးခန်းက ညနေငါးနာရီဆို ပြီးပြီပဲ ကိုရှင်းအတွက် မယ်အုံ ချက်ပေးမှာပေါ့ ..."

"မင်းသိပ်အလုပ်များနေသလားလို့ပါ..."

"ညနေကျရင် မယ်အုံလာပို့ပေးမယ်နော်..."

"မပို့နဲ့"

"ဟင်..."

မျက်လုံးလေးပြူးပြီး... ကိုရှင်းကို ကြည့်လိုက်တော့ ရှင်းသန့်နှုတ်ခမ်းမှာ အပြုံးရိပ်ထင်ကာ

"မင်းအိမ်မှာ ကိုယ်လာစားမယ်"

မယ်အုံ ဝမ်းသာသွားသည်။ ဘာဟင်းစားမလဲဟု မမေးတော့ပေ။ ငယ်စဉ်ကတည်းက ထမင်းလက်စုံ စားနေကျမို့ ကိုရှင်း ဘာဟင်းတွေကြိုက်သလဲ ဆိုတာကို မှတ်ထားပြီးသား ပါပဲ...

"ခြောက်နာရီ လာခဲ့မယ်နော်..."

"ဟုတ် ... ကိုရှင်း မနက်စာ စားပြီးပြီလား"





"ဘာစားရမှာတုံး..."

"အော်... မုန့်ရှိလား မယ်အုံဆီမှာ ကော်ဖီပါတယ်..."

"မင်း ကျောင်းမှာ သောက်ဖို့မှတ်လား..."

"နှစ်ခွက်စာတောင် ပါလာတာ ကိုရှင်းရဲ့... ဒီနေ့ ကိုရှင်းဆီ ဝင်ချင်လို့ မနက်စာတောင်မစားပဲ ကျောင်းရောက်မှ စားမလို့ ..."

တိုင်ကပ်နာရီကို လှမ်းကြည့်ပြီး...

"မင်းကျောင်းက ခုနှစ်နာရီဆယ်မိနစ်မှ တက်မှာ မှတ်လား အခု ခုနှစ်နာရီတောင် မထိုးသေးဘူး ငါနဲ့အတူတူ ကော်ဖီသောက်သွားလေ..."

တစ်ယောက်တည်း အထီးကျန်သမား၏ တောင်းဆိုမှုကို လက်ခံပြီး... သွက်လက်စွာပင် ကော်ဖီပန်းကန် နှစ်ခွက်ယူ၍ စားပွဲမှာ ချလိုက်သည်။ ကိုရှင်းက မုန့်များယူကာ ပန်းကန်ထဲ ထည့်ပေးနေသည်။

"မင်းကို မျက်မှန်လုပ်ဖို့ ဘယ်သူက မြှောက်ပေးတာလဲ.. ဖါဝါလဲ မရှိပဲနဲ့များ ရှိုးလုပ်နေတာသက်သက်"

"အံမယ် ... သူများက မျက်နှာအလေးခံပြီး ရှိုးလုပ်ရမယ် လား... ဒီမှာ စလင်ဒါပါတယ် သူများ သူငယ်အိမ်နဲနဲစောင်းနေလို့ လုပ်ခိုင်းတာ ရေချိုးချိန်နဲ့ ညအိပ်ချိန်ပဲ ချွတ်ရမယ် ပြောတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမျက်မှန်ပုံစံကို ဘယ်သူရွေးပေးတာလဲ..."

"သီရိပဲပေါ့... မနက်ဖြန် စာမေးပွဲဖြေရမှာကို စိတ်ရှည်ရှည်နဲ့ မယ်အုံနဲ့ လိုက်ဘက်မယ့် မျက်မှန်ကို ရွေးပေးတာလေ..."

"သိပ်ဟုတ်နေကြပါလား..."

"ယောင်းမတွေ အားလုံး မယ်အုံနဲ့ တည့်တာချည်းပါပဲ..."

အောင်သွယ်လုပ်ငန်းစလိုက်ပြီး ကိုရှင်းနှုတ်ဖျားမှ ဖွင့်ပြောတဲ့စကားကို ကြားချင်နေသော သီရိကို ဖွင့်ပြောအောင် ဘယ်လိုလုပ်ရမလဲ

"အပိုင်သိပ်မတွက်နဲ့ ... ကောင်မလေးကို အားနာစရာကြီးပဲ ညည်းခြေလိုက်မရှုပ်နဲ့နော်..."

"မယ်အုံက ဘာခြေရှုပ်လို့လဲ... ဆေးခန်းကူပေးတာ ပဲဟာ"

"ငါပြောပြီးပြီပဲ... ညည်းအောင်မင်းသိန်းကို လက်ခံရင် ငါသီရိကို လက်ခံမယ်လို့ ..."

"တကယ်လား..."

"အင်း ..."

မယ်အုံထပ်၍ မပြောတော့ ပေါင်မုန့်ကျွတ်နှင့် ကော်ဖီကို စိမ်သောက်ရင်းက ... စဉ်းစားလိုက်သည်။

အောင်မင်းသိန်းကို မိမိကလက်ခံနိုင်မလိုလား ...





မဖြစ်နိုင်...

"ဘာလဲ... မင်း ... အောင်မင်းသိန်းကို လက်ခံလား"

"ဟာ ... မဖြစ်သေးပါဘူး ကိုရှင်းရာ ... အဲဒီလို အကျပ်မကိုင်ပါနဲ့ မယ်အုံ အိမ်ထောင်မပြုချင်ဘူး သူ့ကို မချစ်ဘူး..."

"မင်းချစ်တဲ့ သူရှိလို့လား ..."

ရုတ်တရက်ဘာပြောရမှန်း မသိဖြစ်သွား၏။ ပြီးမှ ခေါင်းကိုလေးတွဲစွာ ခါရမ်းလိုက်ရင်း...

"မရှိပါဘူး . . . ဒါပေမဲ့ ကိုရှင်းက တစ်ဦးတည်းသောသားဆိုတာ မမမေ့နဲ့ အန်ကီမှာ သနားပါတယ်.. အန်ကီမာက..."

"ကဲ... တော်ပြီ... အစားကိုကုန်အောင်စား... ဒီခါတ်ဗူးထဲကို ရေနွေးထည့်ပေးမယ်..."

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထလိုက်ပြီး ခါတ်ဗူးကို ရေနွေးနှင့်အျင်းကာ ရေနွေးကိုလှက်ခြောက်လေးခတ်ပေးပြီး . . . ခြင်းထဲထည့်ပေးလိုက်၏။

"မင်း... မယ်အုံ သူများအတွက်ချည်းပဲ စဉ်းစားမနေနဲ့လေကိုယ့်အတွက် ကိုယ်စဉ်းစားအုံး..."

သီရိလည်း ထိုကဲ့သို့ ပြောခဲ့တာပဲ...

"မယ်အုံ အတွက် ဘာတွေစဉ်းစားရမှာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



မယ်အုံက မိမိသောက်ပြီးသော ကော်ဖီပန်းကန်ကို ထဆေးမည်အပြု... ကိုရှင်းကလှမ်းဆွဲလိုက်ပြီး ...

"ထားသွားပါ ... မင်းအဝတ်တွေ စိုကုန်ပါ့မယ်... မောင်နှံဆေးလိမ့်မယ်... ကဲ.. မင်းကျောင်းချိန် နီးပြီသွားတော့ ... လာ ဆရာမကို ခြံဝအထိ လိုက်ပို့မယ်..."

ငယ်ငယ်ကလို ပျက်ချော်ချော် အမူအရာနှင့် မယ်အုံ၏ ဆွဲခြင်းလေးကိုဆွဲပြီး လက်တဘက်က မယ်အုံ၏လက်ကို အတင်းဆွဲကာ ထွက်လာလိုက်သည်။

မယ်အုံခမျာ အံ့အားတွေသင့်ပြီး ရင်တွေခုန်ကာ လိုက်ပါလာပြီး ခြံဝရောက်မှ ရှင်းသန့် လက်ထဲမှ ဆွဲခြင်းကိုယူကာ...

"သွားတော့မယ်..."

တုန်ရီတိုးဖွစွာ နှုတ်ဆက်ပြီး... ကတုန်ကရီနှင့်ထွက်လာခဲ့၏။ ခြေထောက်နှင့်မြေကြီး... ထိသည်ဟုပင်မထင် ... ကျောင်းသို့ မည်ကဲ့သို့ ရောက်လာသည်မသိတော့ပေ။

"ခက်ပြီ ကိုရှင်း... မယ်အုံကို ရူးသွတ်တဲ့ ဝေဒနာတွေ ဘာလို့ လာပေးနေတာလဲ..."

တစ်ခါမျှ မပွင့်လွင့်ဘူးသော စိတ်တို့က ပြန့်လွင့်ပြီး မြူးတူးစွာ စိတ်ကူးတွေ ယဉ်နေသည်ကို ကိုယ့်ကိုကိုယ် ကြိုးစား၍ ဆုံးမနေရသည်။





"မယ်အုံရယ်... ညည်းကို ညီမလေးလို သဘောထားပြီး အရေးတယူနဲ့ ဂရုစိုက်နေတာကို ညည်းကစိတ်ကူးယဉ်နေတာ မရှူးစမ်းပါနဲ့ ... ကိုယ့်ရုပ်နဲ့ယှဉ်ပြီး... စဉ်းစားစမ်းပါအေ... ညည်းမရှက်ဘူးလား... ညည်းလိုရုပ်ကိုသူက ကြိုက်မလားအေ့ ..."

စိတ်ကူးမယဉ်မိအောင် ကြိုးစားပြီး ကလေးများနှင့် ပျော်ရွှင်စွာ တဗျာတွေရွတ်ဆိုရင်းက မေ့ပျောက်ပစ်ရသည်။

သို့ရာတွင် ... ညနေဘက်၌ ကိုရှင်းကြိုက်သော ဝက်သားတင်းကို အချဉ်ချက်၍... ငါးခေါင်းဟင်းချို ကညွတ်ကြော်တို့ကို နှင့်သီးနှနှပြုတ်တို့စရာနှင့် မယ်အုံ၏ အိပ်ခန်းထဲမှ စားပွဲခုံကို ထုတ်ကာ သီးသန့် ကျွေးရန်အတွက် ပြင်ဆင်ထားလိုက်သည်။ ကိုရှင်းနှင့် ထမင်းအတူစားရမှာကို ဝန်လေးလျှက် စိတ်ကူးယဉ်နေမိမှာကို စိုး၍ ဝေးဝေးရှောင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ခြောက်နာရီကျော်မှ ကိုရှင်းရောက်လာပြီး... ထမင်းစားပွဲမှာ ထိုင်လိုက်စဉ် တစ်ပန်းကန်ထဲတွေ့၍...

"ဟင်... ညည်းမစားဘူးလား မယ်အုံ..."

"ကျောင်းကပြန်လာတော့ မယ်အုံထမင်းစားတာ နောက်ကျလို့ စားသေးဘူး... ကိုရှင်းလက်နဲ့စားမလား၊ လက်ဆေးရေ..."

"အဲဒါဆို ဘာထူးလဲ... ငါ့ဖာသာငါ ဆိုင်မှာထမင်းယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သွားစားမှာပေါ့ ...''

ကုလားထိုင်မှာ မထိုင်တော့ပဲ ချက်ခြင်းပြန်လှည့်တော့မည့်အဖြ မယ်အုံ ... ရင်တွေတုန်ပြီး .. ကိုရှင်းလက်ကို အမှတ်တမဲ့ လှမ်းဆွဲလိုက်ရသည်။

''စိတ်မဆိုးပါနဲ့ ကိုရှင်းရယ်.. မယ်အုံ အတူတူ စားလိုက် ပါ့မယ်.. ထိုင်ပါ... လက်ဆေးပါ... ခဏနော်... မယ်အုံ ပန်းကန် သွားယူအုံးမယ်...''

မယ်အုံ ပန်းကန်ယူနေစဉ်... ကိုရှင်းကစားပွဲဝိုင်းကို အောက်ချ လိုက်ပြီး...

''ငါ့ကို ဧည့်သည်ကြီးလို တကူးတက မလုပ်ပါနဲ့ကွာ... အဲဒါ နောက်ဆိုလာမစားတော့ဘူး မင်းတို့စာသလိုပဲစားမယ်... ဒီ ဝိုင်းနဲ့ စားရတာ ပိုအားရတယ်...''

စိတ်တိုင်းကျ လုပ်တော့ဟု သဘောထားလိုက်ပြီး ဘာမှ မပြောပဲ ခုံဝိုင်းပေါ်သို့ ဟင်းပန်းကန်များ ပြောင်းရွှေ့လိုက်၏။ ထို့နောက် ဘာဟင်းမှ သူ့လက်နှင့် သူထည့်မစား၍ မယ်အုံကပဲ အရိပ်တကြည့် ကြည့်နှင့် ဟင်းခတ်ထည့်ပေးနေရသည်။

''ဟင်းတွေအများကြီး မချက်နဲ့ မယ်အုံ... ညည်းလာခဲ့ပြ သွားမှာပေါ့... ညည်းစားသလိုပဲကျွေးပါ.. ငါက ဧည့်သည်မဟုတ်ဘူ





နောက်နေ့တွေမှာလဲ လာစားမယ်နော်... ငါးကန်ကိုစွပြီးသွားပြီ... စောစောပြန်လာမယ်...''

ရင်ထဲမှ လှုပ်ကနဲဖြစ်သွား၏။ အိမ်ကိုစောစောပြန်လာပြီး ထမင်း လက်စုံအတူစားရသည့် လင်သားအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည့် ဇနီးသည်တစ်ဦး၏ ပျော်ရွှင်မှုမျိုးပင်...

''ကိုယ့်ထဲကိုချည်းပဲ ဟင်းတွေ ထည့်မနေနဲ့ မယ်အုံ.. ညည်းထဲ ညည်းထည့်စားအုံး ... ဘာလဲ .. ငါ့တစ်ယောက်စာအတွက်ပဲ ချက်ထားလို့ လျှော့စားနေတာလား...''

''ကြဲကြဲဖန်ဖန် ကိုရှင်းရယ်...''

''ထမင်းစားနေတာ စိတ်မပါသလိုပဲ... ငါ .. ခွံ့ကျွေးလိုက် ရမနော်...''

''ကဲပါ... ကိုယ့်ဖာသာကိုယ်စားစမ်းပါ ... မယ်အုံက ညနေဘက်ကို ထမင်းများများမှ မစားတတ်တာ...''

''ဝိတ်တတ်မှာ စိုးတာလား ကလေးတွေကို ထမင်းမခွံ့ရလို့ အမဝင်တာလား...''

''အင်း... ဝိတ်တက်တာ မတက်တာထက်... ခလေးတွေကို ထမင်းစားရင် သတိရတာကပိုပါတယ်... ရောက်ကာစ သုံးလေးရက်က မယ်လိုမှ စားလို့မရဘူး အန်တီမာက နှစ်ပတ်နေပေးလို့ နေသားကျ



www.burmeseclassic.com

www.burmeseclassic.com



တာ..."

"ပြောပြောကစောရောပေါ့ ..."

"အံမယ် ကိုရှင်းပဲ ရှုပ်ရှုပ်ယှက်ယှက်လို့ပြောပြီး တော့များ" မျက်စောင်းထိုးကာ ရန်ထောင်လိုက်သဖြင့် ကိုရှင်းက ပြုံးလိုက်ရင်း...

"မင်းက တခြားလူမှ မဟုတ်တာပဲ မယ့်အုံ့ရယ်.. ကိုယ်နယ်မှာနေတဲ့ ငါးနှစ်လုံးလုံး ဝေးသွားတာနဲ့ ... သူစိမ်းမဆန်သင့်ပါဘူး မင်းကိုဖုန်းထဲမှာ အော်မိတာ ကိုယ်တောင်းပန်ထားတာပဲ... မင်းမှ မကျေတာ... ကိုယ်ဝိုင်းသိမ်းပေးမယ်လေ..."

"ကိုရှင်းက ဘယ်မှာ တောင်းပန်လို့လဲ..."

"မင်းဖွင့်မကြည့်တဲ့ မွေးနေ့လက်ဆောင်လေ..."

စားပြီးသားပန်းကန်းများကို ထပ်၍ပုံထားပြီး ... ကိုရှင်း ပြောခဲ့တာကို ပြန်စဉ်းစားကြည့်မိလျှင် မနေ့တစ်နေ့ကလိုပဲ ဝမ်းနည်း နေမိသည်။ ထို့ကြောင့် ... ပန်းကန်များကို သယ်မပြီး... နောက်ဘက် ဝင်လာ၏။

"ကိုရှင်း ... ရေနွေးကြမ်းသောက် ... ပုလင်းထဲမှာ ထန်းလျက်ခဲရှိတယ်..."

ဝမ်းနည်းစိတ်ကို မြိုသိပ်ရင်း .. အညိုဆေးပေးလျှင်





ရလျှက်နှင့် ပန်းကန်များကို ဝိုင်ဆေးနေမိသည်။ သူက ပန်းကန်ဆေးတဲ့ နေရာနားလိုက်လာပြီး ...

"မယ်အုံ ... အဲဒီတုံးက ကိုယ်သိပ်မှန်ပြီး ပြောမိလိုက်တာ မမထားက ကိုယ်နဲ့လက်ထပ်ဖို့ စဉ်းစားရလိမ့်မယ်လို့ ပြောလိုက်ထဲက သိပ်ဒေါသထွက်သွားတာ... မေမေ သဘောမတူတာကို သိသိနဲ့ ... မမထားကကြိုသိနေပြီး မေမေ ပြောသမျှ စကားတွေ ပြန်ပြောပြတဲ့ မင်းကို ဖုန်းထဲမှာ သိပ်ဒေါသထွက်နေတာ ..."

"ပြောထားတာကြာပြီပဲ... မယ်အုံ့က အဲဒီလို ပြောပြလိုက်လို့ ပြဿနာဖြစ်မယ်ဆိုတာ နားမှမလည်တာပါ..."

"ငါပြောပြီးပြီးချင်း မင်းဆီက ဘာမှထပ်မကြားရတော့ မှားသွားပြီဆိုတာ သိလိုက်တယ်... ပြီးတော့ ညဘက်အထိ မယ်အုံ ဘာဖြစ်လို့ငိုနေတာလဲ မသိဘူးလို့ ကိုနှစ်ကဖုန်းထဲမှာ မွေးနေ့ပွဲလေး လုပ်မိလို့.. မယ်အုံ့ကမွေးနေ့မှာ အလွမ်းမင်းသမီးလေး လုပ်နေတယ် ပြောတော့ ကိုယ်စိတ်မကောင်းဘူး မင်းကိုတောင်းပန်ချင်လိုက်တာ.. မမထားနဲ့ စကားများပြီး ... စိတ်ထိခိုက်ရသလို မင်းရဲ့မွေးနေ့မှာ ပြောမိလို့ မင်းဝမ်းနည်းသွားတယ်ဆိုတာကို ပိုစိတ်မကောင်းဖြစ်နေ မိတာ"

"ကြာခဲ့ပြီ ... ငါးနှစ်ကျော်ကျော်ရှိပြီပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုယ်ကလည်း အသက်ငယ်သေးတော့ ဘာမှ မစဉ်းစားတတ်ဘူး သေသေချာချာ စဉ်းစားကြည့်တော့မှ မမထားဟာ အမြင့်မှာပဲနေချင်တယ်... ချမ်းသာချင်တယ်... ဂုဏ်ရှိချင်တယ် ကိုယ်တွဲ့ရတော့ ဖေဖေ့ရုံးလုပ်ငန်းကို ဝင်လုပ်တော့ ခါးခါးသီးသီး ကန့်ကွက်ဖူးတယ်လေ... တကယ်တော့ မင်းနဲ့ဘာမှ မပတ်သက်ဘူး ကိုယ့်ကိုခွဲချင်လို့ အကြောင်းပြချက်တွေ အပြစ်တွေ ရှာနေတာပဲ..."

"အဲဒါတွေ မယ်အုံ နားမလည်ဘူး ... မမထားကိုလည်း မယ်အုံချစ်တာပဲ... ကိုရှင်းတို့ နှစ်ယောက်သိပ်ချစ်ခဲ့ကြတာပဲ... ခုထိ မမထားကို မမေ့သေးဘူးလား..."

"ကောင်မလေး ... မင်းအဲဒီလိုပဲထင်သလား... သူနဲ့ ကွဲသွားပြီးထဲက ငါ့ရင်ထဲမှာ မခံချင်စိတ်ပဲရှိတော့တာ... ဒါကြောင့် ငါရုံးမှာသုံးနှစ်အလုပ်လုပ်ပြီး... စီးပွားရေးကိုရှာဖွေနေတာလေ... မမထားဖြစ်ချင်တာနဲ့ ငါလိုချင်တာတွေ တခြားစီပဲ.. ဘယ်လိုမှ ညှိမရတာကြာပြီ.. ဒါကြောင့်ငါလည်းနယ်မှာ အလုပ်ဝင်လိုက်တာပေါ့"

မယ်အုံက မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် နားမလည် သလို လှမ်းကြည့်ပြီး ... လက်သုတ်ဝတ်ယူကာ...

"မယ်အုံ... ဘာမှ မသိခဲ့ဖူး... လာလေ အိမ်ရှေ့ကို..."

"အောက်မှာသွားထိုင်တာပေါ့ ..."





စကားပြတ်သွားသည့်တိုင်အောင် မယ်အုံရင်ထဲ အတွေးတွေ အများကြီးဝင်နေသည်။ ဘာလို့များ မမထားအကြောင်းကို ရှင်းပြနေတာပါလိမ့် "

အိမ်ရှေ့ခုံတန်းမှာ ရေနွေးကြမ်းဗန်းလေးကို ယူလာသည်။ ကိုရှင်းက ပလပ်စတစ်ခုံကိုမချပြီး ... ခုံတန်းလေးဘေးနားမှာ တစောင်းလေးချ၍ ဝင်ထိုင်လုက်၏။

မယ်အုံက ခုံတန်းမှာ ဝင်ထိုင်ကာ ရေနွေးငှဲ၍ သူ့အား လှမ်းပေးလိုက်သည်။ မှောင်ရီသန်းလာပြီး မိုးငွေ့ပါသော လေအေးလေး တိုက်ခတ်နေစဉ် ... မယ်အုံ စံပယ်အုံမှ ရနံ့မွှေးလေး များနှင့် ယုဇနပန်းလေးများ၏ ရနံ့များကဝေ့ဝဲလျက်..."

"ညည်းက ကလေးစိတ်ပဲလေ... ဘာသိမှာလဲ... မမထား လိုချင်တာက ချမ်းသာကြွယ်ဝတဲ့ သူအဖြစ်နဲ့ လွတ်လပ်စွာ တူနှစ်ကိုယ် သွားလာလည်ပတ်ပြီး ပျော်ပျော်ကြီးနေကြပြီးမှ သားသမီး နှစ်ယောက် လောက်ပဲယူမယ်တဲ့ ... ကိုကတော့ ပျော်ရွှင်ငြိမ်းချမ်းတဲ့ အိမ်ကလေးနဲ့ မိသားစုတွေ ပျော်ပျော်ပါးပါး နေချင်တယ်... ကိုနှစ်တို့ ကိုသစ်တို့ လိုပေါ့ ..."

"ဒါများကိုရှင်းရယ်... ကိုရှင်းလို လူမျိုးအဖို့ ... မိန်းမ ရှားပါဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"ညည်းဟာ ... သိပ်ဒုံးဝေးတာပဲ... အခုညည်းအောင်သွယ်ပေးနေတဲ့ သီရိမွန် ဆရာဝန်မလေးက ငါလိုချင်တဲ့ မိသားစု ဘဝကိုပေးမှာလား... သူ့အဖေလို ပါရဂူဘွဲ့တွေတစ်ခုပြီးတစ်ခု နိုင်ငံခြားမှာသွားယူဘို့လုပ်မှာလား... အဲဒါတွေညည်းတွေးမိရဲ့လား... "

မယ်အုံ တွေဝေသွားသည်။ ကိုရှင်းတို့ ငေးကြည့်ရင်းက သီရိမွန်၏ ရုပ်မှန်းချက်ကို ကြားယောင်နေမိ၏။

"ဒက်ဒီလို ပါရဂူကြီးဖြစ်အောင် ကြိုးစားမှာ..."

"ကဲ... တွေးမိပြီလား... ထားရွှေစင်ဟာ အလှပြမှန်ဘီဒိုထဲထည့်ထားပြီး အလှကြည့်ဖို့ကောင်းတဲ့ ယမင်းရုပ်ကလေးဆိုရင် သီရိမွန်ကျတော့ အလှပြ မှန်ဘီဒိုပေါ်မှာ ဂုဏ်ပြုဆုတံဆိပ်ပေါ့ ..." အကယ်ဒမီရွှေစင်ရုပ်ထုလို... ဂုဏ်ယူငုံကြွားစွာနဲ့ ... လူမြင်သူမြင် အမြင့်မှာထားပြီး... အမြဲရှည်ရှည်တပ်ထားတဲ့ မိန်းမအတွဲက် ဂုဏ်မြင့်ရတဲ့ယောကျ်ားတစ်ယောက်အဖြစ်နဲ့ ဘုရင်မရဲ့ ကြင်ယာတော် ဖြစ်ရမှာလား ညည်းစဉ်းစားပြီးမှ အောင်သွယ်ပါကွယ် ပညာတတ်တိုင်း၊ လှတိုင်းချောတိုင်း မိခင်ကောင်း အိမ်ထောင်ရှင်မကောင်း ဖြစ်မှာတဲ့လား..."

မယ်အုံဘာမျှ မပြောသာတော့ပဲ ... လမ်းမဘက်သို့ ငေးငေးလေး ကြည့်နေမိသည်။ အဝေးဆီမှ ဖြတ်သွားသော မြင်းခွာသံနှင့် ချူသံသွဲ့သွဲ့က သူမ၏ ရင်ခုန်သံကို မဖုံးလွှမ်းနိုင်ပေ။

ကိုရှင်းနားရောက်လာလျှင် ဘာလို့ဒီလောက်တောင် ရင်ခုန်





နေတာလဲ...ကိုရှင်းဟာ သူစိမ်းယောကျ်ားတစ်ဦးမှ မဟုတ်တာ...

"မယ်အုံ ... ညည်းလေးဟာကိုယ့်ကိုကိုယ် မစမ်းစစ်တတ်သေးဘူး... ကိုယ်ကတော့ ကိုယ့်ကိုကိုယ်နားလည်နေပြီ... အလှဆိုတာ အရေပြားပါးပါးလေးနဲ့ ဖုံးကွယ်ထားတာပဲ တကယ်တန်းကျတော့ အဓိကကတော့ ရင်ထဲမှာရှိတဲ့ အသဲနှလုံးကပဲ စကားပြောတာဦးနှောက်နဲ့ စဉ်းစားပြီး ... အသဲနှလုံးနဲ့တိုင်ပင် ... ပြီးတော့ဘဝအတွက် ရွေးချယ်ဆုံးဖြတ်လိုက်ပါ ... ကိုယ်ကတော့ ဆုံးဖြတ်ပြီးပြီ..."

အလန့်တကြားနှင့် ကိုရှင်းကို လှမ်းကြည့်မိ၏။ ကိုရှင်းက မယ်အုံကိုစိုက်ကြည့်နေသော မျက်လုံးအစုံမှာ တလဲ့လဲ့ တောက်ပလျှက်ရှိနေသည်ကို တွေ့ရသောအခါ... ပထမဦးဆုံး အကြိမ်အဖြစ်ဖြင့် အလွန်ရှက်ရွံ့စွာ မျက်လွှာချလိုက်မိသည်။ ကိုရှင်းမျက်လုံးကို မကြည့်ရဲတော့ ။

"ကိုယ့်အသဲကြားထဲ နိုးဝင်ပြီး အိပ်ပျော်နေတာပဲ... သူ့ကို ကိုယ်တွေ့သွားပြီ... သူအိပ်ရာက နိုးအောင်လို့ နိုးရတော့မယ်လေ "



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ... ဆရာမနိုးလာပြီလား... ဆရာက သူ့ဆီလာပါတဲ့ ... ကော်ဖီသောက်စောင့်နေမယ်တဲ့ ... အညိုသနပ်ခါးသွေးပြီးပြီနော်..."

"အင်း ... အင်း... ခေါင်းကြည်သွားအောင် ရေချိုးလိုက်အုံးမယ်..."

ခြောက်နာရီခွဲမှ နိုးသဖြင့် ကိုယ့်ကိုကိုယ်အပြစ်တင်နေ မိသည်။ ညက စိတ်ကူးတွေယဉ်ပြီး မျက်ရေကျကာ အိပ်မပျော်ဖြစ်ခဲ့သည်။

ကိုရှင်းလှုပ်ခတ်သွားသော ရင့်မှာ တစ်ညလုံးပြောင်းဆန်၍တုန်ခါနေပါလား...





ရန်ကုန်က ပြန်လာတုံးကတစ်ခါ ... အခုတစ်ခါ ကိုရှင်းနှင့်ပတ်သက်၍ စိတ်ကူးယဉ်နေမိသည်မှာ ရှုးသွပ်လွန်းစွာ အိပ်မပျော်တဲ့ညနှစ်ညရှိသွားပြီ။

အညိုက တစ်ခုခုပြောချင်နေဟန်ဖြင့် ... ပြုံးစေ့စေ့လုပ်ကာကွက်ကြည့် ကွက်ကြည့်လုပ်နေသည်ကို မျက်မှောင်ကုတ်ကြည့်ကာ

"ဘာလဲ အညို..."

"မဟုတ်ပါဘူး... ဆရာက ဆရာမခါတ်ပုံးနဲ့ ခြင်းကိုယူသွားပြီ... ပြီးတော့ ..."

စကားကို ဆိုင်းဆိုင်းလေးလုပ်ပြီးမှ အိပ်ရှေ့ဘက်ဆီလှမ်းကြည့်ရင်း...

"ဆက်ဆက်လာပါလို့ မှာသွားတယ်..."

"အင်းပါ... သွားမှာပါ... သူက ဘာလို့ခါတ်ပုံးနဲ့ ခြင်းကိုယူသွားရတာလဲ ရှည်ကိုရှည်တယ်..."

အိပ်မရအောင် နှိပ်စက်ပြီး ဖြူစင်နေသော မယ်အုံ၏စိတ်တွေကို နှောက်အောင်လုပ်တဲ့ ကိုရှင်းကို မကျေမနပ်ဖြစ်နေမိ၏။

သူနှင့်ကော်ဖီသောက်ရမှာမို့ ကဗျာကယာ သနပ်ခါးရေကြလိမ်းကာ ဝါးဘီးပဲပတ်ပြီး ... ပန်းပန်ရန် ခရေကုံးရှာကြည့်သည်မတွေ့ရ၍ အညိုမကောက်ဖြစ်ဘူးလားဟု စဉ်းစားပြီး .. အဝတ်လဲကာ ကဗျာကယာထွက်လာရ၏။ ဆွဲခြင်းကိုင်နေကြမို့ ဟာတာတာဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်အရှည်လေးသာ ကိုင်ရင်း

"အညိုရေ သွားပြီနော်..."

ခါတိုင်းကျောင်းသွားမှ အိမ်ပြန်သော အညိုကို မတွေ့ရ၍ လှမ်းအော်ရာ နောက်ဖေးဘက်မှ ရွှင်မြူးသံလေးနှင့်

"ဟုတ်ကဲ့ဆရာမ ... ဆရာက ကော်ဖီသောက်တော့မလို့လား"

"ဒုက္ခပဲ..."

နှုတ်ဖျားမှ တီးတိုးညီးညူလိုက်ရင်း... သူ့ကိုရင်ဆိုင်နိုင်ရန် အတွက် အားအင်များ ကုန်ခန်းနေမိသည်။ အလိုလို ကြောက်ရွံ့နေသဖြင့် ကိုယ့်ကိုကိုယ်အားတင်းပြီး... အိမ်ထဲဝင်သည်နှင့်

"အကိုရင်း... မယ်အုံ ဒီနေ့ဂျူတီရှိတယ် ... စောစော သွားရမှာ..."

"အပိုတွေပြောမနေနဲ့ ကိုယ့်ဖာသာကိုယ် အိပ်ရာထနောက်ကျ ပြီးတော့ ပန်းတောင်ပန်မလာပါလား... ကိုယ်ဖျော်ထားတဲ့ ကော်ဖီ သောက်ကြည့်ပါအုံး..."

ဘာမှမဖြစ်သလို အမူအရာနှင့် စားပွဲမှာဝင်ထိုင်ပြီး အသင့်ပြင် ပြီးသာ ကော်ဖီကို ငုံ့သောက်လိုက်သည်။

"ဘယ့်နဲ့လဲ..."

"ချိုနေတယ်..."

"ဒါဆို အခါးရည်ထည့်လိုက်မယ်... ရော ... ဒီမှာ





ပန်းပန်လိုက်အုံး... ဘီးပတ်ကြီးနဲ့ ဆရာမလုပ်ပြီး သပ်သပ်ရပ်ရပ်မရှိဘူး အိမ်နေရင်းပြင်ဆင်မှုမျိုးနဲ့ ကျောင်းကို မသွားသင့်ဘူး... ဂုဏ်သရေ ရှိ နေရတယ်... သွား... ဟိုဘက်အခန်းထဲမှာ ခေါင်းဖီး... ဆံတုံး ထုံးပြီး... ပန်းပန်ခဲ့ အဲဒီအခန်းထဲမှာ မှန်ရှိတယ်... အော် ... အညိုဆီက ကလစ်တောင်းထားတာ... စားပွဲပေါ်မှာလေ..."

"ဟာ...ရပါတယ်... မလုပ်တော့ဘူး ကျောင်းချိန်နီးနေပြီ"

"အပိုတွေ မပြောနဲ့ ကျောင်းချိန်က ဘယ်အချိန်လဲ ဆိုတာကိုယ်သိတယ် ... ဂျူတီဆိုရင် ကျောင်းတက်ခေါင်းလောင်း မထိုးမီ ဆယ်မိနစ်အလို ရောက်ရင်ပြီးရောမှတ်လား... ပြောနေတာ ကြာတယ် သွားဆံထိုးထုံး... ကိုယ်အလုပ်ကို ကိုယ်လေးစားရတယ် တောကျောင်းကလေးတွေပဲလို့ သဘောထားပြီး ပိုသိပတ်သီမလုပ်ရဘူး"

သူပြောသလိုပင် ကြန့်ကြာနေမှာစိုး၍ တစ်ခါမှမဝင်ဘူးသော အခန်းလွတ်ထဲဝင်လာ၏ မှန်ဘီဒို တစ်လုံးနှင့် အဝတ်တန်းတစ်ခု စာအုပ် သေတ္တာသုံးလုံးသာရှိသည်။

လျှင်မြန်စွာ ခေါင်းဖီး၍ နှစ်ပတ်လျှိုထုံးပြီး ပြေလွယ်သော ဆံပင်များကို ကလစ်များဖြင့် ထိမ်းကာ အသင့်ပြင်ထားသော ခရေကုံး လေးများကို ခေါင်းငုံ့ပြီး ကလစ်များဖြင့် မြဲအောင်ထိုး၍ပန်ပြီး မှန်ကို မော့ကြည့်လိုက်စဉ်...

"အမယ်လေး..."



www.burmeseclassic.com

www.burmeseclassic.com



ကိုရှင်းအနားလာရပ်နေသည်ကို မှန်ထဲမှာ တွေ့ရ၍ လန့်သွား၏။ ကိုရှင်းကပြုံးလျက်...

"ပန်းမတွေ့မှာစိုးလို့ လာကြည့်တာ... ကဲ... လာကော်ဖီသောက်စို့ ... မယ်အုံလေးက မြန်သားပဲ..."

ဘာတွေပြောအုံးမလဲဟု ရင်တထိတ်ထိတ်နှင့် သူနောက်မှာလိုက်လာခဲ့၏။

"ပဲပလာတာစားအုံးလေ... မနက်က လမ်းလျှောက်ရင်း ဝယ်ထားတာ..."

"ဟင့်အင်း... မစားတော့ဘူး ရင်ပြည့်နေတယ်... မုန့်ပဲစားမယ်နော်... ဆီတွေက ရင်ပြည့်လို့ ..."

"ကဲ စားချင်တာစား အိပ်ပျက်ရင် ဒီလိုပဲ ကိုယ်ကတော့ အိပ်မပျက်တော့ဘူး ... ကိုယ်ကိုကိုယ် ဆုံးဖြတ်ချက်ပိုင်သွားပြီမို့ ဘာမှ စဉ်းစားစရာ မလိုပဲ အိပ်ပျော်သွားပြီ..."

"အကျင့်ယုတ်တဲ့လူကြီး ... သူများကို အိပ်ပျက်အောင် ကလိသွားပြီး... သူကျတော့ အိပ်ပျော်သွားပြီတဲ့ ... "စိတ်ထဲမှာ တီးတိုးရေရွတ်လိုက်ပြီး မုန့်ကိုပဲ အာရုံစိုက်တာ ကော်ဖီနှင့် တို့စားနေ၏။ လက်တွေတုန်နေတာကို မနည်းသတိထားနေရသည်။

"မယ်အုံ ဒီနေ့ ခွင့်ယူလိုက်ပါလား..."

"ဟင် ... ဘာလို့လဲ ..."





"ကိုယ်နဲ့ ရန်ကုန်လိုက်အုံးလေ... မနက်ဖန် စနေတနင်္ဂနွေနဲ့ က်ပြီး ရန်ကုန်မှာ နှစ်ညအိပ်လို့ရတယ်..."

"မလိုက်ပါဘူး... ကျောင်းဆယ်ရက်ပိတ်မှ ပြန်မယ် ကိုရှင်း သွား..."

သူနှင့် ရန်ကုန်လိုက်ရမှာ အလိုလိုလန့်နေမိသည်။

"ကိုယ် ညနေပြန်လာမယ်... ထမင်းစားအမှီပေါ့ ... တော့ မင်းကို အိပ်ပျက်အောင် မနှိပ်စက်တော့ဘူး... မင်းစိတ်ထဲ ချနိုင်အောင်လို့ ကိုယ်ပြောပြမယ်... ကိုယ်အခု ရန်ကုန်သွားတာ မေ့ဆီသွားပြီး သီတင်းကျွတ်ရင် မိန်းမတောင်းပေးပါလို့ သွားပြော ...."

"ဟင်..."

အလန့်တကြားမော့ကြည့်လိုက်သည်။ သူကပြုံး၍ စကားဆက် ၏။

"မင်းကို ကိုယ်လက်ထပ်ပါရစေ..."

"ဟာ..."

အလန့်တကြား ထရပ်လိုက်စဉ် သူက အလျှင်အမြန် လှမ်းဆွဲ၍

"ကိုယ်ခွင့်တောင်းပါတယ်... မင်း... ကိုယ့်ကို လက်ထက်ခွင့် နော်..."

"မှာင့်အင်း... ဟင့်အင်း... မဟုတ်ဘူး... ကျမကို



www.burmeseclassic.com

www.burmeseclassic.com



မလျှောင်ပါနဲ့ ... ကျွမ ... ကျွမ''

တုန့်လှုပ်ခြောက်ခြားလွန်း၍ ဝမ်းနည်းစွာဖြင့် ငိုချလိုက်သည်

''မယ်အုံလေး ... မငိုနဲ့လေ ... သနပ်ခါးတွေ ပျက်ကုန်

ဘာလို့ ငိုရတာလဲ ...''

''ဒါ ... ဒါ ... နောက်စရာမဟုတ်ဘူး ... သွားမယ် ...

အတင်းရုတ်းထွက်သော်လည်း သူက မလွှတ်ပဲ ထွေးပွေ့လျ

''မယ်အုံ ... ကိုနောက်နေတာမှ မဟုတ်တာ ... တကယ်

ပြောတာပါ ... ဒါဟာ နောက်ပြောရမဲ့ ကိစ္စမှမဟုတ်တာ မငိုနဲ့နေ

စိတ်ကိုအေးအေးထားပြီး စဉ်းစားပါကွယ် ... ကိုယ်ရန်ကုန်မသွားသေး

မင်းဆီက အဖြေရမှသွားမှာ ... ဒီပုံစံနဲ့ ကျောင်းမသွားပါနဲ့ကွယ် ...

တိတ်တိတ်မျက်ရေမကျနဲ့ ... သနပ်ခါးတွေ ပျက်ကုန်မယ် ...

ကိုယ်ခွင့်တင်ခိုင်းလိုက်မယ်နော် ...''

''ဟင့်အင်း ... ဆရာမတွေ .. မစုံဘူး ... သွား

ခလေးတွေ ဆူကုန်လိမ့်မယ် ... ကိုရှင်း ... မယ်အုံဘာမှ စဉ်းစား

မလိုဘူးကိုရှင်းစကားကို ရုပ်သိမ်းပေးပါ ... သွားမယ် ...''

''ခဏနေအုံး မျက်ရေတွေ ... ကုန်အောင်သုပ်လိုက် ...

လက်ကိုင်ပုဝါတော့မရှိဘူး ... တစ်ရှူးပဲရှိတာ ...''

စားပွဲပေါ်မှာ တင်ထားတာ တစ်ရှူးခွက်ကို လှမ်းယူပေး

သောအခါ မယ်အုံက တုန်တုန်ရီရီလေးနှင့် လှမ်းယူလိုက်ပြီး မျက်





များကို သုတ်နေသော်လည်း ကျနေဆဲ ...

''မယ်အုံလေး ... ကိုယ်က ကလေးကစားသလို အပြောင်အပျက်ပြောနေသော မဟုတ်ဘူးနော် .. သွေးပေါင် ကျတဲ့အထိ မအိပ် မနေစဉ်းစားပြီးမှ ပြောတာ ... မင်းကို လပ်ထပ်မယ်လို့ ဆုံးဖြတ်ချက်ကို ငါးကန်လိုက်လာပြီးတဲ့ ညထဲက ဆုံးဖြတ်လိုက်တာပဲ ... ပြောမထွက် သေးပဲ ကိုယ့်ကိုကိုယ် စမ်းစစ်နေတာ ... မင်းကို အဆုံးရှုံးမခံနိုင်ဘူး ဆိုတာ သေချာတော့မှ ဖွင့်ပြောတာ ... ဒါကြောင့် ကိုယ်နောက် မဆုတ် ဘူးဆိုတာ မင်းနားလည်ထားလိုက်ပါ ...''



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၆

မွှေးပြီးလှတဲ့ပန်းကို ကြောက်လို့ ခြံထဲမှာ ဘာပန်းမှ မစိုက်ပေမယ့် ဘယ်ချိန်ထဲက ပေါက်နေသလဲ မသိဘူး… ခရေပင်ကို သတိမထားလိုက်မိဘူး… အပွင့်တွေဟာ ကိုယ့်အသဲနှလုံးပေါ်ကို ကြွေကျလာမှ သတိထားလိုက်တယ်… အဲဒီအချိန်မှာ ရေသောက်မြစ်က ခိုင်မြဲနေပြီ… ဘယ်လိုမှ ဆွဲနုတ်လို့ မရတော့ဘူး…

ကိုယ့်အသဲတွေ မွမွကြေအောင်အထိ ဘယ်အချိန်ထဲက နိုးဝင်ပြီး အမြစ်တွယ်နေတာလဲကွယ် … မင်းကို မေ့ပစ်ဖို့ ကိုယ့်ရင် ထဲက ထုတ်ပစ်ဖို့ မလွယ်ကူတော့ဘူးနော်…



လောကကြီးဘာတွေ ဖြစ်ကုန်ပြီလဲ… ဘယ်လိုမှ အိပ်မက် တောင် မမက်ဖူးသော ကိုရှင်းထံမှ လက်ထပ်ရန် ခွင့်တောင်းခံသော စကားသည် ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်တော့ပေ… အောင်မင်းသိန်း ကဲ့သို့ အရက်သောက်ပြီး ချစ်ခွင့်တောင်းခြင်းမဟုတ်ပဲ… "သွေးပေါင် ကျတဲ့အထိ မအိပ်မနေ စဉ်းစားပြီးမှ ပြောတဲ့ စကားတဲ့ …" ဒါဆို သူ … သွေးပေါင်ကျနေစဉ်က မယ်အုံအကြောင်းစဉ်းစားလို့ ညဘက် အိပ်မရဘူးတဲ့လား…

"သား အလုပ်သိပ်ပင်ပန်းပေမဲ့ သူ့ကျန်းမာရေးကို သူဂရု စိုက်ပါတယ်… တစ်ခါမှ ဒီလို သွေးပေါင်ကျလောက်အောင် မဖြစ်ဖူးဘူး တော်သေးတာပေါ့ သိရိရှိနေလို့ ကေန္တသိရိရဲ့ ကူသမှုကို ခံယူချင်လို့ တမင်လုပ်တာလားမသိဘူး…"

အန်တီမာ၏ စိတ်ကူးယဉ်စကားကို ကြားယောင်ကာ နားများ ပူထူလာသည့်အထိ ရှက်စိတ်ဝင်ခဲ့မိသည်။ မိမိကတော့ သဘောရိုးနှင့် သူ့ကိုထူလိုက်… ပွေ့လိုက်နှင့် ဂရုစိုက်နေတာ သူကတော့ မသန့်ရှင်း တဲ့ မေတ္တာမျိုးနဲ့ မူယာမာယာ များနေတာပါလား…

ကျောင်းမှ ပြန်လာသောအခါ… အကိုရှင်း လာပို့နိုင်း၍ မောင်နီ ဈေးဝယ်ပြီး ပို့ထားသော အသားငါးများ အသီးအရွက်များ တောင်းအပြည့်နှင့် …

"ညနေ ချက်ချင်တာကိုချက် ပိုရင်နောက်နေ့အတွက် ခဲ့ခဲ

www.burmeseclassic.com

www.burmeseclassic.com



သောတ္တာထဲ ထည့်ထားပေးမယ်တဲ့ ... ညနေ... ဆရာ ဒီမှာ ထမင်း လာစားမယ်တဲ့ ..."

"အင်း... အင်း..."

အညိုက ပြုံးစေ့စေ့နှင့် အနားရောက်လာပြီး မယ်အုံခေါင်းမှ ခရေပန်းကုံးလေးကိုကြည့်ကာ..

"သိလား ဆရာမ... မနက်က ကျမထဖမ်းတာ... ဆရာ ရယ်လေ... အာရုံဦးမှာ ပန်းလေးတွေ ကောက်နေတာ... ပန်းက သိပ်မကြွေလို့ အပင်ကိုတောင် လှုပ်ချပြီး ကောက်နေတာ ကျမတွေ့ တော့ ရှက်ပြီး... ကျမဆီက နှီးကိုယူပြီး သူသီပေးမယ်... ကလစ် သွားယူခဲ့တဲ့လေ... ပြီးတော့ ဆရာမကို ပန်းအကြောင်းဘာမှ မပြော နဲ့တဲ့ .. အဲဒါကြောင့် အညို လာမပြောတာ..."

ရင်ခုန်ရလွန်းလို့ အသဲနှလုံးတွေ ရင်ထဲက ကလီစာတွေ အနေ အထားမှန်မှ ရှိသေးရဲ့လားလို့ ထင်မိသည်။

"တော်တော် အနိုင်ကျင့်တဲ့ ကိုရှင်းပဲ... နေနှင့်အုံး ညနေ ထမင်းစားခါနီးမှ သူ့အိမ်ကိုချိုင့်နဲ့ သွားပို့နိုင်းလိုက်မယ် ... ဒီမှာ လာစားနေရင် ကလိနေအုံးမယ်..."

စိတ်ထဲမှာ တွေးလိုက်ရင်း သူဝယ်လာသည်များကို အဆင်ပြေ သလို ချက်ပြီးမှ ကျန်အသားငါးများကို ရေခဲသေတ္တာထဲ ထည့်နိုင်းလိုက် သည်။





မောင်နီတို့ လင်မယားနှင့် အညိုအကြည့်များက ရိပ်မိနေ လိုပင်... ထူးခြားသော အကြည့်များမို့ မနေတတ် မထိုင်တတ်နှင့် တ်စိတ်ပိုမိသော်လည်း ဟန်မပျက်ချက်ပြုတ်နေမိသည်။

"ဒီနေ့ ဆရာ အစောကြီးပြန်လာတယ်..."

ဒိန်းကနဲ့ ရင်ခုန်သွား၏။

အညိုမလေးက ခရေပန်းခြောက် သုံးလေးပွင့်ကို သနပ်ခါးတုံး ကြိတ်ပေးပြီး သနပ်ခါးသွေးပေးလိုက်သည်။

ပန်ပြီးသား ခရေပန်းခြောက်များကို အစဉ်အမြဲ မွှေးပျံ့စေရန် တွက် ခေါင်းရင်းမှာ ချိတ်ဆွဲထားသည်ကို လှမ်းကြည့်မိသည်။

ဘယ်အချိန်ထဲက စပြီးကောက်ထားပေးတာလဲ... ဒါကို ာင်နီတို့ လင်မယား ကောက်တယ်အထင်နှင့် မက်မက်မောမော နေတာ... သူဟာတကယ်ပဲ မယ်အုံကို နှစ်သက်တာလား ဒါမှမဟုတ် ိမ်ရှင်မကိုပဲ လိုချင်နေသလား... မယ်အုံရုပ်နဲ့ သူနဲ့ လားလားမှ ဆိုက်တန်...

မယ်အုံရေချိုးပြီးသောအခါ အညိုက သနပ်ခါးလိမ်းသည့်နား ိုင်ရင်း

"အံ့ဩစရာပဲနော်... ဆရာက ဆရာမအတွက် ပန်းတွေ ာက်ကောက်ပေးတာ... ဒီနေ့ ... သူက အညိုယူထားတဲ့ နှီးကို

www.burmeseclassic.com



ယူပြီး ဘယ်လိုသိရသလဲ မေးတယ်... ပြီးတော့ တစ်နေ့ကို အပွင့်[illegible] လေးဆယ်ဆို တစ်ကုံးရတယ် . . . နှင်တို့ဆရာမကို ငါပန်း[illegible] ကောက်ပေးနေတာ တစ်ထောင့်ငါးရာတောင်မကတော့[illegible] ငါးရာနှစ်ဆယ့်ရှစ်နဲ့ပေါင်းရင် နှစ်ထောင့်နှစ်ဆယ့်ရှစ်ရနေပြီ[illegible] ကျော်တောင်ကျော်နေပြီတဲ့ ..."

"အဲဒီလိုပဲ ပြောတယ်လား... တော်တော်နောက်တဲ့ အကိုပဲ"

အရှက်ပြေပြောလိုက်ရင်း သူ့စကားအဓိပ္ပါယ်ကို ရုတ်တရက် နားမလည်။

"နောက်တာမဟုတ်ဘူး... ကတယ်ပြောတာ...ပြီးတော့ နှင့်ဆရာမကို ပြောလိုက် ငါးရာနှစ်ဆယ့်ရှစ်ရယ် တစ်ထောင့်ငါးရာရယ် ပေါင်းလိုက်ရင် အများကြီးရနေပါပြီတဲ့ ..."

"ဟင်း... ခလေးကို လျှောက်ပြောတယ်... တော်တော် အာချောင်တဲ့လူပဲ... အလကားရှူးနေလို့ ငါကိုလက်ထပ်မယ် ပြောတာ အရူး .. . ကိုရှင်းအရူးပဲ..."

ရင်ခုန်ခြင်းကို ဒေါသဖြစ်ခြင်းသို့ ဖွတ်အတင်းပြောင်းလဲလိုက်ပြီး မကျေမနပ်နှင့် သုံးဆင့်ချိုင့်ထဲ ဟင်းသုံးမျိုးထည့်ကာ ထမင်းဗူးထဲမှာ ထမင်းထည့်ပေးလိုက်၏ ခြောက်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာ ပို့နိုင်းလိုက်၏။

"ဆရာက လာစားမယ်ပြောတာ..."



"နေပစေ... ခြေညောင်းနေအုံးမှာ အဲဒီမှာပဲ စားပစေ.. ငါသွားစရာရှိတယ်လို့ ပြောလိုက်..."

အိမ်တံခါးပိတ်ပြီး မှောင်နီတို့ခြံထဲမှာ တဆင့် အပြင်ဘက်သို့ ထွက်သွားကာ ရွှေဆံတော်ဘုရားပေါ်မှာ ဘုရားရှစ်ခိုး နေလိုက်သည်။

ဘုရားရှစ်ခိုးနေသော်လည်း စိတ်များက ပျံလွင့်လျက် ရှိသည်မို့ မှောင်ရီသန်းလာသောအခါမှ ဖြည်းညှင်းစွာ လှမ်းလျှောက်ပြန်လာခဲ့သည်။

"အလကား... မယ်အုံ မယုံပါဘူး... အသွေးအသားကို လိုချင်လို့ သွေးတိုးစမ်းတာပဲ ဖြစ်ရမယ်...လူလည် ဒီလောက်လှတဲ့ မိန်းမတစ်ယောက်နဲ့ လက်ပွန်းတတီးနေခဲ့ပြီးမှ ငါ့လို ရုပ်ဆိုးတဲ့သူကို ချစ်နိုင်မှာလား... ဒါကြောင့် ချစ်ပါတယ်လို့ မပြောဘူး..."

အချစ်ကို ရှိုလားတောင့်တစွာဖြင့် တမ်းတမိလိုက်သည်။ ငယ်စဉ်က အလန့်တကြားနှင့် ရင်ခုန်ခဲ့ဘူးသော မြင်ကွင်းက အာရုံထဲမှာ စွဲထင်လျက်...

မမထားကိုအားပါးတရ ပွေ့ဖက်နမ်းရှုံ့နေသည့် ကိုရှင်း..

"ဟင့်အင်း မဖြစ်နိုင်ပါဘူး... ငါ .. ပြတ်ပြတ်သားသား ငြင်းရမယ်... မမထားနဲ့ ဘယ်လိုမှ ယှဉ်လို့မရဘူး ကြာရင်ငါ့ကိုစိတ်ညစ်ပြီး ငါ့ကိုထားခဲ့မှာ..."

အိမ်ပြန်ရောက်သောအခါ အညိုက ထမင်းချိုင့်မေးထိုးပြပြီ

www.burmeseclassic.com



"ဆရာက ပြန်ယူသွား နောက်လာမပို့နဲ့တဲ့ ..."

"ငါမရှိဘူးလို့ မပြောဘူးလား..."

"ပြောတယ်... မရှိချင်နေပစေ... မစားတော့ဘူးတဲ့... နောက်မချက်နဲ့တော့တဲ့ ..."

"သိပ်ခက်တာပဲ..."

အိမ်ပေါ်မှ ချက်ချင်းပြန်ဆင်းကာ ခြေလှမ်းများက အလိုလို သူ့ခြံထဲရောက်လာလေပြီ.. ကိုယ့်ကိုကိုယ်သတိမထားမိ လိုက်ချိန်တွင် ကိုရှင်း၏ အခန်းဝရောက်လာလေ၏။

"ကိုရှင်း... ထ ... ထမင်းစားမယ်..."

ပြူတင်းပေါက်တက် မျက်နှာလှည့်ကာမှောက်လျက် အိပ်နေ၏။

"ကိုရှင်းမအိပ်သေးတာ မယ်အုံသိတယ်... မယ်အုံအပြင်က ပြန်လာပြီ... ထမင်းစားကြရအောင်..."

"မင်းရွှေဆံတော်ဘုရားသွားတာသိတယ်.. လွတ်လွတ်လပ်လပ် စဉ်းစားရအောင် ငါမလိုက်တော့ဘူး..."

"ဒါတွေမပြောနဲ့ ... ထမင်းစားမယ်ထ..."

"အင်း .. မပြောတော့ဘူး.. ထမင်းစားနေတုန်း မပြောတော့ဘူး... နောက်တစ်ခါ မချက်ကျွေးချင်ဂုင်နေ... ထမင်းချိုင့်တော့ လာမပို့နဲ့ ... ငါတစ်ယောက်ထဲ မစားချင်ဘူး ... မင်းနဲ့မှ လက်ဆုံ



စားချင်တာ..."

"ဟင်း ... အနိုင်ကျင့်တယ်..."

မပြောတော့ဘူးဆိုပြီး ပြောဖြစ်အောင် ပြောလိုက်သေးသည်မို့ မကြားဟန်ဆောင်ကာ ရှေ့မှ လှည့်ထွက်လာသော်လည်း လိုက်မလာမှာ စိုး၍ အိမ်ပေါက်ဝမှ ရပ်၍ခေါ်လိုက်သည်။

ကိုရှင်းက လူပျိုပေါက် ကာလသားလေးကဲ့သို့ ပျော်ရွှင် မြူးတူး စွာဖြင့် တံခါးစေ့ရုံစေ့ပြီး မယ်အုံ၏ ခြေလှမ်းစိတ်စိတ်ဖြင့်နောက်ကို အပြေး တစ်ပိုင်း လိုက်လာလေသည်။

"ဖြေးဖြေးသွားပါ... ကျောင်းအမရဲ့ အိမ်က ထွက်မပြေးပါဘူး ခဏနေအုံး..."

အူမြူးနေသော လေသံနှင့် ပြောနေသည်ကို မကြားဟန်ပြုကာ ထွက်လာသော်လည်း သူမှ လိုက်လာပါ့မလားဟု မသိမသာ နားစွင့်ရ သေးသည်။

ခြံတံခါးစေ့ပိတ်သံကြားရမှ စိတ်ချလက်ချဖြစ်ကာ အိမ်ပေါ် တက်လာတော့သည်။

အညီက ထမင်းစားပွဲဝိုင်းလေးနှင့် အဆင်သင့်ပြင်ထားပေး၏။ အသန့်အလွန်ကြိုက်သော ကိုရှင်းအတွက် စားပွဲခင်းခင်းပေးရန် မနေ့ကထဲက မှာထားပြီးဖြစ်၍ စားပွဲခင်းခင်းထားသည်ကို တွေ့ရ၍ စိတ်ကျေနပ်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ အညို အိပ်ခထာပြန်မယ်နော်..."

နောက်ဖေးမီးဖိုချောင်မှာ တိုးတိုးလေးပြောပြီး လစ်ထွက်သွားသော ကောင်မလေးရဲ့ မျက်နှာမှာ ပြုံးဖြဲဖြဲမို့ မယ်အုံရက်အားပိုရသည်။

သူ့ဂတိအတိုင်းတော့ ထမင်းဝိုင်းမှာ ဘာစကားမှ မပြောဘဲ ထမင်းအဖြူသက်သက်ကိုသာ စားနေ၏။

"ကိုရှင်း ဟင်းထည့်စားလေ..."

တမင်မထည့်ပေးပဲ ပါးစပ်ကသာ ပြောလိုက်သော်လည်း ထမင်းအဖြူကိုပဲ စားနေသည်။ မယ်အုံက ငေါ်နှင့်စားနေ၏။

"သိပ်အနိုင်ကျင့်တာပဲ..."

မကျေမနပ်နှင့် ရေရွတ်ရင်းက

"ဘာလို့ ဟင်းထည့်မစားတာလဲ..."

"မင်း ထည့်ပေးတာကို ခံချင်လို့ ..."

"သက် သက်..."

မုန်းမုန်းနှင့် ဟင်းသုံးတုံးလောက်ထည့်ပေးတော့ ... သူက မယ်အုံပန်းကန်ထဲ ပြန်ထည့်ပေးကာ

"စေတနာရှိရှိထည့်ပါဗျာ... စေတနာပါရင် အဆိပ်ကိုတောင် ကြမ်းပေါက်က နိုးပစ်ချရဲပါတယ်..."

မနေနိုင်ပဲ ပြုံးမိလိုက်သည်။





"အဲဒီလို ပြုံးစမ်းပါကွာ... မင်းအပြုံးဟာ သိပ်အေးချမ်းတာပဲ... ဒီအပြုံးတွေကို ငါ့အာရုံထဲမှာ ပျောက်လို့မှ မရနိုင်တာပဲ..."

"အပိုတွေ..."

ခေါင်းငုံ့ရင်း ထမင်းလုတ်ကို မနဲမြိုချနေရသည်။ ထမင်း ဘယ်လို စား၍ ဝါးမိမှန်းပင်မသိပေ။

"ခေါင်းကြီးလည်း ပန်းကန်ထဲရောက်သွားအုံးမယ်..."

မထိတထိစနေသဖြင့် ထမင်းစားလက်စပန်းကန်ကိုပင် ကုန်အောင် မနည်းစားနေရသည်။

ထမင်းစားပြီးသောအခါ ပန်းကန်များကို ဆေးနေစဉ် ကိုရှင်း အနားလာနေသဖြင့်

"ကိုရှင်း အိမ်ရှေ့မှာ ထန်းလျက်ခဲရှိတယ် ရေနွေးလည်းရှိတယ် ရေနွေးသောက်ပြီးရင် အိမ်ပြန်တော့ ကိုရှင်းနဲ့ စကားမပြောချင်ဘူး"

"ဟာ ပြတ်လှချည်လား..."

"ဟုတ်တယ်... မယ်အုံလုံးဝမစဉ်းစားဘူး ကိုရှင်းလည်း ဘာမှ မစဉ်းစားနဲ့ တစ်ခြားတစ်ယောက်ကို စဉ်းစား... သို့မှာ နိုင်ငံခြားသွားပြီး ပညာသင်မယ့် မိန်းခလေးမို့ ... ဆိုရင် တခြားအရပ်ရဲ့ မိန်းခလေးတွေ စဉ်းစားတော့ ..."

"ဘာ မင်းက အောင်မင်းသိန်းကို စဉ်းစားနေသလား..."

"ဘာမှ မစဉ်းစားဘူး ဘယ်သူကိုမှလည်း မစဉ်းစားဘူး



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ အကြောင်းလည်း တစ်ခါမှမစဉ်းစားမိဘူး..."

"ခက်တာပဲကွာ... ကိုယ်ကမင်းကို လက်ထပ်ဖို့အကြောင်းပဲ စဉ်းစားမိနေတာ ဘယ့်နှဲလုပ်မလဲ..."

"ဘယ်နှဲ့မှ မလုပ်နဲ့ စဉ်းစားနေတဲ့ ရှင့်ခေါင်းကိုခွဲပြီး အဲ့ဒီ စဉ်းစားနေတာတွေ ထုတ်ပစ်လိုက်... အချိန်ကုန်တယ်... လောကမှာ ချစ်စရာ မိန်းကလေးတွေ အများကြီးပဲ..."

စကားမပြောချင်ဘူးဆိုမှ စကားပြောဘို့ဖြစ်လာပြီး သူ့အား ရန်တောင်နေမိသည်။

"ဒါလည်း ကိုသိပါတယ်ကွာ... အဲ့ဒီ ချစ်စရာတွေကို အယုံအကြည်မရှိလို့ အချစ်ကိုဘေးဖယ်ထားပြီး လက်ထပ်မယ်လို့ ပြောတာပဲပေါ့... အချစ်ဆိုတာ အလကားပဲ... ငါလိုချင်တာ အိမ်ရှင်မကောင်း... မိခင်ကောင်း..."

မယ်အုံရင်ထဲ ဆတ်ဆတ်ခါ နာကြင်သွားသည်။ သူ့ကို စူးစိုက်ကြည့်မိ၏။ အကြည့်နှစ်ခု အားပြိုင်စဉ်၊ မယ်အုံအကြည့်၌ ကြေကွဲထိခိုက်နာကျင်နေသည်ကို သူတွေ့ဖြစ်အောင် တွေ့လိုက်မိလေသည်။





"ကိုရှင်းက မယ်အုံကို ချက်ပြုတ်နေတဲ့ အိမ်ရှင်မ...

ကလေးတွေကြားက မိခင် တစ်ယောက်အနေနဲ့ လိုချင်တာကို မယ်အုံ

သိပါတယ်... ကိုရှင်းရဲ့ အလုပ်ကို မယ်အုံမဖြည့်ပေးနိုင်ပါဘူး...

မယ်အုံ ဘဝမှာ တူတွေတူမတွေပဲ ထိန်းပြီးချက်ပြုတ် ကျွေးမွေးတဲ့

အိမ်ရှင်မ လုပ်ရ... မခင်လုပ်ရနဲ့ သိပ်ငြီးငွေ့နေပြီ... မယ်အုံ

အဲဒီက ရုန်းထွက်လာပြီး... စိတ်ကူးယဉ် နေချင်နေမိတာ ဆိုတော့

ကိုရှင်းလိုအပ်ချက်နဲ့ မယ်အုံ လိုအပ်ချက်က မကိုက်ညီလို့ မဖြစ်နိုင်

ပါဘူး"

"မင်းလိုချင်တာ အချစ်လား..."

ရှက်လွန်း၍ ဘာမျှ ပြန်မပြောတော့ပေ။ မိုးဖွဲဖွဲ ကျနေသော

ကြောင့် ခုံတန်းမှာ မထိုင်ဖြစ်တော့ပဲ အိမ်ရှေ့ ပလပ်စတစ်စားပွဲမှာ

ထိုင်ဖြစ်ကြသည်။ မယ်အုံ မလှုပ်ရှားချင်မှန်းသိ၍ ကိုရှင်းကပင် ရေနွေး

ငှဲ့ပေးရန်း...

"အချစ်ဆိုတာ ဘာလဲ... မင်းသိလား..."

ခေါင်းကိုလေးတွဲစွာ ခါရမ်းလိုက်သည်။

"မင်းဟာ ဖြူစင်တဲ့ယုန်သူငယ်ပဲ မယ်အုံ ပညာရှိတွေ

ဖွင့်ဆိုမယ့် အချစ်အကြောင်းကို ငါမသိပေမဲ့ ငါးနားလည်တဲ့ အချ

ကတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"စွဲလန်းခြင်း မြတ်နိုးခြင်းနဲ့ သူမရှိရင် မနေတတ်လောက်အောင်ဖြစ်ပြီး... ရယူပိုင်ဆိုင်လိုတဲ့ စိတ်တွေဖြစ်မိပြီး ... မင်းနဲ့လက်ထပ်ချင်တာဟာ အဲဒီအချက်တွေထဲမှာ တစ်စိတ်တစ်ဒေသလောက်တော့ ပါဝင်မှာပေါ့ ..."

"တစ်စိတ်တစ်ဒေသ..."

ကြေကွဲ စိတ်နဲ့ငြီးငြူ လိုက်မိသည်။ အချစ်က မပေးနိုင်သလို စွဲလန်းခြင်း မြတ်နိုးခြင်း ရယူပိုင်ဆိုင်ခြင်းရဲ့ တစိတ်တစ်ဒေသ လောက်နဲ့ လက်ထပ်လိုခြင်းဟာ ခိုင်မြဲပါ့မလား..."

"ကိုရှင်း... သောင်ပြင်ပေါ်မှာ သဲအိမ်ဆောက်ထားသလို ကိုရှင်းကျမကို လက်ထပ်ချင်တာတွေဟာတစ်စိတ်တစ်ဒေသပဲ ရှိတော့ ရေတက်ရင် ပြိုပျက်သွားမှာပဲ.... ပြီးတော့ အလှအပကို နှစ်သက်တတ်တဲ့ ကိုရှင်းဟာ... မမထားနဲ့ သီရိလို နတ်သမီးလေးတွေကိုကျောခိုင်းပြီး မလှပတဲ့ ကျမကို လက်ထပ်မယ်ဆိုတာ ရီစရာကောင်းမနေဘူးလား"





"မယ်အုံလေးရယ်... မင်းဒီအလှအကြောင်းပဲ ပြောနေတာပဲ မင်းမှာအလှတွေ အများကြီးရှိတယ်။ အဲဒီအလှဟာ ခွင့်လွှတ်ခြင်း စိတ်ရှည် သည်းခံခြင်း၊ စေတနာထားခြင်း၊ မေတ္တာထားခြင်းဆိုတဲ့ ရင်တွင်းစိတ်အလှပဲ ... အရေပြား တစ်ထောက်စာ ရုပ်အလှနဲ့ မတူဘူးလေ ... ရုပ်အလှက ဇရာရောက်လာရင် ပျက်ယွင်းသွားမှာပဲ စိတ်အလှက... ဘယ်တော့မှ မပျောက်ကွယ်နိုင်ဘူး... မင်းဆီမှာ အမြဲရှိနေတဲ့ အဲဒီအလှကို ငါကမြတ်နိုးတာ..."

"ဒါပေမဲ့... ကိုရှင်း... ကျမကိုမချစ်ပါဘူး"

"မြတ်နိုးခြင်းဟာ အချစ်ထက်အများကြီး ပိုတယ် ခလေးမရဲ့ မင်းမရှိရင် မနေတတ်လောက်အောင်ပဲ... မင်းကို ရယူပိုင်ဆိုင်ချင်တယ် မယ်အုံလေး... မင်းမရှိရင် ငါဘယ်လိုမှ နေလို့မရလို့ပါကွယ်... ငါ့အကြိမ်ကြိမ်စဉ်းစားပြီးပြီပဲ ကိုယ့်ကိုလက်ခံပါနော်..."

အနားသို့ ခုံကို မရွှေ့လာပြီး... မယ်အုံ၏ လက်ကိုဆွဲကာ တောင်းပန်းတိုးလျှိုးလိုက်သောကြောင့် မယ်အုံ အနေခက်ပြီး အလိုလို ဝမ်းနည်းလာကာ မျက်ရည်များစီးကျလာတော့သည်။

"မငိုပါနဲ့ကွာ .. မင်းပြုံးနေတာပဲ မြင်ချင်တယ် ငိုနေတာ မမြင်ချင်ဘူး ခေါင်းအေးအေးနဲ့ စဉ်းစားပါ ကိုယ့်ကို ယုံကြည်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း...ဟင့်အင်း.. ကိုရှင်းနဲ့တွဲသွားရင် လူတွေက အကျဉ်းတန်နဲ့ ကိုလူချောလို့ ပြောမှာကို ကျမမခံစားနိုင်ဘူး.. ''

''ဟာ ရူးသွတ်ပါကွာ... ဘယ်လိုပြောမှ မင်းယုံကြည်မှာ လဲကွာ...''

ရှင်းသန့် စိတ်ပျက်လက်ပျက်နှင့် ငြီးညူလိုက်မိသည်။ မျက်မှန် ကို ဖြုတ်ကာ မျက်ရည်သုတ်နေသော မိန်းခလေးကို ကြည့်ရင်းက

''မင်း မျက်ရည်ဟာ ငါ့ရင်မှာ အခုမှထိခိုက်တာ မဟုတ်ပါဘူး ကွာ... မင်းအသက်ဆယ့်ခြောက်နှစ်ပြည့်တဲ့ မွေးနေ့ထဲက ထိခိုက်ခဲ့ ပါတယ်... မင်းငိုတယ်ဆိုတော့... ငါဟာ မမထားနဲ့ စကားများတာ ထက်ကို ပိုပြီးထိခိုက်သွားတယ်... မမထားကို ပြန်ချော့ဘို့ထက် မင်းကိုဘယ်လိုချော့ရမလဲ ဆိုတာပဲ ငါစဉ်းစားနေမိတာ.. ဖြူစင်ပြီး ပြုံးနေတဲ့ မင်းလေးမျက်ရေကျတာကို မလိလားဘူး... အဲဒီထဲက မင်းဟာ ငါ့ရင်ထဲက တစ်နေရာမှာ ပုန်းအိပ်နေခဲ့တာ ငါးနှစ်လောက်ကျမှ ပြန်တွေ့တော့လည်း ခလေးတွေကြားမှာ ထမင်းခွံ့ပြီး အလုပ်ရှုပ်နေတဲ့ မင်းကိုပဲ ငါလိုက်ကြည့်နေခဲ့တာ ... အမြဲတမ်းပဲ မင်းရဲ့ အပြုံးလေးကိုပဲ မြင်နေမိတယ်... မငိုပါနဲ့တော့ မယ်အုံလေးရယ်။ မင်းရဲ့ မျက်ရည် တွေဟာ ဘာကြောင့်ပဲကျကျ ငါ့ရင်ကို ထိခိုက်နစ်နာစေပါတယ်..''





တတွတ်တွတ်ပြောရင်းက မယ်အုံ မျက်ရည်များကို ပိုင်းသုတ် ပေးရန် ကြိုးစားသော်လည်း မယ်အုံ ခေါင်းရမ်းလိုက်ရင်း

''မဖြစ်ဘူးကိုရှင်း... မဖြစ်ဘူးကိုရှင်း ပြန်ပါတော့... မယ်အုံ တစ်ယောက်ထဲနေပါရစေ...''

''ဘယ်လိုပြောမှယုံမှာလဲ မယ်အုံရယ်... မင်းမနက်တိုင်း ခရေပန်းပန်ပြီး ကျောင်းသွားတာကို ငါအမြဲ ခိုးကြည့်ခဲ့တာတွေ မင်းအတွက် မနက်ငါးနာရီလောက်ခိုးထပြီး ပန်းကောက်ပေးပြီး ရေခွက်ထဲ ထည့်ပေးခဲ့တဲ့ ခရေပန်းလေးတွေထက်တောင် ငါ့အချစ်က များပါတယ်ကွာ... မင်းကို ငါလက်လွှတ်မခံ့ချင်ပဲ လက်ထပ်ဖို့ ဆုံးဖြတ်တာ ငါးကန်ကျမှပါ... အောင်မင်းသိန်းက မင်းကိုယူတာ တွေ့ရတော့ ငါအဆုံးရှုံးမခံနိုင်တော့ဘူး မင်းအကြောင်းကို စဉ်းစားရင်း အိပ်မရတဲ့ ညတွေများပြီ...

''တော်ပါတော့ ကိုရှင်းရယ်... မယ်အုံရင်ထဲမှာ ဘယ်လိုမှ ခံစားလို့မရတော့ဘူး ပြန်ပါတော့ ...''

လက်ကိုအတင်းရုန်းပြီး... အခန်းထဲ ပြေးဝင်ကာ တံခါးပိတ် လိုက်တော့သည်။ သို့ရာတွင် ပြူတင်းတံခါးမှ ကိုရှင်းရပ်၍ အနည်း ငယ်ဟနေသော လိုက်ကာကြားမှ ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မယ်အုံလေး ... ကိုယ့်ကို မချစ်နိုင်ဘူး၊ လက်မထပ်နိုင်ဘူး ကိုယ်မရှိရင်နေလို့ရတယ်ဆိုရင် ကိုယ်ဒီမှာ မနေတော့ဘူး မင်းနဲ့ အဝေးဆုံးမှာ သွားနေပါ့မယ်... အခုမင်းကို ပြောစရာကျန်သေးတယ်... ကိုယ့်ရဲ့ မေတ္တာတရားကို ယုံကြည်ပါလို့ ထပ်မပြောချင်ပါဘူး ဒါပေမဲ့ မွေးတဲ့လှတဲ့ပန်းကို ကြောက်လို့ ကျုပ်ခြံထဲမှာ ဘာပန်းမှ မစိုက်ပေမယ့် ခရေပင်က ဘယ်ချိန်ထဲက ပေါက်နေလဲမသိဘူး... သတိမထားမိလိုက်ဘူးလေ... အပွင့်တွေဟာ ကိုယ့်အသဲနှလုံးပေါ် ကြွေကျလာမှ ကိုယ်သတိထားမိတယ် အဲဒီအချိန်မှာ.. ရေသောက်မြစ်က ခိုင်မြဲနေပါပြီ ဒီခရေပင်ကို ဘယ်လိုမှ ဆွဲနှုတ်လို့ မရတော့ဘူး ကိုယ့်အသဲတွေ မွမွကြေအောင်အထိ မင်းဘယ်အချိန်ထဲက ခိုးဝင်ပြီး အမြစ်တွယ်နေတာလဲကွယ်... မင်းကိုမေ့ပြစ်ဘို့ ... ကိုယ့်ရင်ထဲက ထုတ်ပြစ်လို့ ဘယ်လိုမှ မလွယ်ကူတော့ဘူးနော်..."

"မယ်အုံလေး... မင်းစိတ်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ပြီးရင် ကိုယ့်ကို အကြောင်းကြားလိုက်ပါကွယ်..."

မိုးဖွဲ့ဖွဲ့ထဲမှာ အဆောင်းမပါပဲ ထွက်သွားသော ကိုရှင်း နောက်ကျောကိုငေးကြည့်ရင်းက မယ်အုံ၏ ရင်ထဲမှာ ဘာမှမရှိသလို လွတ်ဟာသွားလေပြီ ...





ငါးကန်မှာ သွားနေသည်ဟု မောင်နီပြောသောအခါ ... ရင်ထဲမှာ ပူလောင်သွားမိသည်။ နေပူကြဲကြဲ .. ငါးကန်ရေများ အလည်မှာ အဆောက်အဦး တည်းထည်းကြီးကို မြင်ယောင်လာမိသောအခါ မချိတင်ကဲဖြစ်မိ၏။

အသီးအရွက်ကြိုက်သော ကိုရှင်းအဖို့ ငါးကန်မှာနေ၍ ငါးကလွဲ၍ ဘာမှ စားစရာမရှိဖြစ်နေတာကို စဉ်းစားမိသည့်အခါတိုင်း စိတ်မကောင်း ဖြစ်မိသည်။

"မမထွေး ... ငြိမ်လှချည်လား ... ဘယ်မှမသွားဘူးလားဟင်... နေမကောင်းလို့လား..."



www.burmeseclassic.com

www.burmeseclassic.com



အသံပြုပြီး အိမ်ပေါ်တက်လာသော သီရိမွန်ကြောင့် ... လှဲအိပ်နေရာမှ အလူးအလဲထလိုက်သည်။

"ဟော... မမ တွေးနေတာလား ဆွေးနေတာလား..."

နဖူးကိုလာစမ်းရင်း ပါးချိုင့်ပြုံးလေးနှင့် ပြောလာသော သီရိကို ကြည့်ကာနေမျောသလိုလို အားကျသလိုလို မနာလိုသလို အမည်မဖော်ပြတ်သော ဝေဒနာကို ခံစားလိုက်ရသည်။

"ကိုကို ရန်ကုန်သွားနေတာလား မတွေ့ပါဘူး.."

"အင်း... ငါးကန်သွားတာလား ရန်ကုန်လား သူက ဒီလိုပဲ လျှောက်သွားတတ်တာပဲ..."

"ကိုကို နဲ့ အဆင်မပြေဘူးလား.. "

"ဟင်"

သီရိမွန်က ပြုံးစေ့စေ့လေးနှင့် မယ်အုံကို စူးစူးကြည့်နေသဖြင့် မနေတတ်၊ မထိုင်တတ်ဖြစ်သွားသည်။

"မမရယ်... ဖုံးကွယ်မနေပါနဲ့ ပြောစမ်းပါ... သီရိမ မပြောရင် မမဘယ်သူ့ကို ဖွင့်ပြောမလဲ.. ကိုကိုက ဖွင့်ပြောပြီးပြီ လားဟင်.. "

"အို... စိတ်ရှုပ်လိုက်တာသီရိရယ်... မမဖြစ်စေချင်တာနဲ့ မတူဘူး...ကိုရှင်းရှုံးနေလားမသိဘူး သီရိရယ်... သူ့ကို စိတ်ကျန်း မာရေး ဆရာဝန်နဲ့ပြကြည့်ပါအုံးမယ်..."





"ကိုကိုမရူးဘူး မမပဲရူးသွားမှာ .. ကိုကိုစိတ်က အာရုံ မပြောင်းလွဲဘူးသိလား ကိုကိုမျက်လုံးတွေဟာ မမကိုကြည့်တဲ့ အကြည့်မှာ ရွှန်းလက်တောက်ပြောင်နေတာကို သီရိတွေ့ရတယ် ဒါကြောင့်.. ကိုကို့ကို ကိုယ်တိုင်ဖွင့်ပြောခိုင်းတာပေါ့ ... အခု ကိုကိုက သီရိကိုမပြောပဲ မမကို ပြောလိုက်ပြီမှတ်လား. .."

"သူရူးနေတာ..."

"မဟုတ်ဘူး မရူးဘူး မမကိုချစ်နေတာ သီရိသိတာပေါ့.. သီရိ မနက်စောစောထ လမ်းလျှောက်တော့ ကိုကိုက ခရေပန်းတွေကို ကောက်နေတာ တွေ့တာကြာပြီ... ပြီးတော့ မမကို ကြည့်တဲ့ အကြည့်တွေက အမြဲရွှန်းလက်နေတာပဲ.. သီရိပြောဖူးတယ် မှတ်လား ကိုကို သီရိကို ညီမလေးလိုချစ်တာပါ... သူ့အကြည့်က ရိုးသားတယ် အဲ... မမအပေါ်မှာသာ ချစ်ရည်ရွှန်းလက်တဲ့ အကြည့်နဲ့ ..."

"တော်ပါတော့ ညီမရယ်...မဟုတ်ပါဘူး အချစ်ဆိုတာ မဖြစ်နိုင်ပါဘူး.. သူက မမကို အိမ်ရှင်မကောင်း မိခင်ကောင်း တစ်ယောက်အနေနဲ့ပဲ လိုချင်တာပဲ... မမက အရုပ်ဆိုးတာ ... သူက အလှအပကြိုက်တာ... မဖြစ်ပါဘူး..."

"ဘာလို့ မဖြစ်ရမှာလဲ. . မမပြောတယ်လေ... ကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



လူတော်လူကောင်းဆို... ကဲ... ဘာလို့အားမကိုးလဲ မယုံသလဲ.. အရုပ်ဆိုးတဲ့ မမကိုမချစ်ရင် သူအရေးလုပ်ပြီးပြောမလား... အခု မမက လက်မခံလို့ သူထွက်သွားပြီမှတ်လား... ကိုကိုတစ်ခုခုဖြစ်ရင် အန်တီမာက ရင်ကျိုးရမှာပဲ..."

ကိုရှင်းထွက်သွားသည့် အကြောင်းပြောလျှင် ငိုချင်လျက်လက်တို့ ဖြစ်ပြီး မျက်ရည်တွေ တွေတွေကျလာတော့သည်။

"ဟော ... မမရယ်... ချစ်၍ကျလာတဲ့ မျက်ရည်တွေ နှမျောပါတယ်... သီရိချော့လည်း မမရင်ထဲမှာ မဖြေသာပါဘူး...

ကိုရှင်းချော့မှ ဖြေသာမှာပါ...

"မဖြစ်ပါဘူး ညီမရယ်.. ရုပ်ဒီလောက်ကွာတာ မမ မစဉ်းစားရဲပါဘူး... ကိုရှင်းဟာ အနေနီးလို့ စိတ်လှုပ်ရှားတာလည်း ဖြစ်မှာပါ"

"ဟင်း... မမကလဲ... အခုတစ်လလောက်မှ မမတို့ နှစ်ယောက် အသွားအလာတွေ့ရတာ... တစ်အိမ်စီနေတာ အနေနီး မလား.. သီရိနဲ့တောင် ပိုနီးသေးတယ်... သီရိက အန်တီမာနဲ့ မာမီတို့က သဘောတူလို့ လေ့လာပါအုံးဆိုလို့ လေ့လာပြီးပြီ... ကိုကို့နားကို တောင်ကပ်နေပြီးပြီ...သီရိကိုကြည့်တဲ့ မျက်လုံးအကြည့်တွေက ရိုးသား တယ်... ဒါပေမဲ့... မမကိုကြည့်တဲ့ အကြည့်တွေက တကယ့်ကို ရွှန်းလဲ့နေတာပဲ...လာ... ထ... ငါးကန်လိုက်သွားရအောင် ကိုကို့နဲ့ မမကို သီရိက အောင်သွယ်ပေးမှာ..."





"မဟုတ်ဘူး မမလက်မခံဘူး သူစိတ်ရှုပေါက်လို့ပါ... မမနဲ့ဝေးနေရင် မီးဝေးချိပ်ဖြစ်သွားမှာပါ..."

မယ်အုံက ခါးခါးသည်းသည်းငြင်းနေသဖြင့် သီရိက မယ်အုံနား ကပ်ကာ...

"မမကရော... ကိုကို့ကို မချစ်ဘူးလား..."

"ဟင့်အင်း"

"ဒါဆို... ဘာလို့ငိုတာလဲ..."

"အို... စိတ်ညစ်လို့ ..."

"စိတ်ညစ်စရာလား သူမှမရှိတော့တာ... သူဒီကို မလာ တော့ဘူး ငါးကန်မှာပဲနေတော့မယ်ဆို... အေးတောင်အေးသေး တာပေါ့ ... မမက ခါတိုင်းလို အလုပ်တွေလုပ်ပြီး... ပြုံးပြုံးလေး နေနိုင်ပြီပေါ့ ... ဘာလို့အိပ်ယာထဲ ခွေပြီးငိုနေရတာလဲ..."

"မသိဘူး... ညီမရယ် ကိုရှင်းကိုလည်း ပစ်မထားရက်ဘူး ကိုကလည်း လက်မထပ်ရဲဘူး ..."

ပြောကာမှ ပို၍မျက်ရည်ကျလာသောအခါ သီရိက ပုခုံးလေး ဖက်ကာ

"သိပ်ရုပ်ဆိုးတဲ့ ဗဠာပါပီထောင် မိဖုရားဖြစ်တာပဲ..."

"တော်ပါတော့ ညီမရယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကိုယ့်အတွက် မစဉ်းစားတတ်တဲ့ မမဟာ ဒီတစ်ခါတော့ စဉ်းစားလာပြီပေါ့ ..."

"ဟင့်အင်း မစဉ်းစားပါဘူး ..."

"ဒါဆိုရင် သီရိမေးမယ်.... ကိုကိုကလှပြီး မမက မလှလို့ တစ်ချိန်ချိန်မှာ ကိုကိုပစ်သွားမှာ စိုးလို့ ကြောက်နေလို့... မမလက်မထပ်ရဲဘူးပေါ့ နော်..."

ခေါင်းကိုဖြည်းညင်းစွာ ညိတ်လိုက်သည်။ ရုပ်ဆိုးမလေး၏ အားငယ်စိုးရွံ့မှုကို သရီရိနားလည်ပေးသားပဲ...

"ဒါပေမဲ့ ... ကိုကို မမကို သားသမီးတွေ မွေးပေးတဲ့ အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်စေချင်တာဆိုရင် မမက ကိုကို့ အတွက်ကို စဉ်းစားပြီးလက်ခံလိုက်ပေါ့ ..."

"ဟင် ..."

"နောက်တစ်ချိန်မှာ အလှအပတွေ့လို့ ကိုကို စိတ်ပြောင်းသွားပြီး မမကိုပစ်သွားလည်းအရေးလား အနံတီမှာအတွက် သားသမီး မြေးတွေရပြီပဲ... ကိုကိုကယောကျ်ား ကောင်း ဖြစ်မဖြစ် မမက သူတို့လိုအပ်ချက်ကို ဖြည့်ပေးတဲ့ ဇနီးကောင်း ဖြစ်လေ... ဘာလို့ ကိုယ့်အတွက် စဉ်းစားပြီး ... ပစ်သွားမှာ ကြောက်လို့ ငြင်းနေရတာလဲ..."





ကပ်သီးကပ်သပ်ပြောတတ်တဲ့ စကားတောင်စားလား... အလျှောက်ကောင်းတဲ့ ဦးပေါ်ဦးလားတော့ မသိ... သီရိပြောသော စကားမှာ တွေဝေသွားမိသည်။

"မမက မလှလို့ကြာရင် ကိုကိုစိတ်ကုန်သွားပြီး ပစ်သွားမှာ စိုးလို့ဆိုတော့ မမကကိုယ့်အတွက် ကိုယ်ကြည့်တတ်တာပဲ... ကိုကို့ကို မသနားဘူးလားဟင်... နေပူပူထဲမှာ ကန်ရေပြင်ကျယ်ကြီးက လေတဟူးဟူးနဲ့ ကိုကိုက မမကို လွမ်းစိတ်နဲ့ အစားမမှန် အိပ်ပျက်ပြီးသွေးပေါင်ကျနေမှဖြင့် ..."

"ညီမလေးရယ်... မမဘယ်လိုဆုံးဖြတ်ရမှန်း မသိတော့ဘူး"

သီရိကို ဖက်ကာ အားပါးတရ ငိုပစ်လိုက်မိတော့သည်။ သီရိက မယ်ဖဲ့၏ကျောလေးကို ပွတ်သပ်ပေးပြီး...

"သီရိတော့လေ... ကိုကိုနဲ့မမကို အတူယှဉ်တွဲ မြင်ရတဲ့အခါ လောကမှာ အလှအပဆုံး စိတ်အချမ်းသာဆုံးဖြစ်လာနိုင်မယ့် ဖူးစာ အိမ်ထောင်ဘက်လို့ မြင်နေတယ် ... မမရယ်..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၅

အချစ်သည် အိပ်ရာမှ နိုးထလာသောအခါ ကျန်ကမ္ဘာလောကကြီးမှာ အားလုံးသော အရာများတို့သည် လှပ၍ ပျော်ရွှင်ဘွယ်ရာကောင်းလှပေသည်။

အချစ်ကြောင့် အလှတရားအားလုံးကို ပိုင်ဆိုင်ရသလို ချစ်၍လည်းလှလာရပါတယ် ကိုရှင်းရယ်

ကျောင်းပိတ်ရက်မှ အိမ်ပြန်တော့မည်ဟု ရည်ရွယ်ပြီး... ခလေးများ စာမေးပွဲစစ်ပြီးသော်လည်း ... အိမ်မပြန်သေးပဲ လကုန်ရက်အထိစောင့်ရင်း... ကိုရှင်းနောက်လိုက်ရန်အတွက် ရည်ရွယ်လိုက်သည်။

''သီရိ လိုက်ပို့ပေးမယ်နော်မမ... ကိုကိုက စိတ်ကောက်သွားတာပဲ... တစ်ခါချော့ပဲ ရှိပါတယ်... နောက်မှ နှစ်ယောက်အတူတူပြန်ကြပေါ့ ... ပြီးတော့ လက်ထပ်လိုက်ကြလေ... သီရိက သတို့သမီးအရံ လုပ်ပေးမယ် ...''





''ဟာ... လျှောက်ပြောနေပြန်ပြီ ပွဲထုတ်ရအောင် ပွဲလယ်မတင့်တဲ့ရုပ်ပါ သီရိရယ် ပြီးတော့ အန်တီမာက ချွေးမချောချောလှလှလေးမဲ လိုချင်တာ.... မမကို လက်ခံမယ် မထင်ပါဘူး ...''

သီရိကို အလွန်မျှော်လင့်ထားသော အန်တီမာ အကြောင်းသိသူပီပီ... တွေးမိလျှင် အလိုလိုအားငယ်သွားမိသည်။

သီရိက ဆေးရုံကြီးသို့ ပြန်ဝင်နေရသေးသဖြင့် ပိတ်ရက်မှာပြန်လာပြီး.... မယ်အုံနှင့်ငါးကန်သို့လိုက်ရန် တိုင်ပင်ထားခဲ့သည်။ ဒီကြားထဲမှာ ကိုရှင်းအတွက် ချဉ်ပေါင်ကြော် ဆတ်သားခြောက်ကြက်သားဘာလချောင်ကြော်များကို မောင်နီနှင့်ပို့ပေးခဲ့သည်။ ကိုရှင်းထွက်သွားတာ ငါးရက်ရှိပြီ ကိုရှင်းထံမှ တုန့်ပြန်မှုမရခဲ့ပေ။

''ဆရာမ... ရန်ကုန်က ဖုန်းလာနေတယ်''

အညိုကလှမ်းခေါ်လိုက်သဖြင့် ကဗျာကယာအိမ်ရှေ့အိမ်သို့ပြေးလာခဲ့ရသည်။

ကိုရှင်းမရှိသော အိမ်ထဲသို့ တစ်ခါမျှမဝင်ဖြစ်ခဲ့ပေ။ မောင်နီရောက်လညသည့်အခါမှသာ တံခါးဖွင့်၍ အိမ်သန့်ရှင်းရေး လုပ်ရသည်။

''သမီး အပြန်ပြန်လာခဲ့အုံး မငယ်ကိုဆေးရုံတင်ထားရတယ်အရေးကြီးနေတယ်... ''

''ဟုတ်... ဟုတ်ကဲ့ ...''



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမေးမြန်းချိန်မရလိုက်ပဲ ဖုန်းကိုလျှင်မြန်စွာ ချလိုက်သည်။

ဝေးကွာပြီဖြစ်သော အပူလုံးများက နောက်မှနေလိုက်လာလေပြီပဲ...

မောင်နီ မရှိ၍ အညိုကိုသာပြောပြီးမှီရာ ကားနှင့်လိုက်လာရသည်။

စိတ်ထဲမှာလေးလံကာ ကိုရှင်းကိုမပြောခဲ့ရ၍ စိတ်မကောင်းဖြစ်မိသည်။

မနက်ဖြန် သောကြာနေ့ သီရိပြန်လာပြီး စနေနေ့ရောက်လျှင် ကိုရှင်းထံသွားရတော့မည်မို့ ရန်ခုန်ကာ စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးနေမိသည်။

ရုတ်တရက် အရေးပေါ်ကိစ္စမို့ ကိုရှင်းနှင့်ပို၍ဝေးကွာ.. သွားမည်ကို တွေးရင်းက စိတ်မကောင်းဖြစ်နေမိသည်။

မတွေ့ရပေမဲ့ အနီးအနားမှာရှိနေသည်ဟူသော အတွေးဖြင့် စိတ်ချမ်းသာနေသေးသည်။

ဝေးနေတော့ ကိုရှင်းဟာ ပေပေတေတေနဲ့ နေချင်သလို နေနေသေးလား အစားအသောက်ကိုမှန်မှန် မစားပဲ အိပ်ပျက်ပြီးတော့ သွေးပေါင်တွေ ကျနေအုံးမှာလား...

အတွေးများဖြင့် စိတ်ပူနေပြီး... ရန်ကုန်ရောက်သောအခါ မငယ်အခြေအနေက အသက်လုမည့် အခြေအနေမို့ ရန်ကုန်မှာ ကြာဦးမည်ဖြစ်သဖြင့် အန်တီမာထံဖုန်းဆက်၍...

"အန်တီမာ ကိုရှင်းကငါးကန်မှာ... အန်တီမာ ဟိုသွားပြီး ဂရုစိုက်ပေးပါအုံး...

"ဟဲ့ ... ငါးကန်က ပြီးသွားပြီဆို ..."

"တစ်ဝက်ပဲ ဖော်တာပဲ... ရှိသေးတာပဲ ဟိုမှာက အေးတယ် အန်တီမာပြန်ခေါ်လိုက်ပါအုံး..."

"ဘာတွေဖြစ်နေလို့ ဒီလောက်ပြောမရတာလဲ ... အော် ကောင်တော့ သီရိမွန်လေး ဆေးကုတာခံချင်လို့ ထင်တယ်..."

တလွဲတွေးနေသဖြင့်... မယ်အုံဘာမျှ မပြောလိုတော့ပေ။ လှိုင်သာယာပွဲရုံမှ မကွေးသို့သွားရန် ကိစ္စရှိကြောင်းကို ဖုန်းထဲမှ လှမ်းပြောပြီး... သီရိနှင့် ကိစ္စကို ဆက်၍အောင်သွယ်ပေးရန်... သူမကွေးမှ ပြန်လာလျှင် မိန်းမလာတောင်းမည်ဟု ပြောပြီး ဖုန်းချသွား၏။

မယ်အုံ စိတ်မော၊ လူမော ဖြစ်သွားသည်။ အန်တီမာ မျှော်မှန်းသော ဆရာဝန်မ ချွေးမလှလှပပကိုမရလျှင် ... မိမိကို အပြစ်တင်တော့မည်။

"စိတ်ရှုပ်လိုက်တာ ... ဘာလုပ်ရမလဲ..."

ကိုရှင်းနားမှ ပြေးထွက်ချင်လာသည်အထိ စိတ်ပင်ပန်းလှပင်ပန်းဖြစ်မိသွားသည်။ မိမိပြောင်းလာမိတာ မှားသွားသည်။







www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ ခလေးများသံယောဇဉ်နှင့် တစ်နှစ်ကုန်အောင် ဆက်လုပ်ပြီး... ကိုရှင်းနှင့် ဝေးဝေးရှောင်နေတာ ကောင်းမည်ဟု စဉ်းစားမိလိုက်သောအခါ ရင်ထဲမှာ နာကျင်သွားမိသည်။ ကိုရှင်းကို ပစ်မထားရက်နိုင် အခုလောလောဆယ်တော့ မငယ်ဆေးရုံ တက်နေစဉ် ကိုနှစ်နှင့် မငယ်အိမ်မှာ သွားနေ၍ ကလေးများကို စောင့်ရှောက်ကာ ဆေးရုံသို့ ချက်ပြုတ်ပို့ပေးရ၏။

နှလုံးရောဂါရှိနေသော မငယ်က တတိယကိုယ်ဝန်ကို မဆောင်နိုင်၍ ပျက်ကျသွားခြင်းဖြစ်သည်။

ဆေးရုံနှင့် အိမ်နှင့် ပြေးလွှားချက်ပြုတ်နေရသောကြောင့် မယ်အုံ စိတ်မောလူမောဖြစ်နေသည့်ကြားမှ ကိုရှင်းကို သတိရနေမိသည်။

ရန်ကုန်ရောက်တာ တစ်ပတ်ကျော်သွားပြီမို့ မငယ်အနည်းငယ် သက်သာလာချိန်တွင် မယ်အုံကျောင်းပြန်တက်ရအုံးမည် ဖြစ်သည်။

"မယ်အုံ... အိမ်ကို အောင်မင်းသိန်းလာသွားတယ်... မယ်အုံနဲ့ တွေ့ချင်လို့တဲ့ မေမေကိုနှစ်အိမ်ကို ညွှန်လိုက်တယ်... ဘာဖြစ်လာလဲမသိဘူး... မျက်နှာမကောင်း ဖြစ်နေတယ်..."

"ဟုတ်... ဟုတ်ကဲ့ မေမေ... ပြီးတော့ ကိုရှင်းဆီက ဖုန်းလာသေးလား..."





"မလာပါဘူးကွယ်..."

"အန်တီမှာဆီကရော..."

"အန်တီမာက မကွေးမှာပဲထင်တယ်..."

"ဒုက္ခပဲ... သမီး... တွံ့တေးပြန်မှပဲမေမေ မငယ်လည်း သက်သာလာပြီပဲ..."

"ဆေးရုံက ဆင်းအောင်အထိ မစောင့်တော့ဘူးလားကွယ်"

"မဝင်းတို့နဲ့ ပိုင်းပြီး ဂရုစိုက်ပေးပေါ့ မေမေရယ်... ကလေးတွေကို ပစ်ထားရတာကြာပြီ စနေတနင်္ဂနွေလာပါ့မယ်"

မယ်အုံသည် အစ်ကိုနှစ်ဦး မိသားစုအတွက် ဖြစ်နေသည်မို့ အလွတ်ရုံးပြေးလာသည့်တိုင်အောင် ရှန်းထွက်၍မရသေးပေ။

သူတို့လိုချင်သော အဖော်ကောင်မလေးများကိုလည်း အသီးသီး ရှိနေကြသည့်တိုင်အောင် တစ်ခုခုဖြစ်လျှင် မယ်အုံကိုသာ လှမ်းခေါ်ကြသည်မှာ အကျင့်တစ်ခုလို ဖြစ်နေ၏။

"အယ်... အောင်မင်းသိန်းရေ ဝင်လာခဲ့ ဒီမှာ... အခုပဲ မေမေနဲ့ ဖုန်းစကားပြောပြီးတာ..."

"အမ... ဘယ်တော့ပြန်လာမှာလဲ... ကျွန်တော် တွံ့တေးကအိမ်ကို ရောက်တာနှစ်ခေါက်ရှိပြီ..."

"မနက်ဖြန်ပြန်လာမလို့ပဲ... ကျောင်းမှာ ခွင့်ယူရတာ များနေပြီလေ... ညနေဘက်ပြန်မယ်... ကိုရှင်းရော နေကောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား...''

''သူနေမကောင်းလို့ လာခေါ်တာပေါ့ ...''

အောင်မင်းသိန်းက ဟိုဟိုဒီဒီကြည့်ကာ မယ်အုံနားသို့ တိုးတိုးကပ်ပြောလိုက်၏။

''အမကို ကျွန်တော်မသိလို့ ပြောမိတာ ခွင့်လွှတ်ပေးပါနော် အမနဲ့ အစ်ကိုအကြောင်းမသိလို့ ...''

''ဟင့်အင်း... ဘာမှ မဖြစ်ဘူး ...''

''အကိုက ဖြစ်နေတယ် အမလိုက်လာမှ ဖြစ်တော့မှာ... အကိုက ငါးကန်မှာပဲ နေမယ်တဲ့ ...''

''ခက်လိုက်တာ...''

''ကြုံတုံးအခု လိုက်ခဲ့ပါလား အမရယ်... ကြာရင် အကို သေလိမ့်မယ်...''

''ဟင်...''

ရင်ထဲမှာအပူလုံးကို ဆို့တက်လာလေသည်။ အအိပ်အစားမမှန်၍ သွေးပါင်ကျသွားသည်ကို သတိရမိပြီး... ဘာမှ မစဉ်းစားတော့ပဲ... အောင်မင်းသိန်းကားနှင့်ပင် အိမ်သို့ ပြန်လာပြီး ပစ္စည်းများကို ကောက်သိမ်းလိုက်၏။ ပထမဦးဆုံး အကြိမ်အဖြစ်ဖြင့် မိသားစုကို ဥပေက္ခာပြုနိုင်သည်။ မိခင်က ဆေးရုံသို့ ထွက်သွားပြီဖြစ်သောကြောင့် ဖခင်ကိုသာတွေ့ရ၍...



''ဖေဖေ... သမီးတွံ့တေးကို ပြန်လိုက်အုံးမယ်... ဘား လည်း ကြုံနေလို့ပါ...''

''အေး... အေး ... လိုက်သွားလိုက်... မငယ်လည်း သက်သာ နေပြီပဲ...''

အောင်မင်းသိန်းစောင့်ခေါ်နေစဉ် မယ်အုံသည် အနွေးအကျီနှင့် စောင်များကိုထည့်နေ၏။ မကြာမီ ဆောင်းဝင်လာတော့မည် ဖြစ်သည်။

''ဒေါ်ရေးအုံ... ဘာလို့ အဝတ်တွေ သိမ်းနေရတာလဲ...''

အလတ်မက အဒေါ်ပြန်မှာကို မလိုလားသဖြင့် ဝတ်ထည့်နေတာကို လာမေးနေ၏။ မှတ်မှတ်ရရပင် ကိုရှင်းပေးထားသော လက်ဆောင်ထုပ်နှင့် မမထားပေးထားသော လက်ဆောင်ထုပ်ကို အိတ်ထဲ ထည့်လိုက်၏။

''ဒေါ်လေးပြန်အုံးမယ်... နောက်အပါတ်မှ လာမယ်နော် ကလေး ညီမလေးကို ဝိုင်းကြည့်ပေးနော်... သမီးက လိမ်မာပါတယ်''

''ဟင့် ... ဒေါ်ရေး ပြန်ရာမှာရားဟင်...''

သံယောဇဉ်သမားက ငိုမဲ့မဲ့ဖြစ်လာသောအခါ ... မယ်အုံ မျက်ရေဝဲရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ပြန်လာမှာပါ ကလေးရယ် မကြာပါဘူး... သွား... သွား ... ဖိုးဖိုးနားမှာ နေနေနော်... ဖေဖေ သမီးသွားတော့မယ်နော် မနက်ဖြန်မှ သွားမလို့ပဲ... အခုတော့ ကားကြုံလို့ လိုက်သွားတာ မေမေကို ပြောလိုက်ပါအုံးနော်...”

“အေး...အေး”

ဖခင်က အနေအေးသဖြင့် ဘာမျှ မပြောသော်လည်း အောင်မင်းသိန်းကို မယုံကြည်နိုင်သလို ကြည့်နေ၏။

“အန်ကယ် သွားပါအုံးမယ်...”

အောင်မင်းသိန်းက ကဗျာကယာနှုတ်ဆက်ကာ မယ်အုံ၏ အိတ်ကို လှမ်းယူလိုက်ပြီး ကားပေါ်တင်ပေးလိုက်၏။ မယ်အုံက ဖခင်ကို ကန်တော့ပြီးမှ ထွက်လာလိုက်၏။

ကားပေါ်ရောက်သည်နှင့် မယ်အုံ၏ရင်တွေ ပူလာလေသည်။ အောင်မင်းသိန်းကို မရှုက်နိုင်တော့ဘဲ မျက်ရေများ ရစ်ဝဲလာကာ...

“သူ ... တော်တော်ဖြစ်နေလား...”

“မဖြစ်ပဲနဲ့ ကျွန်တော်လာမခေါ်ပါဘူး... ငါးကန်ပဲ တိုက်ရိုက် သွားမယ်နော်...”

“အင်း ....”

မယ်အုံဘဝတစ်သက်တာတွင် ယောကျ်ားတစ်ဦးအတွက် ဒီလောက်အထိပူလောင်ပြီး ပျာယာခတ်လိမ့်မယ်ဟု မထင်မိပေ။





“ကိုရှင်းစကားများကို ကြားယောင်လာမိသည်။

“မြတ်နိုးခြင်း စွဲလမ်းခြင်းနဲ့ သူမရှိရင် မနေတတ်လောက် အောင်ကို လိုလားပြီး... ရယူပိုင်ဆိုင်ချင်စိတ်တွေ ဖြစ်မိပြီး မင်းနဲ့ လက်ထပ်ချင်တာပါကွာ...”

အမှန်တကယ်ပင် ကိုရှင်းနှင့် ဝေးကွာနေသော အချိန် အတွင်း၌ တမ်းတခြင်းနှင့် ပိုင်ဆိုင်ချင်စိတ်များ ဖြစ်ပေါ်လာခဲ့သည်။

“အမ... အကိုက အမကို သိပ်ချစ်တာကို ကျွန်တော် မသိ ခဲ့တာ... အမှန်ပါ... နို့မဟုတ်ရင် အကိုနဲ့ယှဉ်ပြိုင်ပြီး မပြောပါဘူး”

“သူက နောက်မှပြောတာပါ မင်းအပြစ်မဟုတ်ပါဘူး” ဟု၍ ရင်ထဲမှာ ပြောလိုက်သော်လည်း ဘာစကားသံမှ မထွက်နိုင်ပဲ မှုပန်စိတ်များဖြင့် မျက်ရေများသာ ကျနေမိသည်။

“အမကရော.. အကိုကို တကယ်ပြန်ချစ်ပြီလား...”

ယခုတိုင်အောင် ထိတ်လန့်နေမှု... ခေါင်းကို လေးတွဲစွာ ခါရမ်းရင်း..

“ဒို ... မသိဘူး... အခု ... ရင်ထဲမှာ သိပ်ပူနေလို့ ဘာမှ မစဉ်းစားတတ်ဘူး... မခံစားတတ်ဘူး...”

“အမရယ်ဗျာ... စောစောထဲက အဲဒီခံစားချက် အပူတွေကို ထုတ်ပစ်နိုင်လိုက်ရင် ... အမဒီလောက်အထိ ခံစားနေရမှာ မဟုတ်ပါဘူးဗျာ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒို့ မယုံနိုင်ဘူး... ဒို့ဟာ အကိုရှင်းရဲ့ ချစ်သူဟောင်းနဲ့ ယှဉ်လိုက်ရင် သိပ်ကွာခြားတယ်... ဒို့ရုပ်မလှလို့ အကိုရှင်းနဲ့ မထိုက်တန်ဘူး ထင်နေတာ.. အခုတော့ ဒို့ဆုံးဖြတ်လိုက်ပါပြီ... အကိုရှင်း ဒို့ကိုလိုအပ်နေတဲ့ အချိန်အထိ ဒို့ သူ့အနားမှာ နေပေးလိုက်မယ်... မလိုအပ်တော့ရင်တော့ ဖယ်ခွာပေးလိုက်ပါ့မယ်..."

မရှက်တန်းပြောချလိုက်ပြီးမှ ကိုယ့်စကာကို ကိုယ့်ဖာသာကို အံ့အားသင့်သွားမိသည်။ သီရိပြောသလိုပဲ ကိုယ့်ကိုပစ်ခွာသွားမှာ စိုးလို့ ကိုရှင်းကို ပစ်ပယ်ထားတာမျိုး မဖြစ်တော့ပဲ... ကိုရှင်းအတွက် အဖြည့်ခံသက်သက်အနေနှင့် ရပ်တည်ပေးချင်လာသည်။

"သေချာပါတယ်ဗျာ အကိုက အမကို အမြဲလိုအပ် နေမှာပါ"





ငါးကန်ရောက်လာသောအခါ... မှောင်ပျပျဖြစ်နေသော [illegible] ကဗျာကယာ ပြေးဆင်းလာတော့ မရှိတော့ပေ။ အနိ့တိမာနှင့် [illegible] လာခေါ်သွားသည်ဟု သိလိုက်ရသောအခါမှ သက်ပြင်း [illegible] မိတော့သည်။

"သီရိမွန်ရှိရင် စိတ်ချရပြီပဲ..."

"ဒါဆို အမ ခဏနားလိုက်ပါ.. ဘာမှ မ[illegible] ထမင်းစားပြီးမှ သွားကြတာပေါ့ ... ဒါမှမဟုတ် ... [illegible] ပန်းနေရင် ဒီမှာအိပ်ပါလား.. မနက်ကျမှ လိုက်ပို့ပေးမယ်[illegible]"

"ရပါတယ်... မင်းပင်ပန်းတာကို ဒို့က အားနာ[illegible] အခုပဲ သွားချင်ပြီ..."



www.burmeseclassic.com

www.burmeseclassic.com



အခုချက်ချင်းပင် ကိုရှင်းကို တွေ့ချင်နေသော်လည်း အန်တီမာကို ကြောက်နေသဖြင့် ရင်ဆိုင်ရမှာ ဝန်လေးနေမိသည်။

"နေပါစေဗျာ... အကိုနဲ့အမနဲ့ အဆင်ပြေဖို့က အဓိကပါပဲ အကိုဒီည အိပ်ရေးဝဝအိပ်နိုင်အောင်လို့ လိုက်ပို့ပေးပါ့မယ်..."

အောင်မင်းသိန်းက မယ်အုံအတွက် ငါးကြော်နှင့် ထမင်းဖြူ စီစဥ်နိုင်းပြီး သူက ရေချိုးလိုက်သေးသည်။

ထမင်းစားပြီးမှ ကားစက်နိုးကာ ထွက်လာမည်အပြု ကားစက်နိုး၍ မရတော့ပေ။

"ပြဿနာပဲ အကိုကသာ ကားပြင်တတ်တာ ကျွန်တော်က ကားမပြင်တတ်ဘူး..."

ငါးကန်မှ အလုပ်သမားများနှင့် ကားပြင်နေကြစဥ် မယ်အုံ ရင်ထဲမှ မရိုးမရွနှင့် နေမထိထိုင်မသာဖြစ်ကာ... ကိုရှင်းနှင့် ပတ်သက်၍ တွေးစရာ ငေးစရာလေး တစ်ခုခုဖြင့် ငြိမ်နေချင်သောကြောင့် ကိုရှင်း အိပ်ခန်းထဲ ဝင်ကာ ထိုင်ခုံမှာ ထိုင်နေမိသည်။ လုပ်ငန်းစာရင်း စာအုပ်များသာ ရှိပြီး... ဘာမှ အထွေအထူးမတွေ့ရပေ။

သို့ရာတွင် အိတ်ဆောင်ပြက္ခဒိန်မှာ မှင်နီနှင့် ကြက်ခြေခတ်ထားသော နေ့ရက်များမှာ... ကိုရှင်းငါးကန်ကို စရောက်သည့် နေ့ရက်များပင်ဖြစ်၏။ အား ါးဆယ့်တစ်ရက်ရှိပြီပဲ...။





ပြက္ခဒိန်များကို လှန်ကြည့်နေစဥ်... ဖေဖော်ဝါရီလ ရောက်သော အခါ ... သဲလေးမွေးနေ့ဟူ၍ သူ့မွေးနေ့ကို မှတ်ထားသဖြင့် ရင်ထဲမှာ ဒိန်းကနဲ မြည်ဟီးသွားသည်။

"သဲလေး..."

"သဲလေး..." မွေးနေ့ကတော့ မယ်အုံမွေးနေ့ပါပဲ... ဒါပေမဲ့ မယ်အုံကို သဲလေးဟုမခေါ်ခဲ့ဖူး ဘယ်သူမှ မခေါ်ခဲ့ဖူးပေ။

မွေးနေ့ကိုတွေ့မှ ဆယ်ခြောက်နှစ် မွေးနေ့လက်ဆောင်ကို ဖြေကြည့်ရန် သတိရမိသည်။

အပြင်ဘက်သို့ လှမ်းကြည့်ရာ ကားပြင်နေဆဲမို့... အိတ်ထဲမှ လက်ဆောင်ထုတ်နှစ်ထုတ်ကို ဖြေကြည့်လိုက်သည်။

"မယ်အုံလေး မွေးနေ့အတွက်..."

ဟူ၍ ကိုရှင်းလက်ဆောင်ထုတ်မှာ ရိုးရိုးလေးရေးထားသဖြင့် အရင်ဖွင့်ကြည့်မိသည်။

ခေါင်းစည်းပုဝါ အဖြူရောင်ပေါ်၌ အသဲပုံရိုပ် ပန်းရောင် အရိုပ်ကလေးများ ပြီးတော့ ပုလဲ လည်ဆွဲတစ်ခု...

"မယ်အုံလေး... မင်းမွေးနေ့ကို မသိလို့ ကိုယ်ဆူမိတာကို သိပ်ဝမ်းနည်းသွားသလားကွယ်... ခွင့်လွှတ်ပါ... မင်းနဲ့ ဘာမှ မဆိုင်ဘူးဆိုတာကို စဥ်းစားမိပါတယ်... အပြစ်ဖို့ချင်သူက အပြစ်ကို ရှာကြံနေမှာပါပဲ... မင်းလေးကို တောင်းပန်ပါတယ်ကွာ ကြေပါ



www.burmeseclassic.com

www.burmeseclassic.com



ဘော့နော်... ကိုယ်တောင်းပန်တာကို ကျေရင် ညနေကျရင် ကိုသစ်တို့ ကိုနှစ်တို့နဲ့အတူ မယ်အုံလေးကို ဘုရားလိုက်ပို့ပေးမယ်နော်... ဘုရားလည်းဖူးမယ်... ပျော်ပျော်ပါးပါး စားကြမယ်... အုံလေးသွားချင်တဲ နေရာကို လိုက်ပို့ပေးမယ်... အဖြူရောင်လေး ဝတ်ခဲ့ ... ဒီပုလဲလည်ဆွဲလေး ဆွဲနော်... ပုဝါလေးလည်း စည်းခဲ့ ... ကိုယ့်ကို ကျေရင် ခွင့်လွှတ်ရင် လာခဲ့နော်... ကိုယ်စာနဲ့ပဲ ရေးချော့ရတာ ပါးစပ်နဲ့ မချော့တတ်လို့ပါကွယ်..."

"အော်... ဒါကြောင့်ကိုရှင်းက သူ့ကို မကျေနပ်ဖူးလို့ ထင်နေတာကိုး... သူတောင်းပန်တာကို ငါက အသိအမှတ်မပြုဖူးလို့ ထင်ပြီး... ခတ်တည်တည်နဲ့ ရှောင်ဖယ်ခဲ့တာကိုး..."

မယ်အုံသည် ကိုရှင်းအိမ်သို့ လာခဲ့စဉ်က ရှောင်ပုန်းနေခဲ့ပြီးနောက် အကိုများအိမ်ထောင်ကျသွားသောအခါ ကိုရှင်းအလာကြဲသွားခဲ့ပြီး... တဖြည်းဖြည်း အနေဝေးခဲ့သည်များကို ပြန်အမှတ်ရမိကာ ရင်ထဲ၌ တမ်းတမ်းတတနှင့် လွမ်းဆွတ်နေမိသည်။

မယ်အုံက ပုလဲပုတီးလေးနှင့် ပုဝါစအား ရင်မှာပွေ့ထားပြီး အငြတ်တနိုး နမ်းရှိုက်လိုက်မိသည်။

"ကိုရှင်းကို မယ်အုံချစ်တယ်... ဘယ်သူတွေ... ဘာပြောပြော ... မယ်အုံရင်ဆိုင်ပါ့မယ်... တစ်လောကလုံး ကဲ့ရဲ့ပါစေ ကိုရှင်းက လက်ခံနေသမျှ ကိုရှင်းနားမှာပဲ နေပါ့မယ်"





နွတ်ဖျားမှ တိုးဖွဖွလေး ရေရွတ်ကာ ခေါင်းစည်းပုဝါလေးဖြင့် ဆံပင်ကို စည်းနှောင်သော်လည်း ပြေကျသဖြင့် လည်မှာသာ စည်းနှောင်လိုက်သည်။

"ဒါဆို ကိုရှင်း နားလည်ပါပြီနော်..."

ထို့နောက် ထားရွှေစင်ပေးသော လက်ဆောင်ထုပ်ကို ဖြေကြည့်လိုက်သောအခါ ... ဗူးလေးတစ်ခု...

"ဟင်.."

အပြာရောင်ကျောက်နှင့် နားဆွဲတစ်စုံ ပြီးတော့ စတီးကြိုးနှင့် ဆွဲသီးလေး...

"ဒါ.. ဒါဟာ ... ကိုရှင်းက မမထားနဲ့ ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်အနေနဲ့ ပေးထားတာပဲလေ..."

စာလေးတစ်စောင်.. ထားရွှေစင်၏ လှပသောလက်ရေးနှင့်...

"မယ်အုံလေး... တစ်နေ့မှာ ကိုရှင်းဟာ မယ်အုံရဲ့ ကိုရှင်းပဲဖြစ်လိမ့်မယ်လို့ ယုံကြည်နေမိတယ်... ဒီဆွဲကြိုးလေးနဲ့ နားကပ်လေးဟာ မယ်အုံနဲ့ပဲ ထိုက်တန်ပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက် ခိုးရာလိုက်ပြေးသွားကြတယ်လို့ ရန်ကုန်က ဖုန်းဆက်တယ်... ဘယ်လိုဖြစ်လို့ ဒီကို ရောက်လာရတာလဲ..."

ရုတ်တရက် ကိုရှင်း၏အိမ်ဝမှနေ မယ်အုံကို လှမ်းဆူလိုက်သဖြင့် ရင်ထဲ ဒိန်းကနဲဖြစ်သွားသည်။

မိမိတိုးရိမ်သကဲ့သို့ပင် အန့်တီမာက စိမ်းကားပြတ်တောက်သော အကြည့်နှင့် ပြောလိုက်သောကြောင့် မယ်အုံတုန်လှုပ်သွားမိသည်။

"မ... မဟုတ်ပါဘူး အန့်တီမာရယ်..."

"ဘာမဟုတ်ရမှာလဲ... ရန်ကုန်က ဖုန်းဆက်တာကြာနေပြီ အခုမှ ရောက်လာတာ... အခုဘယ်နှစ်နာရီ ရှိပြီလဲ... ပြောစမ်း"

ကားပြင်နေသောကြောင့် ညကိုးနာရီမှ ရောက်လာသည်မို့ အန့်တီမာ အထင်လွဲစရာပင်...

"ဟို ... ကားပြင်နေလို့ပါ အန့်တီမာရယ်..."





အောင်မင်းသိန်းက ကဗျာကယာ ဝင်ပြောလိုက်သော်လည်း မယ်အုံကတော့ ဧည့်ခန်းထဲမှာ ကိုရှင်းကို မတွေ့ရသဖြင့် ရင်ထဲထိတ်သွားသည်။

"ဒီလိုပဲ အကြောင်းပြတာပဲ... မယ်အုံ ညည်းကို ယုံမိတာ ငါ့တော့ လုံးလုံးမှားတာပဲ ငါးသားကတော့ ညည်းကို ဂရုစိုက်လိုက်ရတာ ညည်းကတော့ ငါ့သားကို ပြစ်ထားတာ မသေရုံတမယ်ပဲ... တော်ပြီ သွား... မလာနဲ့ ... ညည်းပြန်တော့ ဒီအိမ်ကို ဘာမှ လာစရာမလိုဘူး ညည်းအိမ်ကို ညည်းပြန်..."

"အန့်တီမာရယ်..."

အန့်တီမာ၏ ရက်စက်သော စကားသံများကြောင့် မယ်အုံရင်တစ်ခုလုံး ပွင့်ထွက်သွားပြီး သီရိကို အားကိုးတစ်ကြီးနှင့် လှမ်းကြည့်လိုက်မိသည်။ သို့ရာတွင် ကူမပြောပေးပဲ

"ဟုတ်သားပဲ မမက ... ကိုကို့ကို သွားခေါ်မယ်လို့ ပြောထားတာ ထွက်ပြေးသွားပြီးတော့ ကိုကို့ကို မနည်းပြန်ခေါ်လာရတယ် အားနည်းပြီး မူးနေလို့ အလွယ်တကူ ခေါ်လာရတာပေါ့ ... မမက သိပ်ရက်စက်တာပဲ..."

"မ .. မဟုတ်ပါဘူး ညီမလေးရယ်.. မမယောင်းမက တော်တော်လေး ဖြစ်နေလို့ပါကွယ်.. အခုတောင် ဆေးရုံက ဆင်းလာသေးဘူး... ကိုရှင်း ကိုရှင်းရောဟင် သူနေမကောင်း ဖြစ်နေတာလား"

"ဘာမှ လာမမေးနဲ့ မယ်အုံ ငါ့သားနဲ့ ညည်းနဲ့ ဘယ်လိုမှ

www.burmeseclassic.com



မသက်ဆိုင်ဘူး သွား... သွား... ညည်းအိမ် ညည်းပြန် ... ငါ့သားဆီ မလာနဲ့ ...."

"မလုပ်ပါနဲ့ အန်တီမာရယ်... မယ်အုံ တောင်းပန်ပါတယ် ကိုရှင်းကို တွေ့ပါရစေ... ညီမလေး အန်တီမာကို ဝိုင်းပြောပေးပါနော်"

မယ်အုံမှာ ပန္နာမြေလူးနှင့် သီရိထံပြေး၍ အကူအညီတောင်းလိုက် အန်တီမာကို လက်အုပ်ချီ၍ တောင်းပန်လိုက်နှင့် ယောက်ယက်ခတ်သွားသည်။

"မပြောနဲ့ မကြားချင်ဘူး ညည်းအိမ်ပြန်.. သမီးသီရိ ဒင်းကို သူ့အိမ်လိုက်ပို့လိုက်စမ်း ငါမမြင်ချင်ဘူး သွား... သွား"

အန်တီမာက ကျောခိုင်းလိုက်သောအခါ သီရိမှန်က မယ်အုံအား အတင်းဆွဲခေါ်လာရင်း...

"မမ .... အိမ်ပြန်နားတော့ အန်တီမာ စိတ်ဆိုးနေတုံး ပြန်လိုက်နော်.... နောက်မှလာ..."

"ညီမလေးရယ်... မမကို ရိုက်ချင်ရိုက်ပါစေ... ကိုရှင်းကို တွေ့ပါရစေ... မမတွေ့ချင်တယ်..."

"အင်းပါ... နောက်မှတွေ့ပါ . ..မမ အိမ်ပြန်နားလိုက်နော် တော်ကြာကြမှ သီရိလိုက်လာမယ်..."

သီရိက မယ်အုံ၏ ခြံအထိ လိုက်ပို့ပေးရင်း ငိုရှိုက်နေသော မယ်အုံကိုတတွတ်တွတ် ချော့နေ၏ မယ်အုံ၏ ခြံဝင်းရှေ့ ရောက်သော အခါ သီရိအား တိုးရှိုးတောင်းပန်လိုက်ပြန်သည်။



"အန်တီမာ အိပ်သွားရင် မမကိုရှင်းကို လာတွေ့ပါရစေနော် မောင်နီကိုပြောပြီး တံခါးဖွင့်ထားခိုင်းပေးပါနော် ညီမ..."

"မမကလဲ ... မိုးလင်းအောင်အထိ မစောင့်နိုင်တော့ဘူးလား ဘာလဲ... ကိုရှင်းကို ချစ်သွားပြီလား..."

"ချစ်ပါတယ် ကိုရှင်းက မမကို မမုန်းသေးဘူးဆိုရင် အန်တီမာ လက်ခံတဲ့အချိန်အထိ စောင့်ပါ့မယ် ညီမလေးရယ် ..."

"ကိုရှင်းက ပမကို လက်မထပ်တော့ဘူး ဆိုရင်ကော..." ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ တစ်ချက်ရှိုက်လိုက်ရင်းက...

"ကိုရှင်းသဘောပါပဲ... မမကပဲ သူ့ကိုချစ်နေမှာပါပဲ..."

"မမရယ် ... ကဲ့ပါ... ကိုယ်အိမ်လေးမှာ အေးအေးဆေးဆေး ချွေးသိပ်လိုက်ပါ... အဆင်ပြေသွားမှာပါ..."

မဲမှောင်နေသော ခြံဝန်းထဲကို ဖြတ်လျှောက်ပြီး အိမ်ရှေ့မှာ ရပ်လိုက်မိသည်။ အိမ်ထဲမှာ ညမီးလုံးအပြာလေးသာ ထွန်းထား၏။

ကိုရှင်းတွေ့လျှင် ဝမ်းသာစေရန်အတွက် ကိုရှင်းပေးထားသော ပုဝါကိုလည်မှာစီး၍ ထားရွှေစင်ပေးထားသော ဆွဲကြိုးနှင့် နားကပ်ကို ဆွဲထားလိုက်သည်မှာ အားလုံးအလဟဿ ဖြစ်သွားလေပြီ.. မိမိစိုးရိမ်သလို အန်တီမာက သဘောမတူပဲ စိတ်ဆိုးနေလေပြီ ...

အန်တီမာက ရုပ်ဆိုးသော ချွေးမကို လက်မခံနိုင်... ကိုရှင်းကရော ဆေးရုံမှာလား ဘယ်မှာလဲ သီရိက ညာ[illegible]လာရန် သဘောတူလျှင် အိမ်မှာပဲရှိလိမ့်မည်ဟု မှန်းချက်ချရင်း ကိုရှင်းနှင့် အတူတူ

www.burmeseclassic.com



ထိုင်ခဲ့သော ခုံတန်းလေးမှာ ထိုင်၍ အားပါးတရ ငိုရှိုက်မိတော့သည်။

ကိုရှင်းကို ပူပန်စိတ် ဝမ်းနည်းစိတ်များဖြင့် ရင်မှာ ပူလောင်နေသည်မှာ ဘယ်လိုမှ နေလို့မရတော့ပေ...

"သဲလေး... သဲလေး..."

"ဟင်..."

ကိုရှင်း၏ တိုးဖွဖွအသံကြောင့် အလန့်တကြားဖြစ်ကာ ဟိုဟိုဒီဒီရှာကြည့်သော်လည်း မတွေ့ရပေ။

"သဲလေး..."

ပြက္ခဒိန်ထဲမှာ ရေးထားသော "သဲလေးမွေးနေ့"ဟူသော အခေါ်ကို နားနှင့်ဆတ်ဆတ်ကြားရသည်... အိမ်အပေါ်သို့ ပြေးတတ်ကာ

"ကိုရှင်း... ကိုရှင်း..."

ဧည့်ခန်းထဲမှာ မတွေ့ရပဲ အိပ်ခန်းကုတင်ပေါ်တွင် ပုလင်းပိုက်တန်းလန်းနှင့် တွေ့ရသောအခါ ... ကိုရှင်းရင်ထဲပြေးဝင်၍ အားပါးတရ ငိုရှိုက်မိတော့သည်။ ကိုရှင်းကမယ်အုံကိုထွေးဖက်ထားလျှက်

"တိတ်ပါတော့ သဲလေးရယ်...ငိုရတာ မောလှပါပြီကွယ်.. တိတ်နော် တိတ်..."

"ကိုရှင်း ... မယ် ... မယ်အုံလေ ကိုရှင်းကိုစိတ်ပူလိုက်ရတာ.. ကိုရှင်းနေကောင်းတယ်နော်..."

"ဒီအိမ်လေးနဲ့ ... သဲလေးကိုယ်ငွေ့ကုတင်ပေါ်ရောက်ပြီး ဆေးသွင်းလိုက်တာနဲ့ ... အားပြည့်သွားပါပြီ...သဲလေးလာနိုးနိုးနဲ့



မျှော်ရင်း ငါးကန်အသစ်တူးတဲ့ဆီမှာ နေ့နေ့ညည သွားစောင့်နေတာ ပင်ပန်းတာလဲ ပါတာပေါ့ ... သဲလေးကို မျှော်ရင်း မလာမလာနဲ့ ရင်မှာ စိုးရိမ်စိတ်တွေဝင်လာတယ်... မင်းလေးကိုဆုံးရှုံးသွားမှာကိုလေ"

"ကိုရှင်းရယ် မယ်အုံလဲလေ... ကိုရှင်းကို အဆုံးရှုံး မခံနိုင်တော့ဘူး ... ကိုရှင်းနဲ့ မခွဲနိုင်တော့ဘူး သိလား..."

ကိုရှင်း၏ ရင်ပတ်ပေါ် မျက်နှာဖွက်ကာ ထပ်မံ၍ ငိုရှိုက်မိတော့သည်။

"ဟာ ဘာလို့ငိုရတာလဲ မငိုနဲ့တော့လေ ... အချစ်ရယ် မင်းလေးအပြုံးကိုပဲ မြင်ချင်တယ်... အလကားမျက်စေ့လေး ပိုမှေးသွားအုံးမယ်..."

မျက်ရည်ကြားမှ ပြုံးလိုက်ရင်း ကိုရှင်းရင်မှ ဆတ်ခနဲ ရုန်းထွက်ကာ မီးခလုတ်ကို ပြေးဖွင့်လိုက်၏။

"ကိုရှင်း ဒီမှာကြည့်စမ်း..."

ပြုံး၍ ကိုရှင်းနားမှာ ရပ်ပြလိုက်၏။ ကိုရှင်းက ရွှန်းလဲ့သော အပြုံးနှင့် မယ်အုံကိုပြုံးရင်း ကြည့်ရင်း လက်ကမ်းကာ ...

"လာစမ်းပါ အသဲလေးရယ်... မင်းလေးအနားမှာ ရှိနေတာကို ယုံရအောင်လို့ ရင်ခွင်ထဲမှာပဲ နေပါအုံးကွယ် ..."

"ကိုရှင်းကလဲ ... ပုဝါနဲ့ ဆံပင်ကြိုး နားဆွဲကို မြင်လား မှတ်မိလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မသိရမှာလဲ... မမထားက ပြောထားခဲ့တယ်... တခြားပစ္စည်းတွေ အားလုံးပြန်ပေးပြီး... ချစ်သူစဖြင်တဲ့ အထိမ်းအမှတ်ပစ္စည်းကိုတော့ ကိုရှင်းနဲ့ ဖူးစာရှင်ဖြစ်မဲ့ မိန်းခလေးကို ပေးလိုက်တယ်လို့ ပြောထားခဲ့တယ်လေ... ကိုရှင်း ဘယ်သူ့ကို ပေးခဲ့တယ်ဆိုတာကာကို ရိပ်မိသလိုတော့ ရှိသားပဲ... ဒါပေမဲ့ ... သေသေချာချာတော့ မစမ်းစစ်ကြည့်မိဘူး ..."

"ကိုရှင်းက ဘာကို ရိပ်မိတာလဲ..."

"သူက ကိုရှင်းနဲ့ မယ်အုံကို အစထဲက သဝန်တို ်လေ သဲလေးကို မေမေနဲ့ ကိုရှင်းက သိပ်ချစ်တာရယ်... သဲလေးက စိတ်ထားဖြူစင်တာရယ်ကို ချီးကျူးတတ်လို့လေ... အစကတော့ ကိုယ်လည်း သတိမထားမိဘူး... မင်းလေးက ကိုယ့်အသဲရဲ့ တစ်နေရာမှာ ပုန်းကွယ်နေတာကို မမြင်မိဘူး... ဒါပေမဲ့ တစ်စုံတစ်ယောက်ရှိနေတယ် ဆိုတာကိုတော့ သိထားတယ်လေ..."

"တကယ်လား ကိုရှင်းရယ်... မယ်အုံကို ဥပေက္ခာပြုထားပြီးတော့ ငါးနှစ်လုံးလုံးလေ..."

"ဟုတ်တယ် အစကတော့ ဘာမှ မစဉ်းမတတ်သေးတဲ့ ဆယ်ကျော်သက်အရွယ်ပဲလေ... လှတာမြင်ရင် ချစ်ချင်တာပဲ... ဒါပေမဲ့ မယ်အုံဆယ်ခြောက်နှစ်ပြည့်တဲ့ နေ့ကစပြီး... မမထားအပေါ်မှာ စွန့်လွှတ်ဖို့ ဝန်မလေးတော့ဘူး မမထား စိတ်ကောက်တာကို ချော့ဘို့ထက် မယ်အုံငိုသွားတာကို ချော့ဘို့ပဲ စိတ်ထဲမှာ စဉ်းစားနေ





မိတာ... စာနဲ့ ချိန်းထားပြီး မလာတော့ မယ်အုံခွင့်မလွှတ်ဘူးထင်ပြီး စိတ်မကောင်းဖြစ်နေတာနဲ့ အားလုံးရှောင်ပြီး တတ်နိုင်သမျှ ရန်ကုန်မြေနဲ့ ဝေးသေးရှောင်နေ မိတာပဲပေါ့... အထုတ်ကိုဖြေကြည့်တာ ကြာပြီလား"

"ခုနကမှ ဖြေကြည့်လိုက်တာ..."

"ကိုယ့်ကို အကြာကြီး လွမ်းနေအောင် လုပ်တာပဲ... အင်း အဲဒီလို ဝေးကွာနေပြီးမှ ပြန်တွေ့ရတော့မှ သဲလေးကို သတိထားမိလာတယ်... ပြီးတော့ ဒီအိမ်လေးမှာ ဘာလို့ ကိုလာစောင့်လဲ သိလား"

" မယ်အုံပြန်လာရင် တွေ့ရအောင်လို့ပေါ့ ..."

"သွားစမ်း... ကလေးအတွေးနဲ့ ..."

ပါးပြင်ကို ချစ်စနိုးဆွဲလိမ်လိုက်သော်လည်း မယ်အုံ မနာနိုင်ပဲ သူ့အားပြုံး၍ ကြည့်နေမိသည်။

"ဒီအိမ်လေးကို စဆောက်တဲ့ ဖနီးမောင်နှံ နှစ်ယောက်က သိပ်ချစ်ကြတာ... တတွဲတွဲနဲ့ ယုယကြင်နာတာကို မြင်တော့ ကိုယ်လည်း ကြင်ဖော်ကိုတမ်းတပြီး... အားကျလာတယ်... သူတို့ နှစ်ယောက် ပြောင်းသွားတော့ ကိုယ့်ရဲ့ တိုက်ကြီးကိုငှါးထွေပြီး ဒီအိမ်လေးမှာ သူတို့လိုပဲ ချစ်ဇနီးလေးနဲ့ နေချင်လာတယ်လေ... မယ်အုံလာမယ်ဆိုတာ သိတော့ ကိုယ်က မယ်အုံကို ထားမယ်ဆိုပြီး သူများဆီကလုပြီး ချက်ချင်းဝယ်လိုက်တာဟာ ကိုယ့်ရည်ရွယ်ချက်နဲ့ စိတ်ကူးကို အမှတ်တမဲ့



www.burmeseclassic.com

www.burmeseclassic.com



မေ့ထားပြီး မယ်အုံလေးကိုမျက်စေ့အောက်မှာပဲ စောင့်ရှောက်ချင်စိတ်နဲ့ ဝယ်လိုက်တာပဲ... ကိုယ့်ကိုထူပေးပါအုံး ရေဆာလှပြီ..."

ကိုရှင်းက စကားရှည်ကြီးပြောနေတာကို မယ်အုံက ပီတိအပြုံးနှင့် ကြည့်ရင်းက ထူခိုင်းသဖြင့်... အသာထူမပေးလိုက်သော အခါ ကိုရှင်းက မလွှတ်တော့ပဲ ထွေးဖက်ထားလိုက်သည်။ ညင်ညင်သာသာလေး...

"မင်းလေးဟာ ကလေးတွေကြားထဲမှာ ထမင်းဇလုံနှစ်လုံးနဲ့ ခွနေတာကို ကြည့်ပြီး ငါ့ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာအောင်အထိ ခွဲနစ်ပြီး ပိုင်ဆိုင်ချင်စိတ်ဖြစ်သွားတယ်..."

"ဟင်း ... ညစ်တီးညစ်ပတ်နဲ့ ချွေးပျံနေတာ ကလေးသေးနံ့ တွေတောင်နံ့လို့ ကိုရှင်းကလဲ..."

"ဟာ ... သဲလေးရယ်... ချစ်သွားပြီဆို... အားလုံးလှပ သွားတာပဲလေ... လှလို့ချစ်တာ... ကဲ... သိပြီလား..."

"အာ"

ပါးနှစ်ဖက်လုံးနွေးသွားသဖြင့် ရှက်စနိုးနှင့် ကိုရှင်းရင်မှာ မျက်နှာ ဖွက်ထားလိုက်မိသည်။

"ချစ်တတ်ပြီလားဟဲ့ သဲလေး..."

ဘာမှ မပြောရဲပဲ ရင်ခွင်ထဲမှာပဲ ခေါင်းကိုနှစ်ထားမိသည်။





"နာခေါင်းပိုပြားတော့မယ်... ဒီလောက်ရှက်နေလည်း မဖြေ စဲအုံး... ကိုယ် သဲလေးကို သိပ်ချစ်တဲ့အကြောင်းတွေပဲ ပြောပြမယ်နော် ကဲ... ခေါင်းလေးမော့စမ်းပါအုံးကွယ်... ချစ်ခြင်းမှာ လှပမှု မရှိဘူး ဆိုတာ ယုံပြီလား..."

"ယုံပါပြီ ကိုရှင်းရယ်..."

"ဒါဖြင့် ကိုယ့်ကို ဘာလို့ ချစ်တာလဲသိလား..."

"ဟင့်အင်း ... ကိုရှင်းကို အစကထဲက ချစ်တာပဲ.."

"ဟာ မိပြီ ... ဘယ်အချိန်က ချစ်တာလဲ..."

"သိဘူး... ဒါပေမဲ့ ... ကိုရှင်းကို အမြဲခိုးကြည့်နေတာပဲ ပြီးတော့ တွေ့ရင် ရင်ခုန်တယ်..."

"မယ်အုံစကားကို သဘောကျစွာဖြင့် တိုးတိုးလေးရီလိုက်သည်။

"ကိုယ့်တို့ အမြန်လက်ထပ်ကြရအောင်နော်... ပြီးတော့ ကိုယ်စိတ်ကူးယဉ်ထားသလိုပဲ ဒီအိမ်လေးမှာ ကိုယ့်ချစ်ဇနီးလေးနဲ့ အတူ နေမယ်... ဒိမ်ရှေ့အိမ်ကို ရုံးခန်းလုပ်လိုက်မယ်နော်..."

"ဂျူရှင်း မယ်အုံကို လိုအပ်နေချိန်အထိ ကိုရှင်းနားမှာ မခွဲခွာပါဘူး .. တစ်နေ့နေ့မှာ ရုပ်မလှတဲ့သူကို ငြီးငွေ့သွားရင် ထားခဲ့လည်း ခွင့်လွှတ်..."

"အရူးမ ... ခုထိ... အလှဆိုတာကို ရူးသွပ်နေသေးလား ဒီရွှေသက်တောင် မယုံတဲ့ကောင်မလေးကို တခါထဲ ဖတ်ထားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ် ...ကဲ... ဘာလိုသေးလဲ..."

"အား ... နေမကောင်းတဲ့လူကလဲ ... သနားစရာ ကောင်းလိုက်တာ... ဘာမှ မလိုပါဘူးရှင် အားလုံးပြီးပြည့်စုံ သွားပါပြီတဲ့"

ကိုရှင်း၏ ထွေးပွေ့ထားသော လက်များမှတစ်ဆင့် မေတ္တာ ဓါတ်များ စီးဝင်ကာ မယ်အုံအတွက် အားအင်များပြည့်ဖြိုးလာသလို ခံစားရပြီး...ငယ်စဉ်က ထားရွှေစင်ကို ပွေ့ဖက်ထားသလိုမျိုး မဟုတ်ဘဲ နူးညံ့သော ချစ်ခြင်းမေတ္တာတရားများဖြင့် သိမ်မွေ့ညင်သာလွန်းလှ သည်ဟု ထင်မှတ်ကာ ရင်ထဲ၌ကြည်နူးပျော်ရွှင်လျှက်...

ထိုစဉ်... ခြေသံများ စကားပြောသံများကြောင့် နှစ်ဦးသား ဖယ်ခွာလိုက်ရသည်။

"ကဲ... သီရိ မမကို အခန်းမအပ်ရသေးပါဘူးနော်... မမကိုပြေန်ခေါ်သွားတော့မယ်.. ကိုကိုရော မမရော ပင်ပန်းနေပါပြီ အနားယူတော့နော်..."

အန်တီမာသည် စောစော မျက်နှာနှင့် မတူတော့ပဲ ဝင်းပကြည်လင်လျှက်... မယ်အုံကိုယ်လေးကို ထွေးပွေ့ပြီး...

"သမီးလေးမယ်အုံ... အန်တီမာက ဒီအိမ်မှာ သားစောင့် နေလို့ မြန်မြန်ရောက်အောင် တွန်းပို့လိုက်တာနော်... တော်တော် စိတ်မကောင်းဖြစ်သွားလား... သားနေကောင်းတာနဲ့ မြန်မြန်လက်ထပ် ပေးမယ်နော်..."





မယ်အုံ့ရှက်ကိုးရှက်ကန်းနှင့် ခေါင်းညိတ်လိုက်သည်ကို သီရိနှင့် ကိုရှင်းတို့ ဝိုင်း၍ရီမောကြသဖြင့် ပို၍ရှက်သွားကာ အန်တီမာရင်ထဲ ခေါင်းတိုးဝင်၍ ဖက်ထားမိတော့သည်။

"ဒါမှ ... မေမေလည်း မြေးမြန်မြန်ချီရမှာ... သမီးနဲ့ သားကသာ မေမေ့အတွက် မြေးတွေများများ မွေးပေးရမယ်နော်..."

"တော်ပြီမေမေရယ် မယ်အုံလေးကို ကလေးမထိန်းခိုင်း တော့ဘူး..."

"အလိုတော်... ဒါဆို..."

"မေမေပဲ ထိန်းပေးတော့ပါဗျာ..."

"အမယ်..."

ရီမောသံလေးများ စည်ဝေသွားလျှက်... ကိုရှင်းက မယ်အုံ လက်ကိုဆွဲ၍ မိခင်ရင်ခွင်မှခွာပြီး သူ့နားသို့ ဆွဲယူလိုက်သည်။

"ကဲ... မေမေနဲ့ ညီမလေးရေ... ဆေးပုလင်းကုန်အောင် အထိတော့ အနားမှာပဲ ခေါ်ထားပါရစေ ဒီမောင်မှာ ဘယ်လောက် ကြာကြာ စောင့်မျှော်နေရတယ်မှတ်လဲ..."

"ဟင်း... ပိုလိုက်တာ..."

သီရိက နှုတ်ခမ်းလေးကို မဲ့ကာပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နှာရိဝတ်ကျော်ကျော်ဆိုရင် ဆေးလည်းကုန်ပြီနော် အန်တီမာက နေကောင်းမှ လက်ထပ်ပေးမယ် ပြောထားတာ ... မြန်မြန်နေကောင်းအောင်လို့ အားရှိအောင် အိပ်ရမယ် ... သီရိတော့ နှစ်ယောက်လုံးကို အိမ်ဆေးထိုးပေးရတော့မယ် ထင်တယ် ... အဲဒါမှ ကိန္နရီကိန္နရာမောင်နှံတို့ အလွမ်းတွေ ပျောက်သွားမှာ ..."

"ကျေးဇူးတင်ပါတယ် ညီမလေးရယ် ..."

ကိုရှင်းက ပြုံးလျှက်ပြောပြီး မယ်အုံကို သူ့နားမှာ မခွာနိုင်အောင် ဖက်ထားလိုက်သဖြင့် သီရိမှာ မျက်နှာလေးရဲသွားပြီး အန်တီမာလက်ကို ဆွဲ၍ ကမန်းကတန်းပြေးထွက်လာရတော့သည်။

"ဟင်း ... ဒီလူကြီး သုံးညလောက် အိပ်နေရအောင်လို့ အိပ်ဆေးထိုးပေးလိုက်မှပဲ ... ဒီလောက် အသဲပိုနေတာ ..."

*စိတ်အလိုဖြင့် ချစ်ခြင်းမေတ္တာနှင့် အလုံတရားအားလုံးကို သိမ်းပိုက်နိုင်ပါစေ။*



www.burmeseclassic.com